နေရယိကဒုက္ခကို မပြတ်ခံစားရခြင်း ဘဝအဆက်ဆက် အပါယ်လေးဘုံ၌ ကျင်လည်ရခြင်း သံသရာဝဋ်ဒုက္ခတို့မှ မလွတ်နိုင်ခြင်းစသော အကျိုးအ ဆက်ဆက်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

(င) **မေးနုပဿီ ၌ မေးအရ** သဘာဝမေး ပစ္စည်းတရားသည်

အနုပဿီအရ အဖန်တလဲလဲ ရှုတတ်သောဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

http://www.dhammadownload.com


(ဃ)ဓမ္မော ပါပေတိ သုဂတိံ ၌ ဓမ္မော အရ ကုသိုလ် စိတ္တုပ္ပါဒ်/ကုသိုလ်စေတနာ ပစ္စည်းတရားသည်၊သုဂတိ အရ သုဂတိဘဝဟူသော ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- နာနာက္ခဏိကကမ္မ, ပကတူပနိဿယ။

ဓမ္မော နိရယံ နေတိ- နည်းတူသိပါ။ အကုသိုလ်စေတနာနှင့် အပါယ် ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ်။

a a a a a

## ပါဠိကျမ်းစဉ် (၂)

(က) ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိဝိဒ္ဓံ သေန္တီတိ ကုသလာ။

(ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိကုသာ၊ တေအကုသလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။

(ဂ) ကုစ္ဆိတာနံ ဝါ သာနတော တနုကရဏတော ဉြဿာနကရဏတော ဉာဏံ ကုသံနာမ၊ တေန ကုသေန လာတဗ္ဗာတိ ကုသလာ။

(ဃ) န ကုသလာ အကုသလာ။

(င) မိတ္တ ပဋိပက္ခာ အမိတ္တာဝိယ လောဘာဒိ ပဋိပက္ခာ အလောဘာဒယော ဝိယစ ကုသလ ပဋိပက္ခာတိ အတ္ထော။ [အဘိ။ ၄ ။ ၈၁ ]

### နံပါတ် (၁)

**သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗ အနက်-**

(က)ဝါကျ ကုသလ=ပညာရှိတို့စက်ဆုပ်အပ် ကဲ့ရဲ့အပ်ကုန်သော ယုတ်မာကုန်သော တရားတို့ကို ဖျက်းစီးတတ်ကုန်သော ကုသိုလ်တရားတို့ (ဝါ) တဒင်္ဂပဟာန် အားဖြင့် တုန်လှုပ်စေတတ် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေတတ် သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့ဖျက်းဆီးတတ်ကုန်သော ကုသိုလ်တရားတို့။

(ခ) ဝါကျ ကုသလာ၊မစင်ပမာ ပညာရှိတို့သည် စက်ဆုပ်အပ်သောရာဂ အစရှိသော သံကိလေသ အသုစိတို့နှင့် ယှဉ်ခြင်းကြောင့်ရင်း၊ အထူးထူးသော အပြားရှိသော ဒုက္ခ၏အကြောင်း၏အဖြစ်ကြောင့်ရင်း၊ ပညာရှိတို့ စက်ဆုပ်အပ် ကဲ့ရဲ့အပ်သော အခြင်းအရာအားဖြင့် (ဝါ) အဖို့အစုဖြင့် သတ္တဝါတို့၏ စိတ်အစဉ်၌ ဖြစ်တတ်ကုန်သော ကုသတရားတို့ကို ဖြတ်တတ်ကုန်သော ကုသိုလ်တရားတို့။

### နံပါတ် (၂)

(င) ဝါကျသို့ ။ ။ဆရာသည် (ဃ)ဝါကျဖြင့် နကုသလာ အကုသလာဟုဝစနတ္ထ ကိုဖွင့်ပြအပ်၏။ ထိုသို့-သော်၊အ-သဒ္ဒါသည်ဆယ်ပါးသောအနက်တို့တွင် ပဋိသေဓ

http://www.dhammadownload.com


ဟုဆိုအပ်သော ကုသိုလ်၏ မရှိခြင်း အဘာဝတ္ထ၊ ကုသိုလ်မှတပါးဖြစ်သော အညတ္ထ ကိုဟော၏ဟူသော အနက်ရောက်ရာ၏။ အသဒ္ဒါ၏ အနက်ကို လောကူပမာ သာသနူပမာအားဖြင့်လည်းထင်ရှားစွာပြဆိုသင့်သေး၏- စုဒ်ကြောင့် (င)ဝါကျမိန့်။ (အကျယ်တက်ကို စည်းမျဉ်းနည်းမှီပါ )

## နံပါတ် (၃)

(ခ) ဝါကျဖြင့် ကုသလာပုဒ်၏ ကုစ္ဆိတေ သလယန္တီတိကုသလာ ဟူသော ဝစနတ္ထ မှတပါး ကုသေလုနန္တီတိ ကုသလာ ဟူသော ဝစနတ္ထတမျိုးကို ပြသော ကြောင့်အဗျာပိတ၊အပရိပုဏ္ဏ ဒေါသပယ်။

(ဂ) ဝါကျဖြင့် ကုသေ လုနန္တီတိ ကုသလာ ဟူသော ဝစနတ္ထမှတပါး ကုသေန လာတဗ္ဗာတိ ကုသလာ ဟူသော ဝစနတ္ထ တမျိုးကို ပြသောကြောင့် အဗျာ ပိတ၊အပရိပုဏ္ဏ ဒေါသပယ်။

(ဃ)ဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။

(င) ဝါကျဖြင့် အကုသလာ ဟူသော ပုဒ်၌ အ-နိပါတ် ပုဒ်အနက်ကို ဥပမာနှင့် တကွ ထင်ရှားပေါ်လွင်အောင် ပြသောကြောင့် ပုနရုတ္တိဒေါသ၊အဗျာပိတဒေါသပယ်။ (တနည်း)အတိဗျာပိတဒေါသပယ် (နှ-သဒ္ဒါ အနက်များစွာ ပျံ့နှံ့ နေသောကြောင့်တည်း)

(ဂ) ဝါကျ ဝါသဒ္ဒါထားရခြင်း။ ။(ခ)ဝါကျလာဝစနတ္ထမှတပါး ကုသေန လာတဗ္ဗာ တိ ကုသလာဟူသော ဝစနတ္ထကိုင်း၊ ကုသ၏ ကုပုဗ္ဗ သိဓာတ်+အပစ္စည်း မှတပါး ကုပုဗ္ဗသာဓာတ်+အပစ္စည်းဖြင့် ပြီးသည်ကိုင်း၊ ကုသ၌ အပစ္စည်း(ကွိ)၏ ကတ္တုတ္ထ မှတပါး ကမ္မတ္ထကိုင်း၊ ကုသ အရ အကုသိုလ်မှတပါး ဉာဏ်ကိုကောက် ယူရမည်၏ အဖြစ်ကိုင်း၊ ကုသလ၏ ဒုတိယာ တပ္ပုရိသ်အဖြစ်မှတပါး တတိယာ တပ္ပုရိသ် အဖြစ်ကိုင်း၊ ကုသလာ၌ ကုသသဒ္ဒူပပဒ-လူဓာတ်+ကွိ(အ)ဖြင့် ပြီးသည်မှတပါး ကုသသဒ္ဒူပပဒ-လာဓာတ်+ကွိ(အ)ဖြင့်ပြီးသည်ကိုင်း လဲပြလိုသောကြောင့် ဝါသဒ္ဒါထား ပါသည်။

## နံပါတ် (၄)

**ကုစ္ဆိတ်ယန္တေတိ ကုစ္ဆိတာ၊**

ကုစ္ဆဓာတ် + တပစ္စည်းသည်ရင်း၊ စက်ဆုပ်ခြင်းကြိယာ သာမညသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ စက်ဆုပ်ခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

တနည်း ။ ။ ကုစ္ဆာ သဉ္ဇာတာ ယေသံ အတ္ထီတိ ကုစ္ဆိတာ။ (ဓာန်-ဋီ)

ကုစ္ဆပုဒ် + က္ကတပစ္စည်းသည်ရင်း၊ ဖြစ်သော စက်ဆုပ်ခြင်း၏ အကုသိုလ် တရားတို့နှင့် ဂုဏ်/ဂုဏေး၊ နိဿိတ/နိဿယ စပ် (ဗျုပ္ပတ္တိနိမိတ်)။

http://www.dhammadownload.com


စက်ဆုပ်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်(ဝါ) စက်ဆုပ်အပ်သော အကုသိုလ်တရားတို့၏တပါးသည်တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် (ပဝတ္တိနိမိတ်)။

နံပါတ် (၅)

ကုသ ။ ။ နပုလ္လိင် + စိတ္တာဒိဂိုဏ်း + အကာရန် + ကိတ်နာမ်ပုဒ်။
တနည်း။ ။ ပုလ္လိင် + ပုရိသာဒိဂိုဏ်း + အကာရန် + ကိတ်နာမ်ပုဒ်။
သာနတော။ ။ အလိင် + ဂဏဝိမုတ် + ဩကာရန် + နိပါတ်ပုဒ်။
ဝိယ ။ ။ အလိင် + ဂဏဝိမုတ် + အကာရန် + ဥပမာနိပါတ်ပုဒ်။
ကမ္မေတ္ထိ ။ ။ အလိင် + ရုဓာဒိဂိုဏ်း + ဣကာရန် + အာချာတ်ပုဒ်။
တေ ။ ။ နပုလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + အကာရန် + သဗ္ဗနာမ်ပုဒ်။

နံပါတ် (၆)

(က)ကုစ္ဆိတေသလယန္တီဖြင့် ကုသလာကား ကုသပုဒ် သလဓာတ် +ကာရိုတ်ဏာယပစ္စည်း အပစ္စည်း၊ ယင်း၌ ကု-နိပါတ်ပုဒ်၏ကုစ္ဆိတ အနက်ဟောသည်ကိုရင်း၊ အ-ပစ္စည်း ဟေတုကတ္တုသာဓန၌ သက်သည်ကိုရင်း၊ ကုစ္ဆိတေ သလယန္တီတိ ကုသလာဟု ဟေတုကတ္တုသာဓန ဝနေတ္တပြုအပ်သည်ကိုရင်း သိစေသည်။

ပါပကေဓမ္မေဖြင့်- ကုစ္ဆိတအရအကုသိုလ်တရားတို့ကို ယူရမည်ကို သိစေသည်။

စလယန္တီဖြင့်- သလယန္တိ၌ သလဓာတ်၏ စလန အနက်ဟောသည်ကို သိစေသည်။

ကမ္ပေန္တီဖြင့်- စလယန္တိ၌ စလဓာတ်၏ ကမ္ပန အနက်ဟောသည်ကို သိစေသည်။

ဝိဒ္ဓံသေန္တီဖြင့် ကမ္ပေန္တိ၌ ကမ္ပဓာတ်၏ ဝိဒ္ဓံသန အနက်ဟောသည်ကို သိစေသည်။

တနည်း ။ ။ စလယန္တီဖြင့် စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တုန်လှုပ်စေ၏ ဟူသည် စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်းပင်တည်းဟု သိစေပါသည်။

ကမ္ပေန္တီဖြင့် သလယန္တိအရ စက်ဆုပ်အပ်ကုန်၏ ဟူသည် စက်ဆုပ်အပ် သော အကုသိုလ်တို့ကို ဝိက္ခမ္ဘန ပဟာန်အားဖြင့်တုန်လှုပ်စေခြင်းပင် တည်းဟုသိစေသည်။

ဝိဒ္ဓံသေန္တီဖြင့် သလယန္တိ၌ စက်ဆုပ်အပ်ကုန်၏ဟူသည်- စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးခြင်းပင်တည်းဟု သိစေသည်။

http://www.dhammadownload.com



(စလယန္တိ ကမ္မေန္တိ ဝိဒ္ဓံသေန္တိ- အရ ကုသိုလ်(၃)မျိုး ကောက်ထားသည်ကို ခွဲခြား၍ သိပါ။)

(ခ) ကုန္တိတေန သယန္တိဖြင့် ကုသလာ၌ ကုသဝယ် ကုပုဗ္ဗ သိဓာတ်+ဏပစ္စည်း ယင်းဏပစ္စည်း ကတ္တုသာဓန အနက်၌သက်သည်ကိုရင်း။ကု-နိပါတ်ပုဒ်၏ ကုန္တိတအနက် ဟောသည်ကိုရင်း။ကုန္တိတေန သယန္တိတိ ကုသာ ဟု ကတ္တုသာဓန ဝစနတ္ထ ပြုအပ်သည်ကိုရင်း သိစေသည်။

အာကာရေနဖြင့် ကုန္တိတအရ အာကာရကို ယူရမည်ကိုသိစေသည်။

တေ ကုသေ လုနန္တိဖြင့် ကုသလာ ကား ကုသဒ္ဒူပပဒ လူဓာတ်+အပစ္စည်း ဖြင့်ပြီးသောပုဒ်၏ အဖြစ်ကိုရင်း။ အပစ္စည်း ကတ္တုသာဓန၌ သက်သည်ကိုရင်း။ ကုသေ လုနန္တိတိ ကုသလာဟု ကတ္တုသာဓန ဝစနတ္ထ ပြုအပ်သည် ကိုရင်း သိစေသည်။

ဆိန္ဒန္တိဖြင့် လုနန္တိ၌ လူဓာတ်၏ ဆိန္ဒန အနက်ဟောသည်ကို သိစေသည်။

(ဂ)ကုစ္ဆိတာနံ သာနတောဖြင့် ကုသလာ၌ ကုသဝယ် ကုပုဗ္ဗသာဓာတ် အပစ္စည်းဖြင့်ပြီးသော ပုဒ်၏ အဖြစ်ကိုရင်း။ အပစ္စည်း ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း။ကုစ္ဆိတေ သာတိ တနုကရောတိ သြသာနံ ကရောတီတိ ကုသံ ဟု ကတ္တုသာဓန ဝစနတ္ထပြုအပ်သည်ကိုရင်း။ ကုနိပါတ်ပုဒ်၏ ကုစ္ဆိတအနက် ဟောသည်ကိုရင်း သိစေသည်။တနုကရဏတော သြသာနကရဏတောဖြင့် သာနတော၌ သာဓာတ်၏ တနုကရဏ သြသာနကရဏ အနက်ဟောသည်ကို သိစေသည်။ ဉာဏံဖြင့် ကုသံအရ ဉာဏ်ကိုယူရမည်ကို သိစေသည်။တေန ကုသေန လာတဗ္ဗာတိဖြင့် ကုသလာပုဒ်၏ ကုသသဒ္ဒူပ ပဒ လာဓာတ် + အ ပစ္စည်းဖြင့် ပြီးသော ပုဒ်၏ အဖြစ်ကိုရင်း၊ အ ပစ္စည်း ကမ္မသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း၊ ကုသေန လာတဗ္ဗာတိ ကုသလာဟု ကမ္မသာဓနေ ကိတန္တ တတိယာတပ္ပုရိသ် ဝစနတ္ထ ပြုအပ်သည်ကိုရင်း သိစေသည်။

## နံပါတ် (၇)

(က)တွေ့ အစွဲ= ဤကုသလာမွော ဟူသောပုဒ်၌။

ပနကား=ပက္ခန္တရတ္ထ/ဝါကျာရမ္ဘတ္ထ။ (ဂ) ဝါသဒ္ဒါ နယန္တရ ဇောတကတ္ထ။

(ဃ) န- ကား ဝိရုဒ္ဓတ္ထ (င) စ- သမုစ္စယတ္ထ/သမ္ပိဏ္ဍနတ္ထ

## နံပါတ် (၈)

ကမ္မေန္တိ အရ- ကုသိုလ် စိတ္တုပ္ပါဒ်(တနည်း)မဟဂ္ဂုတ်ကုသိုလ် စိတ္တုပ္ပါဒ်ကောက်ယင်းသည် ဒဿနတ္ထ။

ပရိကမ် ဥပစာ အနုလုံ ဂေါတြဘူသည် ဒီပကတ္ထ။

ဈာန် သမာပတ် ချမ်းသာသည် ပကာသနတ္ထ။

http://www.dhammadownload.com



ပထဝီကသိုဏ်းစသော အာရုံ (ဝါ) တိဟိတ်ပဋိသန္ဓေ နေခဲ့ခြင်း စသည် သည် ဝိဘာဝတ္ထု။

ဖလသမာပတ် ချမ်းသာသည့်ရင်း၊ ပြဟ္မာပြည်သို့ လားရခြင်း စသော်အ ကျိုးအဆက်ဆက်သည့်ရင်း အနုဘာဝတ္ထု။ (ဝီထိနည်းဖြင့် ထုတ်သည်)

## နံပါတ် (၁၀)

ပါပကေစမ္မေ အရ အကုသိုလ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည်၊ဝိဒ္ဓံသေန္တိ အရ ကုသိုလ် စိတ္တုပ္ပါဒ် (တနည်း) မဂ်ကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပဟာတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

********************

## ဓါဂျစဉ် (၃)

(က) အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

(ခ) ဓာရိယန္တိဝါ ပစ္စယေတိ ဓာရိယန္တိ ဝါ ယထာသဘာဝတောတိ ဓမ္မာ။

(ဂ) န ကုသလာ အကုသလာ။

(ဃ) မိတ္တပဋိပက္ခာ အမိတ္တာဝိယ လောဘာဒိ ပဋိပက္ခာ အလောဘာဒယော ဝိယစ ကုသလ ပဋိပက္ခာတိ အတ္ထော။

(င) န ဗျာကတာတိ အဗျာကတာ။ ၁၃၃၀- အစိုးရ၊ [ အဘိ။ ဌ ။ ၈၁ ]

## နံပါတ် (၁)

(ခ) ဝါ၊ တနည်း။ ယေသဘာဝါ၊အကြင်သဘောတရားတို့ကို၊ အတ္တနော မိမိ မိမိ၏။ ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ ဓာရိယန္တိ၊ဆောင်အပ်ကုန်၏။ တေသဘာဝါ၊ တို့သည်။ ဓမ္မာ၊ကုန်၏။ ဝါ၊တနည်း။ ယေသဘာဝါ၊တို့ကို။ယထာ သဘာဝတော၊မိမိ မိမိတို့၏ သဘောအားလျော်သဖြင့်။ ပဏ္ဍိတေဟိ၊တို့သည်။ ဓာရိယန္တိ လက္ခိယန္တိ၊မှတ်အပ်ကုန်၏။ ဣတိ တသ္မာ။ တေသဘာဝါ၊တို့သည်။ ဓမ္မာ၊ကုန်၏။

(ဃ)မိတ္တပဋိပက္ခာ၊အဆွေခင်ပွန်း၏ ဆန့်ကျင်ဘက်ဖြစ်သောသူတို့သည်။ အမိတ္တာဝိယစ၊ ရန်သူမည်ကုန်၏ သို့ရင်း။ လောဘာဒိ ပဋိပက္ခာ၊လောဘစသည် တို့၏ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည်။ အလောဘာဒယောဝိယစ၊ အလောဘ အစရှိသည် မည်ကုန်သကဲ့သို့ရင်း၊ ကုသလပဋိပက္ခာ၊ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော တရားတို့သည်။ အကုသလာ၊ကုန်၏။ ဣတိအတ္ထော၊ -ကို။ (ပဏ္ဍိတေန သည်။) ဒဋ္ဌဗ္ဗော၊၏။

http://www.dhammadownload.com



## နံပါတ် (၂)

(င) သို့ပနာပဋ္ဌက။ ။ဆရာ(က)ဖြင့် ဓမ္မာကို အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုဖွင့်ဆိုတော်မူ၏။ ထိုသို့- သော်။ ယင်း ဝစနတ္ထမှ တပါးသော ဝစနတ္ထလည်း ပြုသင့်သည်မဟုတ်ပါ လော။ တပါးသော ဖြစ်သင့်သော ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။

(အကျယ်-ကျမ်းတက်စည်းမျဉ်းကို နည်းမှီပါ။)

(ဃ) သို့ပါပနာဒိ ။ ။ဆရာ (ဂ)ဖြင့် န ကုသလာ ဟုဆိုတော်မူ၏။ ယင်းသို့- သော် န-သဒ္ဒါ သည် ပဋိသေဓ ဝုဒ္ဓိ စသော အနက်တို့ကို ဟော၏ဟူသော အနက် ရောက်ရာ၏။

## နံပါတ် (၃)

(ခ) ဝါ သဒ္ဒါများထားရကြောင်း-ဓမ္မာ၌ ရမ္မပစ္စည်း၏ ကတ္တုသာဓန အနက်မှ တပါး ကမ္မသာဓန အနက်၊ ဓမ္မသဒ္ဒါ၏ သခ်တ အသခ်တ အနက်မှတပါး သခ်တဓမ္မ အနက်ကို ပြလို၍ ပဌမ-ဝါ သဒ္ဒါထား။ဓမ္မ သဒ္ဒါ၏ သခ်တဓမ္မ အနက်မှ သခ်တ အသခ်တ ပညတ္တိဓမ္မအနက်ကို လဲပြလို၍ ဒုတိယ ဝါသဒ္ဒါထား။

(ခ)ဝါကျဖြင့် အဗျာပိတ ဒေါသပယ်။

## နံပါတ် (၄)

သဘာဝေါ ။ ။ သကော သဿ ဝါ ဘာဝေါ သဘာဝေါ။

အကုသလာ ။ ။ န ကုသလာ အကုသလာ။

န-ပုဒ် ကုသလပုဒ်သည်ရင်း ဝိရုဒ္ဓဘောဂုဏ်၏ အကုသိုလ်နှင့် ဂုဏ် +ဂုဏေး စပ်။( ဗျု-နိ ) ဝိရုဒ္ဓ ဘောဂုဏ်သည် (ပ- နိ)။

အမိတ္တာ ။ ။ မိဇ္ဇန္တိ သိနေဟန္တီတိ မိတ္တာ။

န မိတ္တာ အမိတ္တာ။ (မိတ္တဿ ပဋိပက္ခာ အမိတ္တာ)

န-ပုဒ် မိတ္တ ပုဒ်သည်ရင်း၊ ဝိရုဒ္ဓဘောဂုဒ်၏ အဆွေခင်ပွန်းနှင့် ဂုဏ်+ ဏေး စပ် (ဗျု + နိ)။ ဝိရုဒ္ဓဘော ဂုဏ်သည် (ပ + နိ)။

## နံပါတ် (၅)

| | | |
|---|---|---|
| အတ္တနော ။ | ။ | ပုံ + ရာဇာဒိ + အာ + ကိတ်။ |
| လောဘာဒိပဋိပက္ခာ။ | ။ | ပုံ + ပုရိသာဒိ + အ + သမာသ်နာမ်။ |
| အလောဘာဒယော။ | ။ | ပုံ + ရတ္တာဒိ + က္က + သမာသ်နာမ်။ |
| ဝိယ ။ | ။ | အလိင် + ဂဏာဝိမုတ် + အ + နိပါတ်။ |
| အဗျာကတ ။ | ။ | ပုံ + ပုရိသာဒိ + အ + သမာသ်နာမ်။ |

http://www.dhammadownload.com


နံပါတ် (၆)

(ခ). ဓာရိယန္တိ- ဖြင့် ဓမ္မာ၌ ဓရ ဓာတ်ရမ္မပစ္စည်း ၊ယင်းရမ္မ ပစ္စည်း ကမ္မသာဓန၌သက်၍။ ဓာရိယန္တိတိ ဓမ္မာဟု ဝိဂ္ဂဟပြုအပ်သည်ကိုသိစေ။

ပစ္စယေဟိ- ဖြင့် ဓာရိယန္တိ၌ ဆောင်ခြင်းဟူသည် ကံစသော အကြောင်းတရားတို့၏ ဆောင်ခြင်းပင်တည်း ဟူသောအဓိပ္ပါယ်ကို သိစေ။ ယထာသဘာဝတော-ဖြင့်မိမိ မိမိဟူသောသဘောအားလျှော်သဖြင့်မှတ်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုသိစေ။

နံပါတ် (၇)

(ခ) ဝါ- ဝိကပ္ပနတ္ထ နယန္တရဇောတကတ္ထ။ ယထာ-- အနုရူပတ္ထ။

(ဂ) န-ဝိရုဒ္ဓတ္ထ ပဋိသေဓတ္ထ။ အ- ဝိရုဒ္ဓတ္ထ။

(ဃ)ပဋိပက္ခာ ၌ ပဋိ-ဝိရုဒ္ဓတ္ထ။ ဝိယ- ပဋိဘာဂတ္ထ။

(င)န- အညတ္ထ။ အံ- အညတ္ထ။ ဗျာကတာ၌ ဝိ -ဓာတွတ္ထဗာဓက။ အာ-ဓာတွတ္ထာနုဝတ္တက။

နံပါတ် (၈)

(ဃ) ကုသလ ပဋိပက္ခာ ၌ ကုသလ၏ ကြိယာငါးတန်-

ကုသိုလ်သည် ဒဿနတ္ထ။

ယောနိသော မနသိကာရသည် ဒီပကတ္ထ။

ကုသလဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်သည် ပကာသနတ္ထ။

သဒ္ဓမ္မဿဝန သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။

ကာယိကသုခ စေတသိကသုခ စသော အဆက်ဆက်သော အကျိုးသည် အနုဘာဝတ္ထ။

မှတ်ချက် ။ ။ ကုသိုလ်မှန်သမျှ ပုံသေကျက်မှတ်ထားပါ။

နံပါတ် (၁၀)

(ခ) ပစ္စယေဟိအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းပစ္စည်းတရားတို့သည်၊ ဓာရိယန္တိ အရ စိတ်စေတသိက် ရုပ် ပစ္စယုပ္ပန်တရားအား ပကတူပဖြင့် ကျေးဇူးပြု။

တနည်း ။ ။ ပစ္စယေဟိ-အရ အတိတ်ကုသိုလ် အကုသိုလ်ကံစေတနာ ပစ္စည်းတရားသည် ဓာရိယန္တိအရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ပစ္စယုပ္ပန်တရားအား နာနာက္ခဏိကကမ္မဖြင့် ကျေးဇူးပြု။

ပြိုင်- နာနာက္ခဏိကကမ္မ ပကတူပနိဿယ။

*******************

http://www.dhammadownload.com



## ဝါကျစဉ် (၄)

(က) ကိံ ပနေတာနိ "ကုသလာတိဝါ ဓမ္မာတိဝါ" တိ အာဒီနိ ဧကတ္ထာနိ, ဥဒါဟု နာနတ္ထာနီတိ ?။

(ခ) ကိဉ္စေတ္ထ။

(ဂ) ယဒိ တာဝ ဧကတ္ထာနိ "ကုသလာ ဓမ္မာ" တိ ဣဒံ "ကုသလာကုသလာ"တိ ဝုတ္တသဒိသံ ဟောတိ။

(ဃ) အထ နာနတ္ထာနိ၊တိကဒုကာနံ ဆက္ကစတုက္ကဘာဝေါ အာပဇ္ဇတိ၊ ပဒါနဉ္စ အသမ္ဗန္ဓော။

(င) ယထာဟိ "ကုသလာ ရူပံ စက္ခုမာ" တိ ဝုတ္တေ အတ္ထဝသေန အညမညံ အနောလောကေန္တာနံ ပဒါနံ နကောစိ သမ္ဗန္ဓော၊ ဧဝမိဓာပိ ပဒါနံ အသမ္ဗန္ဓော အာပဇ္ဇတိ။ [ အဘိ။ ဋ္ဌ ။ ၈၂ ]

## နံပါတ် (၁)

(က)ကုသလာတိဝါ၊ ကုသလာဟူ၍လည်းကောင်း။ ဓမ္မာတိဝါ၊ ဓမ္မာဟူ၍ ၎င်း။ ဣတိအာဒီနိ၊ ဤကုသလာဓမ္မာ ဟူသောပုဒ်လျှင် အပိုင်းအခြားရှိ ကုန်သော။ ဧတာနိပဒါနိ၊ ဤနှစ်ပုဒ် နှစ်ပုဒ်တို့သည်။ ဧကတ္ထာနိကိံပန၊ တူသောအနက်ရှိ ကုန်သလော။ဥဒါဟု၊ ထိုသို့မဟုတ်။ နာနတ္ထာနိကိံ၊ ထူးသောအနက်ရှိကုန်သလော။ ဣတိအယံ ။ ပုစ္ဆာ ။

(ဂ)ဧကတ္ထနာနတ္ထတာသု၊ တူသောအနက်ရှိသည်၏အဖြစ် ထူးသောအနက် ရှိသည်၏ အဖြစ်တို့တွင်၊ ဧကတ္ထတာယံ၊ တူသောအနက်ရှိသည်၏အဖြစ်၌။ ဒေါသော၊ အပြစ်ကို။ တာဝ၊ ရှေးဦးစွာ။ မယာ၊ သည်။ ဝုစ္စတေ၊ ၏။ ဧတာနိပဒါနိ၊ ဤနှစ်ပုဒ်တို့သည်။ ဧကတ္ထာနိ၊ တူသောအနက်ရှိကုန်သည်။ ယဒိသိယုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ဧဝံ၊ သို့တူသောအနက်ရှိကုန်သည်။ သန္တေသု၊ ကုန်လတ်သော်၊ ကုသလာဓမ္မာတိ ဣဒံဝစနံ၊ ဟူသော ဤစကားသည်။ကုသလာကုသလာတိ၊ ဟူ၍။ ဝုတ္တသဒိသံ၊ ဆိုအပ်သည်နှင့်တူသည်။၊- ဟောတိ၊ ၏။

(ဃ) ဧတာနိ ပဒါနိ၊ တို့သည်။ နာနတ္ထာနိ၊ ထူးသောအနက်ရှိကုန်သည်။ အထယဒိသိယုံ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ ဧဝံ၊ဤသို့ထူးသောအနက်ရှိကုန်သည်။ သန္တေသု၊ ကုန်လတ်သော်။ တိကဒုကာနံ၊ တို့၏။ ဆက္ကစတုက္ကဘာဝေါ၊ ဆက္က၏အဖြစ် စတုက္က၏အဖြစ်သည်။ အာပဇ္ဇတိ၊ ရောက်ရာ၏။ ပဒါနံ၊ ရှေ့ပုဒ် နောက်ပုဒ် တို့၏။ အသမ္ဗန္ဓောစ၊ မစပ်ခြင်းသည်လည်း။ အာပဇ္ဇတိ၊ ဖြစ်ရာ၏။

နိယံ ။ ။ ယဒိဧဝံ ၊နှစ်ပါးပြွမ်းလျက် ၊တတ်စွမ်းသောအလျောက်၊ အပြစ်ကောက်သော် နောက်စကားကိုမှတ်သားကိုင်ကာ၊အပြစ်ရှာလျက်၊ယဒိထက်ဝယ်၊ စွက်သည့် ကြိယာ၊အပြစ်ရှာ၊ ဧဝံနောက်မှာ၊ သတိလာ၊ သန္တေသုလည်း၊ ရံတခါ။

http://www.dhammadownload.com



(ခ) ဝေတ္ထ ဧတိသံ ကေတ္ထ နာနတ္ထတာယ။ ဤတူသော အနက်ရှိသည်၏ အဖြစ် ထူးသောအနက်ရှိသည်၏ အဖြစ်၌။ တယာ၊ သင်သည်။ ကိဉ္စိ၊ စိုးစဉ်းသော။ ဝစနံ၊ ကို။ ဝတ္တဗ္ဗံ၊ ဆိုသင့်သေး၏။ (တစ်နည်း) ကိဉ္စိ၊ သော။ ဝတ္တဗ္ဗံ၊ သော။ ဝစနံ၊ သည်။ အတ္ထိ၊ ရှိရာသေး၏။ (သဒ္ဒတ္ထ) တေ၊ သင်၏။ စောဒနာ၊ သည်။ အသမတ္တာ၊ မပြည့်စုံသေး။ တသ္မာ၊ ထိုသို့ မပြည့်စုံသည်၏ အဖြစ်ကြောင့်။ အဝသိဋ္ဌံ၊ ကြွင်းကျန်သော စောဒနာကို၊ တွံ၊ သည်။ တာဝပြျူဟိ၊ ဆိုဘိလတ်သေး။ (အဓိပ္ပါယတ္ထ)

နိယံ ။ ။ ကိဥ္စေတ္ထပုဒ်၊ ထုတ်၍ရှိမူ၊ကိဉ္စိနောက်မှ၊ အဝသိဋ္ဌံ၊ယံအတ္ထိနှင့် တံပြျူဟိ၊ ကို၊ ဆို၍ထည့်ငြား၊ ရှေ့နားကမှာ၊ တဝစောဒနာ၊ အသမတ္တာကို၊ ဆောင်ကာစွက်၍ အနက်သမ္ဗန်မြဲ။ (ဘုရားကြီး)

။ ။ ကိဥ္စေတ္ထပုဒ်၊ ထုတ်၍ရှိက၊ ကိဉ္စိစပ်ရန်၊ ဝတ္တဗ္ဗံကို၊ ကောန်မုချ ထည့်ပြီးမှ လျှင်၊တဝစောဒနာ၊ အသမတ္တာနှင့်၊ဆက်ကာအဝ,သိဋ္ဌ-ပြ၍၊ တာဝ ပြျူဟိ၊ အဓိပ္ပါယ်ဖြည့်သည်၊ ကျမ်းရှိ၊ မူလဋီ ကာတည်း။ (ဘာသာဋီကာ)

## နံပါတ် (၂)

(ဂ) ဝါကျသို့။ ။ ဆရာသည် (က)ဖြင့် ကုသလာ ဟူ၍လည်းကောင်း၊ ဓမ္မာဟူ၍လည်း ကောင်း၊ ဤသို့စသောပုဒ်တို့သည် တူသောအနက်ရှိကုန်၏ဟု ပြဆိုတော်မူ၏။ ထိုသို့- သော် ကုသလာဓမ္မာဟူသော ဤစကားသည် ကုသလာ ကုသလာဟု ဆို အပ်သည်နှင့် တူနေသည်မဟုတ်ပါလော-စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(ဃ) ဝါကျသို့။ ။ ဆရာသည် (က)ဖြင့်ကုသလာဟူ၍လည်းကောင်း၊ ဓမ္မာဟူ၍ လည်းကောင်း၊ ဤသို့စသောပုဒ်တို့သည် တူသောအနက် ရှိကုန်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုသော်- တိကဒုကတို့၏ ဆက္က, စတုက္က အဖြစ်နှင့် ရှေ့ပုဒ်နောက်ပုဒ်တို့၏ မစပ်ခြင်းသည် ဖြစ်ရာ၏။ ကုသလာ ဟူ၍လည်းကောင်း၊ ဓမ္မာ ဟူ၍ လည်း ကောင်း၊ ဤသို့ တစ်ခုခု သာလျှင် ဆိုသင့်၏- စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

## နံပါတ် (၃)

(ဂ) ဝါကျဖြင့် ကုသလာဓမ္မာ စသောပါဠိ၌ ပုနရုတ္တိဒေါသ၊ ဧကတ္ထဒေါသတင် သင့်၏။

(ဃ)ဖြင့် ကုသလာဓမ္မာ စသောပါဠိ၌ ဆက္ကစတုက္ကာပတ္တိဒေါသ၊ အသမ္ဗန္ဓာပတ္တိ ဒေါသ တင်သင့်၏။

(င)ဝါကျဖြင့်-အဗျာပိတ၊ အပရိပုဏ္ဏဒေါသ တို့ကိုပယ်ပါသည်။

## နံပါတ် (၄)

**စက္ခတိ သမဝိသမံ အာစိက္ခန္တိဝိယ ဟောတီတိစက္ခု။**

**စက္ခတိ ရူပံ အဿာဒေတီတိ စက္ခု။ စက္ခတိ ရူပံ ဝိဘာဝေတီတိဝါစက္ခု။**

http://www.dhammadownload.com



စက္ခု၊ အဿ အတ္ထီတိ စက္ခုမာ။

စက္ခုပုဒ် + မန္တုပစ္စည်းသည်ဝင်း၊ မျက်စိနှင့် မျက်စိရှိသော ပုဂ္ဂိုလ်ဖြစ်၏ နိဿိတ/နိဿယ စပ် (ဗျုပ္ပတ္တိနိမိတ်)။မျက်စိရှိသူတို့၏ တစ်ယောက်သည် တယောက်နှင့်တူသော အခြင်းအရာ အာကာရဇာတ်သည် (ပဝတ္တိနိမိတ်)။

နာနာ အတ္ထာ ယေသန္တိ နာနတ္ထာနိ။

နံပါတ် (၅)

| | |
|---|---|
| ဆကစတုက္ကဘာဝ ။ | ။ပုလ္လိင် + ပုရိသာဒိဂိုဏ်း + အကာရန် + သမာသ်နာမ်ပုဒ်။ |
| သဒိသ ။ | ။နပုလ္လိင်+စိတ္တာဒိဂိုဏ်း+နိဂ္ဂဟိတ်ကာရန်+ကိတ်နာမ်ပုဒ်။ |
| အနောလောကေန္တ ။ | ။နပုလ္လိင်+ဂစ္ဆန္တာဒိ+နိဂ္ဂဟိတ်ကာရန်+သမာသ်နာမ်ပုဒ်။ |
| ကိဉ္စိ ။ | ။အလိင်+ဂဏဝိမုတ်+ဣကာရန်+နိပါတ်ပုဒ်။ |
| စက္ခုမာ ။ | ။ပုလ္လိင်+ဂုဏဝါဒိ+အာကာရန်+တဒ္ဓိတ်နာမ်ပုဒ်။ |

နံပါတ် (၇)

(က)ကိံ = ပုစ္ဆာဇောတကတ္ထ ။ တေ-ကား သမီပ အနက်ဟော။

ပန- ကား ပဒါလင်္ကာရ။

ဣတိဝါ-၌ ဣတိ- အာကာရတ္ထ ။ ဝါ-သဒ္ဒါ ဝိကပ္ပနတ္ထ။

(တစ်နည်း) သမုစ္စယတ္ထ။

ဣတိအာဒီနိ-၌ ဣတိ- နိဒဿနတ္ထ။

ဉဒါဟု = ဝိကပ္ပနတ္ထ ။ နာနတ္ထာနီတိ-၌ ဣတိသဒ္ဒါ ဣမသဒ္ဒါ အနက်။

နံပါတ် (၈)

(က)ဝါကျ၌ ပါဌ်သေသကြိယာကိုပုစ္ဆာထည့်၍ ယင်းပုစ္ဆ-ဓာတ်၏ ကတ္တုဒုကြိယာ အရ စောဒကပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မိစ္ဆာဉာဏ်(ဝါ)မောဟပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ကောက်၍-

ယင်းသည် ဒဿနတ္ထ။

အယောနိသောမနသိကာရသည် ဒီပကတ္ထ။

အပြစ်တင်ကြောင်း စကားကိုဆိုသဖြင့် ဒေသနာ၌ ပုနရုတ္တိ ဒေါသ၊ ဧကတ္ထ ဒေါသ၊ ဆက္ကစတုက္ကဘာဝါပတ္တိဒေါသ၊ အသမ္ဗန္ဓာပတ္တိဒေါသ တင်မိခြင်း၊ ဒေသနာတော်ကိုပယ်၍ ဒေသကပုဂ္ဂိုလ်အား စွပ်စွဲခြင်းသည် ပကာသနတ္ထ။

ဗာလူပသေဝန၊ အသဒ္ဓမ္မဿဝန၊ မိစ္ဆာပဏိဓိ ဟူသော မူလအကြောင်းသည် ဝိဘာဝတ္ထ။

ဤဘဝ၌ အကျိုးမဲ့ဖြစ်ခြင်း၊ ဂုဏ်သိက္ခာကျခြင်း၊ တမလွန်၌အဆက်မပြတ် ဆင်းရဲဒုက္ခခံစားရခြင်းစသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



နံပါတ် (၉)

ရူပံအရ-ရူပါရုံကိုကောက်။ (ရူပံ၊ရူပါရုံသည် ။ ဘာ-ဋီ)

နံပါတ် (၁၀)

စက္ခုမှာ၌ စက္ခုအရ-စက္ခုပသာဒပစ္စည်းတရားသည်၊မာ-အရ(ဝါ) မန္တ-ပစ္စည်းအရ မျက်စိရှိသူ၏ သန္တာန်၌ဖြစ်သော စက္ခုဒွါရိကစိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားအား ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပေါင်း ၅-ပစ္စည်း။ (တစ်နည်း) ဣန္ဒြိယ ထည့်၍ ၆-ပစ္စည်း။

*****************

ပါဠိချွေစဉ် (၅)

(က) ဝိပါကတ္တိကေ အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။

(ခ) ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ။

(ဂ) ဝိပါကဓမ္မဓမ္မာတိ ဝိပါကသဘာဝဓမ္မာ။

(ဃ) ယထာ ဇာတိဇရာသဘာဝါ ဇာတိဇရာပကတိကာ သတ္တာ "ဇာတိဓမ္မာ ဇရာဓမ္မာ" တိစ ဝုစ္စန္တိ၊ ဧဝံ ဝိပါကဇနကဋ္ဌေန ဝိပါကသဘာဝါ ဝိပါက ပကတိကာဓမ္မာတိ အတ္ထော။

(င) တတိယပဒံ ဥဘယသဘာဝပဋိပက္ခပဝသေန ဝုတ္တံ။[အဘိ၊ ဋ ၊၈၄]

နံပါတ် (၁)

အညမညဝိသိဋ္ဌာနံ၊ အချင်းချင်းမတူသာဝဇ္ဇ အနာဝဇ္ဇလက္ခဏာအားဖြင့် ထူးခြားကွဲပြားကုန်သော။ ကုသလာကုသလာနံ၊ ကုသိုလ် အကုသိုလ်တို့၏။ ပါကာ၊ အကျိုးတို့တည်း။ ဣတိ။ ဝိပါကာ၊ တို့မည်၏။ ဧတံ၊ ဤဝိပါကဟူသောအမည်သည်။ ဝိပက္ကဘာဝံ၊ မှည့်ရင့်ခြင်းသဘောသို့။ အာပန္နာနံ၊ ရောက်ကုန်သော။ အရူပဓမ္မာနံ၊ နာမ်တရားတို့၏။ အဓိဝစနံ၊ အမည်တည်း။

ဝိပါကသဘာဝဓမ္မာ၊ မှည့်ရင့်ခြင်းသဘောရှိသော သတ္တလည်းမဟုတ် ဇီဝ လည်းမဟုတ်သော သဘောတရားတို့သည်။ (သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

တတိယပဒံ၊ နေဝဝိပါက နဝိပါကဓမ္မဓမ္မာဟူသော တတိယပုဒ်ကို။ ဥဘယ သဘာဝပဋိပက္ခဝသေန၊ နှစ်ပါးစုံသော ဝိပက္ကသဘော ဝိပစ္စနသဘောကို ပယ်ရှားခြင်း၏အစွမ်းဖြင့်။ ဝုတ္တံ၊ ပြီ။

http://www.dhammadownload.com


## နံပါတ် (၂)

**(ခ) ဝါကျသို့ ဌာပနာပဋ္ဌက ကျမ်းတက်**

ဆရာသည် (က)ဖြင့် ဝိပါကပုဒ်ကို ဝိသိဋ္ဌာန် ပါကာဝိပါကာဟုဝစနတ္ထကိုဖွင့်ပြတော်မူအပ်၏။ ထိုသို့ ဝစနတ္ထကိုဖွင့်ဆိုသော် ကုသိုလ်အကုသိုလ်တို့ကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ကိုလည်း ဤ၌ ဝိပါကအရ ကောက်အပ်၏ဟူသော အနက်ရောက်ရာသည်မဟုတ်လော။ ထိုသို့- ကြောင့် (ခ)ဖြင့်-မဆိုသင့် ဝိပါကအရ အဘိဓေယျတ္ထကိုလည်းဆိုသင့်သေး၏။ စုဒ်ကြောင့် (ခ) မိန့်။

**(ဃ)ဝါကျသို့။** ။ဆရာသည်(ဂ)ဖြင့်အကျိုးပေးခြင်း ရင့်ကျက်ခြင်းသဘောရှိသောတရားတို့သည် ဝိပါကမွေ့ မွေ့မည်၏ဟုဆို၏။ ယင်းသို့ဆိုသော် အကျိုးမပေးသော အဘိဉာဉ်ကုသိုလ် ဒသနေနပဟာတဗ္ဗတရားများနှင့် အဟောသိကံထိုက်သော ကုသိုလ် အကုသိုလ်တို့ကို ဝိပါကမွေ့မွေ့ဟုမဆိုရဟူသောအနက်သည်ရောက်ရာ၏ စင်စစ်--မရောက်သင့်၊ ထိုသို့---ကြောင့်။အကျိုးမပေးသောယင်းအဘိဉာဉ်ကုသိုလ်စသည်တို့၏လည်းအကျိုးပေးခြင်း၊ ရင့်ကျက်ခြင်းသဘောတရားရှိသည်တို့ကိုလည်းပြဆိုသင့်သေး၏။ စုဒ်ကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား-** မအိုသေးသော လူငယ်လူရွယ်တစ်ယောက်သည် မအိုသေးသော်လည်း အိုခြင်းသဘောရှိသည့်အတွက် ဇရာမွေ့(သတ္တ)ဟု ဆိုရသကဲ့သို့ ယင်းအဘိဉာဉ်ကုသိုလ်စသည်သည်လည်း အကျိုးကို တကယ်မပေးသော်လည်း ပေးတတ်သောသဘောရှိသောကြောင့် ဝိပါကမွေ့မွေ့-ဟုဆိုရပါ၏ဟူလို။

**တစ်နည်း။** ။ မွေ့သဒ္ဒါ-သဘာဝအနက်ဟောဟုဖွင့်ဆို၏။ ထို---သော်။ မွေ့သဒ္ဒါသည် ရှေး၌ဖွင့်ဆိုအပ်ပြီးသောမွေ့သဒ္ဒါတို့နှင့် မွေ့သဒ္ဒါချင်းတူသောကြောင့် နိဿတ္တနိဇ္ဇီဝအနက်ကိုသာ ဟောသင့်သည်မဟုတ်လော။ ထို့ကြောင့်(ဂ)ဖြင့်---မဆိုသင့်။ ဆိုနိုင်ခြင်း၌ ထင်ရှားအောင်ဥပမာဆောင်၍လည်းပြဆိုသင့်သေး၏။ စုဒ်ကြောင့်။

## နံပါတ် (၃)

**အဓိဝစနံသဒ္ဒါထားရခြင်း ။** ။ဝိပါကသဒ္ဒါသည် ကုသိုလ် အကုသိုလ်တို့၏အကျိုးဖြစ်သော နာမ်ဝိပါက်, ကမ္မဇရုပ်ဟူသောရုပ်ဝိပါက်များကို အချို့နေရာ၌ဟောကြားသော်လည်း ဤနေရာ၌ကား အထင်ရှင်ဇီဇကေဒေသျှုပစာအားဖြင့် နာမ်ဝိပါက်ကိုသာ ဟောရသည်ဟုပြလို၍ အဓိဝစနံသဒ္ဒါကိုထားပါသည်။

**နိယံ ။** ။**အဓိဝစနံ, နာမံရှိက, မျှားလှနက်တွင်, လိုအင်နက်မှီ, ထင်ရှင်ဇီ။**

**ယထာသဒ္ဒါထားရခြင်း။** ။ဇာတိမွေ့ ဇရာမွေ့ပုဒ်တို့၌ မွေ့သဒ္ဒါသည် သဘာဝအနက်ဟောသကဲ့သို့ ဤ၌လည်းမွေ့သဒ္ဒါသည် သဘာဝအနက်ဟောဟု အတူဥပမာကိုပြလို၍(ဃ)ဝါကျ၌ ယထာ-သဒ္ဒါထားပါသည်။

http://www.dhammadownload.com



(က)ဖြင့်-အဘိဓာနတ္ထကိုသာဆို၍ အဘိဓေယျတ္ထကိုမသိရသေးရကား စကားမပြည့်စုံမပျံ့နှံ့ဖြစ်နေ၏။ (ခ)ကိုဆိုလိုက်သဖြင့် အဘိဓေယျတ္ထကို သိအပ်ရကား ယင်းဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသတို့ကို ပယ်ပြီးသားဖြစ်တော့၏။ (တနည်း) အတိဗျာပိတဒေါသပယ်- (ဤ၌-အလိုရှိအပ်သော အနက်ထက်ပို)

(င)ဖြင့်-ပဌမတိတ်ပုဒ်ဒုတိယတိတ်ပုဒ်တို့၏ သဘာဝကို ပယ်မြစ်ခြင်း အစွမ်းဖြင့် တတိယတိတ်ပုဒ်ကို ညွှန်းဆိုဖွင့်သောကြောင့် ဂန္ထဂရုဒေါသကိုပယ်ပါ သည်။ (တစ်နည်း- အဗျာပိတ၊ အရိပုဏ္ဏဒေါသပယ်သည်။)

## နံပါတ် (၄)

**ဝိပစ္စနံ ဝိပက္ကံ။**

ဝိပုဗ္ဗ-ပစဓာတ်+တပစ္စည်းသည်ငှင်း၊ ကျက်ခြင်းကြိယာ သာမညသည်ငှင်း၊ (ဗျုပ္ပတ္တိနိမိတ်)။ ကျက်ခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

**ဝိပက္ကဥ္စ တံ ဘာဝေါစာတိ ဝိပက္ကဘာဝေါ။**

ဝိပက္ကပုဒ်+ဘာဝပုဒ်သည်ငှင်း၊ မှည့်ရင့်ခြင်း၏ ဂုဏ်သဘောတို့နှင့်ဂုဏ်/ ဂုဏေး (ဗျုပ္ပတ္တိနိမိတ်)။ ရင့်ကျက်ခြင်းသဘောသို့ရောက်သော နာမ်တရား တို့၏ တပါးသည်တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သောဇာတ်သည် (တနည်း) ဝိပက္ကဘာဝဂုဏ်သည် (ပဝတ္တိနိမိတ်)။

**ဝိပစ္စန္တီတိ ဝိပါကာ။ တေသံ ဘာဝေါ ဝိပက္ကံ။**

**အဓိနံ ဝစနံ အဓိဝစနံ။ အဓိ-ဥပရိ ဝစနံ အဓိဝစနံ။အဓိကိစ္စ ပဝတ္တံ ဝစနံ အဓိဝစနံ။**

**ဇာတိ ဓမ္မော ယေသန္တိ ဇာတိဓမ္မာ။(ဇာယနံ ဥပ္ပဇ္ဇနံ ဇာတိ၊ ဇီရဏံ ပရိပစ္စနံ ဇရာ)။**

**ဝိပါကော သဘာဝေါ ယေသန္တိ ဝိပါကသဘာဝါ။**

ဝိပါကပုဒ်+သဘာဝပုဒ်+ယ-အညပုဒ်သည်ငှင်း။ မှည့်ရင့်ခြင်းသဘော၏ သတ္တ ဇီဝမဟုတ်သော ဓမ္မတို့နှင့် နိဿယ/နိဿိတ = (ဗျုပ္ပတ္တိနိမိတ်)။ မှည့်ရင့်ခြင်းသဘာဝဘောဂုဏ်သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

| | | |
|---|---|---|
| ဝိသိဋ္ဌ | ။ | ။ (ပုလ္လိင်) နပုလ္လိင်+(ပုရိသာဒိဂိုဏ်း) စိတ္တာဒိဂိုဏ်း+အကာရန္တ ကိတ်နာမ်ပုဒ်။ |
| ပါက | ။ | ။ ပုံ + ပု + အ + ကိတ်။ |
| ဝိပက္က | ။ | ။ နပုံ + စိ + နိဂ္ဂဟိတန္တ + ကိတ်။ |
| တော် | ။ | ။ နပုံ + သဗ္ဗ + နိဂ္ဂဟိ + သဗ္ဗ။ |
| အဓိဝစနံ။ | | ။ နပုံ + စိတ္တာဒိ + နိဂ္ဂဟိ + သမာသ်။ |
| ယထာ | ။ | ။ အလိင် + ဂဏာဝိမုတ် + အာ + နိပါတ်။ |
| ဇာတိ | ။ | ။ ဣတ္ထိ + ရတ္တာဒိ + ဣ + ကိတ်။ |

http://www.dhammadownload.com


ဇရာ ॥ ॥ ဣတ္တိ + မနောဂဏာဒိ + အာ + ကိတ်။

## နံပါတ် (၆)

(က) အညမည ဝိသိဋ္ဌာနံ ပါကာဖြင့် ဝိပါကာကို ဝိသိဋ္ဌာနံ ပါကာ ဝိပါကာဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝနေတ္တပြုအပ်သည်ကိုရင်း (ပစ္စတ္တိတိ ပါကာ)ဝိဥပသာရ၏ ဝိသိဋ္ဌ အနက်ဟောသည်ကိုရင်း သိစေပါသည်။ကုသလာကုသလာနံဖြင့် အချင်း ချင်းထူးကုန်သောတရားတို့ဟူသည် ကုသိုလ်တရားနှင့်အကုသိုလ်တရားတို့ပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေပါသည်။

(ခ)ဖြင့် ဝိပါက အရ အကျိုးဖြစ်သောဝိပါက်စိတ္တုပ္ပါဒ် ကမ္မဇရုပ်တို့ကို ရခြား သော်လည်း ဧကဒေသျူပစာအားဖြင့် နာမ်သဘောချင်း သာရမ္မဏစသည်ချင်းတူ သော ဝိပါက်စိတ္တုပ္ပါဒ်ကို ကောက်ယူရမည်၏အဖြစ်ကို သိစေပါသည်။

(ဂ) ဝိပါက သဘာဝမ္မောဖြင့် ဝိပါကမ္မမ္မောဌ် ရှေ့ဓမ္မသဒ္ဒါသည် ပရိယတ္တိ စသောအနက်တို့၌မဖြစ် သဘာဝအနက်၌ဖြစ်သည်၏အဖြစ်ကို သိစေပါသည်။

## နံပါတ် (၇)

**အဓိသဒ္ဒါ၏ အတ္ထုဒ္ဓါရ** = အဓိကိဿရ ပါဌာဓိဋ္ဌာန ပါပုဏနေ သွဒိ။
နိစ္ဆယေ စောပရိတ္တာဘိ, ဘာဝနေစ ဝိသေသနေ။(ဓာန်)
ဤနေရာ၌- ဥပရိအနက်ကို ဟောပါသည်။

**ဓိဝံသဒ္ဒါ၏ အတ္ထုဒ္ဓါရ** = ဓိဝံနိဒဿနာကာရော ပမာသု သမ္ပဟံသနေ။
ဥပဒေသေစ ဝစနပဋိဂ္ဂါဟာ ဝဓာရဏေ။
ဂရဟာယေ မဝ္ဓတ္တေစ ပရိမာနေစ ပုစ္ဆနေ။
ဤနေရာ၌- ဥပမာအနက်ကို ဟောပါသည်။

## နံပါတ် (၈)

ဝိပါက အရ = ဝိပါက် စိတ္တုပ္ပါဒ် ကိုကောက်။
ယင်းသည် ဒဿနတ္တ။
ကုသိုလ်အကုသိုလ် အကြောင်းတရားသည် ဒီပကတ္တ။
ဣဋ္ဌာနိဋ္ဌာရုံအားလျော်စွာ သုခဒုက္ခခံစားခြင်းသည် ပကာသနတ္တ။
အဝိဇ္ဇာတဏှာဟူသော မူလအကြောင်းသည် ဝိဘာဝတ္တ။
အိုခြင်း၊ နာခြင်း၊ သေခြင်း ဇရာ ဗျာဓိ မရဏသည် အနုဘာဝတ္တ။

မှတ်ချက် ॥ ॥ ဝိပါက် ကောက်မှန်သမျှ - ဤအတိုင်းသာ ပုံသေထုတ်ပါ။

## နံပါတ် (၁၀)

တတိယံ ပဒံ အရ- နေဝဝိပါက နဝိပါက ဓမ္မမ္မာ ဟူသော တတိယတိတ်ပုဒ်

http://www.dhammadownload.com


အက္ခရာဝလိနာမပညတ် ပစ္စည်းတရားသည်၊ ဝုတ္တံ၌ ခာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိ ဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စယသတ္တိကား- မရှိ၊အာရမ္မဏ (၁) ပစ္စည်းသာ။

**တစ်နည်း ။ ။** ဝုတ္တံ၌ ခာတ်အရ-ပစ္စည်းတရားသည်၊တတိယပဒံအရ နေဝဝိပါကနဝိပါကဓမ္မဓမ္မာ-ဟူသော စိတ္တဇသဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စယသတ္တိကား- သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

ဝိပါကာ၌ ဝိအရ-လောကီကုသိုလ် အကုသိုလ် ပစ္စည်းတရားသည်၊ ပါက-အရ ဝိပါက်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် တရားအား နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စယသတ္တိကား - နာနက္ခဏိကကမ္မ၊ ပကတူပကမ္မ။

**မှတ်ချက် ။ ။** ကုသလာကုသလာနံ အရနှင့် ပါကအရကောက်၍ ပစ္စည်းပြိုင်လည်း ဤနည်းအတိုင်းသာ။

ဝိအရ-လောကုတ္တရာကုသိုလ် ပစ္စည်းတရားသည်၊ပါကအရ-ဖိုလ်(၄)ခု ပစ္စယုပ္ပန်တရားအား-အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စယသတ္တိ-အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ (၆)ပစ္စည်း။

********************

## ဓါတ်ချေခြင်း (၆)

(က) ဥပါဒိန္နုပါဒါနိယတ္တိကေ အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ ဥပါဒိန္နာ။

(ခ) အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာတိ ဥပါဒါနိယာ။

(ဂ) ဥပါဒါနဿ အာရမ္မဏပစ္စယဘူတာန မေတံ အဓိဝစနံ။

(ဃ) ဥပါဒိန္နာ စ တေ ဥပါဒါနိယာ စာတိ ဥပါဒိန္နုပါဒါနိယာ။

(င) သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ။

(စ) ဣတိ ဣမိနာ နယေန သေသပဒဒွယေပိ ပဋိသေဓဝသေဟိတော အတ္ထော ဝေဒိတဗ္ဗော။ [ အဘိ။ ၄ ။ ၈၅ ]

### နံပါတ် (၁)

(ခ) ဥပါဒါနံ၊တို့အား/တို့၏။ ဟိတာ၊လျော်ကုန်၏။/အစီးပွားတို့တည်း။

(ဂ)အာရမ္မဏ ပစ္စယဘူတာနံ၊အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတတ်သည်

http://www.dhammadownload.com



ဖြစ်၍ဖြစ်ကုန်သောတရားတို့၏။

(င)သာသဝကမ္မနိဗ္ဗတ္တာနံ၊အာသဝေါတရားတို့၏အာရုံဖြစ်သော ကံကြောင့် ဖြစ်ကုန်သော။

(စ)ဣမိနာ နယေန၊ ဤပဌမပုဒ်၌ ဆိုအပ်ပြီးသောနည်းဖြင့်။ သေသပဒဒွယေပိ၊ဤပဌမပုဒ်မှကြွင်းသော ဒုတိယ, တတိယပုဒ်နှစ်ပါးအပေါင်း၌လည်း။ ပဋိသေဓေသဟိတော၊ ပဋိသေဓနှင့်တကွဖြစ်သော။

**မှတ်ချက်** ॥ ॥ **သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗ ပုဒ်တို့ကို အနက်ပေးမေးနိုင်သည်။**

## နံပါတ် (၂)

(ဂ)သို့ ဌပနာပဥှက॥ ॥ ဆရာ- သည် (ခ)ဖြင့် ဥပါဒိန္နိယာကို ဥပါဒိနာနံ + ဟိတာ ဥပါဒိန္နိယာဟု ဟိတထဒ္ဓိတ်ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့ဖွင့်ပြအပ်သော်။ ဥပါဒိန္နသည် အထူးပြုအပ်သောဥပါဒိန္နိယဖြစ်၍ ဥပါဒိန္နိယာအရ ဥပါဒိန္နဖြစ်သော တေဘူမကဝိပါက်၊ ကဋတ္တာရုပ်တို့ကိုသာ ကောက်ယူအပ်၏ဟု အနက်ရောက်ရာသည်မဟုတ်ပါလော။ ထိုသို့-ကြောင့် (ခ)ဖြင့် ဝစနတ္ထကိုသာ-မဆိုသင့်။ ဥပါဒိန္နိယာအရ အဘိဓေယျတ္ထကိုလည်းဆိုသင့်သေး၏။ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဘွယ်ရှိသောကြောင့် (ဂ)မိန့်။

**အဓိပ္ပါယ်ကား** - တေဘူမက ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သာမက ဥပါဒါန်တို့၏ အာရုံပြုခံရသော လောကီတရားအားလုံးကိုလည်း ကောက်ယူအပ်၏။ ဤသို့ ဥပါဒိန္နိယာအရကို ငါဖွင့်ဆို၏ဟူလို။

(င)သို့ ဌပနာပဥှက ॥ ॥ ဆရာ- သည် (ဃ)ဖြင့် ဥပါဒိန္နုပါဒိန္နိယာပုဒ်ကို ကမ္မဓာရာယ်သမာသ်ဝစနတ္ထပြုအပ်၏ဟု ဖွင့်ဆိုတော်မူအပ်၏။ ထိုသို့- သော် ဥပါဒိန္နုပါဒိန္နိယာအရ ဥပါဒါန်တို့၏အာရုံဖြစ်သော လောကီတရားအားလုံးကို ကောက်ယူအပ်၏ဟု မှတ်သားအပ်ပါသလော။ ထိုသို့- ကြောင့်။

(စ)သို့ ပါပနာဒိ ॥ ॥ဆရာ- သည်(က)စသော ဝါကျတို့ဖြင့် ဥပါဒိန္နုပါဒိန္နိယာဟူသောတိက်ပုဒ်၏ ဝစနတ္ထအဘိဓေယျတ္ထတို့ကို အသီးအသီးဖွင့်ပြတော်မူအပ်၏။ ထိုသို့-သော်။ ဒုတိယတိက်ပုဒ် တတိယတိက်ပုဒ်တို့၏ အဘိဓေယျတ္ထဝစနတ္ထတို့ကို လည်း ပဌမတိက်ပုဒ်ကဲ့သို့ အသီးအသီးဖွင့်ဆို၏ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်တမူကား- မရောက်သင့်--အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဒုတိယတိက်ပုဒ်၊ တတိယတိတ်ပုဒ် တို့ကိုလည်း ပြဆိုသင့်သေး၏။

## နံပါတ် (၃)

(ဂ)ဖြင့်-အဗျာပိတ၊ အပရိပုဏ္ဏဒေါသတို့ကိုပယ်သည်။

**အကြောင်းကား॥** ॥ (ခ)ဖြင့်- ဥပါဒိန္နိယာပုဒ်၏ ဝစနတ္ထကိုသာပြ၍ အဘိဓေယျတ္ထ

http://www.dhammadownload.com



ကို မပြရသေးရကား စကားမပြန့်နှံ့ခြင်း အဗျာပိတ၊ မပြည့်စုံခြင်း အပရိပုဏ္ဏ ဒေါသ သင့်ရောက်နေ၏ (ဂ)ဖြင့် အဘိဓေယျတ္ထကို ပြသောကြောင့် ယင်းဒေါသ တို့ကို ပယ်သည်။

( င)ဖြင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသ တို့ကိုပယ်သည်။(တနည်း) အတိဗျာပိတ ဒေါသကိုပယ်သည်။

**အကြောင်းကား။** ။ (ဂ)ဖြင့် လောကီတရားအားလုံး၌ အလွန်ပြန့်နှံ့နေရကား (င)ဖြင့် လောကီဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကိုသာ ပြဆိုသောကြောင့်တည်း။

(စ)ဖြင့် ဂန္ထဂရု ဒေါသ ကိုပယ်သည်။

အကြောင်းကား။ ။ ပထမတိက် ပုဒ်ကဲ့သို့ အကျယ်မဖွင့်ဆိုမူ၍ ဒုတိယတိက်ပုဒ် တတိယတိက်ပုဒ် တို့ကို အတိဒေသသံဝဏ္ဏနာ နည်းဖြင့်ဖွင့်ဆိုသောကြောင့်တည်း၊

**(စ) ဝေဒိတဗ္ဗော သဒ္ဒါထားရကြောင်း။**

ပထမတိက်ပုဒ်ကို နည်းယူအစဉ်မှီးသဖြင့် ကြွင်းသော ဒုတိယတိက်ပုဒ် တတိယတိက်ပုဒ်တို့၌လည်း ပဋိသေနေ့င့်တကွ အနက်ကိုသံသယအားဖြင့် သိထိုက်သည်ကို ပြလို၍ ဝေဒိတဗ္ဗောသဒ္ဒါ ထားသည်။

**နိယံ ။** ။ ဒဠှဗ္ဗံကား, သန္နိဋ္ဌာန်, ဝေဒိတဗ္ဗံကား, သံသယ။

နံပါတ် (၄)

**တဏှာ ။** ။ **တသတိ ပါတုံ ဣစ္ဆတိ တောယာတိ တဏှာ။**

တသဓာတ် ဟ, ပစ္စည်းသည်ရင်း, တပ်ခြင်းကြိယာသည်ရင်း, (ဗျုပ္ပတ္တိနိမိတ်) တပ်မက်ခြင်းကြိယာသည်ရင်း,(ဝါ) တပ်မက်တတ်သောသဘာဝဇာတ် သည်ရင်း (ပဝတ္တိနိမိတ်)။

**ဒိဋ္ဌိ ။** ။ **မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။**

**ဥပေတံ ။** ။ **ဥပီယတေတိ ဥပေတံ။**

ဥပ + ဣ + တ ပစ္စည်းသည်ရင်း၊ ကပ်ရောက်ခြင်း ကြိယာသည်ရင်း, (ဗျုပ္ပတ္တိနိမိတ်)။ကပ်ရောက်တတ်သောကံသည်ရင်း(ဝါ)ကပ်ရောက်ခြင်း ကြိယာသည်ရင်း (ပဝတ္တိနိမိတ်)။

**ဥပါဒိန္နာ။** ။ **ဥပ(ဘုသံ)အာရမ္မဏံ အာဒိယန္တီတိ ဥပါဒိန္နာ။**

ဥပ + အာ + ဒါ + ယု သည်ရင်း ၊ ပြင်းစွာယူခြင်း ကြိယာသည်ရင်း, (ဗျုပ္ပတ္တိနိမိတ်)။ဥပါဒိန်တရားတို့၏ တပါးသည် တပါးနှင့် တူသော အခြင်းအ ရာဟုဆိုအပ်သောဇာတ်သည် (ပဝတ္တိနိမိတ်)။

နံပါတ် (၅)

အာရမ္မဏာ။ ။ နပုံ၊ စိတ္တာဒိ၊ နိဂ္ဂဟီတန္တ၊ ကိတ်နာမ်။

တဏှာ ။ ။ ဣတ္ထီ၊ ကညာဒိ၊ အာကာရန္တ၊ ကိတ်နာမ်။

ဒိဋ္ဌိ ။ ။ ဣတ္ထီ၊ ရတ္တာဒိ၊ ဣကာရန္တ၊ ကိတ်နာမ်။

http://www.dhammadownload.com


ဥပဂန္တာ။ ။ အဲလိုင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတ် (တွာပစ္စယန္တ မှန်သမျှ ဤနည်းအတိုင်း)

ဥပါဒါနံ ။ ။ ပုံ/နပုံ၊ စိတ္တာဒိ၊ အာကာရန္တ (နိဂ္ဂဟိတန္တ) ကိတ်နာမ်။

သာသဝ။ ။ နပုံ၊ စိတ္တာဒိ၊ နိဂ္ဂဟိတန္တ၊ သမာသ်နာမ်။

ဒွယ ။ ။ နပုံ၊ စိတ္တာဒိ၊ နိဂ္ဂဟိတန္တ၊ တဒ္ဓိတ်နာမ်။

## နံပါတ် (၆)

(က)ဥပေတေန ကမ္မုနာ အာဒိန္နာ ဖြင့် ဥပါဒိန္နာ ကို ဥပ + အာဒိန္နာ ဟု ပဒစ္ဆေဒ ပြုအပ်သည်ကိုရင်း၊ ဥပ-ဥပသာရ၏ ဥပေတ- အနက်ဟောသည်ကိုရင်း၊ ဥပ-အရ ကံကို အရကောက်ယူအပ်သည်ကိုရင်း၊အာဒီယတေတိအာဒိန္နာ၊ဥပေတေန အာဒိန္နာ ဥပါဒိန္နာ ဟုဝစနတ္ထပြုအပ်သည်ကိုရင်း သိစေသည်။

**နိယံ ။ ။ အဝုတ်ကတ္တား ဖွင့်ပြကြောင်းက ကမ္မသာဓန ကြံစရာ။**

ဖလဘာဝေန ဂဟိတာဖြင့် အာဒိန္နာ၌ အာ+ဒါ ဓာတ်သည် ယူခြင်းအနက်၌ဖြစ်သည်ကိုရင်း၊ အကြောင်းတရားအဖြစ်ဖြင့် မယူအပ်၊ အကျိုးတရားအဖြစ်ဖြင့် စွဲယူအပ်သည်ကိုရင်း သိစေသည်။

အာရမ္မဏ ကရဏဝသေန တဏှာဒိဋ္ဌိဟိ-ဖြင့် ဥပေတ၌ တ-ပစ္စည်း၏ ကတ္တားကို တဏှာ ဒိဋ္ဌိဟု အပိုထည့်စပ်အပ်သည်ကိုရင်း၊ တဏှာဒိဋ္ဌိတို့သည် ကပ်၍ယူခြင်းဟူသည် အာရုံပြုသည့် အနေအားဖြင့် ကပ်ရောက်အပ်သည် ဟူသောအဓိပ္ပါယ်ကိုရင်း သိစေသည်။

## နံပါတ် (၇)

ဥပေတ ။ ၂ ကပ်ရောက်ခြင်းအနက်သည် ဂဟေတဗ္ဗတ္ထ။
ပြည့်စုံခြင်းအနက်သည် နိဝတ္တေတဗ္ဗတ္ထ။ (ဋီကာ)

ဥပါဒါန- ၌ ဥပ- အနက် ဘုသတ္ထ။

**သေသပဒဒွယေပိ- ၌ အပိသဒ္ဒါ။ ။** ဒုတိယတိက်ပုဒ်၊ တတိယတိက်ပုဒ်တို့သည် အချင်းချင်းဆည်းသောကြောင့် အညမညသမုစ္စည်း (ဝါ) အဝယဝသမုစ္စည်း။

## နံပါတ် (၈)

ဥပါဒိနိယာ၌ ဥပါဒါန-အရ လောဘ, ဒိဋ္ဌိ-ဟူသောဥပါဒါန်တရားကိုယ် ၂-ပါးကောက်။

ယင်းတို့သည်ဒဿနတ္ထ။

တဏှာသည် ဒီပကတ္ထ။

ဘဝသည် ပကာသနတ္ထ။

ဝေဒနာ စသော ရှေးရှေးသောအကြောင်းသည် ဝိဘာဝတ္ထ။

ဇာတိ, ဇရာ, မရဏ စသော အဆင့်ဆင့်သော အကျိုးတို့သည်အနုဘာဝတ္ထ။

http://www.dhammadownload.com



မှတ်ချက် ။ ။ ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ထုတ်ထားသည်ကို သတိပြုပါ။ ဝေဒိတဗ္ဗော- ၌ ဓာတ်အရ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်ရ၏။

ယင်းသည် ဒဿနတ္ထ။

ပဋိသေဓနှင့်တကွဖြစ်သော ဒုတိယတိက်ပုဒ်၊ တတိယတိက်ပုဒ်တို့၏အနက်သည် ဒီပကတ္ထ။

တစ်နည်း။ ။ယောနိသောမနသိကာရသည် ဒီပကတ္ထ။

အနက်ကို သိသဖြင့် သုတမယဉာဏ်၊ စိန္တာမယဉာဏ် တိုးပွားခြင်းသည် ပကာသနတ္ထ။

ပထမတိက်ပုဒ်၏အဖွင့်သံဝဏ္ဏနာကိုအလုံးစုံ သိနားလည်ခြင်း အကြောင်းသည် ဝိဘာဝတ္ထ။

ကိလေသာဝေးကွာခြင်း ပဋိသမ္ဘိဒါဉာဏ် ရနိုင်ခြင်းအကျိုးတရား အဆင့်ဆင့်သည်-အနုဘာဝတ္ထ။

## နံပါတ် (၁၀)

ဥပါဒါနီယာ။ ။ ဣယ-ပစ္စည်းအရ လောကီစိတ်စေတသိက်၊ စေတသိက် ဒွေပညာသရုပ်အဌဝိသ ပစ္စည်းတရားသည်၊ဥပါဒါန-အရ ဥပါဒါန်တရားကိုယ် ၂-ပါး(လောဘ+ဒိဋ္ဌိ)ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပါ သည်။ ပြိုင်နိုင်သောပစ္စယသတ္တိကား- အာရမ္မဏ, အဓိပတိ, ဥပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ။(ယထာရဟ- ထုတ်ထားသည်)

တပြိုင်နက်ဆိုက-အာရမ္မဏ(၁)ပစ္စည်းသာထုတ်ရမည်။ ပစ္စည်းများပြီး ပစ္စယုပ္ပန် နည်းသောကြောင့်တည်း။

ဥပါဒိန္န။ ။ဥပ-အရ ကုသိုလ်ကံ၊ အကုသိုလ်ကံပစ္စည်းတရားသည်။အာဒိန္န-အရ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား နာနက္ခဏိကကမ္မ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်နိုင်သော ပစ္စယသတ္တိ- နာနက္ခဏိကကမ္မ၊ ပကတူပနိဿယ။

မှတ်ချက်။ ။တဏှာဒိဋ္ဌီဟိ-အရနှင့်ကမ္မုနာအရ ပြိုင်ခိုင်းသော် ပစ္စည်းပစ္စယုပ္ပန် အပြန်အလှန်ထားလို့ရသည်၊ကမ္မုနာအရ-လောကီကုသိုလ်အကုသိုလ် (ကမ္မဘဝ)ကိုကောက်ရသည်၊ဥပနိဿယမျိုး၊အာရမ္မဏမျိုးပြိုင်ရမည်။

တဏှာဒိဋ္ဌိအရ ပစ္စည်းယူသော် ဥပနိဿယမျိုး။

ပစ္စယုပ္ပန်ယူသော် အာရမ္မဏမျိုး။

******************

http://www.dhammadownload.com



ဝါကျစဉ် (၇)

(က) သံကိလေသေတီတိ သံကိလေသော။

(ခ) ဝိဗာဓေတိ ဥပတာပေတိ စာတိ အတ္ထော။

(ဂ) သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ။

(ဃ) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တီ့ သံကိလေ သေ ဝါ နိယုတ္တာ တဿ အာရမ္မဏဘာဝါနတိက္ကမနတောတိ သံကိလေ သိကာ။

(င) သံကိလေသဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ။

(စ) သံကိလိဋ္ဌာ စ တေ သံကိလေသိကာစာတိ သံကိလိဋ္ဌသံကိလေသိကာ။

(ဆ) သေသပဒဒွယမ္ပိ ပုရိမတ္ထိကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ [အဘိ၊ဋ္ဌ၊၈၅]

နံပါတ် (၁)

(က) ယောသဘာဝေါ၊ သည်။ စိတ္တံဝါ၊ စိတ်ကိုရင်း။ ပုဂ္ဂလံဝါ၊ မိမိကိန်း ရာပုဂ္ဂိုလ်ကိုရင်း။ သံကိလေသေတိ၊ လွန်စွာနှိပ်စက်တတ်၏။ (တနည်း) လွန်စွာ လောင်တတ်၏။ ဣတိ။ သောသဘာဝေါ၊ သည်။ သံကိလေသော၊ မည်၏။ (ကိလေသာဆယ်ပါးရ၏။)

(ခ) ဝိဗာဓေတိစ၊ နှိပ်စက်လည်းနှိပ်စက်တတ်၏။ ဥပတာပေတိစ၊ လောင် လည်းလောင်တတ်၏။

နံပါတ် (၂)

(ခ) ဝါကျသို့ ။ ။ ဆရာသည်(က)ဖြင့် သံကိလေသောကို ကတ္တုသာဓနဝစနတ္ထ ပြအပ်သည်ကို ဖွင့်ပြအပ်၏။ ထိုသို့-သော်၊ သံ-ရှေးရှိသော ကိလိသဓာတ်သည် ညစ်နွမ်းခြင်းအနက်ဟော၏ဟု မှတ်သားနိုင်ကောင်းရာသည် မဟုတ်ပါလော- စုဒ်ကြောင့်(ခ)မိန့်။

(င) ဝါကျသို့။ ။ ဆရာသည်(ဃ)ဖြင့် သံကိလေသိကကို အရဟန္တိတဒ္ဓိတ် (ဝါ)နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟုဆို၏။ ထိုသို့-သော် သံကိလေသိကအရ သံကိလေသနှင့်ယှဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကိုသာ ယူရမည်ဟူသောအနက် ရောက်ရာသည်မဟုတ်ပါလော- စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(ဃ) ဝါသဒ္ဒါထားရခြင်း- သံကိလေသိကာ၌ ဣကပစ္စည်း-အရဟန္တိ အနက်မှတပါး နိယုတ္တအနက် လဲပြလို၍ ဝါသဒ္ဒါထားပါသည်။ (အနက်လဲသည်) (တနည်း) သံကိလေသကို ရခြင်းငှါထိုက်သောကြောင့် သံကိလေသိက မည်၏-ဟူ သောဖျူပ္ပတ္တိအကြောင်းမှတပါး သံကိလေသ၌ယှဉ်သောကြောင့် သံကိလေသိက-

http://www.dhammadownload.com



မည်၏ဟူသော ဗျုပ္ပတ္တိအကြောင်းတပါးကို လဲလှယ်လို၍ ဝါသဒ္ဒါထားပါသည်။ (အကြောင်းလဲသည်)။(ဆ)ဝါကျဖြင့် အတိဒေသသံဝဏ္ဏနာနည်းဖြင့် ညွှန်းဆိုသော ကြောင့် ဂန္တဂရုဒေါသပယ်ပါသည်။

## နံပါတ် (၄)

**သံကိလေသေတိ သံကိလေသိယန္တိ ဝိဗာဓိယတန္တီတိ သံကိလိဋ္ဌာ။**

**သံကိလေသာပိယန္တီတိ သံကိလိဋ္ဌာ။**

ကိလိသဓာတ်+တပစ္စည်းသည်ရင်း၊ညှင်းဆဲခြင်း-ပူလောင်ခြင်းကြိယာသည် ရင်း (ဗျုပ္ပတ္တိနိမိတ်)။အကုသိုလ်တရားတို့၏ ပူလောင်ခြင်း၊ ညှင်းဆဲခြင်းဟူ သော တပါးသည်တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ် သည် (ပဝတ္တိနိမိတ်)။

**စိတ္တစေတသိကာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။**

အာရှေ့ရှိသော ရမုဓာတ်+ယုပစ္စည်းသည်ရင်း၊ မွေ့လျော်ခြင်းကြိယာသည် ရင်း (ဗျုပ္ပတ္တိနိမိတ်)။အာရမ္မဏ၏ဖြစ်ကြောင်းဖြစ်ရာ မွေ့လျော်ဖွယ်ဂုဏ် သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

| | |
|---|---|
| သေသပဒဒွယ | = နပုံ + စိတ္တာဒိ + နိဂ္ဂဟိကာရန္တ + သမာသ်။ |
| ဝုတ္တနယေန | = ပုလ္လိင် + ပုရိသာဒိ + အကာရန္တ + သမာသ်။ |
| ပုရိမတ္တိကေ | = ပုလ္လိင် + ပုရိသာဒိ + အကာရန္တ + သမာသ်။ |
| ဝေဒိတဗ္ဗံ | = နပုံ + စိတ္တာဒိ + နိဂ္ဂဟိကာရန္တ + ကိတ်နာမ်ပုဒ်။ |

## နံပါတ် (၆)

(ခ) ဝိဗာဓတိ ဥပတာပေတီဖြင့် သံပုဒ်-ကိလိသဓာတ်သည် ဘူဝါဒိဂိုဏ်း ဖြစ်၍ ဝိဗာဓနအနက် ဥပတာပနအနက်ဟောသည်ကို သိစေပါသည်။ (ဓာတွတ္ထ)

(ဂ) ဖြင့် သံကိလေသတရားနှင့် ဧကုပ္ပါဒစသောအပြားဖြင့် သမ္ပယုတ်ဖြစ် သောတရားတို့သည်သာ သံကိလိဋ္ဌမည်၏။ သံကိလေသနှင့် သမ္ပယုတ်မဖြစ်သော ရုပ်တရားတို့သည် သံကိလိဋ္ဌမမည်ဟူသော အဓိပ္ပါယ်ကိုသိစေပါသည်။(ဘာဝတ္ထ) တနည်း ။ ။ မဓုဋီကာဆရာအလို- သမန္နာဂတတဒ္ဓိတ်ဟုဆို။

(သံကိလေသေန သမန္နာဂတာ သံကိလိဋ္ဌာ။)

## နံပါတ် (၇)

ဝုတ္တနယေနနေဝ၌ ဧဝအနက် (၃)မျိုး။

ပဋိသေဓနှင့်တကွဖြစ်သောအနက်သည် ဂဟေတဗ္ဗတ္ထ။

http://www.dhammadownload.com


ပဋိသေဓကောင်းသောအနက်သည် နိဝတ္တေတဗ္ဗတ္ထ။
ပဋိသေဓကောင်းသောဒုတိယတိတ်ပုဒ် တတိယကိတ်ပုဒ်တို့၏ ဝိဂြိုဟ်အရ - ကောက်တို့ကို သိရခြင်းသည် အနုညာတတ္ထ။ ( အချို့စာတို့၌- ဆိုအပ်ပြီးသောနည်း-ဂဟေ။ဆိုလတ့်သောနည်း-နိဝတ္တေ။ အတူဖြစ်သောနည်း-အနုညာဟူ၍ထုတ်ကြသည်။)

## နံပါတ် (၉)

**သံကိလေသအရ**- ကိလေသာ ဆယ်ပါး။
**သံကိလိဋ္ဌအရ** - ကိလေသာနှင့်ယှဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်
ယင်းသည် ဒဿနတ္ထ။
အယောနိသောမနသိကာရသည် ဒီပကတ္ထ။
အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းကျိုးပေးခြင်းသည် ပကာသနတ္ထ။
အသဒ္ဓမ္မဿဝန ဗာလူပသေဝနစသည်သည် ဝိဘာဝတ္ထ။
ဝိပ္ပဋိသာရစသည်ဖြစ်ခြင်း ဒုဂ္ဂတိဘဝရောက်ရခြင်း စသည်သည် အနုဘာဝတ္ထ။

**မှတ်ချက်** ။ ။ အကုသိုလ်ဟူသမျှ ဤနည်းချည်းသာ ပုံသေကျက်ထားပါ။

## နံပါတ် (၁၀)

**သံကိလေသေန အရ**-ကိလေသာ ဆယ်ပါး ပစ္စည်းတရားသည်၊
**သမန္နာဂတအရ** -သမ္ပယုတ်အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယ သတ္တိဖြင့်ကျေးဇူးပြု။
ပြိုင်နိုင်သောပစ္စယသတ္တိကား-သဟ့ကြီး၄၊သဟလတ်၂၊ဟေတုမဂ္ဂ(၈)ပစ္စည်းတို့ဖြင့် ယံထာရဟာကျေးဇူးပြု။ (ပစ္စည်းပစ္စယုပ္ပန် ပြောင်းပြန်လှည့်၍လည်း ပြိုင်နိုင်သည်။)
**သံကိလေသအရ** - ကိလေသာဆယ်ပါးပစ္စည်းတရားသည်။
**ဣကပစ္စည်းအရ** - လောကီစိတ်ကောသိတိ၊စေတသိတ်ဒွေပဉာသ၊ ရုပ်အဋ္ဌဝီသ ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြု။
ပြိုင်နိုင်သောပစ္စယသတ္တိကား - အာရမ္မဏ (၆) ပစ္စည်း။ (ယထာရဟာ)

**မှတ်ချက်**။ ။ လောကီစိတ်ကောသိတိ- စသည်ကိုအာရုံပစ္စည်းယူ၍၊ ကိလေသာ (၁၀)ပါးအာရမ္မဏိကပစ္စယုပ္ပန်ယူ၍လည်း ပြိုင်နိုင်၏။ (သို့သော်) အဖွင့်အလိုရှေ့နည်းသာကောင်း၏။ (သဂြိုဟ်အရနောက်နည်း)။

*****************

http://www.dhammadownload.com



## ပါဠိကျမ်းစဉ် (၈)

(က) ပီတိတ္တိကေ ပီတိယာ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ပီတိသဟဂတာ။

(ခ) ပီတိသမ္ပယုတ္တာတိ အတ္ထော။

(ဂ) သေသပဒဒွယေပိ ဧသေဝ နယော။

(ဃ) ဥပေက္ခာတိ စေတ္ထ အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာ။

(င) သာ ဟိ သုခဒုက္ခာကာရပ္ပဝတ္တိံ ဥပေက္ခတိ မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ တေနာကာရေန ပဝတ္တတီတိ ဥပေက္ခာ။

(စ) ဣတိ ဝေဒနာတ္တိကတော ပဒဒွယမေဝ ဂဟေတွာ နိပ္ပီတိကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသဒဿနဝသေန အယံ တိကော ဝုတ္တော။

[ အဘိ။ ၄ ။ ၈၅။ ]

## နံပါတ် (၁)

(ဃ)စ၊ အထူး။ ဧတ္ထ၊ ဤသေသပဒဒွယ၌။ (ဝါ)ဥပေက္ခာသဟဂတာ ဟူသော တတိယပုဒ်၌၊ ဥပေက္ခာတိဣမိနာ-ဟူသောဤပါဠိဖြင့်။ (ဘဂဝတာ)။

(င) ဟိ၊မှန်။ ယသ္မာ။သာ၊ထိုအဒုက္ခမသုခဝေဒနာသည်။ သုခဒုက္ခာကာရပ္ပဝတ္တိံ၊ဣဋ္ဌအဖို့၊အနိဋ္ဌအဖို့တို့၏ဖြစ်ခြင်းကို။ မဇ္ဈတ္တာ၊သုခဒုက္ခတို့၏ အလယ်၌တည်သောသဘောရှိသည်။ ဟုတွာ။ဥပေက္ခတိ ဣက္ခတိ ဩလောကေတိ၊ရှုတတ်၏။ (တနည်း) ဥပက္ခတိ-ဥပေတာ သမန္နာဂတာ ဣက္ခတိ ဩလောကေတိ၊ပြည့်သည်ဖြစ်၍ ရှုတတ်၏။(တာယ-ထိုအဒုက္ခမသုခဝေဒနာ၏) မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ၊သုခဒုက္ခတို့၏အလယ်၌တည်သောသဘောဟူသော အဖို့၌ ကောင်းစွာတည်သည်၏အဖြစ်ကြောင့်။ တေနာကာရေန၊ထိုဣဋ္ဌအဖို့ အနိဋ္ဌဖို့၏ ဖြစ်ခြင်းကို အလယ်၌တည်သောသဘောရှိသည်ဖြစ်၍ ရှုခြင်းဟူသော အဖို့ဖြင့်။

## နံပါတ် (၂)

(ဃ)သို့၌ပနာပဉ္စက။ ။ဆရာ ပါဠိတော်၌ ဥပေက္ခာသဟဂတာမျှသာဟု ဟော တော်မူ၏။ ထိုသို့-သော် ဥပေက္ခာအရ ဆဠင်္ဂုပေက္ခာစသည်ကိုယူရမည်လော----- ထိုသို့-ကြောင့် (ဃ)မိန့်။ (အဖြေကိုရှောင်၍အာဘော်ထားရမည်။)

(င)သို့၌ပနာပဉ္စက။ ။ဆရာသည် (ဃ)ဖြင့် ဥပေက္ခာသဟဂတာ၌ ဥပေက္ခာ အရ အဒုက္ခမသုခါဝေဒနာကို ကောက်ယူအပ်၏ဟုဖွင့်ပြအပ်၏။ ထိုသို့-သော် တိက်ပုဒ်၌ ဥပေက္ခာသဟဂတာ-ဟုသာမန်ဆိုသောကြောင့် ဝေဒနုပေက္ခာမှတပါး အခြားသော ဥပေက္ခာ(၉)-ပါးကိုလည်းကောက်ယူနိုင်ကောင်းသည်မဟုတ်ပါလော။ ထို- --ကြောင့်---အဒုက္ခမသုခဝေဒနာကိုသာ ကောက်ယူနိုင်ခြင်း၏အသင့်ယုတ္တိကို လည်း ပြဆိုသင့်သေး၏။အသင့်ယုတ္တိကိုမပြသော် ဆရာ၌ သာမညဝိသေသဆန့်ကျင်--

http://www.dhammadownload.com



သော ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသ သင့်ရောက်ရာ၏။ ဤသို့- စုဒ်ကြောင့် (င)မိန့်။

**(စ)သို့ဌပနာပဥ္စက။** ။ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ပီတိတိက်ဝယ် သုခသဟဂတာတိက်ပုဒ်တို့ကို ဟောတော်မူအပ်၏။ ထိုသို့ပင်ဟောသော်လည်း ထိုတိက်-၂ပါးတို့၏ ဗစနတ္ထအဘိဓေယျတ္ထစသည်သည် ဝေဒနာတိက်နှင့် အတူပင်ဖြစ်သည် မဟုတ်ပါလော။ (တနည်း) (သုခသဟဂတာ-ဟုဟော်လျှင် ပီတိသဟဂတာ-ဟု မဟောသင့်သည်မဟုတ်ပါလော။) ထိုသို့အတူဖြစ်သောကြောင့် ထိုတိက်ပုဒ်- ၂ပုဒ်ကို ဤပီတိတိက်၌ယူ၍ ဟောဆိုရခြင်းအကြောင်းကို ပြဆိုသင့်သေး၏။ ဤသို့---စုဒ်ကြောင့် (စ)မိန့်။

## နံပါတ် (၃)

**(ဃ)ဝုတ္တာ သဒ္ဒါဆိုရကြောင်း။**

ဥပေက္ခာအရ-ဥပေက္ခာ(၁၀)ပါးရနိုင်ငြားသော်လည်း မယူမူ၍ ကေဒေသျူပစာအားဖြင့် ဝေဒနုပေက္ခာကိုသာ ယူအပ်သည်ကိုပြလို၍ ဝုတ္တာသဒ္ဒါဆို။

(ဂ)ဖြင့်သုခသဟဂတာတိက်ပုဒ် ဥပေက္ခာသဟဂတာတိက်ပုဒ်တို့၏အဖွင့်ကို အတိဒေသသံဝဏ္ဏနာနည်းအားဖြင့်ပြသောကြောင့် ဂန္တဂရုဒေါသကိုပယ်။

(င)ဖြင့်ဥပေက္ခာအရ ဝေဒနုပေက္ခာကိုသာ ကောက်ယူနိုင်ခြင်း၏ ယုတ္တိအကြောင်းကိုပြသောကြောင့် ဩစိတျဟီနဒေါသ၊ ဝိရောဓိဒေါသတို့ကိုပယ်။

(စ)ဖြင့်ဝေဒနာတိက်၌ဟောဆိုအပ်ပြီးသော တိက်ပုဒ်-၂ပုဒ်ကို ဤ၌ထပ်ဆိုခြင်းသည် နိပ္ပီတိကသုခ၏ သပ္ပီတိကသုခထက် ထူးခြားသည်ကိုပြသောကြောင့် ဧကတ္ထဒေါသ၊ ပုနရုတ္တိဒေါသတို့ကိုပယ်။

## နံပါတ် (၄)

**ပီတိ** ။ ။ **ပီဏယတီတိ ပီတိ**

ပီဓာတ် (တနည်း) ပီဏ+တိပစ္စည်းသည်ရင်း၊ ပြည့်ဖြိုးခြင်း၊ နှစ်သက်ခြင်းကြီယာသည်ရင်း (ဗျု + နိ)။ ပီတိ၏ဖြစ်ကြောင်းဖြစ်ရာ နှစ်သက်ခြင်းကြိယာသည် (ပ + နိ)။

**သဟဂတာ**။ ။ **ကေပ္ပဒိဒိဘာဝံ ဂစ္ဆန္တိ ပါ ပုဏာန္တိတိ ဂတာ။သဟ ဂတာ သဟဂတာ။**

**ဝေဒနာ** ။ ။ **ဝေဒယတီတိ ဝေဒနာ။**

**မဇ္ဈတ္တ** ။ ။ **မဇ္ဈေ ဌိတော အတ္တာ ယဿာတိ မဇ္ဈတ္တော။**

(အလယ်၌တည်သောသဘာဝ၏ အခြင်းအရာနှင့် ဂုဏ်+ဂုဏော။ဌာနီ+ဌာနစပ် (ဗျု +နိ)။ အလယ်၌တည်ခြင်းသဘောတရားဖြစ်သည် (ပ+နိ။)

http://www.dhammadownload.com



နံပါတ် (၅)

သေ ။ ။ ပုံ + သဗ္ဗနာမ် + အ + သဗ္ဗနာမ်ပုဒ်။

နယော ။ ။ ပုံ + ပု + အ + ကိတ်။

နံပါတ် (၆)

(က)ပီတိယာ သဟဂတာဖြင့် ပီတိသဟဂတာကို ပီတိယာ သဟဂတာ ပီတိသဟဂတာဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေသည်။ (သမာသလိင်္ဂတ္ထ )။ ကေပ္ပါဒါဒိ ဘာဝံ- ဖြင့် ပီတိနှင့် အတူတကွဖြစ်သည်ဟူသည် ကေပ္ပါဒ စသည်တို့၏အဖြစ်သို့ ရောက်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။

(ဃ)အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာဖြင့် ဥပေက္ခာသဟဂတာ၌ ဥပက္ခာ-အရ တတြမဇ္ဈတ္တုပေက္ခာကို အရမကောက်အပ်၊ အဒုက္ခမသုခါဝေဒနာကို အရကောက်အပ်သည်ကိုသိစေသည်။

(င) ဥပေက္ခတီဖြင့် ဥပေက္ခာ၌ ဥပ + ဣက္ခ + ဏပစ္စည်း၊ ယင်းဏ၏ ကတ္တုသာဓနေ၌သက်၍ ဥပေက္ခတီတိ ဥပေက္ခာ-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေသည်။ မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ- စသည်ဖြင့် လျစ်လျူရှုတတ်ခြင်းဟူသည် အလယ်၌တည်သောသဘောရှိသည်၏အဖြစ်ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုသိစေသည်။

နံပါတ် (၇)

(ဂ) သေဝံ နယော၌ ဝေ ၏ ဝေတ္ထ ဖလ။

ပီတိသဟဂတာ၌ဖွင့်ဆိုအပ်သော တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထနှင့်- ဘာဝတ္ထသည် (ဂဟေ)

တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထနှင့် ဘာဝတ္ထမှတပါးသော နည်းသည် (နိဝတ္တေ)

ပီတိသဟဂတာပုဒ်၏ အရကောက်မှတပါးသော သုခသဟဂတာ၌သုခ နှင့်ယှဉ်သောတရား ဉပေက္ခာသဟဂတာ၌ ဥပေက္ခာနှင့်ယှဉ်သောတရား များကို တိက်ပုဒ်အားလျော်စွာ ကောက်ရခြင်းဟူသော မဆိုအပ်သောနည်း သည်။ (အနုညာတ)

တနည်း ။ ။ ကမ္မဓာရယဂ္ဂ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထသည် (ဂဟေ)

အခြားသောဝစနတ္ထသည် (နိဝတ္တေ)

တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထသည် (အနုညာတ)

ပဒဒွယ မေဝ၌ ဧဝ၏ ဝေတ္ထဖလ။

သုခါယ ဝေဒနာယ သမ္ပယုတ္တာဟူသောတိက်ပုဒ် အဒုက္ခမသုခါယဝေဒနာ

http://www.dhammadownload.com



ယ သမ္ပယုတ္တာဟူသော တိက်ပုဒ် ၂-ပုဒ်သည် (ဂဟေ).
ဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ ဟူသော ကြွင်းတိက်ပုဒ်သည် (နိဝတ္တေတဗ္ဗ)

## နံပါတ် (၈)

ဥပေက္ခာအရ-ဝေဒနုပေက္ခာကောက်။ ယင်းသည် ဒဿနတ္ထ။
ဣဋ္ဌမဇ္ဈတ္တာရုံသည်ရင်း၊ ကိလေသာဒူရီဘာဝသည်ရင်း ဒီပကတ္ထ။
(ဋီကာကျော်)
အလယ်၌တည်သောသဘောရှိသောအခြင်းအရာ၌ ကောင်းစွာတည်နိုင်ခြင်းသည် ပကာသနတ္ထ။
ဥပေက္ခာနှင့်ပဋိသန္ဓေနေခဲ့ရခြင်းသည် ဝိဘာဝတ္ထ။ (ဋီကာကျော်)
သုခ, ဒုက္ခ, လောဘ, ဒေါသ, မဖြစ်ရခြင်း အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

နိပ္ပီတိကသုခ၌ နိပ္ပီတိ-အရ ပီတိမရှိခြင်း၊ အဘာဝပညတ်ပစ္စည်း တရားသည်၊ အညပုဒ်-အရ သုခသဟဂုတ်ကာယဝိညာဉ်၊ စတုတ္ထစျာန်ကေဒသ၌ရှိသော သုခ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပီတိသဟဂတာ၌ ပီတိ- အရ- ပီတိစေတသိက်သည် သဟဂတာ- အရ ပီတိနှင့်ယှဉ်သောစိတ် ၅၁။ ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇၊ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စယသတ္တိကား - သဟကြီး ၄။ သဟလတ် ၂။ ဈာန (၇)ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုပါသည်။

*****************

## ဝါကျစဉ် (၉)

(က) ဒဿနတ္တိကေ ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန။
(ခ) သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော "ဒဿန" န္တိ ဝုတ္တော။
(ဂ) ဂေါတြဘု ပန ကိဉ္စာပိ ပဌမတရံ ပဿတိ ယထာ ပန ရညော သန္တိကံ ကေနစိဒေဝ ကရဏီယေန အာဂတော ပုရိသော ဒူရတောဝ ရထိကာယ စရန္တံ ဟတ္ထိက္ခန္ဓဂတံ ရာဇာနံ ဒိသွာပိ "ဒိဋ္ဌော တေ ရာဇာ" တိ ပုဋ္ဌော ဒိသွာပိ ကတ္တဗ္ဗကိစ္စဿ အကတတ္တာ "န ပဿာမိ" တိ အာဟ၊ ဧဝမေဝ နိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပ္ပဟာနဿာဘာဝါ န "ဒဿန" န္တိ ဝုစ္စတိ။
(ဃ) တဉှိ ဉာဏံ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနေ တိဋ္ဌတိ။
(င) ဘာဝနာယာတိ သေသမဂ္ဂတ္တယေန။

http://www.dhammadownload.com



(၈) သေသမဂ္ဂတ္တယဉ္စိ ပဌမမဂ္ဂေန ဒိဋ္ဌသို့ယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ၊ တသ္မာ "ဘာဝနာ" တိ ဝုစ္စတိ။
[ ဘိ။ ဋ္ဌ ။ ၈၅/၈၆ ]

နံပါတ် (၁)

(ခ) ဟိ၊ မှန်။ ဟိ-ယသ္မာ။ သော၊ ထိုသောတာပတ္တိမဂ်ကို။ ပဌမံ၊ သကာဒါဂါမိမဂ် စသည်တို့မှ ရှေးဦးစွာ။ နိဗ္ဗာနံ၊ ကို။ အာရမ္မဏကရဏဝသေန၊ ဖြင့်။ဒဿနတော၊ မြင်တတ်သည်၏အဖြစ်ကြောင့်။ ဒဿနန္တိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ အပ်ပြီ။
(ဂ) ဝါကျအနက်ပေး- လေ့ကျင့်ပါ "ဥပမာ+ဥပမေယျ"ထင်ရှားစေရန်။

(စ) ဟိ၊ မှန် (တနည်း) ဟိယသ္မာ၊ ကြောင့်။ သေသမဂ္ဂတ္တယံ၊ သောတာပတ္တိမဂ်မှကြွင်းသော- အထက်မဂ်သုံးပါး အပေါင်းကို(ဝါ)သည်။ ပဌမမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ ဒိဋ္ဌသို့ယေဝ၊ မြင်အပ်ပြီးသာလျှင်ဖြစ်သော။ ဓမ္မေ၊ သစ္စာလေးပါးတရား၌။ ဘာဝနာဝသေန၊ တိုးပွားစေခြင်း၏ အစွမ်းဖြင့်။ ဥပ္ပဇ္ဇတိ၊ ၏။

နံပါတ် (၂)

(ခ) ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် ဒဿနေန အရ- သောတာပတ္တိမဂ်ကို အရကောက်အပ်၏- ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်လည်း၊ ဒဿနသည် မြင်တတ်သောသဘာဝ ဖြစ်ရကား မံသစက္ခုနှင့် အထက်မဂ်သုံးခုတို့ကိုလည်း ကောက်ယူသင့်သည် မဟုတ်ပါလော။ ထိုသို့ကောက်ယူသင့်သောကြောင့်၊ ဒဿန အရ- သောတာပတ္တိမဂ် ကောက်ယူအပ်သည်ကိုသာ မဆိုသင့်၊ ကောက်ယူရခြင်း၏ ယုတ္တိကြောင်းကိုလည်း ပြဆိုသင့်သေး၏- စုဒ်ကြောင့် (ခ)ဝါကျမိန့်။
(ဂ) ဝါကျသို့ ။ ။ဆရာသည် (ခ)ဖြင့် သောတာပတ္တိမဂ်ကို နိဗ္ဗာန်ကို ပဌမမြင်သောကြောင့် ဒဿနဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ ဂေါတြဘူသည်သာ နိဗ္ဗာန်ကိုဦးစွာမြင်သောကြောင့် ဂေါတြဘူကိုလည်း၊ ဒဿန ဟူ၍ပင် ဆိုနိုင် ကောင်းသည် မဟုတ်လော - စုဒ်ကြောင့် (ဂ)မိန့်
(ဃ)ဝါကျသို့ ။ ။ ဆရာသည် (ဂ)ဖြင့်နိဗ္ဗာန်ကိုဦးစွာမြင်သော်လည်း၊ ကိလေသာ ပယ်နိုင်ခြင်း၏ မရှိခြင်းကြောင့် ဂေါတြဘူကို ဒဿနဟူ၍ မဆိုအပ်ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ဂေါတြဘူသည် ကိလေသာကိုပယ်ခြင်ငှါ မစွမ်းနိုင်သော်လည်း နိဗ္ဗာန်ကို မြင်သောကြောင့် ဒဿနဟူ၍ပင် ဆိုသင့်သည် မဟုတ်ပါ လော- စုဒ်ကြောင့် (ဃ)မိန့်။
(စ) ဝါကျသို့ ။ ။ ဆရာသည် (င)ဖြင့် ဘာဝနာအရ အောက်မဂ်သုံးပါး အပေါင်းကိုကောက်ယူအပ်၏ဟု ဖွင့်ပြတော်မူအပ်၏၊ ထိုသို့- သော်၊ ဘာဝနာဟူသည် သမထဘာဝနာ ဝိပဿနာဘာဝနာ ဟူ၍သာ ရှိသောကြောင့် သမာဓိ ပညာတို့ကိုသာ ကောက်ယူသင့်သည် မဟုတ်ပါလော။

http://www.dhammadownload.com



## နံပါတ် (၃)

(၈) ဝါကျဖြင့်- ဂေါတြဘုသည် နိဗ္ဗာန်ကို ဦးစွာမြင်သော်လည်း ကိလေသာ ပယ်ခြင်းကိစ္စ မရှိခြင်းကြောင့် ဒဿနဟူ၍ မဆိုအပ်သည်ကို ဆက်ပြသောကြောင့် အဗျာပိတ၊အပရိပုဏ္ဏာဒေါသ ပယ်ပါသည်။

(၈) ဝါကျ၌ ကိဥ္စာပိသဒ္ဒါထားရခြင်း-" ပဌမံ နိဗ္ဗာနံ ဒဿနတော "ပါဌ်ကို မနှစ်သက်၍ ကိဥ္စာပိ-သဒ္ဒါထားပါသည်။

## နံပါတ် (၄)

**နိဗ္ဗာနံ ပဿတီတိ ဒဿနံ။**

ဒိသဓာတ် ယုပစ္စည်းသည်ရင်း၊ မြင်ခြင်းကြိယာသာမညသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ မြင်ခြင်းကြိယာဝိသေသသည်(ပဝတ္တိနိမိတ်)။

**သဝတိ သန္ဒတီတိ သောတော၊ သောတောဝိယာတိ သောတော။ (ဥပမာတဒ္ဓိတ်)**

ပကတိ ရေအလျဉ်၏ အရိယာမဂ်နှင့် သဒိသီ/သဒိသ စပ် (ဗျုပ္ပတ္တိနိမိတ်)။ အရိယာမဂ်၏ တပါးသည် တပါးနှင့် တူသောအခြင်းအရာ ဟုဆိုအပ် သောဇာတ်သည်ရင်း၊ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ စီးဆင်းနိုင်ခြင်းဂုဏ်သည်ရင်း (ပဝတ္တိနိမိတ်)။ (ပဋိပက္ခမ္ဘာနံ အနဝသေသတော သဝတိ ပေလ္လတီတိ သောတော = ဆံန့်ကျင်ဘက်တရား တို့ကိုအကြွင်း မဲ့သတ်တတ်သောကြောင့် သောတမည်၏။). မုချဝိဂြိုဟ်။

**ဂေါတ္တံ အဘိဘဝတီတိ ဂေါတြဘူ။**

ကာမအနွယ် ပုထုဇဉ် အနွယ်၏ လွှမ်းမိုး၍ဖြစ်တတ်သော ဂေါတြဘူနှင့် ကမ္မ/ကမ္မိ စပ်(ဗျုပ္ပတ္တိနိမိတ်)။လွှမ်းမိုး၍ဖြစ်နိုင်ခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

**ရထဿ ဟိတာ ရထိကာ။ ဝါနတော နိက္ခန္တံနိဗ္ဗာနံ။**

**နိဗ္ဗာယတိ ဧတေန ရာဂဂ္ဂိအာဒိကောဟီတိ နိဗ္ဗာနံ။**

**ပုဗ္ဗေ ဒိဋ္ဌော ဒိဋ္ဌပုဗ္ဗော။ နဒိဋ္ဌပုဗ္ဗော အဒိဋ္ဌပုဗ္ဗော။**

## နံပါတ် (၅)

| | | |
|---|---|---|
| ဂေါတြဘူ ။ | ။ နပုံ + ရတ္တာဒိ + ဉီကာရန် + သမာသ်။ |
| ကိဥ္စာပိ ။ | ။ အလိင် + ဂဏဝိမုတ် + က္လကာရန် + နိပါတသမုဒါယ။ |
| ပဿတိ ။ | ။ အလိင် + ဘူဝါဒိ + က္လကာရန် + အာချာတ်။ |
| သန္တိကံ ။ | ။ နပုံ + စိတ္တာဒိ + နိဂ္ဂဟိတ်ကာရန် + သမာသ်။ |
| ဒူရတော ။ | ။ အလိင် + ဂဏဝိမုတ် + ဩကာရန် + နိပါတ်။ (တောပစ္စည်းဆုံးသည်။) |
| တသ္မာ ။ | ။ အလိင် + ဂဏဝိမုတ် + အာကာရန် + ကာရဏတ္ထ နိပါတ်။ (သတ်ပြ) |

http://www.dhammadownload.com



## နံပါတ် (၆)

(က) သောတာပတ္တိ မဂ္ဂေနဖြင့် ဒဿနအရ သောတာပတ္တိမဂ်ကို ကောက်ယူအပ်သည်ကို သိစေပါသည်။

(ခ) နိဗ္ဗာနံ ဒဿနတောဖြင့် ဒဿနံ၌ ဒိသဓာတ် ယုပစ္စည်း၊ ယင်းယုပစ္စည်း၏ ကတ္တားအနက်၌ သက်သည်ကိုရင်း၊ နိဗ္ဗာနံ ပဿတီတိ ဒဿနံဟု ကတ္တုသာဓနေ ဝစနတ္ထ ပြုအပ်သည်ကိုရင်း၊ နိဗ္ဗာန်ကို ဦးစွာမြင်တတ်သောကြောင့် ဒဿနဟူ၍ ဆိုအပ်သည်ကိုရင်း သိစေပါသည်။သော- ဝုတ္တောဖြင့် သောတာပတ္တိမဂ်ကို ဒဿနအရ ကောက်ယူအပ် သည်ကို သိစေသည်။

## နံပါတ် (၇)

ပန- ဝါကျာရမ္ဘဇောတတ၊ (တစ်နည်း) ဗျာတိရေက ဇောတကတ္ထ။

ဒိဋ္ဌသိဒ္ဓိယေဝ-

သောတာပတ္တိမဂ် မြင်အပ်သော သစ္စာလေးပါးတရားသည် ဂဟေတဗ္ဗတ္ထ။

သောတာပတ္တိမဂ် မမြင်အပ်သော တရားသည် နိဝတ္တေတဗ္ဗတ္ထ။

ပရိညာကိစ္စစသည်သည် (ဝါ) သစ္စာဝိမုတ် တရားတို့သည်။

ဒုရတောဝ-

အဝေးသည် ဂဟေတဗ္ဗတ္ထ။ အနီးသည် နိဝတ္တေတဗ္ဗတ္ထ။

မြင်ခြင်းကြိယာသည် အနုညာတတ္ထ။

## နံပါတ် (၈)

(ဃ) ဝါကျ တံဉာဏံ အရ- ဂေါတြဘူဉာဏ်ကိုကောက်။

ယင်းသည် ဒဿနတ္ထ။

ယင်း၏ရှေ့၌ဖြစ်သော အနုလုံသည် ဒီပကတ္ထ။

ယင်း၏ နောက်၌ဖြစ်သော သောတာပတ္တိမဂ်သည် ပကာသနတ္ထ။

အနုလုံ၏ ရှေ့၌ဖြစ်သော ဥပစာစသည်သည် ဝိဘာဝတ္ထ။

သောတာပတ္တိမဂ်၏ နောက်၌ဖြစ်သော သောတာပတ္တိဖိုလ် စသည်သည် အနုဘာဝတ္ထ။ (ဝိထိနည်း ထုတ်ထားသည်။)

## နံပါတ် (၁၀)

နိဗ္ဗာနံ ဒဿနတော၌ နိဗ္ဗာနံအရ- နိဗ္ဗာန် ပစ္စည်းတရားသည်၊ ဒဿနတော၌ ဒိသဓာတ်အရ- မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်- ပစ္စယုပ္ပန်တရားအား-အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ။

တံဉာဏံ မဂ္ဂဿ၌ တံဉာဏံအရ- ဂေါတြဘူဉာဏ် ပစ္စည်းတရားသည်၊

http://www.dhammadownload.com



မဂ္ဂဿအရ-သောတာပတ္တိမဂ်ပစ္စယုပ္ပန်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု ပြုင်နိုင်သော ပစ္စယသတ္တိကား- အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။

(စ) ပဋ္ဌမမဗ္ဗေန- အရ သောတာပတ္တိမဂ် ပစ္စည်းတရားသည်၊ ဘာဝနာ ဝသေန ဥပ္ပဇ္ဇတိ အရ- အထက်မဂ် (၃)ပါး၊ ပစ္စယုပ္ပန်တရားအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု။

ဒိဋ္ဌဓမ္မေယဝ- အရ- သောတာပတ္တိမဂ်သည် မြင်အပ်သော သစ္စာ (၄)ပါး ပစ္စည်းတရားသည်၊ ဘာဝနာဝသေန ဥပ္ပဇ္ဇတိအရ- အထက်မဂ် (၃)ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြုင်နိုင်သော ပစ္စယသတ္တိ- ယထာရဟ အာရုံမျိုး(၆)ပစ္စည်း။
(သေသမဂ္ဂတ္တယံနှင့်-ပြိုင်သော်- အနန္တမျိုး ပြိုင်ပါ။)

******************

## ဝါကျစဉ် (၁၀)

(က) ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ ဓမ္မဿ ဒဿနေန ပဟာတဗ္ဗဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော ... ဒဿနေန ပဟာတဗ္ဗဟေတု ကာ။
(ခ) ဒုတိယပဒေပိ ဧသေဝနယော။
(ဂ) တတိယပဒေ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဟေတူ ဓမ္မာ သန္တိ ဓမ္မတ္တံ အဂ္ဂဟေတွာ နေဝ ဒဿနေန န ဘာဝနာယ ပဟာ တဗ္ဗာ ဟေတူ ဓမ္မာ အတ္ထီတိ ဧဝမတ္ထော ဝေဟိတဗ္ဗော။
(ဃ) ဣတရထာ ဟိ အဟေတုကာနံ အဂ္ဂဟဏံ အာပဇ္ဇေယျ။
(င) ဟေတုယေဝ ဟိ ဓမ္မာ နတ္ထိ၊ ယော ဒဿနဘာဝနာယပိ ပဟာတဗ္ဗော သိယာ။
(စ) သဟေတုကေသုပိ ဟေတုဝဇ္ဇာနံ ပဟာနံ အာပဇ္ဇတိ၊ နဟေတူနံ။
[ အဘိ။ ဋ္ဌ ။ ၈၆ ]

## နံပါတ် (၁)

(ဂ) တတိယပဒေ၊ ၌။ ဓမ္မာ၊ ထိုတရားတို့၏။ ဟေတု၊ ဟိတ်ကို။ ဒဿနေန၊ သောတာပတ္တိမဂ်သည်။ နေဝပဟာတဗ္ဗာ၊ မပယ်အပ်။ ဣတိဧဝံ၊ သို့။ အတ္တံ၊ ဗဟုဗ္ဗီဟိသမာသ် အနက်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ဓမ္မာ၊ ထို တရားတို့အား။ ဒဿနေန၊ သောတာပတ္တိမဂ်သည်။ ပဟာတဗ္ဗာ၊ သော။ ဟေတု၊ သည်။ နေဝအတ္ထိ၊ မရှိ။ ဘာဝနာယ၊ သည်။ ပဟာတဗ္ဗာ၊ သော။ ဟေတု၊ သည်။ နအတ္ထိ၊ မရှိ။ ဣတိဧဝံ၊ သို့။ အတ္ထော၊ ဧတုတ္တိ ဗဟုဗ္ဗီဟိသမာသ်ကို။ ဝေဟိတဗ္ဗော၊ ယူအပ်၏။

http://www.dhammadownload.com



(ဃ)ဟိ၊ ဗျတိရိတ်ကို ဆိုအံ့။ ဣတရာထာ-ဧတသ္မိံအတ္တေ၊ ဤစတုတ္ထိ ဗဟုဗ္ဗိဟိ မှတစ်ပါး၊ ဆဋ္ဌီ ဗဟုဗ္ဗိဟိအနက်အားဖြင့်။ (အတ္တေ၊ အနက်ကို။ ဂယှမာနေ၊ သော်။) အဟေတုကာနံ၊ အဟိတ်တရားတို့ကို။ တတိယပဒေန၊ ဖြင့်။ (ဘဂဝတာ၊ သည်) အဂ္ဂဟဏံ၊ မယူခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။

နိယံ ။ ။ ဣတရထာ, အညထာပုဒ်, ထုတ်၍ရှိက, လက္ခဏာနှင့်, လက္ခဏာဝန်။ ဤနှစ်တန်ကို,အမှန်သွင်းလျက်,အနက်သမ္ဘန်, အပါဒါန်မှာ,အန္ဝယာကို, ခံကာမလွဲ, ထားလေမြဲ။ (ဘုရားကြီး၊ ၆၂ ။)

## နံပါတ် (၂)

(ဂ) ဝါကျသို့ ။ ။ ဆရာသည် (က-ခ)ဝါကျတို့ဖြင့်- ပထမပုဒ်၊ ဒုတိယပုဒ် နှစ်ခုတို့၌ စတုတ္ထိ, ဆဋ္ဌီ ဗဟုဗ္ဗိဟိသမာသ် နှစ်မျိုးလုံး ရအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့- သော်၊ တတိယပုဒ်၌လည်း စတုတ္ထိ, ဆဋ္ဌီ ဗဟုဗ္ဗိဟိသမာသ် နှစ်မျိုးလုံးပင် ရအပ်၏ဟူသော အနက်ရောက်ရာ၏။ တတိယပုဒ်၌ မယူသင့်သော ဝစနတ္ထကိုပယ်၍ ယူသင့်သော ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ စုဒ်ကြောင့် (ဂ)ဝါကျ-မိန့်။

(ဃ)ဝါကျသို့ ။ ။ ဆရာသည် (ဂ)ဝါကျဖြင့် တတိယပုဒ်၌ ဆဋ္ဌီဗဟုဗ္ဗိဟိ ဝစနတ္ထ ကို မယူမူ၍ စတုတ္ထိဗဟုဗ္ဗိဟိ ဝစနတ္ထကိုသာ ယူအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့- သော် ပထမ၊ ဒုတိယ၊ တတိယ-ပဒ သုံးပါးလုံးသည် တိတ်တစ်ခုတည်း အတူဖြစ်၍ ဤတတိယပုဒ်၌လည်း ဆဋ္ဌီဗဟုဗ္ဗိဟိအနက်ကိုလည်း ယူသင့်သည်မဟုတ်ပါလော- စုဒ်ကြောင့် (ဃ)ဝါကျ-မိန့်။

နိယံ ။ ။ ဣတရထာ၊ အညထာနောက်၊ ဟိ-ပနနှင့်၊ စ-လုံးရောက်သော်၊ လဒ္ဓ ဒေါသ၊ ဗျတိရိတ်ဟု အမည်ပေး။ (ဘုရားကြီး။ ၆၁)ဣတရထာ ဟိတျာ ဒီသု ဗျတိရေကန္တိ နောမတိ။ (ဂန္ထာဘရဏ)

**(င)ဝါကျ အနုသန္ဓေတက်။**

ဤသို့ (ဃ)ဝါကျဖြင့် စတုတ္ထိဗဟုဗ္ဗိဟိမှ တစ်ပါးဆဋ္ဌီဗဟုဗ္ဗိဟိအားဖြင့် ယူခဲ့သော အဟိတ်တရား (အဟိတ် စိတ်နှင့်ရုပ်) တို့ကို တတိယပုဒ်ဖြင့် မယူနိုင်ခြင်း ကိုပြပြီး၍ ယခုအခါ၌ ထိုဟိတ်တရားတို့ကို တတိယပုဒ်ဖြင့် မယူနိုင်ခြင်း၌ အကြောင်းကိုပြလိုသော ဆရာသည် (င)ဝါကျကိုမိန့်။

## နံပါတ် (၃)

(ခ) ဝါကျဖြင့်(က)ဝါကျ၌ သင့်သောအဗျာပိတ၊ အပရိပုဏ္ဏဒေါသကိုပယ်သည်။

(ဂ) ဝါကျဖြင့် အတိဗျာပိတဒေါသပယ်သည်။(ကျမ်းတက်ရှု)

(င) ဝါကျဖြင့် (ဃ)ဝါကျ၌သင့်သော ဝိရောဓိဒေါသကို ပယ်သည်။

(စ) ဝါကျဖြင့်(ဃ)ဝါကျ၌သင့်သောအဗျာပိတ၊ အပရိပုဏ္ဏဒေါသကိုပယ်သည်။

http://www.dhammadownload.com



(ဂ) ဝါကျ၌ ဂဟေတဗ္ဗောသဒ္ဒါ ထားရခြင်းအကြောင်း- နေဝဒဿနေန နဘာဝနာယနှင့်ဆက်ဆံ၍ သာမညဖြစ်သည်။ ထိုသို့ သာမညဖြစ်သော်လည်း ဤ၌ စတုတ္ထီဗဟုဗ္ဗိဟိသမာသ်ဟူသော ဝိသေသကိုလိုအပ်၏။ ထိုစတုတ္ထီဗဟုဗ္ဗိဟိဟူသော ဝိသေသကို ယူမှသာလျှင် အဟိတ်တရားတို့ကို တတိယပုဒ်ဖြင့်ယူနိုင်၍ အကြောင်း၊ အကျိုး၊ ပဟာယက၊ ပဟာတဗ္ဗ တန်သဖြင့် **အတ္ထယုတ္တိ**ရှိမည်ဟု ကြံဆ တွေးတော၍ ယူရသောအရာဌာနဖြစ်သောကြောင့် ဂဟေတဗ္ဗောသဒ္ဒါထားရပါသည်

နိယံ ။ ။ ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာနှင့်, သက္ကာလည်းပြ, သာမညသည်, ဌာနဝိသေ, တည်သင့်ပေလေ့, အတ္ထယုတ္တိ, ကြံတွေးရှိ။ (တွင်းကြီး၊ ၄။ ၃၂)

## နံပါတ် (၄)

**ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာ တိ ဟေတု။**

ဟိဓာတ်+တုပစ္စည်းသည်လည်းကောင်း၊ ဖြစ်ခြင်းကြိယာသာမညသည် လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။ဖြစ်ခြင်းကြိယာဝိသေသသည် ပဝတ္တိနိမိတ်။ ဘာဝေတိ ဝဍ္ဎေတီတိ ဘာဝနာ။

## နံပါတ် (၅)

(ဃ) ဣတရထာ = အလိင် + ဂဏဝိမုတ် + အာကာရန် + အဗျယတဒ္ဓိတ်ပုဒ်။
အဟေတုကာနံ= ပုလ္လိင် + ပုရိသာဒိဂိုဏ်း + အကာရန် + သမာသ်နာမ်ပုဒ်။
အဂ္ဂဟာဏံ = နပုလ္လိင် + စိတ္တာဒိဂိုဏ်း + အကာရန် + သမာသ်နာမ်ပုဒ်။
ဘဝေယျ = အလိင် + ဘူဝါဒိဂိုဏ်း + ဉီကာရန် + အာချာတ်ပုဒ်။
ပဟာနံ = နပုလ္လိင် + စိတ္တာဒိဂိုဏ်း + အကာရန် + ကိတ်နာမ်ပုဒ်။

## နံပါတ် (၆)

(က) ဒဿနေန ပဟာတဗ္ဗော ဟေတု ဧတေသန္တိဖြင့် ဒဿနေန ပဟာတဗ္ဗဟေတုကာပုဒ်ကို ကမ္မဓာရည်းအတွင်းငုတ်သော တပ္ပုရိသ်သမာသ် မပြုအပ်၊ ဒဿနေန ပဟာတဗ္ဗော ဟေတု ဧတေသန္တိ ဒဿနေနပဟာတဗ္ဗဟေတုကာ ဟုစတုတ္ထီ (ဝါ) ဆဋ္ဌီ ဗဟုဗ္ဗိဟိသမာသ် တွဲစပ်ရမည်ကိုလည်းကောင်း၊ယင်းသမာသ်၏ သမ္ဘဒါန် (ဝါ) သမ္ဗန် အနက်ဟောသည်ကိုလည်းကောင်း၊ကပစ္စည်း၏သမာသန္တ က-အက္ခရာ၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

(ခ) ဝါကျဖြင့် နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာပုဒ်ကို ဆဋ္ဌီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထမပြုအပ်၊ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗော ဟေတု ဧတေသံ အတ္ထီတိ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ-ဟု စတုတ္ထီဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ယင်းသမာသ်၏ သမ္ပဒါန်အန[က်] ဟောသည်ကိုလည်းကောင်း။ က, ၏သမာသန္တက-အက္ခရာ၏ အဖြစ်ကိုလ[ည်]းကောင်း သိစေသည်။

http://www.dhammadownlqad.com



## နံပါတ် (၇)

(င) ဝါကျ ဝေသစ္စါ-

တစ်နည်း။ ။(ခ)အကြောင်းပြဝါကျ ဖွင့်ဆိုခြင်းကြောင့် ရအပ်သောအကျိုးကို ပြလို၍ ဆိုပါသည်။

(ဃ)ဝါကျ္ တေန ဝုတ္တံ ဆိုရခြင်း- မိမိဖွင့်သောစကားကို မြတ်စွာဘုရား၏ စကားဖြင့် မြဲစေ ပြီးစေလိုသော သာကေ ဉာပကကို ပြလိုသောကြောင့် ဆိုပါသည်။

## နံပါတ် (၄)

**အဘိနိပတတိ ဧတေနာတိ အဘိနိပါတော။**

**ပဌမံ အဘိနိပါတော ပဌမာဘိနိပါတော။**

http://www.dhammadownload.com



ပဌမာဘိနိပါတသာ ဘာဝေါ(မှ) [illegible] နိပါတတ္တံ။

[illegible] ကျရောက်ခြင်း

[illegible] (ဗျုပ္ပတ္တိနိမိတ်) [illegible] (ဓါ)

[illegible] နိမိတ်။

ရှေးဦးစွာကျရောက်တတ် [illegible] ဦးစွာကျရောက်ခြင်းကြိယာနှင့်

နိဿယ/နိဿိတ စပ် ဗျုပ္ပတ္တိနိမိတ်။ ရှေးဦးစွာကျရောက်ခြင်းသည်

ပဝတ္တိနိမိတ်။

နံပါတ် (၇)

ဓာတ္တု = အလိင်+ဂဏ္ဍဝိမုတ်+အာကာရန်+ကာရကာတွာဓောတကနိပါတ်ပုဒ်

စေဒ္ဒါ = ဓါတ်လိင် + ကညာဒိ + အာကာရန် + ကိတ်နာမ်ပုဒ်။

ပဉ္စမီ = နပုလိင် + ဗိတ္တာဒိ + နိဂ္ဂဟိတ်ကာရန် + ကိတ်နာမ်ပုဒ်။

မှတ်ချက်။ ။ ကြိယာဝိသေသနသည် ဘာဝနပုံ(မြဲ)ဖြစ်ရ-

နိပါတ်မှ + အလိင် + ဂဏ္ဍဝိမုတ် + နိဂ္ဂဟိတန္တ။

(က)ကသ္မာ [illegible]

ရှေးဦးစွာ [illegible]

[illegible]

နံပါတ် (၇)

ဖဿော စ ဒွိ ဝေဒယတ္တ

ဖဿသည် ဂဟေတဗ္ဗတ္တာ။

ဝေဒနာစသည်သည် နိဝတ္တေတဗ္ဗတ္တာ။

စိတ်သည် အနုသာတတ္တာ။

ယင်းသည် ဒဿနတ္တ။

သဥ္စာယတနသည် ဝိဘာဝတ္တ(မှ)

တဏှာ ဥပါဒါန် စသည် [illegible]

တေန ဝုတ္တံ၊ ပဌမံဝုတ္တံ- [illegible]

http://www.dhammadownload.com



ဒေသနာ ... ပစ္စည်း ...

အရ- ဝေဒနာ ပစ္စယုပ္ပန်တရား ...

အာရမ္မဏံ အရ - အာရုံ ပစ္စည်းတရား ...

ဖဿယပစ္စယုပ္ပန်တရားအား အာရမ္မဏ(ဗျာ)ပစ္စယ်ဖြစ်ဖို့ ကျေးဇူးပြု။

ပစ္စယုပ္ပန်တရားအား သဟဇာတ ...

(ဂ) အယဥ္စ အရူပဓမ္မောပိ သမာနော အာရမ္မဏော ဖုသနာ ...

(ဃ) ကေဒဒေသေန စ အနလ္လီယမာနေပိ ရူပံ ဝိယ စက္ခု, သဒ္ဒေါ ဝိယ စ

သောတံ, စိတ္တံ အာရမ္မဏံ သံဃဋ္ဋေတိ။ သံဃဋ္ဋနရသော,

(င) ဝတ္ထာရမ္မဏာ သမ္ဘန္နတော ဝါ ဥပန္နတ္တာ သမ္မတ္တိ ...

သံဃဋ္ဋနရသော တိ ... ဒေါ။ [အဘိ။ ဋ ။ ၁၂၁]

နံပါတ် (၁)

http://www.dhammadownload.com


(ခ) သွာယ်-သောအယ် ဖသော၊ သည်။ဖုသနလက္ခဏော၊ တွေ့ထိခြင်း လက္ခဏာရှိ၏။ သဃ်ဋ္ဋနရသော၊ စိတ်အာရုံကို ပွတ်ချပ်ထိခိုက်ခြင်း ကိစ္စရှိ၏။ သန္နိပါတပစ္စုပဋ္ဌာနော၊ ဝတ္ထု အာရုံ ဝိညာဉ်တို့၏ စုဝေးခြင်းကြောင့် (ဝါ)စုဝေးသော အခြင်းအရာအားဖြင့် ဉာဏ်ဖြင့် ရှေးရှုထင်ခြင်းရှိ၏။ အာပါထဂတဝိသယဒဋ္ဌာနော၊ ထင်ခြင်းသို့ရောက်သောအာရုံလျှင် နီးစွာသောအကြောင်းရှိ၏။

(ဃ)ကဍ္ဍယာဒိဝိယ၊ သစ်သားနှစ်ခုစသည်ကဲ့သို့။ဧကဒေသေန၊တစ်စိတ် တစ်စောင်း တစ်နံတစ်ပါးဖြင့်။ အနလ္လီယမာနောဝေ၊ မပွတ်ချပ် မထိခိုက်သည်သာ လျှင်။ သမာနောပိ- သော်လည်း။ ရူပံ၊ ရူပါရုံသည်။ စက္ခုံကို။ ယဋ္ဋေတိဝိယ၊ ထိခိုက် ၏သို့ငှင်း။ သဃ်ဋ္ဋေတိ၊ ပွတ်ချပ်သကဲ့သို့ဖြစ်တတ်၏။

(င) သဃ်ဋ္ဋနရသော၊ ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းဖြင့် ထိခိုက်ခြင်းကြောင့် ပြည့်စုံခြင်းရှိ၏။ (ဝါ) ဖြစ်ခြင်းရှိ၏။

## နံပါတ် (၂)

(ဂ)သို့ ဌပနာပဥ္စက ॥ ॥ ဆရာ (ခ)ဖြင့် ဖဿသည် အာရုံ၌တွေ့ထိခြင်း လက္ခဏာ ရှိ၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ပင်- သော်လည်း။ ဖဿသည် နာမ်တရားဖြစ်၍ အာရုံ၌ တွေ့ထိခြင်းငှါ မတတ်ကောင်းသည်မဟုတ်ပါလော။

(ဃ)သို့ ဌပနာပဥ္စက ॥ ॥ ဆရာ (ခ)ဖြင့် ဖဿသည် အာရုံစိတ်ကို ထိခိုက်ခြင်း ကိစ္စရှိ၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ပင်- သော်လည်း။ တစ်စိတ် တစ်ဖို့အားဖြင့် အာရုံနှင့် စိတ်သည် မငြိကပ်သောကြောင့် ထိခိုက်ခြင်းငှါမတတ်ကောင်းသည် မဟုတ်ပါလော။

## နံပါတ် (၃)

(င) ဝါသဒ္ဒါ ॥ ॥ ရသ- သဒ္ဒါ၏ ကိစ္စအနက်မှတစ်ပါး သမ္ပတ္တိအနက်ကိုလဲပြလို၍ ဝါ-သဒ္ဒါဆို။ (တစ်နည်း) စိတ် အာရုံတို့ ထိခိုက်ခြင်းကိစ္စရသ ရှိ၏ဟူသောအနက်မှတစ် ပါး ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းကြောင့် သမ္ပတ္တိရသရှိ၏ဟူသော အနက်တစ်ပါးကိုလဲပြ လို၍ ဝါ-သဒ္ဒါဆို။

ရှေးရှေးဝါကျ နောက်နောက်ဝါကျတို့ဖြင့် အဇ္ဈာပိတ, အပရိပုဏ္ဏဒေါသပယ်ပုံကိုသိပါ။

## နံပါတ် (၄)

ဖုသနလက္ခဏ ॥ ဖုသနံ လက္ခဏံ ယဿာတိ ဖုသနလက္ခဏော။

ဖုသန + လက္ခဏ + ယ ပုဒ်သည်ငှင်း၊ တွေ့ထိခြင်းလက္ခဏာ၏ ဖဿနှင့် လက္ခဏ/လက္ခဏဝန္တုဒြာနိ/ဌာနစပ် (ဗျ + နိ)။ တွေ့ထိခြင်းလက္ခဏာသည် (ပ + နိ)။

သံဃဋ္ဋနရသ ॥ ॥ သံဃဋ္ဋနံ ရသော ယဿာတိ သံဃဋ္ဋရသော (ကိစ္စရသရ၏)

သံဃဋ္ဋနေန ရသော သံဃဋ္ဋနရသော။

http://www.dhammadownload.com



သံယဋ္ဌနရသော အဿ အတ္ထီတိ သံယဋ္ဌနရသော (သမ္ဗန္ဓိရသရ၏)။

| | |
|---|---|
| တစ်နည်း ။ | ။သံယဋ္ဌနေန ရသော ယဿာတိ သံယဋ္ဌနရသော။ |
| သန္နိပါတပစ္စုပဋ္ဌာန ။ | ။သန္နိပါတေန ပစ္စုပဋ္ဌာတီတိ သန္နိပါတပစ္စုပဋ္ဌာနော။ |
| | သန္နိပါတေန ပစ္စုပဋ္ဌာနံ အဿာတိ သန္နိပါတပစ္စုပဋ္ဌာနော။ |
| အနလ္လီယမာနော။ ။ | အလ္လီယတီတိ အလ္လီယမာနော။ |
| | န အလ္လီယမာနော အနလ္လီယမာနော။ |
| ရသ ။ | ။ ရသီယတိ နိပ္ဖါဒီယတီတိ ရသော (ကိစ္စရသ) |
| | ရသတိ သမ္ပဇ္ဇတီတိ ရသော (သမ္ပတ္တိရသ) |
| ရူပ ။ | ။ ရူပယတိ ပကာသတီတိ ရူပံ (ရူပါရုံ) |

## နံပါတ် (၅)

| | |
|---|---|
| သေယျထိဒံ ။ | ။ အလိင် + ဂဏဝိ + နိ + နိပါတသမုဒါယ။ |
| သမာနော ။ | ။ ပုံ + ပုရိသာဒိ + ဩ + ကိတ်။ |
| ကေဒေသေန။ | ။ ပုံ + ပုရိသာဒိ + အ + သမာသ်။ |
| စက္ခု ။ | ။ နပုံ + ရတ္တာဒိ + ဥ + ကိတ်။ |
| သောတံ ။ | ။ နပုံ + စိတ္တာဒိ + နိ + ကိတ်။ |
| ဥပ္ပန္နတ္တာ ။ | ။ နပုံ + စိတ္တာဒိ + အ + တဒ္ဓိတ်။ |

## နံပါတ် (၆)

(က) ဖုသတီတိ- ဖြင့် ဖသော၌ ဖုသ+ဏ၊ ယင်းဏ၏ ကတ္တုသာဓနေ၌ သက်၍၊ ဖုသတီတိ ဖသောဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ဖုသ-ကို ဖဿ-ပြု၍ပြီးသည်ကိုရင်း သိစေ။

(ဂ) သံဝဏ္ဏနာ- ဖြင့် ဖဿ ၏ ဖုသနလက္ခဏာရှိခြင်းဟူသည် အာရုံတွေ့ထိတတ်သောအခြင်းအရာအားဖြင့်သာ ဖြစ်သောကြောင့် ဖုသနလက္ခဏာရှိ၏ဟူသော အဓိပ္ပါယ်ကို သိစေ။

(ဃ) ရူပံဝိယ- စသည်ဖြင့် ဖဿ၏ သံယဋ္ဌနရသရှိ၏ဟူသည် ရူပါရုံသည် စက္ခုပသာဒကိုထိခိုက်သကဲ့သို့ သဒ္ဒါရုံသည် သောတပသာဒကိုထိခိုက်သကဲ့သို့ စိတ်သည် အာရုံကိုထိခိုက်တတ်သောကြောင့် သံယဋ္ဌနရသရှိ၏ဟူသော အဓိပ္ပါယ်ကို သိစေ။ကေဒေသေန- စသည်ဖြင့် ထိုသို့ထိခိုက်ရာ၌ အရာဝတ္ထု အချင်းချင်း မကပ်မငြိဘဲ ခေတ်ခိုက်သည့်သဘောအားဖြင့် ထိခိုက်သကဲ့သို့ ဖြစ်ခြင်းဟူသော အဓိပ္ပါယ်ကို သိစေ။

http://www.dhammadownload.com



နံပါတ် (၇)

ဖုဿနာကာရေနေဝ ဝေ...

တွေ့ထိသောအခြင်းအရာသည် ဂတောတပ္ပတ္တိ။

မတွေ့ထိသောအခြင်းအရာသည် နိဝတ္တေတဗ္ဗတ္တိ။

ဖုဿနလက္ခဏာသည် အနုညာတတ္တိ။

အရူပဓမ္မောပိ ဌ အပိ- အရုံရှတ္တိ။

ဝေဒိတဗ္ဗော-သဒ္ဒါ။ ။ စိတ္တ နှင့်အာရုံတို့ ထိခိုက်ခြင်းကြောင့်ဖြစ်သော သံဃဋ္ဋန ရသသည် မုချစကား၊ နေယျတ္ထစကား၊ ဥပမာစကားကို ပြလို၍ ဝေဒိတဗ္ဗော သဒ္ဒါဆို။

နံပါတ် (၈)

ရူပံ ဝိယ စက္ခုံ သံဃဋ္ဋေတိ(၉)

ရူပါရုံ၊ စက္ခုပသာဒ ... ကြောင်းတို့သည် ဒီပကတ္ထ။

မြင်သိစိတ်သည် ... တ္ထ။

အကြောင်းအား ... ပေါင်းဆုံခြင်းသည် ဝိဘာဝတ္တ။

အာရုံအားလျော်စွာ ... ဖြစ်ခြင်းသည် အနုဗ္ဗာဒတ္ထ။

စိတ္တံ အာရမ္မဏဉ္စ သံဃဋ္ဋေတိ

စိတ်အာရုံထိခိုက်ခြင်းကြောင့်ဖြစ်သော ဖဿသည် ဒဿနတ္ထ။

စိတ်အာရုံတို့သည် ဒီပကတ္ထ။ (၁၀)

... ခိုက်ခြင်းရသတို့သည် ဗိကာသနတ္ထ။

တဏှာ ဥပါဒါနံ ဘဝ စသည်သည် အနုဘာဝတ္တ။

... ရုပ် အရ-ရူပါရုပ်စသည်းတရားသည်၊ စက္ခု အရ-စက္ခုပသာဒ ပစ္စယုပ္ပန်တရားအား ပကတူပဖြင့် ကျေးဇူးပြု။ (ရုပ်ချင်း အာရုံမျိုး ...

... ရူပါရုပ်စသည်းတရားသည် စက္ခု အရ ... အားဖြင့် စက္ခုဝိညာဉ် ... ကျေးဇူးပြု။

... အရ-စိတ်တိုးဆယ် ပစ္စည်းတရားသည်၊ သံဃဋ္ဋေတိ အရ-ဖဿ ဘခုယုတ်ကိုးဆယ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၂၊ ဓိ, ဟာ, ဏ္ဍ။

http://www.dhammadownload.com



ဝါကျစည်း (၅၀)

(က) ဝေဒယိတတိ ဝေဒနာ၊

(ခ) သာ ဝေဒယိတလက္ခဏာ၊ အနုဘဝနရသာ, ကုသလာကာရသမ္ဘောဂရသာ ဝါ၊ စေတသိကအဿာဒပစ္စုပဋ္ဌာနာ၊ ပဿဒ္ဓိပဒဋ္ဌာနာ။

(ဂ) စတုဘူမိကဝေဒနာ ဝေဒယိတလက္ခဏေန ဧကဝိဓာ...

(ဃ) "အနုဘဝနရသတာ ပန သမ္ပယုတ္တဓမ္မေသု ... ဝေဒနာ ဧဝ ..." ... (အဘိဓမ္မတ္ထ) ဒီပိတော။

(င) အာရမ္မဏရသာနုဘဝနံ ... မတ္တကမေဝ အနုဘဝန္တိ။ [ ... ]

နံပါတ် (၁)

(၁) နာမသဒ္ဒါ ဥဒ္ဒေသပယုတ် အင်္ဂါနပုယုတ် ကြိယျက် အနက်...

ဟိ၊ ချဲ့။ "စတုဘူမိကဝေဒနာ၊ ဘုံလေးပါး၌ဖြစ်သော ဝေဒနာသည်။

နော ဝေဒယိတလက္ခဏာနာမ၊ ဝေဒယိတလက္ခဏာမရှိသည်မည်သည်။ နတ္ထိ၊ မရှိ။

တစ်နည်း။ ။ ဟိ၊ ချဲ့။ နော ဝေဒယိတလက္ခဏာ၊ ဝေဒယိတလက္ခဏာမရှိသော။

စတုဘူမိကဝေဒနာ၊ ဘုံလေးပါး၌ဖြစ်သော ဝေဒနာမည်သည်။ နတ္ထိ၊ မရှိ။

နံပါတ် (၂)

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် ဝေဒနာသည် ဝေဒယိတလက္ခဏာရှိ၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်။ ဘူမကဝေဒနာသည် ဝေဒယိတလက္ခဏာရှိ၏ဟု မှတ်သားနိုင်သည် မဟုတ်လော- စသည့်အကြောင်း (ဂ)ဝါကျမိန့်။

(ဃ)ဝါကျသို့ ။ ။ ဆရာသည် (ဂ)ဖြင့် ဝေဒယိတလက္ခဏာမရှိသော စတုဘူမိက ဝေဒနာမည်သည်မရှိဟု ဖွင့်ပြအပ်၏။ ထိုသို့ဖွင့်ပြသော်။ သယံဝေဒနရသကို ပဋ္ဌာပါရ၌ ရအပ်သော ... အနုဘဝနရသကို ... ဝေဒနာ၌သာ ရ၏ဟု မှတ်သားနိုင်သည် မဟုတ်လော- စသည့်အကြောင်း (ဃ)ဝါကျမိန့်။

(င)ဝါကျသို့ ။ ။ ဆရာသည် (ဃ)ဖြင့် ဝေဒနာအားလုံးတို့၌ အနုဘဝနရသကို ရအပ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ဖွင့်ပြသော် ... စေတနာ ... တို့၌ အနုဘဝနရသ မရှိဟု ... စသည့်အကြောင်း (င)ဝါကျမိန့်။

(ခ)ဝါသဒ္ဒါ ဆိုရခြင်း- ဝေဒနာအားလုံးတို့၏ အနုဘဝနရသကိစ္စရှိသည် မှတပါး ဤ၌အလိုရှိအပ်သော ပဌမ မဟာကုသိုလ်စိတ်၏ ကုသလာကာရသမ္ဘောဂရသ

http://www.dhammadownload.com


ရှိပုံကိုလဲပြလို၍ (တစ်နည်း) ဝေဒနာ၏ အနုဘဝနရသဟူသော ကိစ္စသာမညမှတပါး ဣဋ္ဌာကာရသမ္ဘောဂရသဟူသော ဝိသေသကိစ္စကိုလဲပြလို၍ ဝါသဒ္ဒါ ဆိုပါသည်။

**ဝါကျအားလုံး- အဗျာဝိတ, အပရိပုဏ္ဏဒေါသပယ်။**

## နံပါတ် (၄)

**ဝေဒေန အယိတံ ပဝတ္တံ ဝေဒယိတံ။ (ယောဇနာ)**

**တစ်နည်း။** **။ဝေဒယတီတိ ဝေဒယိတံ။ (ဘာဋီ)**

ဝိဒဓာတ်+ဏယပစ္စည်း တပစ္စည်းသည်ရင်း၊ ခံစားခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ ခံစားခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

**ဝေဒယိတံ လက္ခဏံ ယာယာတိ ဝေဒယိတလက္ခဏာ။**

**အနုဘဝနံ ရသော ယာယာတိ အနုဘဝနရသာ။**

**သမ္ဘုဉ္ဇနံ သမ္ဘောဂေါ။**

**ဣဋ္ဌာကာရဿ သမ္ဘောဂေါ ဣဋ္ဌာကာရသမ္ဘောဂေါ။**

ဣဋ္ဌာကာရပုဒ်+ သမ္ဘောဂပုဒ်သည်ရင်း၊ ဣဋ္ဌအခြင်းအရာ၏ ခံစားခြင်းကိစ္စနှင့် အကြောင်း/အကျိုး စပ် (ဗျုပ္ပတ္တိနိမိတ်)။ ဣဋ္ဌာရုံသည် (ပဝတ္တိနိမိတ်)။

**စတသော ဘူမိယော စတုဘူမံ၊ စတုဘူမေ ဘဝါ စတုဘူမိကာ။**

## နံပါတ် (၅)

| | |
|---|---|
| ပဿဒ္ဓိ | = ဣတ္ထိလိင် + ရတ္တာဒိဂိုဏ်း + ဣကာရန် + ကိတ်နာမ်ပုဒ် (ပဿမ္ဘနံ ပဿဒ္ဓိ) |
| ရသ | = ပုလ္လိင် + ပုရိသာဒိဂိုဏ်း + ဩကာရန် + ကိတ်နာမ်ပုဒ်။ |
| စေတသိက | = ပုလ္လိင် + ပုရိသာဒိဂိုဏ်း + ဩကာရန် + တဒ္ဓိတ်နာမ်ပုဒ်။ (စေတသိ နိယုတ္တော စေတသိကော) |
| စေတ | = ပုလ္လိင်/နပုလ္လိင်+ မနောဂိုဏ်း + အကာရန် + ကိတ်နာမ်ပုဒ်။ |

## နံပါတ် (၆)

(က)ဝေဒယတီဖြင့် ဝေဒနာ၌ ဝိဒဓာတ်+ယုပစ္စည်း၊ ယင်းယုပစ္စည်း၏ ကတ္တုသာဓနဖြစ်သက်၍၊ဝေဒယတီတိ ဝေဒနာ-ဟု ကတ္တုသာဓ်ဝစနတ္ထ ပြုအပ်သည်ကို သိစေသည်။

(ခ) စတုဘူမိက ဝေဒနာ စသည်ဖြင့် ဝေဒနာအရ ဘုံလေးပါး၌ဖြစ်သော ဝေဒနာကို ကောက်ယူအပ်သည်ကိုရင်း။ ယင်းဘုံလေးပါးရှိ ဝေဒနာအားလုံးသည် ဝေဒယိတလက္ခဏာရှိ၏ဟူသော အဓိပ္ပါယ်ကိုရင်း သိစေသည်။

http://www.dhammadownload.com



## နံပါတ် (၇)

သုခဝေဒနာယမေဝ ၌ ဝတ္ထ. . .

သုခဝေဒနာသည် ဂဟေတဗ္ဗတ္ထ။

ဒုက္ခဝေဒနာ အဒုက္ခမသုခါဝေဒနာသည် နိဝတ္တေတဗ္ဗတ္ထ။

အနုဘဝနရသ ကိစ္စသည် အနုညာတတ္ထ။

ဧကဒေသ မတ္တကမေဝ ၌ ဝတ္ထ. . .

တစ်စိတ်တစ်ဒေသခံစားခြင်းသည် ဂဟေတဗ္ဗတ္ထ။

ပြည့်ပြည့်ဝဝခံစားခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။

ဖဿစသော ကြွင်းသမ္ပယုတ်တရားတို့သည် အနုညာတတ္ထ။

တစ်နည်း။ ။ယင်းသမ္ပယုတ်တရားတို့၏ တွေ့ထိခြင်းမျှစသည်သည် အနုညာတတ္ထ။

(ဃ)ဝါ သဒ္ဒါ ဝိတပ္ပနတ္ထ။

ပန- ဝါကျာရမ္ဘတ္ထ (တစ်နည်း) ပက္ခန္တရတ္ထ။

(ဂ) ဟိ- ဝိတ္ထာရတ္ထ၊

## နံပါတ် (၈)

ပဿဒ္ဓိ အရ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိကောက်

ယင်းသည် ဒဿနတ္ထ။

ပါမောဇ္ဇ ပီတိသည် ဒီပကတ္ထ။

သုခ သမာဓိသည် ပကာသနတ္ထ။

သီလစင်ကြယ်ခြင်း ဝိပ္ပဋိသာရမဖြစ်ခြင်းသည် ဝိဘာဝတ္ထ။

ယထာဘူတဉာဏ် နိဗ္ဗိဒါဉာဏ် စသည်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

ဧကဒေသမတ္တကမေဝ-အရ တစ်စိတ်တစ်ဒေသသော အာရုံပစ္စည်းတရားသည်၊အနုဘဝန္တိ-အရ ဖဿစသော ကြွင်းသမ္ပယုတ် ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်၊- အာရုံမျိုး (၆)ပစ္စည်း ။

ဒီပိတော၌ ဒီပဓာတ်-အရ အဋ္ဌကထာဆရာ၏သန္တာန်၌ဖြစ်သော ဉာဏ်ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ပစ္စည်းတရားသည်၊ အယံ အတ္ထော-အရ သုခဝေဒနာ၊ပ၊အနုဘဝနရသာဟူသောအတ္ထပညတ် စိတ္တဇသဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ ဝိပ္ပယုတ္တ, ဟေတု, အဓိပတိ, အာဟာရ, ဣန္ဒြိယ, မဂ္ဂ။

http://www.dhammadownload.com



ဓါတ်ရွှေချိုး (၅၁)

(က)စေတယတီတိ စေတနာ၊
(ခ) သဒ္ဓိံ အတ္တနာ သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတီတိ အတ္ထော။
(ဂ) သာ စေတယိတလက္ခဏာ၊ စေတနာဘာဝလက္ခဏာတိ အတ္ထော။
(ဃ)အာယူဟနရသာ၊
(င) စတုဘူမိကစေတနာ ဟိ နော စေတယိတလက္ခဏာ နာမ နတ္ထိ၊ သဗ္ဗာ စေတယိတလက္ခဏာဝ။
(စ) အာယူဟနရသတာ ပန ကုသလာကုသလေသု ဧဝ ဟောတိ။
(ဆ)ကုသလာကုသလကမ္မာယူဟနဋ္ဌာနဉှိ ပတွာ သေသသမ္ပယုတ္တဓမ္မာနံ ဧကဒေသမတ္တကမေဝ တိစွံ ဟောတိ၊
(ဇ) စေတနာ ပန အတိရေကဉဿာဟာ အတိရေကဝါယာမာ ဒိဂုဏုဿာဟာ ဒိဂုဏဝါယာမာ။ [ အဘိ။ ဋ္ဌ ။ ၁၅၄ ]

နံပါတ် (၁)

(ဂ) စေတနာဘာဝလက္ခဏာ၊ နှိုးဆော် ကြောင့်ကြ ဗျာပါရ ပယောဂ ရှိသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

(ဃ)အာယူဟနရသာ၊သမ္ပယုတ်တရားတို့ကို မိမိ မိမိတို့ကိစ္စ၌ ဖရိုဖရဲ မရှိစေမူ၍ စည်းရုံးစေ့စပ် နှိုးဆော်ခြင်းကိစ္စရှိ၏။

(င) ဟိ၊ ချဲ့။

(စ) ပန၊အထူး။ အာယူဟနရသတာ၊အာယူဟနကိစ္စ ရှိသည်၏အဖြစ်သည်။

(ဆ) ဟိ၊ မှန်။ ကုသလာကုသလကမ္မာယူဟနဋ္ဌာနံ၊ ကုသိုလ် အကုသိုလ်ကို ပြုခြင်းကိစ္စ ဗျာပါရ ပြုသောအရာသို့။

(ဇ) ပန၊အထူး။ အတိရေကဉဿာဟာ၊လွန်သောကြောင့်ကြဗျာပါရ ဉဿာဟ ရှိသည်။ ဒိဂုဏုဿာဟာ၊နှစ်ဆတက်သောကြောင့်ကြဗျာပါရ ဉဿာဟ ရှိသည်။

နံပါတ် (၂)

(ခ)သိဒ္ဓပနာပဋ္ဌက ။ ။ ဆရာ (က)ဖြင့် စေတယတီတိ စေတနာဟု ဖွင့်ပြအပ်၏ ထိုသို့- သော် ၊ စိတ-ဓာတ်သည် သိခြင်း ကြံစည်ခြင်း အနက်တို့၌လည်း ဖြစ်သည် မဟုတ်လော။

တစ်နည်း ။ ။ ဆရာ (က)ဖြင့် စေ့ဆော်တတ်သောကြောင့် စေတနာမည်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ စေ့ဆော်ခြင်းဟူသည်ကို ထင်ရှားစွာမသိအပ်သည် မဟုတ်လော။

http://www.dhammadownload.com



(င)သို့ပါပနာဒိ॥ ။ဆရာ (ဂ)ဖြင့် စေတနာသည် စေတယိတလက္ခဏာရှိ၏ဟု ဖွင့်ပြအပ်၏။ ယင်းသို့- သော်၊ ထို စေတယိတလက္ခဏာသည် စေတနာတစ်စိတ်တစ်ဒေသ၌သာရှိ၏ဟူသော အနက်လည်းရောက်ရာ၏။

(စ)သို့ပါပနာဒိ ॥ ။ ဆရာ (င)ဖြင့် အလုံးစုံသောစေတနာသည် စေတယိတလက္ခဏာရှိသည်သာဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ အာယူဟနရသသည်လည်း စေတနာအားလုံး၌ပင်ဖြစ်၏ဟူသော အနက်ရောက်ရာ၏။

(ဆ+ဇ)သို့ဥပနာပဥ္စက॥ ။ဆရာ (စ)ဖြင့် အာယူဟနရသရှိသည်၏အဖြစ်ကို ကုသိုလ် အကုသိုလ်တို့၌သာ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ထိုအားထုတ်ခြင်း အာယူဟနရသအဖြစ်ရှိက ကုသိုလ် အကုသိုလ် စေတနာတို့ကိုသာ စေတနာဟူ၍ပင် ခေါ် ဆိုနိုင်သည်မဟုတ်လော။ ကုသိုလ် အကုသိုလ်တို့ကို စေတနာဟူ၍မခေါ်သင့်ပုံကိုလည်း ပြဆိုသင့်သေး၏။

## နံပါတ်(၃)

(ခ+ဂ+ဃ) အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။
(င) သသံသယဒေါသပယ်။
(စ) အတိဗျာပိတဒေါသပယ်။
(ဆ)ဩစိတျဟီန/ဝိရောဓိဒေါသပယ်။
(ဇ) အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

## နံပါတ် (၄)

စေတယိတ ॥ ။ စေတယတီတိ စေတယိတံ။
စေတေန အယိတံ ပဝတ္တံ စေတယိတံ။
စိတ+ဏယ+တ ပစ္စည်းသည်ရင်း၊ စေ့ဆော်ခြင်းကြိယာသာမညသည်ရင်း (ဗျု + နိ)။ စေ့ဆော်ခြင်းကြိယာဝိသေသသည် (ဝါ) ကြောင့်ကြဗျာပါရသည် (ပ + နိ)။

အာယူဟန ॥ ။ သမ္ပယုတ္တဓမ္မေ ဗျာပေတွာ ဦဟတီတိ အာယူဟနံ။
သမ္ပယုတ္တဓမ္မေ ဗျာပေတွာ ဦဟနံ အာယူဟနံ။
အာ-ဦဟ+ယု သည်ရင်း၊ ပေါင်းစုခြင်းကြိယာသာမညသည်ရင်း (ဗျု+နိ)။
ပေါင်းစုခြင်းကြိယာဝိသေသသည် (ပ + နိ)။

အတိရေကဉဿာဟ ॥ ။အတိရိစ္စတီတိ အတိရေကော။ ဥဒ္ဓံ သဟတိ ခမတီတိ ဥဿာဟော။ ဥဿာဟနံ ဥဿာဟော။
အတိရေကော ဥဿာ ၁ ယာယာဂ်ီ အတိရေကာ ဥဿာဟော။

http://www.dhammadownload.com



နံပါတ် (၅)

သဒ္ဒိ ။ ။ အလိင် + ဂဏာဝိ + နိ + နိပါတ်။

အတ္တနာ။ ။ ပုံ + ရာဇာဒိ + အာ + ကိတ်။

ဥဿာဟ။ ။ ပုံ + ပုရိသာဒိ + ဩ + ကိတ်။

ကိစ္စံ ။ ။ နပုံ + စိတ္တာဒိ + နိ + ကိတ်။

ဒိဂုဏ ။ ။ ပုံ + ပုရိသာဒိ + အ + သမာသ်။

နံပါတ် (၆)

(ခ)အဘိသန္ဒဟတိ-ဖြင့် ‘စေတနာ၌ စိတ+ယု ပစ္စည်း၊ ယင်း ယု၏ ကတ္တုသာဓန၌သက်သည်ကိုငှ၊ စိတဓာတ်၏ အဘိသန္ဒဟန (စေ့ဆော်ခြင်း) အနက်၌ ဖြစ်သည်ကိုငှ သိစေ။သဒ္ဓိ အတ္တနာ စသည်ဖြင့် စေ့ဆော်ခြင်းဟူသည် မိမိနှင့်အတူ သမ္ပယုတ်တရားတို့ကို အာရုံ၌ဖွဲ့စပ်ခြင်းပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေ။

(ဂ) စေတယိတလက္ခဏာ- ဖြင့် စေတနာသည်‘စေတယိတလက္ခဏာရှိ၏ ဟူသောအဓိပ္ပါယ်ကို သိစေ။ စေတနာဘာဝလက္ခဏာ- ဖြင့် ယင်းစေတယိတပုဒ်သည် ဘာဝပဓာန ဘာဝလောပပုဒ်၏အဖြစ်ကို သိစေ။

(စ) တုသလာကုသလေသု ဓဝ- ဖြင့် အာယူဟနရသအဖြစ်သည် တပါးသောဝိပါက်ကြိယာတို့၌မဖြစ်၊ ကုသိုလ် အကုသိုလ်တို့၌သာ ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

(ဓ)အတိရေကဥဿာဟာ- ဖြင့် စေတနာသည် ကြွင်းသမ္ပယုတ်တရားတို့၏ တစ်စိတ်တစ်ဒေသမျှသာ ကိစ္စဖြစ်သည်မဟုတ်၊ လွန်ကဲသောအားထုတ်ခြင်း သမ္ပယုတ်တရားတို့၏ ကိစ္စဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။ အတိရေကဝါယာမာ- ဖြင့် လွန်ကဲသောအားထုတ်ခြင်းဟူသည် လွန်ကဲသောကြိုးစားခြင်းဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။ဒိဂုဏုဿာဟာ ဒိဂုဏဝါယာမာ- ဖြင့် လွန်ကဲခြင်းဟူသည် နှစ်ဆတက်၍အားထုတ်ခြင်း ကြိုးစားခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

တုသလာကုသလေသု ဓဝ. . .

ကုသိုလ် အကုသိုလ်စိတ်တို့သည် ဂဟေတဗ္ဗ။

ဝိပါက် ကြိယာစိတ်တို့သည် နိဝတ္တေတဗ္ဗ။

အာယူဟနကိစ္စ ရသသည် အနုညာတ။

စေတယိတ လက္ခဏာဝ-၌ ဓဝ. . .

စေ့ဆော်ခြင်းလက္ခဏာရှိခြင်းဂုဏ်သည် ဂဟေတဗ္ဗ။

စေ့ဆော်ခြင်းလက္ခဏာမရှိခြင်းဂုဏ်သည် နိဝတ္တေတဗ္ဗ။

အလုံးစုံသောစေတနာသည် အနုညာတ။

http://www.dhammadownload.com



(င) ဟိ-ဝိတ္ထာရဇောတက။
(စ) ပန- ဝိသေသတ္ထဇောတက။ ဧဝ- နိဝတ္တာပနအဝဓာရဏတ္ထ။
(ဆ)ဟိ-ဝိတ္ထာရဇောတက။ (တစ်နည်း) ဒဠှီဇောတက။
(ဇ) ပန- ဝိသေသတ္ထဇောတက။ (တစ်နည်း) ဝါကျာရမ္ဘဇောတက။
(ဃ)အာယူဟန ၌ အာ- ဗျာပနတ္ထ။

နံပါတ် (၉)

အဘိသန္ဓဟတိ- အရ စေ့ဆော်တတ်သောစေတနာရှင်။
ယင်းသည် ဒဿနတ္ထ။
စိတ်သည် ဒီပကတ္ထ။
အာရုံ၌ အဆက်မပြတ် ထပ်ကာထပ်ကာ သမ္ပယုတ်တရားတို့ ဖြစ်နေကြခြင်း သည် ပကာသနတ္ထ။
ဝတ္ထု အာရုံတို့သည် ဝိဘာဝတ္ထ။
မိမိကိစ္စ တပါးသူကိစ္စ ပြီးစေခြင်းသည် အနုဘာဝတ္ထ။

မှတ်ချက်။ ။ လက္ခဏာဒိစတုက္ကနည်းဖြင့်လည်း ထုတ်လေ။

နံပါတ် (၁၀)

အဘိသန္ဓတတိ- အရ စေတနာပစ္စည်းတရားသည်၊သမ္ပယုတ္တဓမ္မေ- အရ စေတနာ၏ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။
ပြိုင်- ကြီး ၄၊ ည, သံ, ဝိ, ကံ, ဟာ။

ဝါကျစဉ် (၅၂)

(က)ဝိတက္ကေတီတိ ဝိတက္ကော၊
(ခ) ဝိတက္ကနံ ဝါ ဝိတက္ကော၊
(ဂ) ဦဟနန္တိ ဝုတ္တံ ဟောတိ။
(ဃ)သွာယံ အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏော။
(င) သော ဟိ အာရမ္မဏေ စိတ္တံ အာရောပေတိ။
(စ) ယထာ ဟိ ကောစိ ရာဇဝလ္လဘံ ဉာတိံ ဝါ မိတ္တံ ဝါ နိဿာယ ရာဇဂေဟံ အာရောဟတိ၊ ဧဝံ ဝိတက္ကံ နိဿာယ စိတ္တံ အာရမ္မဏံ အာရောဟတိ။
(ဆ)တသ္မာ သော အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏောတိ ဝုတ္တော။

[ အဘိ၊ ဋ ။ ၁၅၇ ]

နံပါတ် (၁)

(က) ယောသဘောဝေါ၊ သည်။ အာရမ္မဏံ၊ ကို။ ဝိတက္ကေတိ၊ ကြံတတ်၏။
(ဂ) ဦဟနံ၊ ဤဝတ္ထုကား ဤသို့သဘောရှိ၏ - ဟု အာရုံကိုကြံခြင်း။

http://www.dhammadownload.com


(ယ)စိတ္တဿ၊ ကို။ အဘိနိရောပနလက္ခဏော၊ရှေးရှုထင်ခြင်း လက္ခဏာရှိ၏။

(င) ဟိ၊ မှန်။ သော ဝိတက္ကော၊ သည်။

(စ) ဟိ၊ ယသ္မာ။ (တစ်နည်း) ဟိ၊ တံ ပါကဋံ ကရောမိ- အံ့။ ကောစိ၊ တစုံ တယောက် မင်းစိုးမပေါက် မရောက်ဘူးသော သူသည်။ရာဇဝလ္လဘာ၊မင်းကျွမ်း ဝင်သော။

## နံပါတ် (၂)

(င)စသည်သို့ ။ ။ ဆရာ၊ (ယ)ဖြင့် ဝိတက်သည် အာရုံအပေါ်၌ စိတ်ကို ရှေးရှုတက်ရောက်စေခြင်း လက္ခဏာရှိ၏ဟု ဖွင့်ပြအပ်၏။ထိုသို့- သော်လည်း။ အာရမ္မဏံ စိန္တေတီတိ စိတ္တံ ဟူသော ဝစနတ္ထနှင့်အညီ စိတ်သည်သဘာဝအားလျော် စွာ အာရုံ၌ ကြံစည်တတ် တက်ရောက်တတ်သည် မဟုတ်လော။

(စ)သို့ဥပနာပဋ္ဌတ ။ ။ ဆရာ (င)ဖြင့် ဝိတက်သည် အာရုံ၌ စိတ်ကို တက်ရောက် စေတတ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်။ ဝိတက်သည် အာရုံ၌ စိတ်ကို တက် ရောက်စေပုံကို ဥပမာနှင့်တကွ ထင်ရှားစွာ မသိအပ်သေးသည် မဟုတ်ပါလော။

## နံပါတ် (၃)

(ခ) ဝါ-သဒ္ဒါထားရကြောင်း။ ။ကတ္တုသာဓန ဝစနတ္ထမှတပါး ဘာဝသာဓန ဝစနတတ္ထကို လဲပြလို၍ငင်း၊ အံ-ပစ္စည်း ကတ္တုသာဓန မှတပါး ဘာဝသာဓနကိုလဲ ပြလို၍ငင်း၊ပရိယာယဝစနတ္ထမှတပါး နိပ္ပရိယာယ ဝစနတ္ထကို လဲပြလို၍ငင်း ဝါသဒ္ဒါဆို။

(ဂ) အတိဗျာပိတ ဒေါသပယ်။

(စ) ပုနရုတ္တိ ဒေါသပယ်။

(ဆ) နိရတ္ထက ဒေါသပယ်။

## နံပါတ် (၄)

ရာဇဝလ္လဘာ။ ။ဝလ္လတိ သံဝရဏံ ကရောတီတိ ဝလ္လဘော။

ရညော ဝလ္လဘော ရာဇဝလ္လဘော။

ဝလ္လဓာတ် +အဘ ပစ္စည်းသည်ငင်း၊ စောင့်စည်းခြင်းကြိယာသည်ငင်း (ဗျ+နိ)

အကျွမ်းဝင်ခြင်း ကြိယာသည် (ပ+နိ)။

ဉာတိ။ ။အယံ အမှတ္တိကောတိ ဉာယတီတိ ဉာတိ။

ဉာ+တိ သည်ငင်း၊ သိခြင်းကြိယာသည်ငင်း (ဗျ+နိ)။

တော်စပ်ခြင်း ကြိယာသည် (ပ+နိ)။

http://www.dhammadownload.com



## နံပါတ် (၅)

ဥပဟန ။ ။ နပုံ + စိတ္တာဒိ + နိဂ္ဂဟိတန္တ + ကိတ်။

ကောစိ ။ ။ ပုံ + သဗ္ဗနာမ် + ဣကာရန္တ + သဗ္ဗနာမ်။(တစ်နည်း-အလိင်+ဂဏဝိမုတ်+နိပါတ်)

ဉာတိ ။ ။ ပုံ + ရတ္တာဒိ + ဣကာရန္တ + ကိတ်။

နိဿာယ။ ။ အလိင် + ဂဏဝိ + အ ကာရန္တ + နိပါတ်။

## နံပါတ် (၆)

(က) ဝိတက္ကေတိဖြင့်- ဝိတက္ကော၌ ဝိ+တက္က+အ၊ ယင်းအ-၏ ကတ္တုသာဓန၌သက်၍ ဝိတက္ကေတိတိ ဝိတက္ကော ဟုဝစနတ္ထပြုအပ်သည်ကို သိစေ။

(ခ) ဝိတက္ကနံဖြင့်- ဝိတက္ကော ၌ ဝိ+တက္က+အ၊ ယင်းအ-၏ ဘာဝသာဓန၌သက်၍ ဝိတက္ကနံ ဝိတက္ကော-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေ။

(ဂ) ဥဟနံဖြင့်- တက္က ဓာတ်သည် သစ်စေးဟူသောအနက်၊ တောက်ပခြင်းဟူသောအနက်တို့၌ မဖြစ်၊ ကြံစည်ခြင်းအနက်၌ ဖြစ်သည်ကို သိစေ။

## နံပါတ် (၇)

(င) ဟိ- ဒဠှီ ဇောတက။ (တနည်း) ကာရဏတ္ထ။ (ဂဏ္ဌိ)

(စ) ဟိ- တပ္ပါ ကဋ္ဌိကရဏတ္ထ။ ဝါ- ဝိကပ္ပနတ္ထ။ ဓဝံ- သဒိသတ္ထ။

(ဆ)တသ္မာ- ထိုသို့ဝိတက်ကိုမှီ၍ စိတ်သည် အာရုံသို့ တက်ရောက်တတ်သည်၏အဖြစ်ကြောင့်။

## နံပါတ် (၈)

(စ) အာရောပတိအရ- သွားသောပုဂ္ဂိုလ်၏ ပိရိယပြခန်းသောစိတ္တုပ္ပါဒ်ရ၏။

ယင်းသည် ဒဿနတ္ထ။

မင်းထံသွားရခြင်း၏အကြောင်းဖြစ်သော စိတ်သည် ဒီပကတ္ထ။

မင်းနှင့် အကျွမ်းဝင်ခြင်းသည် ပကာသနတ္ထ။

မင်းအကျွမ်းဝင်သော ဆွေမျိုးမိတ်ဆွေကို အမှီသဟဲပြုရခြင်းသည် ဝိဘာဝတ္ထ

မင်းချီးမြှောက်မှုကို ခံစားရခြင်း အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## နံပါတ်(၁၀)

အာရောပေတိအရ- ဝိတက်ပစ္စည်းတရားသည်၊ စိတ္တံအရ၊ ဝိတက်နှင့်ယှဉ်သောစိတ် ၅၅-ပါး ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ ည, သံ, ဝိပါက, ရူပ, မဂ်။ -

အာရမ္မဏအရ- အာရုံ ၆-ပါး ပစ္စည်းတရားသည်၊ အာရောပတိအရ သဝိတက္ကစိတ် ၅၅-ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ကျေးဇူးပြု။

ပြိုင်- ယထာရဟ အာရမ္မဏ (၈)ပစ္စည်း။

http://www.dhammadownload.com


## ဓါတ်ချောစဉ် (၅၃)

(က) အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ ဝိစာရော၊

(ခ) ဝိစရဏံ ဝါ ဝိစာရော၊

(ဂ) အနုသဥ္စရဏန္တိ ဝုတ္တံ ဟောတိ။

(ဃ) သွာယံ အာရမ္မဏာနုမဇ္ဇနလက္ခဏော၊ တတ္ထ သဟဇာတာနုယောဇနာ ရသော စိတ္တဿ အနုပ္ပဗန္ဓပစ္စုပဋ္ဌာနော။

(စ) သန္တေပိ စ နေသံ ကတ္ထစိ အဝိယောဂေ ဩဠာရိကဋ္ဌေန, ပုဗ္ဗင်္ဂမဋ္ဌေန စ ဃဏ္ဍာဘိဃာတော ဝိယ အဘိနိရောပနဋ္ဌေန စ စေတသော ပဌမာဘိ နိပါတော ဝိတက္ကော သုခုမဋ္ဌေန, အနုမဇ္ဇနသဘာဝဋ္ဌေန စ ဃဏ္ဍာနုရဝေါ ဝိယ အနုပ္ပဗန္ဓော ဝိစာရော။ [ အဘိ၊ ဋ ။ ၁၅၈ ]

## နံပါတ် (၁)

(င) စ၊ ဆက်။ နေသံ၊ ထိုဝိတက်ဝိစာရတို့၏။ ကတ္ထစိ၊ အချို့သော ဝိတက် ယှဉ်ရာ ငါးဆယ်ငါးပါးသောစိတ်၌။ အဝိပ္ပယောဂေ၊ မကွေမကွာယှဉ်ခြင်းသည်။ သန္တေပိ၊ သော်လည်း။ ဩဠာရိကဋ္ဌေန၊ အာရုံယူမှု၌ ကြမ်းတမ်းသည်၏အဖြစ်ကြောင့် ၎င်း။ ပုဗ္ဗင်္ဂမဋ္ဌေနစ၊ ရှေ့သွား၏အဖြစ်ကြောင့်၎င်း။ ဃဏ္ဍာဘိဃာတောဝိယ၊ ခေါင်းလောင်း၏ရှေးရှုထိုးခတ်ခြင်းကြောင့်ဖြစ်သောအသံကဲ့သို့။ အဘိနိရောပနဋ္ဌေန၊ ရှေးရှုတင်တတ်သည်၏ အဖြစ်ကြောင့်။ စေတသော၊ စိတ်၏။ ပဌမာဘိနိပါတော၊ အာရုံ၌ ရှေးဦးစွာ ကျရောက်ခြင်းသဘောသည်။ ဝိတက္ကော၊ ဝိတက်တည်း။ သုခုမ ဋ္ဌေန၊ အာရုံယူမှု၌ သိမ်မွေ့သည်၏အဖြစ်ဟူသော အနက်ကြောင့်၎င်း။ အနုမဇ္ဇနသ ဘာဝဋ္ဌေနစ၊ အဖန်ဖန်ပွတ်တိုက်ခြင်း သဘောရှိသည်၏အဖြစ်ကြောင့်၎င်း၊ ဃဏ္ဍာနု ရဝေါဝိယ၊ ခေါင်းလောင်း၏အဆက်မပြတ်မြည်သံကဲ့သို့(ဝါ)ကြေးညည်းသံကဲ့သို့။ အနုပ္ပဗန္ဓော၊ အာရုံ၌စိတ်ကို အစဉ်မပြတ်ဖွဲ့စပ်ခြင်း သဘောသည်။ ဝိစာရော၊ ဝိစာရ တည်း။

## နံပါတ် (၂)

(င)ဝါကျသို့ ။ ။ ဆရာသည် (က)စသော ဝါကျတို့ဖြင့် ဝိစာရပုဒ်၏ ဝစနတ္ထ လက္ခဏတ္ထစသည်ကိုဖွင့်ပြအပ်၏။ (တနည်း) ပါဠိတော် ဓမ္မဒေသကထာ၌ ဝိတက် ဝိစာရနှစ်ပါးကို ဟောတော်မူအပ်၏။ ထိုသို့- သော်လည်း၊ ယင်းဝိတက် ဝိစာရနှစ်ပါး တို့သည် သဝိတက္ကစိတ် ငါးဆယ်ငါးပါး၌ မကွေမကွာ ယှဉ်သောကြောင့် တစုံတရာ ထူးခြားမှုမရှိဟူသော အနက်ရောက်ရာ၏။- ၎င်းကြောင့် (င)ဝါကျမိန့်။

## နံပါတ်(၃)

(ခ)ဝါကျ ဝါသဒ္ဒါထား၍ခြင်း- ဏပစ္စည်း ကရဏသာဓနတ္ထမှ တပါး ဘာဝသာဓနတ္ထကို လဲပြလို၍ ထားပါသည်။ (ဝါသဒ္ဒါအနက်လဲ)(တနည်း) ဥပစာရ

http://www.dhammadownload.com



ဝစနတ္တမှတပါး မုချသဒ္ဒါ ဝစနတ္တကို လဲပြလို၍ ဝါသဒ္ဒါထားပါသည်။(ဝါ-သဒ္ဒါ သဒ္ဒါလဲ)

**သန္ဓေပိ၌ အပိသဒ္ဒါ**- တစုံတခုသော သဝိတက္ကစိတ် ငါးဆယ်ငါးပါး၌ အတူ တကွယှဉ်ပါလျက် ပါဠိတော် ဓမ္မဒေသနာ၌ ဝိတက် ဝိစာရ်နှစ်ပါးစုံ ဟောထား သည်ကို မကျေနပ်၍ အပိသဒ္ဒါဆိုထားသည်။ ဝါကျအားလုံး အဗျာပိတဒေါသပယ်။

## နံပါတ် (၄)

**အဘိဟနန္တံ အဘိယာတော။ ယဒိတဗ္ဗော ပဟရိတဗ္ဗောတိ ယဣော။**

**ယဣဿ အဘိယာတော ယဣာဘိယာတော။**

ယဒိ+ဓာတ် က ပစ္စည်းသည်ရင်း၊ ပုတ်ခတ်ခြင်း ကြိယာသာမညသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ ပုတ်ခတ်ခြင်း ကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

**သုခယတီတိ သုခမော။**

**အနုရဝတီတိ အနုရဝေါ။ ယဣဿ အနုရဝေါ ယဣာနုရဝေါ။**

အနုရှေးရှိသော ရု+ဓာတ် ဏပစ္စည်းသည်ရင်း၊ အသံမြည်ခြင်းကြိယာသာမည သည်ရင်း(ဗျုပ္ပတ္တိနိမိတ်)။ အသံ၏ ဖြစ်ကြောင်းဖြစ်ရာ ပုတ်ခတ်ခြင်း (ဝါ) ခေါင်းလောင်းခြဲဗ်သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

သဒ္ဒ = ပုလ္လိင် + ဂစ္ဆန္တာဒိဂိုဏ်း + အကာရန် + ဂေိတ်နာမ်ပုဒ်။

ကတ္တစိ = အလိင် + ဂဏာဝိမုတ် + ဣကာရန် + နိပါတ်ပုဒ်။

## နံပါတ် (၆)

(က) တေန ဝိစရတိဖြင့် -ဝိစာရော၌ ဝိပုဗ္ဗ စရဓာတ် ဏပစ္စည်း ယင်းဏပစ္စည်း ကရဏသာဓန၌သက်၍ ဝိစရတိ ဧတေနာတိ ဝိစာရောဟု ကရဏသာဓန ဝစနတ္ထ ပြုအပ်သည်ကို သိစေသည်။ **အာရမ္မဏေ စိတ္တံ**- ဖြင့် လှည့်လည်ခြင်းဟူသည် စိတ်သည် အာရုံ၌ လှည့်လည်ခြင်းပင်တည်းဟု သိစေသည်။ (ကြွင်းလွယ်ပြီ)

(ဂ)အနုသဥ္စရဏံဖြင့်- ဝိပုဗ္ဗ စရဓာတ်၏ သဉ္စရဏ အနက်၌ဖြစ်သည်ကို သိစေသည်။

## နံပါတ် (၇)

အနုသဥ္စရဏံ ၌ အနု= ပုနပ္ပုနတ္ထ။

အဘိနိရောပန ၌ အဘိ = အဘိမုခတ္ထ၊ အဝိယောဂ ၌ အ = ပဋိသေဓတ္ထ။

ဝိကာ‌း = ဝိနာအနက် ။ သန္ဓေပိ ၌ ပိ= အရုစျတ္ထ။

## နံပါတ် (၈)

ဩဠာရိကအရ- ပုဗ္ဗင်္ဂမအရ ဝိတက် ကောက်

သုခုမ-အရဝိစာရကောက်(လက္ခဏာဒိစတုက္ကနည်းဖြင့် ကြိယာငါးတန်ထုတ်လေ)

http://www.dhammadownload.com



နံပါတ် (၁၀)

(က) တေနအရ- ဝိစာရ ပစ္စည်းတရားသည်၊ ဝိစရတိအရ- သဝိစာရ စိတ် ၆၆-ပါး ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ ပြုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၃၊ ရျာန။

*****************

ဝါကျစဉ် (၅၄)

(က)သုခယတီတိ သုခံ၊
(ခ) ယဿ ဥပ္ပဇ္ဇတိ၊ တံ သုခိတံ ကရောတီတိ အတ္ထော။
(ဂ) သုဋ္ဌု ဝါ ခါဒတိ, ခနတိ စ ကာယစိတ္တာဗာဓန္တိ သုခံ၊
(ဃ)သောမနဿဝေဒနာယေတံ နာမံ။
(င) တဿ လက္ခဏာဒီနိ ဝေဒနာပဒေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။
အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။
၁၃၁၆-ခု၊ အစိုးရ။ [ အဘိ။ ဋ ။ ၁၆၀ ]

နံပါတ် (၁)

(က) ယံ ဓမ္မဇာတံ၊ သည်။ ကရဇကာယဋ္ဌ၊ ကိုရင်း၊ သမ္ပယုတ္တဓမ္မေစ၊ တို့ကိုရင်း၊ သုခယတိ၊ချမ်းသာစေတတ်၏။

(ခ) ယဿ၊ အကြင်ပုဂ္ဂိုလ်အား၊ ဥပ္ပဇ္ဇတိ၊ ၏။ တံ ပုဂ္ဂလံ၊ ကို။ သုခိတံ၊ ဖြစ်သောချမ်းသာခြင်းရှိသည်ကို။ (ဝါ) ချမ်းသာခြင်းသို့ ရောက်သည်ကို။ ကရောတိ၊ ၏။

(ဂ) ဝါ၊ တစ်နည်း။ ယံဓမ္မဇာတံ၊ သည်။ ကာယစိတ္တာဗာဓံ၊ ကိုယ်၏ကျင်နာခြင်း စိတ်၏ကျင်နာခြင်းကို။ သုဋ္ဌု၊ ကောင်းစွာ။ ခါဒတိစ၊ ခဲလည်းခဲတတ်၏။ ခနတိစ၊ တူလည်းတူးဖြိုဖျက်ဆီးတတ်၏။

နံပါတ် (၂)

(ခ)သို့ ဌပနာပဋ္ဌက ။ ။ ဆရာ (က)ဖြင့် သုခယတိ- ဟုဆိုတော်မူ၏။ ယင်းသို့ဆိုသော်။ ယင်းသုခယတိ ပုဒ်သည် စုရာဒိ ဏယ-ပစ္စည်းဖြင့်ပြီးသောပုဒ်ဖြစ်၏ဟူသော အနက် ရောက်ရာသည်မဟုတ်ပါလော။

တစ်နည်း။ ။ ဆရာ (က)ဖြင့် သုခံပုဒ်၏ ဝစနတ္ထနှင့်တကွ သဒ္ဒတ္ထကို ဆိုတော်မူ၏။ ထိုသို့- သော်။ ဝစနတ္ထနှင့်တကွ သဒ္ဒတ္ထသည် အဓိပ္ပါယတ္ထနှင့် မကင်းကောင်းသည် မဟုတ်ပါလော။

http://www.dhammadownload.com



## နံပါတ် (၃)

(ဂ) ဝါ-သဒ္ဒါထားရကြောင်း- ချမ်းသာစေခြင်းအနက်ဟူသော အကြောင်း မှတပါး ကောင်းစွာခဲခြင်းအနက် ကောင်းစွာတူးဖြိုဖျက်စီးခြင်း အနက်ဟူသော အကြောင်းတပါးကိုလဲလို၍ ဝါ-သဒ္ဒါထား။

(ဂ) စ- သဒ္ဒါထားရပုံ-ကိုယ်၏အနာ စိတ်၏အနာကို ကောင်းစွာခဲစားတတ်သောကြောင့်သာ သုခမည်သည်မဟုတ်သေး။ တူလည်းတူးဖြိုဖျက်ဆီးတတ်သောကြောင့်လည်း သုခမည်သေး၏ဟူသော သမုစ္စည်း သမ္ပိဏ္ဍနအနက်ကိုပြလိုသောကြောင့် စ-သဒ္ဒါထား။

(ဃ) နာမ သဒ္ဒါထားရပုံ - အပေါင်းဖြစ်သော ကာယိကသုခ စေတသိက သုခတို့၏ သုခဟူသောအမည်ကို အစိတ်ဖြစ်သော စေတသိကသုခ၌ တင်စား၍ အစိတ်ဖြစ်သော စေတသိကသုခကို သုခဟုခေါ်ဆိုရသော ဧကဒေသူပစာ အဖြစ်ကို ပြလိုသောကြောင့် နာမသဒ္ဒါထား။

(ခ) အဗျာပိတ ဒေါသပယ်။
(ဂ) အဗျာပိတ ဒေါသပယ်။
(ဃ) အတိဗျာပိတ ဒေါသပယ်။
(င) အဗျာပိတ ဒေါသပယ်။

## နံပါတ် (၄)

**သောမနဿ ။** ။ မနတိ ဇာနာတီတိ မနော။ မနတိ ဝိဇာနာတိ ဧတေနာတိ ဝါ မနော။ မိနာတိ ပရိစ္ဆိန္ဒတီတိဝါ မနော။ သောဘနံ မနော သုမနော။ သောဘနံ မနော ဧတဿာတိဝါ သုမနော။ သုမနဿ ဘာဝေါ သောမနဿံ။

သုမန-ပုဒ်+ဏျ ပစ္စည်းသည်ရင်း၊ တင့်တယ်သောစိတ်၏။ (ဝါ) တင့်တယ်သောစိတ်ရှိသောပုဂ္ဂိုလ်၏ သောမနဿဝေဒနာနှင့် နိသျ+နိဿိတ၊ ဌာန+ဌာနီစပ် (ဗျ + နိ)။ သောမနဿ ဝေဒနာသည် (ပ + နိ)။

## နံပါတ် (၅)

**ကရဏန္တပုဒ်ထားရကြောင်း။** ။ ကျမ်းဆရာတို့သည် ကတ္တုသတ္တိကိုပြလို၍ တစ်ရံတစ်ခါ၌ ကမ္မသတ္တိကိုပြလို၍ ကရဏန္တပုဒ်ကို ထားကြရကုန်၏။ ထိုတွင် ဤ၌ ကတ္တုသတ္တိကိုပြလို၍ (င)ဝါကျရှိ အနိစ္စာဒိဝသေနဟူသော ကရဏန္တပုဒ်ကို ထားရပါသည်။

## နံပါတ် (၆)

(ဂ) သုဋ္ဌု ခါဒတိ- ဖြင့်- သုခံ၌ သု+ခါဒ+ကွိ၊ သု-ဥပသာရပုဒ်၏ သုဋ္ဌု အနက် ဟောသည်ကိုရင်း၊ ကွိပစ္စည်း ကတ္တားအနက်၌သက်သည်ကိုရင်း သုဋ္ဌုခါဒတီတိ သုခံ-

http://www.dhammadownload.com


ဟု ဝစနတ္ထပြုအပ်သည်ကိုရင်း သိစေ။ သုဋ္ဌု ခနတိ- ဖြင့်- သုခံ၌ သု+ခနု+ကွိ။ သု-၏ သုဋ္ဌုအနက်ဟောသည်ကိုရင်း၊ ကွိပစ္စည်း ကတ္တားအနက်၌သက်သည်ကိုရင်း။ သုဋ္ဌုခနတီတိ သုခံဟု ဝစနတ္ထပြုအပ်သည်ကိုရင်း သိစေ၊ ကာယစိတ္တာဗာဓံ-ဖြင့် ခါဒတိ ခနတိတို့၌ ခဲခြင်း တူးဖြိုဖျက်ဆီးခြင်းဟူသည် ကိုယ်၏ကျင်နာခြင်း စိတ်၏ ကျင်နာခြင်းကို ခဲခြင်း တူးဖြိုဖျက်ဆီးခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုသိစေ။

## နံပါတ် (၇)

**ဃဿ အစွဲ ပုဂ္ဂိုလ်ဟူသောအနက်။**

စ- သဒ္ဒါ ဣဓာဓိပ္ပေတတ္ထ-သမုစ္စည်းအနက်၊ (တစ်နည်း) အတ္တန္တရဝိကပ်။

(ဂ) သုဋ္ဌု-သမ္မာအနက်( ဝါ ) သုန္ဒရတ္ထ။

ဝါ-အတ္ထန္တရ ဝိကပ္ပနတ္ထ။

(ဃ)တေ- သုခဟူသော အမည်စွဲ။

## နံပါတ် (၈)

သုခယတိ သုခံ ဥပ္ပဇ္ဇတိ ကရောတိ၊ခါဒတိ ခနတိတို့အရ သုခဝေဒနာရ၏။

ယင်းသည် ဒဿနတ္ထ။

ပဿဒ္ဓိသည် ဒီပကတ္ထ။

သမာဓိသည် ပကာသနတ္ထ။

ပီတိ ပါမောဇ္ဇ စသည်တို့သည် ဝိဘာဝတ္ထ။

ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

**(င) ဝိပဿနာ၏ အရ-** ဝိပဿနာဉာဏ်သည် ဒဿနတ္ထ။

တေဘူမကတရားတို့သည် ဒီပကတ္ထ။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ပကာသနတ္ထ။

ယောနိသောမနသိကာရသည် ဝိဘာဝတ္ထ။

ပစ္စဝေက္ခဏာဉာဏ်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

**(က) ယံ မေ့ဓာတံ ပါဠိသေသကတ္တာပုဒ်အရ-** သောမနဿဝေဒနာပစ္စည်း တရားသည်၊သုခယတိ- အရ ဝေဒနာသမ္ပယုတ် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတ-ဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၂၊ ဣံ, ဈာ။

**သုခယတိ-** အရ သောမနဿဝေဒနာပစ္စည်းတရားသည်၊ကရဇကာယဥ္စ-ပါဠိသေသ ကံပုဒ်အရ- ခန္ဓာငါးပါးအား ပကတူပဖြင့် ကျေးဇူးပြု။

http://www.dhammadownload.com



(င) ဓမ္မေ- အရ တေဘူမက ပစ္စည်းတရားသည်၊ပဿတိ- အရ ဝိပဿနာ ဉာဏ်ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ကျေးဇူးပြု။
ပြိုင်- ယထာရဟ, အာရမ္မဏမျိုး ၈-ပစ္စည်း။

## ဝါကျစဉ် (၅၅)

(က)သဒ္ဓဟတ္ထံ ဓောယ, သယံ ဝါ သဒ္ဓဟတိ, သဒ္ဓဟနမတ္တမေဝ ဝါ သောတိ သဒ္ဓါ၊

(ခ) သာဝ အဿဒ္ဓိယဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊

(ဂ) အဓိမောက္ခလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ၊

(ဃ)သဒ္ဓါဝ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံ။

(င) သာ ပနေသာ သမ္ပသာဒနလက္ခဏာ စ သဒ္ဓါ, သမ္ပက္ခန္ဒနလက္ခဏာ စ။

၁၃၄၀-ခု၊ အစိုးရ [ အဘိ။ ဋ ။ ၁၆၂ ]

## နံပါတ် (၁)

(က) ဓောယ ဓမ္မဇာတိယာ၊ ဖြင့်။ သမ္ပယုတ္တဓမ္မာ၊ တို့သည်။ တံသမင်္ဂီ ပုဂ္ဂလာ၊ ထိုသဒ္ဓါနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည်။ သဒ္ဓဟတ္ထံ၊ ယုံကြည်တတ်ကုန်၏။ ဣတိတသ္မာ။ သာဓမ္မဇာတိ။သဒ္ဓါ၊ ၏။

(ခ) သာဝ၊ ထိုသဒ္ဓါသည်ပင်။ အဿဒ္ဓိယဿ၊ မသဒ္ဓါသောသူ၏အဖြစ်ကို။ အဘိဘဝနတော၊ နှိမ်နှင်းလွှမ်းမိုးတတ်သည်၏အဖြစ်ကြောင့်။ အဓိပတိယဋ္ဌေန၊ မိမိနှင့်စပ်သောတရားတို့ကို အစိုးရသည်၏အဖြစ် အကြီးအမှူး၏အဖြစ်ကြောင့်။ ဣန္ဒြိယန္တိ၊ မည်သည်လည်း။ ဟောတိ။

(ဂ) အဓိမောက္ခလက္ခဏေ၊ ကြည်ညိုယုံကြည်ခြင်းဖြစ်၍ဖြစ်သော တရား အစရှိသောဝတ္ထု၌ဖြစ်သော ဆုံးဖြတ်ခြင်းလက္ခဏာ၌။ ဣန္ဒဋ္ဌံ၊ မိမိ၏ အစိုးရသည်၏ အဖြစ်ကို။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။

(င) ပန၊-တပါး။ သာ ဧသာ သဒ္ဓါ၊ သည်။ သမ္ပသာဒနလက္ခဏာစ၊ သမ္ပယုတ်တရားတို့ကိုကြည်စေခြင်း လက္ခဏာရှိသည်လည်း။ ဟောတိ၊ သမ္ပက္ခန္ဒနလက္ခဏာစ၊ နောက်သို့မဆုတ် စုပ်စုပ်နစ်လျှက် သက်ဝင်သောလက္ခဏာရှိသည်လည်း။ ဟောတိ။

## နံပါတ် (၂)

(ဂ)သို့ ။ ။ ဆရာ (၁)ဖြင့် သဒ္ဓါသည်သာ အဿဒ္ဓိယကိုလွှမ်းမိုးနိုင်သည့်အတွက် အကြီးအကဲ၏အဖြစ်ဟူသောအနက်ကြောင့် ဣန္ဒြိယမည်သောဟု ဖွင့်ပြ အပ်၏။ ထိုသို့သော်။ ဤသကတ်နက်အကြောင်းကြောင့်သာ ဣန္ဒြိယမည်၏ဟူသောအနက်ရောက်ရာ၏။

http://www.dhammadownload.com



(င)သို့။ ။ဆရာ (ဃ)ဖြင့် သဒ္ဓိန္ဒြိယံကို သဒ္ဓါ၀ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံ ဟု အ၀ဓာရဏ ကမ္မဓာရည်းသမာသ်ဝစနတ္ထကို ဖွင့်ပြအပ်၏။ ထိုသို့- သော်။ သဒ္ဓိန္ဒြိယံ၏ ဝစနတ္ထကိုသာသိ၍ သဒ္ဓါ၏လက္ခဏာကို မသိရသေးသည်မဟုတ်ပါလော။

## နံပါတ် (၃)

(၀)ဝါ- သဒ္ဓါ။ ။ အဘိဘဝန-အနက်ဟော ဣဒသ+ဏျ၊ (တစ်နည်း) အဓိပတိ ယတ္တဝါစီ အနိပ္ဖန္နပါဋိပဒိကပုဒ် အဖြစ်မှတပါး။ ဣဒိ+ဏျ- ဖြင့်ပြီးသည်ကိုလဲပြလို၍ ဝါ-သဒ္ဓါဆို (သဒ္ဓါလဲ)။သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ကုသိုလ်စိတ္တုပ္ပါဒ်ကို လွှမ်းမိုးနိုင်သည့်အတွက် အကြီးအကဲ၏အဖြစ်ဟူသောအနက်ကြောင့် ဣန္ဒြိယမည်သည် မှတပါး ဆုံးဖြတ်ခြင်းလက္ခဏာ၌ အစိုးရသည်၏အဖြစ်ကို ပြုစေတတ်သည်၏အဖြစ်ကြောင့် ဣန္ဒြိယမည်၏ဟု သကတ်အနက်ကိုလဲပြလို၍ ဝါ- သဒ္ဓါဆို။

**တစ်နည်း။** ။ နံပါတ် (၆)ပါအတိုင်း ဝစနတ္ထလဲ။

ဝါကျအာလုံး အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

## နံပါတ် (၄)

**အဿဒ္ဓိယ** ။ ။ နတ္ထိ သဒ္ဓါ ယဿာတိ အသဒ္ဓေါ။

အသဒ္ဓိယဿ ဘာဝေါ အဿဒ္ဓိယံ။

အဿဒ္ဓ ပုဒ်+ဏျ သည်ငှ၊သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ် စိတ္တုပ္ပါဒ်နှင့် နိသျ+နိဿိတစပ် (ဗျု + နိ)။ သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်း ဖြစ်ရာအကုသိုလ်စိတ္တုပ္ပါဒ် (ဝါ)မိစ္ဆာဓိမောက္ခသည် (ပ + နိ)။

**အဓိပတိယဋ္ဌ။** ။ အဓီနံ အတ္တနာ အာယတ္တာနံ သမ္ပယုတ္တဓမ္မာနံ ပတိ အဓိပတိ။

အဓိပတိနော ဘာဝေါ အဓိပတိယံ။

အဓိပတိယံ အတ္ထော သဘာဝေါ ယဿာတိ အဓိပတိယဋ္ဌော။

အဓိမုစ္စနံ အဓိမောက္ခံ။

**ဣန္ဒ** ။ ။ ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒော။

ဣဒိ+က သည်ငှ၊ လွန်စွာအစိုးရခြင်းကိုပြုခြင်းကြီးယာသည်ငှ (ဗျု+နိ)။ လွန်စွာအစိုးရခြင်းကို ပြုခြင်းကြီးယာသည် (ပ + နိ)။

## နံပါတ် (၅)

အယံ ။ ။ အလိင် + ဇဏ္ဍဝိ + နိ + နိပါတ်။

ဣန္ဒဋ္ဌံ ။ ။ နပုံ + စိတ္တာဒိ + နိ + တဒ္ဓိတ်။ (ဣန္ဒဿ ဘာဝေါ ဣန္ဒဋ္ဌံ)

## နံပါတ် (၆)

(၁) အဿဒ္ဓိယဿ အဘိဘဝနတော- ဖြင့် ဣန္ဒြိယံ၌ ဣဒသ+ဏျ၊ ဣဒသဓာတ်၏ အဘိဘဝန-အနက်၌ဖြစ်သည်ကိုရင်း၊ ဣဒသတိ အဘိဘဝတီတိ -

http://www.dhammadownload.com



ဣန္ဒြိယံ-ဟု ဝစနတ္ထပြုအပ်သည်ကိုငင်း၊ ဤသိယံ-ဟုဆိုလိုလျှက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယပြီးသည်ကိုငင်း၊ သဒ္ဓါမရှိသူ၏ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို လွှမ်းမိုးနိုင်ခြင်းကြောင့် ဣန္ဒြိယမည်သည်ကိုငင်း သိစေ။

**အဓိပတိယဋ္ဌေန-** ဖြင့် ဣန္ဒြိယသဒ္ဒါသည် အဓိပတိအနက်ကိုဟောသော အနိပ္ဖန္နပါတိပဒိကပုဒ်ဖြစ်သည်ကို သိစေ။ သာဝ- ဖြင့် ဣန္ဒြိယအရ သဒ္ဓါကိုပင် ကောက်ယူအပ်သည်ကို သိစေ။

**မှတ်ချက်။ ။ အဓိပတိယဋ္ဌေန- ဖြင့် ဣန္ဒြိယ-သဒ္ဒါ၏ အစိုးရခြင်း-အဓိပတိ အနက်ကိုဟောသော အနိပ္ဖန္နပါတိပဒိကပုဒ်ဖြစ်သည်ကို သိစေ။**

**အဿဒ္ဓိယဿ အဘိဘဝနတော-** ဖြင့် အစိုးရခြင်းဟူသည် သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို လွှမ်းမိုးနိုင်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။ (ဘာ+ဋီ)

**(ဂ) ဣန္ဒလိင်္ဂ ကာရေတိ-** ဖြင့် ဣန္ဒြိယံ၌ ဣဒိ+ဏျ၊ ဣဒိ ၏ ပရမိဿရိယ အနက်၌ဖြစ်သည်ကိုငင်း ဏျ၏ကတ္တုသာဓန၌ သက်သည်ကိုငင်း၊ ဣန္ဒတိ ပရမိဿ ရိယံ ကရောတီတိ ဣန္ဒြိယံဟု ဝစနတ္ထပြုအပ်သည်ကိုငင်း၊ ဣန္ဒြိယံ-ဟုဆိုလိုလျှက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယပြီးသည်ကိုငင်း သိစေ။

**မှတ်ချက်။ ။ ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒော။ (မြတ်စွာဘုရားနှင့် ကံကိုရ)။ ဣန္ဒေန ဒေသိတံ ဣန္ဒြိယံ။ ဣန္ဒဿ လိင်္ဂံ ဣန္ဒြိယံ။ ဤသို့စသည်ဖြင့် ဖွင့်ဆိုထားသောနည်းများကို ဘာ+ဋီ ၌ရှု။**

**အဓိမောက္ခလက္ခဏေ-** ဖြင့် အစိုးရသည်၏အဖြစ်ကို ပြုတတ်သည်ဟူသည် ယုံကြည်ဘွယ်ဝတ္ထုကို ယုံကြည်သောအားဖြင့် ဆုံးဖြတ်ခြင်းလက္ခဏာ၌ အစိုးရသူ၏ အဖြစ်ကို ပြုစေခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

**သဒ္ဒဟန မတ္တမေဝ. . .**
ဘာဝသတ္တိသည် ဂဟေတဗ္ဗ။
ကတ္တုသတ္တိ, ကရဏသတ္တိသည် နိဝတ္တေတဗ္ဗ။
သဒ္ဓါသည် အနုညာတ။
**(င) စ- အညမညသမုစ္စည်း။**
**သာဝ. . .**
သဒ္ဓါသည် ဂဟေတဗ္ဗ။
သတ္တဇီဝသည်ငင်း၊ ဣန္ဒြေမထိုက်သော ဖဿစသောတရားတို့သည်ငင်း နိဝတ္တေတဗ္ဗ။
ဣန္ဒြေထိုက်သော သတိ, ဝီရိယစသောတရားတို့သည် အနုညာတ။

http://www.dhammadownload.com


နံပါတ် (၉)

အသာဗ္ဗိယံ-အရ အကုသိုလ်စိတ္တုပ္ပါဒ် (တစ်နည်း) မိစ္ဆာမိမောက္ခ သည် ဒဿနတ္ထ။

အယောနိသောမနသိကာရသည်ငှင်း၊ ပုရာဏကဿပစသော မယုံကြည်ထိုက်သောပုဂ္ဂိုလ်တို့သည်ငှင်း ဒိပကတ္ထ။

ကိုယ်စိတ် ၂-ပါး ဆင်းရဲခြင်းသည်ငှင်း၊ အကုသိုလ်တရားတိုးပွါးရခြင်းသည်ငှင်း ပကာသနတ္ထ။

ဗာလူပသေဝန, အသဗ္ဗမွဿဝန စသည်သည် ဝိဘာဝတ္ထ။

အပါယ်ဆင်းရဲ မကောင်းဂတိရောက်ရှိရခြင်းသည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

(က) တေဟယ- အရ သဋ္ဌါပစ္စည်းတရားသည်၊သဒ္ဓဟန္တိ- အရ သမ္ပယုတ်တရား ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၃၊ ငယ်။

သယံ- အရ သဋ္ဌါတရားတည်းဟူသော နာမက္ခန္ဓာ သုံးပါး နှစ်ပါး တစ်ပါး ပစ္စည်းတရားသည်၊သဒ္ဓဟတိ-အရ သဋ္ဌါတရားတည်းဟူသော နာမက္ခန္ဓာ တစ်ပါး နှစ်ပါး သုံးပါး ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။ (တစ်နည်း) ရှေးရှေးသော သဋ္ဌါတရားပစ္စည်းသည်၊နောက်နောက်သော သဋ္ဌါတရားပစ္စယုပ္ပန်တရားအား အနန္တရဖြင့် ကျေးဇူးပြု။

အသာဗ္ဗိယဿ- အရ အကုသိုလ်စိတ္တုပ္ပာဒ် (ဝါ) မိစ္ဆာမိမောက္ခ ပစ္စည်းတရားသည်၊အဘိဘဝနတော-အရ သဋ္ဌါ (ဝါ) သဋ္ဌါစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပဖြင့် ပြု။

ဝါကျချစ် (၅၆)

(က)ဝီရဿ ဘာဝေါ ဝီရိယံ၊ ဝီရာနံ ဝါ ကမ္မံ ဝီရိယံ၊ ဝိဓိနာ ဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဝီရိယံ၊

(ခ) တဒေဝ ကောသဇ္ဇဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊

(ဂ) ပဂ္ဂဟဏလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ)ဝီရိယမေဝ ဣန္ဒြိယံ ဝီရိယိန္ဒြိယံ။

(င) တံ ပနေတံ ဥပတ္ထမ္ဘနလက္ခဏဥ္စ ဝီရိယံ, ပဂ္ဂဟဏလက္ခဏဥ္စ။

(စ) ယထာ ဟိ ဇိဏ္ဏကဃရံ အာဂန္တုကေန ထူဏုပတ္ထမ္ဘေန တိဋ္ဌတိ၊ ဧဝမေဝ ယောဂါဝစရော ဝီရိယုပတ္ထမ္ဘေန ဥပတ္ထမ္ဘိတော ဟုတွာ သဗ္ဗာကုသလဓမ္မေဟိ န ဟာယတိ န ပရိဟာယတိ။

(ဆ)ဧဝံ တာဝဿ ဥပတ္ထမ္ဘနလက္ခဏတာ ဝေဒိတဗ္ဗာ။ [ အဘိ။ ၄ ။ ၁၆၃]

http://www.dhammadownload.com



နံပါတ် (၁)

(ခ) တဒေဝ၊ ထိုဝီရိယသည်ပင်။ ကောသဇ္ဇဿ၊ ကောသဇ္ဇကို (ဝါ)ပျင်းရိသူ၏အဖြစ်ကို။ အဘိဘဝနတော၊ ကြောင့်(ဝါ)အတွက်။ အဓိပတိယဋ္ဌေန၊ ကြောင့်။ ဣန္ဒြိယံ၊ မည်၏။

(င) ပန၊ ဆက်။ (တစ်နည်း)။ပန၊ ပဒတ္ထမှတပါး လက္ခဏာဒျောတကား။ တံ ခဏံဝီရိယံ၊ သည်။ ဥပထမ္ဘန လက္ခဏဥ္စ၊ သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်းလက္ခဏာ ရှိသည်ငှင်း။ ပဂ္ဂဟဏလက္ခဏဥ္စ၊ သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်းလက္ခဏာ ရှိသည်ငှင်း။ ဟောတိ၊ ၏။

(စ) ဟိ၊ ဥပမာဆောင်ထင်အောင်ပြဦးအံ့။

(ဆ)ဧဝံ၊ ဤသို့လျှင်။ တာဝ၊ ပဂ္ဂဟဏလက္ခဏာမှရှေးဦးစွာ။အဿ၊ ထိုဝီရိယ၏။ ဥပထမ္ဘနလက္ခဏတာ၊ ဥပထမ္ဘနလက္ခဏာရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

နံပါတ် (၂)

(စ)သို့ ။ ။ဆရာ သည် (င)ဝါကျဖြင့် ဝီရိယသည် ဥပထမ္ဘနလက္ခဏာရှိ၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်။ ဝီရိယ၏ ဥပထမ္ဘနလက္ခဏာဖြစ်ပုံကို ဥပမာနှင့်တကွ ထင်ရှားစွာမသိအပ်ဟူသောအနက် ရောက်ရာ၏- စုဒ်ကြောင့် (စ)ဝါကျမိန့်။

နံပါတ် (၃)

(က) ဝါ- သဒ္ဒါ။ ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်မှတပါး ကမ္မတဒ္ဓိတ် အနက် လဲပြလို၍ ဝါသဒ္ဒါထားပါသည်။

**တစ်နည်း။** ။ ဘာဝတဒ္ဓိတ်ဝစနတ္ထမှတပါး ကမ္မတဒ္ဓိတ်ဝစနတ္ထကို လဲပြလို၍ ဝါ-သဒ္ဒါထားပါသည်။ (အနက်လဲ)။

**တစ်နည်း။** ။ ဝီရိယပုဒ်၏ မုချသဒ္ဒါမှတပါး ဖလူပစာသဒ္ဒါဖြစ်သည်ကို လဲပြလို၍ ဝါ-သဒ္ဒါထားပါသည်။ (သဒ္ဒါလဲ)

(အကြောင်းဝီရိယ၏အမည်ကို ဝီရိယဖြင့်လုပ်ရသော အကျိုးအလုပ်၌ တင်စား၍ဆိုသောကြောင့် ဖလူပစာ)

ဒုတိယ ဝါ-သဒ္ဒါ ဝီရိယသဒ္ဒါ၏ တဒ္ဓိတ်ပုဒ်အဖြစ်မှတပါး သမာသ်ပုဒ်အဖြစ်ကိုလဲပြလို၍ ဝါ-သဒ္ဒါထား။

**တစ်နည်း။** ။ ရဲရင့်သူ၏အဖြစ် ရဲရင့်သူတို့၏အလုပ်ဟူသော သကတ်နက်ကြောင့် ဝီရိယမည်သည်မှတပါး သင့်လျော်သော ပုဗ္ဗပယောဂ ဥပါယအစီအရင်ဖြင့် ဖြစ်စေအပ်သောကြောင့် ဝီရိယမည်၏ဟု သကတ်နက်အကြောင်းတပါးကို လဲပြလို၍ ဝါ-သဒ္ဒါထား။

(စ) ဝါကျဖြင့် (င)ဝါကျ၌ ဝီရိယသည် ဥပထမ္ဘန လက္ခဏာရှိ၏ဟုဆိုရာ-

http://www.dhammadownload.com


ဝီရိယ၏ ဥပထမ္ဘနလက္ခဏာဖြစ်ပုံသည် မထင်ရှားမပြည့်စုံ သို့အတွက် ယင်း(င)ဝါကျ၌ စကားမပြည့်စုံခြင်း မပျံ့နှံ့ခြင်း အဗျာပိတ အပရိပုဏ္ဏဒေါသသင့်ရောက်နေ၏။ (စ)ဝါကျဖြင့် ဝီရိယ၏ ဥပထမ္ဘနလက္ခဏာဖြစ်ပုံကို ပြည့်ပြည့်စုံစုံ ဥပမာနှင့်တကွ ထင်ရှားစွာဆိုသောကြောင့် (စ)ဝါကျသည် (င)ဝါကျ၌တင်သော အဗျာပိတ အပရိပုဏ္ဏဒေါသကို စင်စေသည်။

**တစ်နည်း။** ။ ဝီရိယ၏ ဥပထမ္ဘနလက္ခဏာရှိပုံကို ဆိုပြီးဖြစ်သော်လည်း ဥပထမ္ဘနလက္ခဏာဖြစ်ပုံကား မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် မသိသာ မထင်ရှားသေး ထို့ကြောင့် ဥပမာနှင့်တကွ သိသာထင်ရှားအောင် ဆိုအပ်ရကား (စ)ဝါကျ၌ ပုနရုတ္တိဒေါသ မသင့်ရောက်။

## နံပါတ် (၄)

**ဝီရိယတီတိ ဝီရော။**

**တုဋ္ဌိတံ သီဒတီတိ ကုသီဒေါ၊ ကုသီဒဿ ဘာဝေါ ကောသဇ္ဇံ။**

**ဇိရတီတိ ဇိဏ္ဏံ၊ ဇိဏ္ဏဥ္စ တံ ယရဥ္စာတိ ဇိဏ္ဏယရံ၊ အာဂစ္ဆတီတိ အာဂန္တုကော။**

**ထရီယတိ အဘိတ္တိဝီယတီတိ ထူဏာ၊ ဓာရေတီတိ ဝါထူဏာ။**

ထုဓာတ်+ဥနပစ္စည်းသည်ရင်း၊ ချီးမွမ်းခြင်းကြိယာသာမညသည်ရင်း - (ဗျုပ္ပတ္တိနိမိတ်)။ ချီးမွမ်းခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

**ဥပထမ္ဘတီတိ ဥပတ္ထမ္ဘော၊ ထူဏာမေဝ ဥပတ္ထမ္ဘော ထူဏူပတ္ထမ္ဘော။** (ပြည် နိဿျ)
**ဥပထမ္ဘတိ ဧတေနာတိ ဥပထမ္ဘံ၊ ဥပထမ္ဘံ ထူဏာ ထူဏူပတ္ထမ္ဘံ။** (ဘာ+ဋီ)

## နံပါတ် (၅)

ဝိမိန ။ ။ ပုလ္လိင် + ရတ္တာဒိဂိုဏ်း + ဣကာရန် + ကိတ်နာမ်ပုဒ်။
ဥပထမ္ဘန။ ။ နပုလ္လိင် + စိတ္တာဒိဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + ကိတ်နာမ်ပုဒ်။
ဇိဏ္ဏ ။ ။ နပုလ္လိင် + စိတ္တာဒိဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + ကိတ်နာမ်ပုဒ်။
ထူဏာ ။ ။ ပုလ္လိင် + နပုလ္လိင် + ပုရိသာဒိ + စိတ္တာဒိဂိုဏ်း+အကာရန်+ ကိတ်နာမ်ပုဒ်။

## နံပါတ် (၆)

(က). ဝီရဿ ဘာဝေါ-ဖြင့် ဝီရိယံ၌ ဝီရိယပုဒ်+ဏျပစ္စည်း ယင်းပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်၍၊ ဝီရဿ ဘာဝေါ ဝီရိယံဟု ဝစနတ္ထပြုအပ်သည်ကို သိစေသည်။ **ဝီရာနံ တမ္မံ-** ဖြင့် ဝီရိယံ၌ ဝီရပုဒ်+ဏျပစ္စည်း ယင်းဏျပစ္စည်း ကမ္မတဒ္ဓိတ် အနက်၌သက်၍ ဝီရာနံ ကမ္မံ ဝီရိယံဟု ဝစနတ္ထပြုအပ်သည်ကို သိစေသည်။ ဝိမိနာ ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗံဖြင့် ဝီရိယံ၌ ဝိပုဒ်+ဤရိယပုဒ် ဝိ-ဥပသာရ၏ ဝိမိအနက်၌ ဖြစ်သည်ကိုဧင်း။ ဤရိယံ၌ ဤရဓာတ်+ဏျပစ္စည်း ဤရဓာတ်၏ ပဝတ္တနအနက်၌-

http://www.dhammadownload.com


ဖြစ်သည်ကိုင်း၊ ဇျာပစ္စည်း၏ ကမ္မသာဓနေ၌သက်သည်ကိုင်း၊ ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဤ ရိယံဟု ဝစနတ္ထပြုအပ်သည်ကိုင်း၊ ဝိ-နှင့် ဤရိယ-ကို ဝိဓိနာ ဤရယိတဗ္ဗန္တိ ဝီရိယံဟု တတိယာတပ္ပုရိသ် ဝစနတ္ထပြုအပ်သည်ကိုင်း သိစေသည်။ နယေန ဥပါယေနဖြင့် ဤ၌ ဝိဓိ-အစီအရင်ဟူသည် နယ- နည်းလမ်း၊ ဥပါယ- သင့်သော အကြောင်းပင်ဖြစ်၏ဟု သိစေသည်။

## နံပါတ် (၇)

**ဝီရိယမေဝ ၌ ဧဝတ္ထ. . .**

ဝီရိယသည် ဂဟေတဗ္ဗတ္ထ။

သတ္တဇီဝသည်ငှင်း၊ ဝီရိယမထိုက်သော ဖဿစသောတရားတို့သည်ငှင်း နိဝတ္တေတဗ္ဗတ္ထ။

ဝီရိယမှတပါးသော သဒ္ဓါ သတိစသောတရားတို့သည် အနုညာတတ္ထ။

**ဧဝမေဝ ၌ ဧဝတ္ထ. . .**

ဝီရိယ၏ ထောက်တိုင်နှင့်တူခြင်း သဒိသဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။

ဝိသဒိသဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

ဝီရိယသည် အနုညာတတ္ထ။

(င) ပန-ဝါကျာရမ္ဘတ္ထ (ဝါ) ပက္ခန္တရတ္ထ။ (စ) ဟိ= တပ္ပါကဋီကရဏတ္ထ။

တာဝ = ပဌမတ္ထ, ကမတ္ထနှစ်နက်တို့တွင် ဤ၌ပဌမတ္ထအနက်ကိုယူ။

## နံပါတ် (၈)

**ကောသဇ္ဇအရ**-ပျင်းရိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ် (ဝါ) ထိန မိဒ္ဓ။ နဟာယတိအရ- ကုသိုလ်တရားတို့ မဆုတ်ယုတ်ခြင်းသည် ဒဿနတ္ထ။

ဝီရိယဟူသောထောက်တိုင်သည် ဒီပကတ္ထ။

ကုသိုလ်တရားတိုးပွားခြင်းသည် ပကာသနတ္ထ။

သံဝေဂဖြစ်ခြင်းသည်ငှင်း၊ ဝီရိယာရမ္ဘဝတ္ထုသည်ငှင်း ဝိဘာဝတ္ထ။

အားထုတ်ခြင်းဖြင့်ရအပ်သော သမ္ပတ္တိတရားတို့သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

**ထူဏူပတ္ထမ္ဘေန အရ**- ထောက်တိုင်ဟူသော ပညတ်ပစ္စည်းတရားသည်၊ တိဋ္ဌတိအရ ဆွေးမြေ့သောအိမ်ဟူသော သမူဟပညတ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့်ကျေးဇူးပြု။

**ဝိဓိနာနယေန အရ**- သင့်လျော်သောအကြောင်း ဥပါယ်ပစ္စည်းတရားသည်၊ ဤရယိတဗ္ဗံအရ ဝီရိယ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

http://www.dhammadownload.com



ဝါကျစဉ် (၅၇)

(က) သရန္တိ တေနာယ သယံ ဝါ သရတိ, သရဏမတ္တမေဝ ဝါ ဧသာတိ သတိ။

(ခ) သာဝ မုဋ္ဌဿစ္စဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊

(ဂ) ဥပဋ္ဌာနလက္ခဏေဝါ ဣန္ဒ္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သတိ စေဝ ဣန္ဒြိယံ သတိန္ဒြိယံ။

(င) သာ ပနေသာ အပိလာပနလက္ခဏာ စ သတိ ဥပဂ္ဂဏှနလက္ခဏာ စ။

(စ) ယထာ ဟိ ရညော ဘဏ္ဍာဂါရိကော ဒသဝိဓံ ရတနံ ဂေါပယန္တော သာယံ ပါတံ ရာဇာနံ ဣဿရိယသမ္ပတ္တိံ သလ္လက္ခာပေတိ သာရေတိ၊ ဧဝမေဝ သတိ ကုသလံ ဓမ္မံ သလ္လက္ခာပေတိ သရာပေတိ။

၁၃၂၉ - အစိုးရ (အဘိ။ ၄ ။ ၁၆၄)

နံပါတ် (၁)

(င)ဝါကျသို့ ။ ။ ဆရာသည် (က)စသောဝါကျတို့ဖြင့် သတိန္ဒြိယ၌ သတိပုဒ် ဣန္ဒြိယပုဒ် သတိန္ဒြိယပုဒ်တို့၏ အစိတ်ဝစနတ္ထ အပေါင်းဝစနတ္ထတို့ကို ဖွင့်ပြအပ်၏။ ထိုသို့- သော်။ ယင်း၌ သတိပုဒ်၏ ဝစနတ္ထကိုသာသိ၍ လက္ခဏာကို မသိအပ်သေး သည်မဟုတ်ပါလော- စုဒ်ကြောင့် (င)ဝါကျမိန့်။

(စ)ဝါကျသို့ ။ ။ ဆရာသည် (င)ဝါကျဖြင့် သတိ၏ အပိလာပနလက္ခဏာ၊ ဥပဂ္ဂဏှနလက္ခဏာတို့ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ သတိ၏ အမှတ်ရပုံကို ဥပမာနှင့်တကွ ထင်ရှားစွာမသိဟူသောအနက်သည် ရောက်ရာ၏။ သတိ၏အမှတ်ရ ပုံကို ဥပမာနှင့်တကွ ထင်ရှားစွာပြဆိုသင့်သေး၏။- စုဒ်ကြောင့် (စ)ဝါကျမိန့်။

နံပါတ် (၃)

(က)ဝါကျ (ပဌမ) ဝါသဒ္ဒါ ထားရခြင်း- တိ ပစ္စည်း ကရဏသာဓနဝစနတ္ထ မှတပါး ကတ္တုသာဓနဝစနတ္ထကိုလဲပြလို၍ ထားပါသည်။

ဒုတိယ ဝါ-သဒ္ဒါထားရခြင်း- တိ-ပစ္စည်း ကတ္တုသာဓနဝစနတ္ထမှတပါး ဘာဝသာဓနဝစနတ္ထကို လဲပြလို၍ ထားပါသည်။

(ဂ)ဝါကျ ဝါ-သဒ္ဒါထားရခြင်း- ဣန္ဒြိယသဒ္ဒါ၏ အဓိပတိအနက်ဟော အနိပ္ဖန္န ပါဒိပဋိကပုဒ်အဖြစ်မှတပါး ဣန္ဒဋ္ဌကာရ သဘာဝအနက်ဟော (တစ်နည်း) ဣန္ဒပုဒ် ဏျပစ္စည်းဖြင့်ပြီးသော နိပ္ဖန္နပါဒိပဋိကပုဒ် အဖြစ်ကို လဲပြလို၍ ထားပါသည်။ (တစ်နည်း) ဤသဓာတ်+ဏျပစ္စည်းဖြင့်ပြီးသော ကတ္တုဝစနတ္ထ ကိတ် ဝိဂြိုဟ်မှတပါး ဣန္ဒပုဒ်+ဏျပစ္စည်း ကာရေတိအနက်၌သက်၍ တဒ္ဓိတ်ဝစနတ္ထကိုလဲပြလို၍ရင်း၊ (တစ်နည်း) ဣဒိဓာတ်+ဏျပစ္စည်းဖြင့်ပြီးသော ကတ္တုဝစနတ္ထကိတ်ဝိဂြိုဟ်ကို လဲပြလို ၍ရင်း၊ (တစ်နည်း) ပျောက်ကင်းသောသတိရှိသူ၏အဖြစ်ကို လွှမ်းမိုးခြင်းဟူသော သကတ်နက်အကြောင်းမှတပါး အစိုးရသူ၏အဖြစ်ကို ပြုစေတတ်၏ဟူသော သကတ်နက်အကြောင်းကို လဲပြလို၍ ထားပါသည်။

http://www.dhammadownload.com



(ဃ)ဝါကျဖြင့် အဗျာပီတ၊အပရိပုဏ္ဏ ဒေါသပယ်။
(စ)ဝါကျဖြင့် အဗျာပီတ၊အပရိပုဏ္ဏဒေါသပယ်။

## နံပါတ် (၄)

**မုဋ္ဌာ သတိ ယဿာတိ မုဋ္ဌဿတိ။ မုဋ္ဌသတိနော ဘာဝေါ မုဋ္ဌဿစ္စံ။**

မုဋ္ဌသတိပုဒ်+ဏျပစ္စည်းသည်ရင်း၊ ပျောက်ကင်းသောသတိရှိသူ၏ ပျောက်ကင်းသောသတိနှင့် နိဿယ/နိဿိတ စပ် (ဗျုပ္ပတ္တိနိမိတ်)။

ပျောက်ကင်းသောသတိသည် (ပဝတ္တိနိမိတ်)။

**အဓိနံ အတ္တနာ အာယတ္တာနံ သမ္ဘယုတ္တာဓမ္မာနံ ပတိ အဓိပတိ။**

**အဓိပတိနော ဘာဝေါ အဓိပတိယံ။**

**ဣန္ဒတိ ပရမိဿရိယံ ကရောတီတိဣန္ဒော။ ဣန္ဒေန ဒေသိတံ ဣန္ဒြိယံ။**

**ဣန္ဒဿ လိင်္ဂံ ဣန္ဒြိယံ။**

**ပိလာပေတီတိ ပိလာပနံ။ န ပိလာပနံ အပိလာပနံ။**

ပ္လုဓာတ် (ပိလု)+ဏာပေပစ္စည်း ယုပစ္စည်းသည်ရင်း၊ ရေပေါ်၌ ပေါ်၍သွားခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ ဗူးတောင်းကဲ့သို့ ရေ၌မျော၍ သွားသကဲ့သို့ အာရုံကိုမျော၍ သွားခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

ဣန္ဒြိယံ = နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိတ်ကာရန် + တဒ္ဓိတ်ပုဒ်။
အဓိပတိယဋ္ဌေန= ပုလ္လိင် + ပုရိသာဒိ + ဩကာရန် + သမာသနာမ်ပုဒ်။
ရညော = ပုလ္လိင် + ရာဇာဒိ + အာကာရန် + ကိတ်နာမ်ပုဒ်။
ဒဿဝိဓံ = နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိတ်ကာရန် + သမာသ်နာမ်ပုဒ်။
သာယံ = ပုလ္လိင် + ပုရိသာဒိ + ဩကာရန် + ကိတ်နာမ်ပုဒ်။
(သာယော သညာ ဒိနစ္စယော)

## နံပါတ် (၆)

(က) သရန္တတောယဖြင့်- သံတိ၌ သရဓာတ်+တိပစ္စည်း၊ ယင်းတိပစ္စည်း ကရဏသာဓနဉ်သက်၍ သရန္တိ တောယာတိ သတိ-ဟု ဝစနတ္ထပြု ပြည်သည်ကိုရင်း၊ ရ- ကျေ၍ ရုပ်ပြီးသည်ကိုရင်း သိစေပါသည်။

သယံ ဝါ သရတိ- ဖြင့် (ကတ္တုသာဓန ဖော်လေ)

သရဏမတ္တမေဝ ဝါ သောဖြင့် (ဘာဝသာဓန ဖော်လေ)

(ခ) အဓိပတိယဋ္ဌေန-ဖြင့် ဣန္ဒြိယသဒ္ဒါသည် အဓိပတိအနက်ကိုဟောသော အနိပ္ဖန္နပါဒိပဋိကပုဒ် ဖြစ်သည်ကို သိစေပါသည်။ မုဋ္ဌဿစ္စဿ အဘိဘဝနတောဖြင့် အစိုးရခြင်းဟူသည် လွတ်ကင်းသောသတိရှိသူ၏အဖြစ်ကို လွှမ်းမိုးနိုင်ခြင်းပင်တည်း

http://www.dhammadownload.com



ဟု သိစေပါသည်။ သာဝ-ဖြင့် ဣန္ဒြိယ အရ သတိကိုပင် အရကောက်ယူအပ်သည်ကို သိစေပါသည်။ (တစ်နည်း) သတိဇဝ ဣန္ဒြိယံ သတိန္ဒြိယံ ဟု အဝဓာရဏကမ္မဓာရည်း သမာသ်ဝစနတ္ထပြုအပ်သည်ကို သိစေပါသည်။ အဘိဘဝနတောဖြင့် ဣန္ဒြိယံ၌ ဤသဓာတ်+ဏပစ္စည်း ဤသဓာတ်၏ အဘိဘဝနအနက်ဟောသည်ကိုဂုင်း။ ဏပစ္စည်း၏ ကတ္တုသာဓနေ၌ဖြစ်သည်ကိုဂုင်း၊ ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံဟု ကတ္တုသာဓနေ ဝစနတ္ထပြုအပ်သည်ကိုဂုင်း၊ ဤသိယံဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယပုဒ်ပြီးသည်ကိုဂုင်း သိစေပါသည်။ အဓိပတိယဋ္ဌေန-ဖြင့် လွှမ်းမိုးခြင်းဟူသည် အကြီးအကဲ၏ အဖြစ်ပင်တည်းဟု သိစေပါသည်။ မုဋ္ဌဿစ္စဿ-ဖြင့် လွှမ်းမိုးခြင်းဟူသည် ပျောက်ကင်းသောသတိရှိသူ၏ အဖြစ်ကိုလွှမ်းမိုးခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ သာဝဖြင့် ရှေးနည်းအတိုင်းဖော်။

(ဂ)ဣန္ဒ၌ ကာရေတိ-ဖြင့် ဣန္ဒြိယံ၌ ဣန္ဒပုဒ်+ဏျပစ္စည်း၊ ယင်းဏျပစ္စည်း ကာရေတိအနက်၌သက်၍ ဣန္ဒ၌ ကာရေတီတိ ဣန္ဒြိယံဟု ဝစနတ္ထပြုအပ်သည်ကိုဂုင်း၊ ဣန္ဒိယံဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် န္ဒ၏ အ-ကို ရ-ပြု၍ ပြီးသည်ကိုဂုင်း သိစေပါသည်။(တစ်နည်း) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံဟု ဝစနတ္ထပြု၍ ဣဒိဓာတ်+ဏျပစ္စည်း၊ ယင်းဏျပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုဂုင်း သိစေပါသည်။ ဥပဋ္ဌာန လက္ခဏေဖြင့်- အာရုံသို့ကပ်၍တည်ခြင်းလက္ခဏာ၌ အစိုးရသူ၏ အဖြစ်ကို ပြုတတ်၏ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။ (ဂဏ္ဌိအလို ဖော်ပါသည်)။

## နံပါတ် (၇)

**သရဏမဂ္ဂမေဝ၌**

မဂ္ဂသည် ကရဏသတ္တိ ကတ္တုသတ္တိကိုကန့်သော နိဝတ္တာပနအဝဓာရဏ ဧဝကား ဘာဝသတ္တိကိုပြသော သန္နိဋ္ဌာနအဝဓာရဏအနက်

နိယံ။ ။ မဂ္ဂ, ဧဝ, နှစ်ပါးပြက, မဂ္ဂမြစ်ရံ, ဧဝသန္နိဋ္ဌာန်။

ဧဝဖြင့်- ဘာဝသတ္တိဂုဏ်သည် ဂဟေတဗ္ဗတ္ထ။

ကတ္တုသတ္တိ ကရဏသတ္တိသည် နိဝတ္တေတဗ္ဗတ္ထ။

သတိသည် အနုညာတတ္ထ။

သာဝ၌ ဧဝတ္ထ. . ၊ သတိသည် ဂဟေတဗ္ဗတ္ထ။

အခြားသော ဖဿစသော ဣန္ဒြေမထိုက်သော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

ဝိရိယ ပညာစသော ဣန္ဒြေထိုက်သောတရားတို့သည် အနုညာတတ္ထ။

တစ်နည်း။ ။သတိဗိုလ် သတိဗောဇ္ဈင် စသော အခြားအမည်များသည် အနုညာတတ္ထ။

http://www.dhammadownload.com


နံပါတ် (၉)

(က)ဝါကျ-အရ သတိကိုကောက်

ယင်းသည် ဒဿနတ္ထ။

သညာသည် ဒီပကတ္ထ။

ကြာမြင့်စွာသောကာလကပြုအပ်သောကိစ္စတို့ကို သိခြင်းသည် ပကာသနတ္ထ

သမာဓိစသောရှေးအကြောင်းတို့သည် ဝိဘာဝတ္ထ။

ကုသိုလ်တရားတို့တိုးပွားခြင်းသည် အနုဘာဝတ္ထ။

ဒသဝိဓံ ဂုတနံ ဂေါပယန္တော အရ- ဘဏ္ဍာစိုး၏ လုံခြုံစေသောအခြင်းအရာအား ဖြင့်ဖြစ်သော သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကောက်

ယင်းသည် ဒဿနတ္ထ။

မင်းပြစ် မင်းဒဏ်ကျရောက်ခြင်းမှ စိုးရိမ်ခြင်းသည် ဒီပကတ္ထ။

ရတနာတို့၏ ပျောက်ပျက်မှုမရှိခြင်းသည် ပကာသနတ္ထ။

မိမိ၏ ဘဏ္ဍာဂါရိကအဖြစ်သည် ဝိဘာဝတ္ထ။

မင်းထံမှချီးမြှောက်မှု လာဘသက္ကာရစသည်သည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

တေသ- အရ သတိပစ္စည်းတရားသည်၊သရန္တိ- အရ- သမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ အညမည, သမ္ပယုတ္တ, ဝိပါက, ဣန္ဒြိယ,မဂ္ဂ။

ကုသလံ ဓမ္မံ အရ- ကုသိုလ်ပစ္စည်းတရားသည်၊သလ္လက္ခေပေတိ အရ- သတိ ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

♣♣♣♣♣♣♣♣♣♣♣

ဝါကျစဉ် (၅၈)

(က)ပဇာနာတီတိ ပညာ။

(ခ) ကိံ ပဇာနာတိ? "ဣဒံ ဒုက္ခံ"န္တိအာဒိနာ နယေန အရိယသစ္စာနိ။

(ဂ) အဋ္ဌကထာယံ ပန "ပညာပေတီတိ ပညာ"တိ ဝုတ္တံ။ ကိန္တိ ပညာပေတီတိ? "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ ပညာပေတိ။

(ဃ)သာဝ အဝိဇ္ဇာယ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊ ဒဿန- လက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ၊

(င) ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။ [ အဘိ။ ၄ ။ ၁၆၅ ]

နံပါတ် (၁)

(က) ယာ ဓမ္မဇာတိ၊ သည်။ ပဇာနာတိ၊ အပြားအားဖြင့်သိတတ်၏။

http://www.dhammadownload.com


(ခ) ဣဒံ၊ ဤတဏှာကြဉ်သော တေဘူမကဝဋ်တရားသည် (ဝါ) ဇာတိစသောဝဋ်တရားသည်။ ဒုက္ခံ၊ တည်း။ ဣတိ။ ဇာနာတိ။

(ဂ) ပန၊ အထူး။

(ဃ) သာဝ၊ ထိုပညာသည်ပင်။ အဝိဇ္ဇာယ၊ ကို။ အဘိဘဝနတော၊ နှိမ်နှင်းလွှမ်းမိုးတတ်သည်၏အဖြစ်ကြောင့်။ အဓိပတိယဋ္ဌေန၊ မိမိနှင့်စပ်သောတရားတို့ကို တရားတို့၏ အစိုးရသည်၏အဖြစ် အကြီးအမှူး၏ အဖြစ်ကြောင့်။ ဣန္ဒြိယံ၊ မည်၏။ ဒဿနလက္ခဏေ၊ မြင်ခြင်းလက္ခဏာ၌။ ဣန္ဒဋ္ဌံ၊ မိမိ၏ အစိုးရသည်၏အဖြစ်ကို။ သမ္ပယုတ္တဓမ္မေ- တို့ကို။ ကာရေတိ- ၏။

နံပါတ် (၂)

(ခ)သို့ဌပနာပဋ္ဌက ။ ။ ဆရာ (က)ဖြင့် သိတတ်သောကြောင့် ပညာဟုဆိုတော်မူ၏။ ထိုသို့- သော်။ သိတတ်သောပညာဟူသည် သိအပ်သောဥေယျဓမ္မနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ သိအပ်သော ဥေယျဓမ္မတို့ကိုလည်း ပြဆိုသင့်သေး၏။

(ဂ)သို့ပါပနာဒိ ။ ။ ဆရာ (က)ဖြင့် ပဇာနာတီတိ ပညာဟု ဆိုတော်မူ၏။ ယင်းသို့- သော်။ အခြားသောအဋ္ဌကထာဆရာတို့သည်လည်း ဆရာဆိုနည်းတူ ဆိုကြသည်ဟူသော အနက်ရောက်ရာ၏။ အခြားသော အဋ္ဌကထာဆရာတို့၏ အဆိုအမိန့်ကိုလည်း ပြဆိုသင့်သေး၏။

နံပါတ် (၃)

(ခ) အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

(ဂ) အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

(ဃ) အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

(င) အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

နံပါတ် (၄)

အရိယသစ္စာနိ။ ။ အရဟာတိ အဓိဂစ္ဆတိ မဂ္ဂဖလဓမ္မေတိ အရိယော။
ကိလေသေဟိ အာရကာတိ အရိယော။
သန္တေသု သာဓူသု ဘဝံ သစ္စံ။
သရတိ အာယတိ ဒုက္ခံ ဟိံသတီတိ သစ္စံ။ သတာနံ သစ္စံ။
အရိယာနံ သစ္စာနိ အရိယသစ္စာနိ။

အရိယပုဒ်+သစ္စပုဒ်သည်ရင်း။ အရိယာပုဂ္ဂိုလ်၏ သစ္စာတရားနှင့် သာမိ+သံစပ် (ဈ + နိ)။ အရိယသစ္စာတို့၏ တပါးသည်- ဇာတ်သည် (ပ + နိ)။

အနိစ္စ ။ ။ န သဘာဝေန ဣစ္စံ ဂန္တဗ္ဗန္တိ နိစ္စံ။
ဣစ္စံ ဂန္တဗ္ဗန္တိ ဣစ္စံ ။န ဣစ္စံ နိစ္စံ။ န နိစ္စံ အနိစ္စံ။

http://www.dhammadownload.com



## နံပါတ် (၅)

ကိ ။ ။ အလိုင် + သဗ္ဗနာမ် + နိဂ္ဂဟိတန္တ + သဗ္ဗနာမ်ပုဒ်။
ဣဒံ ။ ။ နပုံ + သဗ္ဗနာမ်ဂိုဏ်း + နိဂ္ဂဟိတန္တ + သဗ္ဗနာမ်။
အရိယ ။ ။ ပုံ + ပုရိသာဒိ + ဩ + တဒ္ဓိတ် (ကိတ်)
အဘိဘဝနတော။ ။ အလိုင် + ဂဏာဝိမုတ် + ဩ + နိပါတ်။
(တော ပစ္စည်း ဆုံးနေသည်။)
အနတ္တ ။ ။ နပုံ + စိတ္တာဒိ + နိ + သမာသ်။

## နံပါတ် (၆)

(က) ပဇာနာတီတိ- ဖြင့် ပညာ၌ ပ+ဉာ+အ ပစ္စည်း ယင်းအပစ္စည်း၏ ကတ္တုသာဓနေ၌သက်၍ ပဇာနာတီတိ ပညာ-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေ။

(ဃ) အဘိဘဝနတော- ဖြင့် ဣန္ဒြိယံ၌ ဣသ+ဏျ ပစ္စည်း ဣသဓာတ်၏ အဘိဘဝနတ္ထ၌ ဖြစ်သည်ကိုင်း၊ဏျပစ္စည်း၏ ကတ္တုသာဓနေ၌ဖြစ်သည်ကိုင်း၊ ဣသတိ အဘိဘဝတီတိ ဣသိယံ။ ဣသိယမေဝ ဣန္ဒြိယံဟု ဝစနတ္ထပြုအပ်သည်ကိုင်း၊ ဣသိယဟုဆိုလိုလျှက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယဟုပြီးသည်ကိုင်း သိစေ။

သာဝ အဝိဇ္ဇာယ အဓိပတိယဋ္ဌေန- ဖြင့် အဝိဇ္ဇာကိုလွှမ်းမိုးနှိပ်စက်၍ အစိုးရသောကြောင့် ဣန္ဒြိယမည်သည်၏အဖြစ်ကို သိစေ။ဣန္ဒ၌ ကာရေတိ- ဖြင့် ဣန္ဒြိယံ၌ ဣန္ဒပုဒ်+ဏျပစ္စည်း ယင်းဏျပစ္စည်း၏ ကာရေတိ တဒ္ဓိတ်အနက်၌သက်၍ ဣန္ဒ၌ ကာရေတီတိ ဣန္ဒြိယံ-ဟု ဝစနတ္ထပြုအပ်သည်ကိုင်း၊ ဣန္ဒသဒ္ဒါ၏ ဘာဝပ္ပဓာန ဘာဝလောပအဖြစ်ကိုင်း၊ ဣန္ဒိယဟုဆိုလိုလျှက် ဣန္ဒြိယဟုပြီးသည်ကိုင်း သိစေ။

ဒဿနလက္ခဏေဝါ- ဖြင့် မိမိအစိုးရသည်၏အဖြစ်ကိုပြုခြင်းဟူသည် မြင်ခြင်းလက္ခဏာ၌ မိမိအစိုးရသည်၏အဖြစ်ကို ပြုခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

## နံပါတ် (၇)

သာဝ ၌ ဧဝ. . . ပညာသည် ဂဟေတဗ္ဗ။
သတ္တဇီဝသည် နိဝတ္တေတဗ္ဗ။
အခြားသော ဣန္ဒြေထိုက်သောတရားများသည် အနုညာတတ္ထ။
ဧဝ၏ အတ္ထုဒ္ဓေသ-နိဝတ္တာပနအဝဓာရဏတ္ထ။

## နံပါတ် (၈)

အဝိဇ္ဇာယ-အရ မောဟရ၏။
စိတ္တဿ အန္ဓဘာဝလက္ခဏာသည် ဒဿနတ္ထ။
အယောနိသောမနသိကာရပဒဋ္ဌာန်သည် ဒီပကတ္ထ။

http://www.dhammadownload.com



အသမ္ပဋိဝေဓသမ္ပတ္တိရသသည် ပကာသနတ္ထ။
အာရမ္မဏသဘာဝဇ္ဈာဒနကိစ္စရသသည် ဝိဘာဝတ္ထ။
အသမ္ပာပဋိပတ္တိပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

(က) ကံ ပုဒ်အရ- အရိယသစ္စာဟူသော မွှေ့ရုံ ပစ္စည်းတရားသည်၊ ပဇာနာတိ- အရ ပညာပြခန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ကျေးဇူးပြု။
ပြိုင်- အာ, ဓိ, ဥပ, ပုရေ, အတ္ထိ, အဝိဂတ။

<<<<<<<<<

## ဝါကျစဉ် (၅၉)

(က) မနတီတိ မနော၊
(ခ) ဝိဇာနာတီတိ အတ္ထော။
(ဂ) အဋ္ဌကထာစရိယာ ပနာဟု "နာဠိယာ မိနမာနော ဝိယ, မဟာတုလာယ ဓာရယမာနော ဝိယ စ အာရမ္မဏံ မိနတိ ပဇာနာတီတိ မနော"တိ။
(ဃ) တဒေဝ မနနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ၊
(င) ဟေဋ္ဌာ ဝုတ္တစိတ္တသောဝေတံ ဝေဝစနံ။
(စ) ပီတိသောမနဿသမ္ပယောဂတော သောဘနံ မနော အဿာတိ သုမနော၊ သုမနဿ ဘာဝေါ သောမနဿံ။ [ အဘိ၊ ၄ ။ ၁၆၆ ]

## နံပါတ် (၁)

(က) ယောသဘာဝေါ၊ အာရမ္မဏံ၊ ကို။ မနတိ၊ သိတတ်၏။

(ခ) ဝိဇာနာတိ၊ သညာ ပညာတို့မှ ထူးသောအားဖြင့် သိတတ်၏။(ဝါ)ပိုင်းခြား၍သိခြင်း လက်ဦးသိခြင်း၏အစွမ်းဖြင့် သိတတ်၏။

(ဂ) ပန၊ အထူး။ နာဠိယာ၊ ကွမ်းစားဖြင့်။ မိနမာနောဝိယ၊ ခြင်၏သို့ရင်း။ မဟာတုလာယ၊ ကြီးစွာသောချိန်ခွင်ဖြင့်။ ဓာရယမာနောဝိယ၊ နှိုင်းချိန်သကဲ့သို့ရင်း။ အာရမ္မဏံ၊ ကို။ မိနတိ၊ ခြင်တတ်ချိန်တတ်၏။

(စ) ပီတိသောမနဿသမ္ပယောဂတော၊ ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့်။(ဝါ) ပီတိနှင့်ယှဉ်သော သောမနဿနှင့် သမ္ပယုတ်ဖြစ်ခြင်းကြောင့်။ သောဘနံ၊ တင့်တယ်သော။ မနော၊ သည်။ သုမနဿ၊ တင့်တယ်သော စိတ်ရှိသောပုဂ္ဂိုလ်၏။

## နံပါတ် (၂)

(ဂ)သို့ ။ ။ ဆရာ၊ (က+ခ)တို့ဖြင့် မနော၌ မန ဓာတ်ဖြစ်သည်ကိုရင်း၊ သိခြင်း

http://www.dhammadownload.com



အနက်ဟောသည်ကိုရင်း(ဝါ)သညာသိ ပညာသိကို မယူအပ်၊ ဝိညာဉ်သိယူအပ်၊ သည်ကိုရင်း ဖွင့်ပြအပ်၏။ ထိုသို့- သော်။ ရှေးအဋ္ဌကထာဆရာတို့သည်လည်း ဆရာကဲ့သို့ပင် ဖွင့်ဆို၏ဟု မှတ်သားနိုင်သည် မဟုတ်ပါလော။

နံပါတ် (၃)

(ခ) အတိဗျာပိတ ဒေါသပယ်။

(ဂ) အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

(င) အတိဗျာပိတ ဒေါသပယ်။

နံပါတ် (၄)

**နာဠိ။** ။ နဠတိ တဏ္ဍုလာဒယော ဗန္ဓတိတိ နာဠိ။

နဠ + ဏ္ဍကျံသည်ရင်း၊ နှောင်ဖွဲ့ခြင်းကြိယာသည်ရင်း (ဗျု+နိ)။

နှောင်ဖွဲ့ခြင်း ကြိယာဝိသေသသည် (ပ+နိ)။

**မဟာတုလာ။** ။ တုလီယတိ နိမ္မီယတိ တောယာတိ တုလာ။

မဟတီ တုလာ မဟာတုလာ။

**မိနမာန ။** ။ ပီတိစ သောမနဿဥ္စ ပီတိသောမနဿံ။

ပီတိယာ ဥပလက္ခိတံ သောမနဿံ ပီတိသောမနဿံ။

ပီတိသောမနဿေန သမ္ပယောဂေါ ပီတိသောမနဿသမ္ပယောဂေါ။

နံပါတ် (၅)

နာဠိ ။ ။ ဏ္ဍတ္ထိ + ရတ္တာဒိ + ဏ္ဍ + ကိတ်။

ဟေဋ္ဌာ ။ ။ အလိင် + ဂဏဝိ + အာ + နိပါတ်။

ဝေဝစနံ ။ ။ နပုံ + စိတ္တာဒိ + နိ + တဒ္ဓိတ်။ (ဝိဝိဓံ ဝစနံ ဝိဝစနံ။ ဝိဝစနမေဝ ဝေဝစနံ)၊

နံပါတ် (၆)

(ခ) ဝိဇာနာတိဖြင့်- မနော၌ မန ဓာတ်သည် မာန်မူခြင်းအနက်၌ မဖြစ် သိခြင်းအနက်၌ဖြစ်သည်ကို သိစေ။(တစ်နည်း) သညာသိ ပညာသိကို မယူအပ် ဝိညာဉ်သိ ယူအပ်သည်ကို သိစေ။

(ဂ) မိနတိဖြင့်- မနော၌ မိ+ယု။ ယင်း-ယု၏ ကတ္တုသာဓနေ၌ သက်၍ မိနတီတိ မနောဟု-ဝစနတ္ထပြုအပ်သည်ကို သိစေ။ မိနမာနော ဓာရယမာနောဖြင့် မိ-ဓာတ်သည် နှိုင်းချိန်ခြင်းအနက်၌ ဖြစ်သည်ကို သိစေ။အာရမ္မဏံဖြင့်-နှိုင်းချိန်ခြင်းဟူသည် အာရုံကိုနှိုင်းချိန်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။ ပဇာနာတိဖြင့်- အာရုံကို နှိုင်းချိန်ခြင်းဟူသည် အာရုံကိုသိခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။နာဠိယာ စသည်ဖြင့် နှိုင်းချိန်ခြင်း၌ ဥပမာကို သိစေ။

http://www.dhammadownload.com



## နံပါတ် (၇)

ဝုတ္တစိတ္တသေဟ ၌ ဧဝ. . .

ဖဿပဉ္စမကရာသိ၌ စိတ္တသဒ္ဒါဖြင့် ညွှန်ပြအပ်သောစိတ်သည် ဂဟေတဗ္ဗ။

ဖဿ ဝေဒနာ သညာ စေတနာတို့သည် နိဝတ္တေတဗ္ဗ။

မနိန္ဒြိယ-သဒ္ဒါဖြင့် ညွှန်ပြအပ်သော စိတ္တဟူသော အမည်သည် အနုညာတ။

(ခ) ဝိဇာနာတိ ၌ ဝိ- ဝိသေသတ္ထ။

(ဂ) ပန- ဝိသေသတ္ထ၊ ပက္ခန္တရတ္ထ။

(ဃ) ဝေဝစနံ ၌ ဝိ- ဝိဝိဓ အနက်။ ဧတံ- ဖြင့် မနိန္ဒြိယ သဒ္ဒါကိုစွဲ။

## နံပါတ် (၈)

အဋ္ဌကထာစရိယာ ပနာဟု။ ရှေးအဋ္ဌကထာဆရာတို့၏ သန္တာန်၌ဖြစ်သော ဝိညတ္တိ သမုဋ္ဌာပက ဝိရိယပြဆန်းသော စိတ္တုပ္ပါဒ်။ ယင်းသည် ဒဿနတ္ထ။

မန-ပုဒ်၏ အဖွင့်ကို သောတုဇနတို့အား သိစေလိုသော ကောင်းမြတ်သော သမ္မာဆန္ဒသည် ဒီပကတ္ထ။

နာဠိယာ မိနမာနော စသည်ဖြင့် ဖွင့်ဆိုအပ်သော သဝိညတ္တိက စိတ္တဇသဒ္ဒ သည် ပကာသနတ္ထ။

ယောနိသောမနသိကာရစသော အကြောင်းတို့သည် ဝိဘာဝတ္ထ။

သောတုဇနတို့အား သုတမယဉာဏ်၊ စိန္တာမယဉာဏ် တိုးပွားခြင်းသည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

သောမနဿံ၌ ဗာဟျတ္ထအရ- သောမနဿဝေဒနာတရားသည်၊ အန္တတ္ထ- အရ- သောမနဿသဟဂုတ်စိတ် (၆၂)ခု ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ် စေတသိက် (၄၇)ခု ပစ္စယုပ္ပန်တရားအား၊ သဟဇာတဖြင့်ပြု။

မြိုင်- ကြီး ၄၊ လတ် ၃၊ ဏ္ဍ။

အဋ္ဌကထာစရိယာ=ရှေးအဋ္ဌကထာဆရာများသန္တာန်၌ဖြစ်သောသတိဝီရိယဉာဏ် ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ပစ္စည်းတရားသည်၊အာဟုအရ-ဝစီဝိညတ္တိစိတ္တဇရုပ် ပစ္စယုပ္ပန် တရားအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

မြိုင်-ကြီး(၄)လတ်(၁)ဝိပ္ပယုတ္တ၊ငယ်-ဟောဓိ၊ဏ္ဍ။မဂ်။

ဣတိသဒ္ဒါ- အာဟာရတ္ထ (တစ်နည်း)ဝိပ္ပလ္လာသတ္ထ။

ဣတိဟေတု ပကာရေသွ အာဒိမှိစာဝဓာရဏေ။
နိဒဿနေ ပဒတ္ထသ်၊ ဝိပ္ပလ္လာသေ သမာပနေ။

နံပါတ် (၈)

(ခ)ဝါကျ ကြီးယာငါးတန်. . . ကာမစ္ဆန္ဒသည် ဒဿနတ္ထ။
မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။
တတ္ထ ကတမော ကာမစ္ဆန္ဒော ကာမေ။ အစရှိသော ဒေသနာတော်အစဉ်သည် ပကာသနတ္ထ။
မြတ်စွာဘုရား၏ မဟာကရုဏာတော်သည် ဝိဘာဝတ္ထ။
ကာမစ္ဆန္ဒ၏ ဈာန်၏ဆန့်ကျင်ဘက်အဖြစ်ကို သိရခြင်းဟူသော ဝိဘင်း ပါဠိ

http://www.dhammadownload.com



တော်ကို နာရသဖြင့် ရရှိအပ်သော အကျိုးတရားများသည် အနုဘာဝတ္ထု။
မှတ်ချက်။ ။ဤ၌ တစ်ဝါကျလုံးကို ရှု၍ကောက်ထားသည်။အကယ်၍ သောစ
"တစ်ပုဒ်ချင်းကိုရင်း၊ ဝုတ္တော၌ ဓာတ်အရကိုရင်း မေးခဲ့သော်-
ကာမစ္ဆန္ဒသည် ဒဿနတ္တ။
အယောနိသောမနသိကာရသည် ဒီပကတ္တ
ဒေသနာဉာဏ်သည် ဒဿနတ္တ။
သတ္တဝါတို့၏အကျိုးစီးပွားကို လိုလားတော်မူခြင်းသည် ဒီပကတ္တ
ဤသို့ စသည်ဖြင့် ထုတ်ပါလေ။

## နံပါတ် (၁၀)

ကာမစ္ဆန္ဒောဃေဝ အရ- လောဘပစ္စည်းတရားသည်၊ အဓိပ္ပေတော-အရ ကြွင်းလောဘသမ္ပယုတ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၂၊ ဟေတု။
တစ်နည်း။ ။ ကာမစ္ဆန္ဒောအရ- ရှေးရှေးသော လောဘပစ္စည်းတရားသည်၊
အဓိပ္ပေတောအရ- နောက်နောက်သောလောဘ ပစ္စယုပ္ပန်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ။

●●●●●●●●●●●●●

## ဝါကျစဉ် (၈၂)

(က) တွောဝတာစ ပဌမဿဈာနဿ မဟာနင်္ဂ ဒသေတွာ သမ္ပယောဂင်္ဂ ဒဿေတုံ "သဝိတက္ကံ သဝိစာရ"န္တိ အာဒိ ဝုတ္တံ။
(ခ) တတ္ထ ယေဌာ ဝုတ္တလက္ခဏာဒိဝိဘာဂေန အပ္ပနာသမ္ပယောဂတော ရူပါဝစရဘာဝပ္ပတ္တေန ဝိတက္ကေန စေဝ ဝိစာရေနစ သဟ ဝတ္တတိ ရုက္ခောဝိယ ပုပ္ဖေနစ ဖလေနစာတိ ဣဒံ ဈာနံ "သဝိတက္ကံ သဝိစာရ"န္တိ ဝုစ္စတိ။
(ဂ) ဝိဘင်္ဂေ ပန ကမိနာ စ ဝိတက္ကေန ကမိနာစ ဝိစာရေန ဥပေတော ဟောတိ သမုပေတော "တိ အာဒိနာ နယေန ပုဂ္ဂလာဓိဋ္ဌာနာ ဒေသနာ ကတာ။
(ဃ) အတ္ထော ပန တတြာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။ [ အဘိ။ ၄ ။ ၂၁၀ ]

## နံပါတ် (၁)

(ခ) အပ္ပနာသမ္ပယောဂတော၊ အပ္ပနာဟုဆိုအပ်သောသမာဓိနှင့် အညီ အညွတ် အပြားတို့ဖြင့်ယှဉ်ခြင်းကြောင့်။
(ဂ) ပန၊ အထူး။ ကတာ၏ ကတ္တား ဘဂဝတာ။

http://www.dhammadownload.com



(ဃ)ပန္န- တထာပိ၊ ထိုသို့ဝိဘင်း၌ ပုဂ္ဂလအဓိဋ္ဌာန်ဒေသနာ၏ ပြုတော်မူအပ်သည်၏အဖြစ်သည်ရှိသော်လည်း။ (ဣမ၊ ဤအဌကထာ၌။ ဣမိနာဝ စိတ္တေန ဝတ္တေနာတိ အာဒိနာ၊ ဖြင့်။ ဧဝံဝသေန၊ ဖြင့်။ ဝုတ္တောယထာ။

## နံပါတ် (၂)

(ဝ)သို့ ဌပနာပဋ္ဌက။ ။ ဆရာ (ခ)ဖြင့် သဝိတက္ကသဝိစာရပုဒ်၏ ဝစနတ္ထ အဓိပ္ပါယ်ကို ဥပမာနှင့်တကွ ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ ဝိဘင်းပါဠိတော်၌လည်း သဝိတက္ကံ သဝိစာရံဟူ၍သာ ဟောဆို၏ဟု မှတ်သားနိုင်သည်မဟုတ်ပါလော။

(ဃ)သို့ ပါပနာဒိ ။ ။ ဆရာ (ဂ)ဖြင့် ဝိဘင်း၌ ဣမိနာဝ ဝိတက္ကေန စသည်ဖြင့် ပုဂ္ဂလအဓိဋ္ဌာန်ဒေသနာကို ဟောအပ်၏ဟုဖွင့်ပြအပ်၏။ ထိုသို့- သော်။ အနက်ကိုလည်း ပုဂ္ဂလအဓိဋ္ဌာန်အားဖြင့်သာ မှတ်သားအပ်၏ဟူသော အနက် ရောက်ရာ၏။- အနက်အားဖြင့်တူသည်ကိုလည်း ဖွင့်ဆိုသင့်သေး၏။ (တစ်နည်း) ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဝိဘင်းပါဠိတော်တို့သည် အနက်အဓိပ္ပါယ်အားဖြင့် ထူး၏ဟူသောအနက် ရောက်ရာ၏။

## နံပါတ် (၃)

(က) ပုနရုတ္တိဒေါသပယ်။ (တစ်နည်း) နိရတ္ထကဒေါသပယ်။

နိယံ ။ ။ အနုသန္ဓေပြ, ယင်းဝါကျ, ပုနရုတ္တိတင်။

(ဂ) အတိဗျာပိတဒေါသပယ်။ (တစ်နည်း) အဗျာပိတဒေါသပယ်။

(ခ) ဝုစ္စတိ သဒ္ဒါထားရကြောင်း- အပေါင်းဖြစ်သော ဝိတတ်ဝိစာရနှင့် ယှဉ်သော သမ္ပယုတ်တရားအားလုံး၏ သဝိတက္ကံ သဝိစာရံအမည်ကို အစိတ်ဖြစ်သောပဌမဈာန်ကို သဝိတက္ကံ သဝိစာရံဟု၍ ဧကဒေသျူပစာအားဖြင့်ခေါ်အပ်သည်ကို ပြလိုသောကြောင့် ဝုစ္စတိသဒ္ဒါဆို။

နိယံ ။ ။ ဝုစ္စတိ, ဝုတ္တံ, နာမံ, ရှိရာ ဥပစာ။

## နံပါတ် (၄)

ပဟာနင်္ဂ ။ ။ ပဟာတဗ္ဗန္တိ ပဟာနံ။ ပဟာနဉ္စ တံ အင်္ဂဉ္စာတိ ပဟာနင်္ဂံ။

ပဟာနပုဒ်+အင်္ဂပုဒ်သည်ရင်း၊ ပယ်အပ်သည်၏အဖြစ်၏ ကာမအကုသလ ဓမ္မဟူသော အစိတ်အပိုင်းနှင့် ဂုဏ်+ဂုဏေးစပ် (ဗျ+နိ)။ ကာမအကုသလ ဓမ္မ အစိတ်အပိုင်းတို့၏ ပဌမဈာန်မှ ကင်းကွာခြင်းကြိယာသည် (ပ+နိ)။

ရုက္ခ ။ ။ ရုဟတိ ဇာယတီတိ ရုက္ခော။

ရုဟ + ခ သည်ရင်း၊ ဖြစ်ခြင်းကြိယာသည်ရင်း (ဗျ+နိ)။ သစ်ပင်တို့၏တစ်ပင်သည် တစ်ပင်နှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် (ပ+နိ)။

ပုပ္ဖ ။ ။ ပုပ္ဖတိ ဝိကသတီတိ ပုပ္ဖံ။

ပုပ္ဖ + ဒ သည်ရင်း၊ ပွင့်ခြင်းကြိယာသည်ရင်း (ဗျ + နိ)။ လှပခြင်းဂုဏ်

http://www.dhammadownload.com



မွေးကြိုင်ခြင်းဂုဏ်သည် (ပ + နိ)။ (တစ်နည်း ဇာတ်-ထုတ်ပါ)

ဖလ ။ ။ ဖလတိ နိပ္ဖဇ္ဇတိ ဧတေနာတိ ဖလံ။

ဝိဘင် ။ ။ ဝိဘဇီယန္တိ ဓမ္မော ဧတ္ထ ဧတေနာတိဝါ ဝိဘင်္ဂေါ။

ဝိ-ဘဇ+ဏ သည်ရင်း။ ဝေဘန်ခြင်းကြိယာသည်ရင်း (ဗျု + နိ)။

ဝေဘန်ကြောင်းဖြစ်သော ဒေသနာဉာဏ်သည် (ပ + နိ)။

ပုဂ္ဂလာဓိဋ္ဌာန၊ ။ပုဂ္ဂလော အဓိဋ္ဌာနံ ဧတိဿာ ဒေသနာယာတိ ပုဂ္ဂလာဓိဋ္ဌာနာ။

ပုဂ္ဂလ+အဓိဋ္ဌာန+ဧတပုဒ် သည်ရင်း၊ ပုဂ္ဂိုလ်ဟူသောတည်ရာ၏ ဒေသနာတော်နှင့် ဌာန+ဌာနီစပ် (ဗျု + နိ)။ ပုဂ္ဂိုလ်ပဓာနဖြစ်ခြင်း ဂုဏ်သည် (ပ+နိ)။

## နံပါတ် (၅)

တွေ့ဝတာ။ ။ ပုံ + ဂုဏ်ဝါ + အာ + တဒ္ဓိတ် + နာဝိဘတ်။
(တစ်နည်း) ပရိစ္ဆေဒ-အနက်ဟောနိပါတ်)။

ယေဒွာ ။ ။ အလိင် + ဂဏဝိ + အာ + သတ္တမျန္တနိပါတ်။

ဒွေဓာ။ ။ ပုံ + ပု + ဩ + ကိတ်။ (တစ်နည်း) အလိင်+ဂဏဝိ+နိပါတ်။

က္ကမိနာ ။ ။ ပုံ + သဗ္ဗနာမ် + နိ + သဗ္ဗနာမ်။

## နံပါတ် (၆)

(ခ) ဝိတက္ကေန စေဝ သဟာဝတ္တတိ- ဖြင့် သဝိတက္ကံကို သဟ ဝိတက္ကေန ယံ ဝတ္တတီတိ သဝိတက္ကံဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုအပ်သည်ကိုရင်း၊ သ သည် သဟ သဒ္ဒါ၏ ကာရိယဖြစ်သည်ကိုရင်း သိစေ။(သဟာဝိစာရေန နည်းတူဖော်။) ဣဒံ ဈာန်-ဖြင့် သဝိတက္ကံ သဝိစာရံ- အရ ဉာဏ်ပဌမဈာန်ကို အရကောက်ယူအပ်သည်ကို သိစေ။ ရုက္ခော၀ိယ စသည်ဖြင့် သစ်ပင်သည် အပွင့် အသီးနှင့်တကွဖြစ်သကဲ့သို့ (ဝါ)ကင်း၍ မဖြစ်သကဲ့သို့ ထို့အတူ ဝိတက်ဝိစာရ အစိတ်အင်္ဂါမှကင်းလွတ်သော ဈာန်မည်သည် မရှိသော်လည်း ဉာဏ်ပဌမဈာန်ကို သဝိတက္ကံ သဝိစာရံဟု ယူအပ်သည်ကို သိစေ။ ရူပါဝစရ ဘာဝပ္ပတ္တေန-ဖြင့် ဝိတက်ဝိစာရဟူသည် ကာမစိတ်နှင့်ယှဉ်သော ဝိတက်ဝိစာရမဟုတ်၊ ရူပါဝစရအဖြစ်သို့ရောက်သော ဝိတက်ဝိစာရဟူသော အဓိပ္ပါယ်ကို သိစေ။ အပ္ပနာ သမ္ပယောဂတော-ဖြင့် ရူပါဝစရအဖြစ်သို့ရောက်ခြင်းသည် အပ္ပနာဟုဆိုအပ်သောသမာဓိနှင့် အညီအမျှယှဉ်ခြင်းကြောင့်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။ ယေဒွာ ဝုတ္တလက္ခဏာဒိ ဝိဘာဝေန-ဖြင့် ဉာဏ်ဝိတက် ဝိစာရဟူသည် အောက်၌ဆိုအပ်ပြီးလက္ခဏာစသည်ရှိသော ဝေဘန်အပ်ပြီးသော ဝိတက်ဝိစာရပင် ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေ။

## နံပါတ် (၇)

(ခ) စေဝ + စ။ အညမညသမုစ္စည်း။

http://www.dhammadownload.com



(ယ)ပန- သဒ္ဒါ။ဝိဘင်း၌ ပုဂ္ဂလအဓိဋ္ဌာန်ဒေသနာတော်ကို ပြုထားဘိ၏ဟု မနှစ် သက်- ကဲ့ရဲ့သည်ကို ထွန်းပြသောကြောင့် အရုစျုတ္တ ဂရဟာဓောတက။

အနက်အဓိပ္ပါယ်ကိုကား- ထိုအတိုင်းမှတ်သားထိုက်၏ဟု ချီးမွမ်းခြင်းကို ဆည်းသောကြောင့် သမ္ဘာဝနာသမ္ပုစ္စည်း။ (တစ်နည်း) ဧဝမေဝ ဒဠှဗ္ဗောပုဒ်၏ အနက်သည် မြတ်သောကြောင့် စပ်ရာပုဒ်၏ အနက်ကိုစွဲ၍ သမ္ဘာဝနတ္ထ အနုဂ္ဂဟတ္ထ။

ဧဝမေဝ ၌ ဧဝ. . .

ဓမ္မသင်္ဂဏီနှင့် ဝိဘင်းတို့၏ အနက်တူသည်၏အဖြစ်ဟူသော သဒိသဘော ဂုဏ်သည် ဂဟေတဗ္ဗ။

ဝိသဒိသဘောဂုဏ်သည် နိဝတ္တေတဗ္ဗ။

ဒေသနာတော်ပါဠိသည် အနုညာတ။

တစ်နည်း။ ။ ဓမ္မဓိဋ္ဌာန်ဒေသနာတော်သည် ဂဟေတဗ္ဗ။

ပုဂ္ဂလဓိဋ္ဌာန်ဒေသနာတော်သည် နိဝတ္တေတဗ္ဗ။

ဓမ္မဓိဋ္ဌာန်ဒေသနာတော်၏ ပုဂ္ဂလဓိဋ္ဌာန်ဒေသနာတော်နှင့် အနက် တူခြင်း သဒိသဘောဂုဏ်သည် အနုညာတ။

## နံပါတ် (၉)

ဒဠှဗ္ဗော ၌ ဓာတ်အရ- သောတဇနတို့သန္တာန်- သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်း သော ကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ ယင်းသည် ဒဿနတ္ထ။

ယောနိသောမနသိကာရသည် ဒီပကတ္ထ။

ယုံမှားသံသယကင်းစွာ အနက်အဓိပ္ပါယ်ကို သိရှိခြင်းအကျိုးသည် ပကာသနတ္ထ။

အဘိဓမ္မာလာအနက်အဓိပ္ပါယ်တို့ကို သိရှိပြီးနောက် သိရှိသည့်အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း အဘိဓမ္မာ ဆောင်ရဟန္တာဖြစ်ရခြင်းစသောအကျိုးသည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

(ခ)အပ္ပနာ-အရ ပဌမစျာန်သမာဓိ ပစ္စည်းတရားသည်၊ သမ္ပယောဂတော- အရ ပဌမစျာန်ဟူသော ဝိတက်ဝိစာရ ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၂၊ က္က၊ ဈာ၊ မဂ်။

□□□□□□□□□□□□□□

http://www.dhammadownload.com


## ဝါကျစဉ် (၈၃)

(က)ဝိဝေကဇန္တိ ဧတ္ထ ဝိဝိတ္တိ ဝိဝေကော၊ နီဝရဏဝိဂမောတိ အတ္ထော။
(ခ) ဝိဝိတ္တောတိ ဝါ ဝိဝေကော၊ နီဝရဏဝိဝိတ္တော ဈာနသမ္ပယုတ္တဓမ္မရာသီတိ အတ္ထော။
(ဂ) တသ္မာ ဝိဝေကာ တသ္မိံ ဝါ ဝိဝေကေ ဇာတန္တိ ဝိဝေကဇံ။
(ဃ)ပီတိသုခန္တိ ဧတ္ထ ပီတိသုခါနိ ဟေဋ္ဌာ ပကာသိတာနေဝ။
(င) တေသုပန ဝုတ္တပ္ပကာရာယ ပဉ္စဝိဓာယ ပီတိယာ ယာ အပ္ပနာသမာဓိသ္သ မူလံ ဟုတွာ ဝဍ္ဎမာနာ သမာဓိသမ္ပယောဂံ ဂတာ ဖရဏာပီတိ၊ အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတာ ပီတီတိ။ [ အဘိ။ ၄ ။ ၂၁၁ ]

### နံပါတ် (၁)

သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗ အနက်-

ဝိဝေကဇံ ၊ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။

တစ်နည်း။ ။ဝိဝေကဇံ ၊နီဝရဏတို့မှကင်းဆိတ်သော ဈာနသမ္ပယုတ်တရားအစု၌ ဖြစ်သော။တစ်နည်း။ ။ဝိဝေကဇံ၊ နီဝရဏတို့သည်ကင်းဆိတ်စေအင်သော ဈာနသမ္ပယုတ်တရားအစု၌ဖြစ်သော။

### နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် ဝိဝေကဇံ၌ ဝိဝေကပုဒ်၏ ဘာဝသာဓန ဝစနတ္ထနှင့် ဝိဝေကဟူသည် နီဝရဏတို့မှကင်းခြင်းပင်တည်းဟု အဓိပ္ပါယတ္ထကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ဝိဝေက၌ ဘာဝသာဓနဝစနတ္ထသာပြအပ်၏ အခြား ဝစနတ္ထမပြအပ်ဟူသောအနက်သည်ရင်း၊ နီဝရဏတို့မှကင်းဆိတ်ခြင်းဟူသော အဓိပ္ပါယတ္ထသာရှိ၍ အခြားအဓိပ္ပါယတ္ထမရှိဟူသောအနက်သည်ရင်း ရောက်ရာ၏။ အခြားဖြစ်သင့်သော ဝစနတ္ထနှင့် အဓိပ္ပါယတ္ထကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (က-ခ)တို့ဖြင့် ဝိဝေကဇံ၌ ဝိဝေကပုဒ်တစ်စိတ်၏ ဝစနတ္ထ အဘိဓေယျတ္ထ အဓိပ္ပါယတ္ထတို့ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ သံဝဏ္ဏေတဗ္ဗ၌ ဝိဝေကဇံဟု ရှိသောကြောင့် ယင်းအပေါင်းပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(င)ဝါကျသို့ ။ ။ ဆရာသည် (ဃ)ဖြင့် ပီတိသုခံ၌ ပီတိသုခတို့သည် အောက်၌ ဖွင့်ဆိုအပ်ပြီးဖြစ်၍ ထင်ရှားကုန်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ဤ၌လည်း အောက်ကာမာဝစရကုသလအဖွင့်၌ဆိုသည့်အတိုင်း ပီတိအရ ပီတိငါးမျိုးလုံး ယူအပ်၏ဟူသောအနက်ရောက်ရာ၏။- ဤ၌ ..လိုရှိအပ်သော ပီတိကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (င)ဝါကျမိန့်။

http://www.dhammadownload.com



(င)ဝါကျ အစိပ္ပေတ သဒ္ဒါထားရခြင်း- ပီတိသုခ်၌ ပီတိအရ ပီတိငါးမျိုးလုံးနှင့်ဆက်ဆံ၍ ငါးမျိုးလုံးကိုယူသင့်သော်လည်း ပဌမံ ဈာနံ-ဟူသော သဒ္ဒန္တရိတ်ကိုထောက်၍ ဤ၌ဖရဏာပီတိကိုသာ ယူအပ်၏။ ဤသို့ ပီတိငါးမျိုးဟူသောသာမညမှ ဖရဏာ ပီတိဟူသော ဝိသေသကို စကားလုယူသောအားဖြင့် ဆိုအပ်သည်ကိုပြလို၍ ထားပါ သည်။

(ခ)ဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။

(င)ဝါကျဖြင့် အတိဗျာပိတဒေါသပယ်။

## နံပါတ်(၄)

**စိတ္တံ နီဝရဏ္ဏ ပရိယောနန္ဓန္တီတိ နီဝရဏာနိ။**

နိပုဗ္ဗ-ဝရဓာတ်+ယုပစ္စည်းသည်ရင်း၊ နှောင့်ဖွဲ့ခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ နီဝရဏတရားတို့၏ တစ်ပါးသည်တစ်ပါးနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် (ပဝတ္တိနိမိတ်)။

**နီဝရဏေဟိ ဝိဝေဓာ နီဝရဏဝိဝေဓာ။**

နီဝရဏပုဒ်+ဝိဝမပုဒ်သည်ရင်း၊ နီဝရဏတရားတို့၏ ကင်းဆိတ်ခြင်းကြိယာနှင့် အကြောင်း/အကျိုးစပ် (ဗျုပ္ပတ္တိနိမိတ်)။ နီဝရဏတို့မှ ဝေးကွာခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

**ပဥ္စ ဝိဓာ ယာယာတိ ပဥ္စဝိဓာ။**

ငါးပါးအပြား၏ ပီတိနှင့် ပကာရ/ပကာရဝန္တ စပ် (ဗျုပ္ပတ္တိနိမိတ်)။ ငါးပါးပြားခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

ဧတ္ထ = အလိင် + ဂဏဝိမုတ် + အကာရန် + နိပါတ်ပုဒ်။

ဝိဝိတ္တံ = ဣတ္ထိလိင် + ရုဏ္ဍာဒိ + ဣကာရန် + ကိတ်နာမ်ပုဒ်။

နီဝရဏ = နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိကာရန် + ကိတ်နာမ်ပုဒ်။

တသ္မိံ = ပုလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + ဩကာရန် + သဗ္ဗနာမ်ပုဒ်။

ဟုတ္ဝာ = အလိင် + ဂဏဝိမုတ် + အကာရန် + နိပါတ်ပုဒ်။

## နံပါတ် (၆)

(က) ဝိဝိတ္တိဖြင့်- ဝိဝေကောဒ္ဓ ဝိပုဗ္ဗ-ဝိစဓာတ် + ဏပစ္စည်း။ ယင်းဏပစ္စည်း၏ ဘာဝသာဓနေ၌သက်၍၊ဝိဝေစနံ ဝိဝေကောဟု ဝစနတ္ထပြုရမည်ကို သိစေသည်။ နီဝရဏဝိဝေဓာဖြင့်- ဝိဝေကဟူသည် နီဝရဏတို့မှကင်းဆိတ်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (တစ်နည်း) ဝိဝေကော၌ ဝိစဓာတ်၏ ဝိဂမနအနက်ဟော သည်ကို သိစေသည်။

http://www.dhammadownload.com



(ခ) ဝိဝိစ္စောဖြင့်- ဝိဝေကော၌ ဝိပုဗ္ဗ-ဝိစဓာတ် + ဏပစ္စည်း၊ ယင်းဏပစ္စည်း ကတ္တုသာဓန၌သက်၍ ဝိဝိစ္စတီတိ ဝိဝေကောဟု ဝစနတ္ထပြုအပ်သည်ကိုသိစေသည်။ (တစ်နည်း) ဏပစ္စည်း ကမ္မသာဓန၌သက်၍၊ ဝိဝေစီယတေတိ ဝိဝေကောဟု ဝစနတ္ထ ပြုအပ်သည်ကို သိစေသည်။နီဝရဏာဝိဝိစ္စောဖြင့်-ကင်းဆိတ်၏ဟူသည် နီဝရဏတို့မှ ကင်းဆိတ်သည်ပင်ဖြစ်ဟူသောအဓိပ္ပါယ်ကို သိစေသည်။ဈာနသမ္ပယုတ္တာဓမ္မာသိ ဖြင့်- ဝိဝေကအရ ဈာန်နှင့်ယှဉ်သော သမ္ပယုတ်တရားအစုကို ကောက်ယူအပ်သည်ကို သိစေသည်။

## နံပါတ် (၇)

တသ္မိံ ဝိဝေကေ/ဝိဝေကာ-ဟု အရွဲ့တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓိဝိသယ-တ။

ပတာသိတာနေဝ၌ ဧဝ. . . ပကာသိတကြိယာသည် ဇောတကဗ္ဗတ္တ။

အပကာသိတကြိယာသည် နိဝတ္တေတဗ္ဗတ္တ။

ဤ၌ ဧဝသဒ္ဒါသည် သန္နိဋ္ဌာနအနက်ရှိ၏။ ထို့ကြောင့် အနုညာတတ္ထ မရနိုင် သန္နိဋ္ဌာနတ္ထဖြစ်ပုံကား ပီတိသုခတို့ကို အောက်၌မပြအပ်သေးသည်မဟုတ် စင်စစ်မုချ ပြအပ်ပြီးသည်သာတည်းဟု မြဲစေခြင်း ဆုံးဖြတ်ခြင်းကို ဆိုသော ကြောင့် ဧဝ-သဒ္ဒါ သန္နိဋ္ဌာနတ္ထ အကယ်၍ အနုညာတတ္ထထုတ်ခိုင်းလျှင် ပီတိသုခသည် (တစ်နည်း) အောက်၌ပြအပ်ပြီးသော ဖဿ.ဝေဒနာ စသည့် သည် အနုညာတတ္ထ။

## နံပါတ် (၈)

နီဝရဏဝိဝေကဇံ၏ရ - ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟုဆိုအပ်သော ကာမာဝစရ ဥပစာရ သမာဓိဇော ကောက်။- ယင်းသည် ဒဿနတ္ထ။

ကသိုဏ်း အာရုံတို့သည်၎င်း သီလစင်ကြယ်ခြင်းသည်၎င်း ဒီပကတ္ထ။

ပဌမဈာန်ကို ရရှိခြင်းသည် ပကာသနတ္ထ။

တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း ပဥ္စာနန္တရိယကံငါးပါးမှလွတ်ကင်းခြင်းသည် ဝိဘာဝတ္ထ။

အထက်အထက်ဈာန်တို့ကိုရရှိခြင်း ရူပဘုံ၌ပဋိသန္ဓေနေရခြင်းစသည်သည် အနုဘာဝတ္ထ။

ပီတိ - သမ္ပိယာယနလက္ခဏာသည် ဒဿနတ္ထ။

ပီညာဏပဒဋ္ဌာန်သည် ဒီပကတ္ထ။

ကာယစိတ္တပီနန ကိစ္စရသသည် ပကာသနတ္ထ။

ကာယစိတ္တဖရဏ သမ္ပတ္တိရသသည် ဝိဘာဝတ္ထ။

ဩဒဂျပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com


နံပါတ် (၁၀)

(က) ဝါကျအလို - ဝိဝေကဇံ၌ ဝိဝေကအရ နီဝရဏတို့မှကင်းဆိတ်ခြင်း ဥပစာရသမာဓိပစ္စည်းတ ၁သည်၊ ဇ-အရ ပဋ္ဌမဈာန် ပစ္စယုပ္ပန်တရားအား မဟာတ္ထ ပနိဿယသတ္တိဖြင့် ကျေးဇူးပြု (တစ်နည်း)အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြု။

(ခ) ဝါကျအလို၊ ဇ-အရ ပဋ္ဌမဈာန်ပစ္စည်းတရားသည် ဝိဝေက-အရ ဈာန သမ္ပယုတ်ကရားအစုအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသင့်ကား- ကြီး ၄၊ လတ် ၂၊ ဣန္ဒြိယ, ဈာန, မဂ္ဂ။

●●●●●●●●●●●

ဓါတ်ရှုစဉ် (၈၄)

(က) အယဥ္စ ပီတိ ဣဒဥ္စသုခံ အဿဈာနဿ အသ္မိံ ဝါ ဈာနေ အတ္ထီတိ ဣဒံ ဈာနံ "ပီတိသုခ"န္တိ ဝုစ္စတိ။

(ခ) အထဝါ ပီတိစ သုခဥ္စ ပီတိသုခံ ဓမ္မဝိနယာဒယောဝိယ။ ဝိဝေကဇံ ပီတိ သုခမဿ ဈာနဿ အသ္မိံဝါ ဈာနေ အတ္ထီတိ ဧဝမ္ပိ ဝိပေကဇံ ပီတိသုခံ။

(ဂ) ယထေဝ ဟိ ဈာနံ၊ ဧဝံ ပီတိသုခမ္ပေတ္ထ ဝိဝေကဇမေဝ ဟောတိ၊ တဥ္စဿ အတ္ထိ၊ တသ္မာ ဧကပဒေနေဝ "ဝိဝေကဇံ ပီတိသုခ" န္တိ ဝတ္တုံ ယုဇ္ဇတိ။

(ဃ) ဝိဘင်္ဂေ ပန "ဣဒံ သုခံ ဣမာယ ပီတိယာ သဟဂတ"န္တိ အာဒိနာ နယေန ဝုတ္တံ

(င) အ ၁ တ္ထာ ပန တတ္ထာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။ [ အဘိ။ ၄ ။ ၂၁၁ ]

နံပါတ် (၁)

(က)ဝိဝေကဇံ ၊ ဝိဝေကကြောင့်ဖြစ်သော (ဝါ) ဝိဝေက၌ဖြစ်သော။

ပီတိသုခံ၊ ပီတိသုခရှိသော။ (ဈာနံ၊ ဥပသမ္ပဇ္ဇ၊ ဝိဟရတိ)

(ခ) ဝိဝေကဇံပီတိသုခံ ၊ ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော။ (ဈာနံ) ဧဝမ္ပိ၊ ဤသို့ အညပဒတ္ထသမာသ် အနက်အားဖြင့်လည်း။

(ဂ) တဥ္စ၊ ထိုနီဝရဏကင်းခြင်းကြောင့်ဖြစ်သော ပီတိသုခသည်လည်း။

နံပါတ် (၂)

(ဂ) သို့ဌပနာပဥ္စက။ ။ ဆရာ (ခ)ဖြင့် ဝိဝေကဇံ ပီတိသုခံပုဒ်သည် ဒွန်အတွင်း ငုပ်သော ဗဟုဗ္ဗိဟိသမာသ်ဝစနတ္တဖြစ်၍ တစ်ပုဒ်တည်း၏အဖြစ်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့-သော်။ ပီသေသျဈာန်သည်သာ ဝိဝေကဇမည်သည်ဖြစ်က ပီတိသုခကို ဝိဝေကဇဆိုခြင်းသည် မသင့်သည်မဟုတ်ပါလော။ (ဂဏ္ဌိ) (တစ်နည်း) ဝိဝေကဇံ ပီတိသုခံ ပုဒ်တို့သည် အသီးအသီး ဝိဘတ်အဆုံးရှိသည်ဖြစ်၍ နှစ်ပုဒ်ဖြစ်သည်မဟုတ်ပါ လော။ တစ်ပုဒ်တည်းအဖြစ်ကို ဆိုနိုင်ခြင်း၏ ယုတ္တိကြောင်းကိုလည်း ပြဆိုသင့်သေး၏။

http://www.dhammadownload.com



(ဃ)သို့ပါပနာဒိ။ ။ ဆရာ (က) စသောဝါကျတို့ဖြင့် ဝိဝေကဇံ ပီတိသုခံပုဒ်တို့၏ ဒွိပဒ ကေပဒဖြစ်သည်ကို ဝစနတ္ထ အဓိပ္ပါယ်ယတ္ထနှင့်တကွ ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ ဝိဘင်းကျမ်း၌လည်း ဆရာကဲ့သို့ ထူးခြားစွာမဆို ဤအတိုင်းသာ ဟောဆို၏ဟူသောအနက် ရောက်ရာ၏။

နံပါတ် (၃)

(က)ဝါ-သဒ္ဒါ. . . အ ပစ္စည်း (တစ်နည်း) ဏ ပစ္စည်း အဿအတ္ထိအနက်၌ သက်သည်မှုတပါး အသ္မိ အတ္ထိအနက်၌သက်သည်ကို လဲ့ပြလို၍ ဝါ-သဒ္ဒါထား။

(ခ)အထဝါ။ ဝိဝေကဇံ ပုဒ် ပီတိသုခံပုဒ် နှစ်ပုဒ်ဖြစ်သည်မှတပါး ဝိဝေကဇံ ပီတိသုခံဟူသော အလုတ္တသမာသ်တစ်ပုဒ်တည်းဖြစ်သည်ကို လဲပြလို၍ အထ ဝါ-သဒ္ဒါထား။ (သဒ္ဒါလဲ) (တစ်နည်း) ဝိဝေကဇံ- အရ ဝိဝေကကြောင့်ဖြစ်သောစျာန်ကို ယူအပ်သည်မှတပါး ဝိဝေကကြောင့်ဖြစ်သောပီတိသုခကို ယူအပ်သည်ကို လဲပြလို၍ အထဝါ-သဒ္ဒါထား (အကျိုးလဲ) (တစ်နည်း) ပီတိသုခံ၌ ဒွန္ဒဂဗ္ဘ အဿတ္ထိ ဝစနတ္ထ မှတပါး သမာဟာရဒွန်သမာသ်ဝစနတ္ထကို လဲပြလို၍ အထဝါ-သဒ္ဒါထား (အနက်လဲ)။

(ဃ) ဝတ္တုံ ယုဇ္ဇတိ။ ။ စျာန်သည် ဝိဝေကဇံ ပီတိသုခ နှစ်မျိုးလုံးနှင့် ဆက်ဆံ၍သာမည်ဖြစ်၏။ ပီတိသုခသည် စျာန်ကဲ့သို့ ဝိဝေကဇမည်သည်သာ ထိုပီတိသုခ၌လည်း စျာန်ရှိ၏ဟု အတ္ထယုတ္တိကို ကြံစည်တွေးဆ၍ ဝိဝေကဇံ ပီတိသုခံ ဟူသော ကေပဒဝိသေသဖြစ်၍ စျာန်ကိုယူနိုင်၏ဟု အတ္ထယုတ္တိကိုစမ်း၍ ယူဆ ဆုံး ဖြတ်ထားသောအရာဖြစ်သောကြောင့် ဝတ္တုံယုဇ္ဇတိ-ထား။

နိယံ။ ။ဂဗ်ဟေတဗ္ဗာ, ဝတ္တဗ္ဗာနှင့်, ပဋ္ဌာ တစ်ဖုံ, ဝတ္တုံ ယုဇ္ဇတိ, သင့်ကာရိက, သာမညမှ ခွဲကြဝိသေ, လျှော်စွာပေ, စမ်းလေအတ္ထမှာ။

(ဃ) အတိဗျာပ်တဒေါသမဲယ်။

နံပါတ် (၄)

ပီတိ ။ ။ ပီနယတီတိ ပီတိ။

ပီန+တိသည်ငင်း၊ နှစ်သက်ခြင်း ကြိယာသည်ငင်း (ဗျူ+ နိ)။

နှစ်သက်ခြင်းသည်ကြိယာဝိသေသသည် (ပ + နိ)။

သုခ ။ ။ သုခယတီတိ သုခံ။

သုခ+အသည်ငင်း၊ ချမ်းသာခြင်းကြိယာသာမညသည်ငင်း(ဗျူ+နိ)၊

ချမ်းသာခြင်းကြိယာဝိသေသသည် (ပ + နိ)။

ပီတိသုခ။ ။ ပီတိစ သုခဥ္စ ပီတိသုခံ။ ပီတိသုခံ အဿ အတ္ထိတိ ပီတိသုခံ။

ပီတိသုခံ အသ္မိံ အတ္ထိတိ ပီတိသုခံ။

http://www.dhammadownload.com



ပီတိသုခပုဒ်+အပစ္စည်း (က)သည်ရင်း ပီတိသုခ၏ ပဌမဈာန်နှင့် အညာယ၀+
အ၀ယဝီ စပ် (ဏျ + နိ)။
ပီတိသုခရှိခြ ၊ဏ်သည် (ဝ + နိ)။
ဈာန ။ ။ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။

နံပါတ် (၅)

အယံ ။ ။ ဣတ္ထိ+သဗ္ဗနာမ်+ဣ+သဗ္ဗနာမ်။
အသေ ။ ။ နပုံ+သဗ္ဗနာမ်+နိ+သဗ္ဗနာမ်။
အတ္ထိ ။ ။ အလိင်+ဘူဝါဒိ+ဣ+အာချာတ်။
ဝတ္တုံ ။ ။ အလိင်+ဂဏာဝိ+နိ+နိပါတ်။

နံပါတ် (၆)

(ခ)ပီတိစ သုခဉ္စ ဖြင့် ပီတိသုခံကို ပီတိစ သုခဉ္စ ပီတိသုခံ-ဟု ဒွန်သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။ ဓမ္မဝိနယာဒယော ဝိယဖြင့် ပီတိသုခံပုဒ်သည် ဓမ္မ ဝိနယပုဒ်ကဲ့သို့ သမာဟာရဒွန်၏အဖြစ်ကို သိစေ။အထဝါ ဖြင့် ပီတိသုခံပုဒ်သည် ဒွန္ဒဂဗ္ဘ အညတ္ထိ တဒ္ဓိတ်ဝစနတ္ထပြု၍ ဈာန်ကိုအရကောက်အပ်သည်မဟုတ်သေး ဒွန်သမာသ်ဝစနတ္ထသာပြု၍ ပီတိသုခကိုလည်း အရကောက်နိုင်သေး၏ဟု နယန္တရ ကို သိစေ။

ဝိဝေကဇံ ပီတိသုခသ ဈာနသ- ဖြင့် ဝိဝေကဇံ ပီတိသုခံ ပုဒ်သည် ဒွိပဒပုဒ် မဟုတ်၊ ဧ ၁ပဒ-ပုဒ်ဖြစ်၍ ပထမာဝိဘတ်မကျေသော အလုတ္တသမာသ်ပုဒ်ဖြစ်သည် ကိုရင်း၊ ဝိဝေကဇံ ပီတိသုခံ အဿတိ ဝိဝေကဇံပီတိသုခံ ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုအပ်သည်ကိုရင်း၊ ဝိဝေကဇံ ပီတိသုခံ-အရ ပထမဈာန်ကို အရကောက် ယူအပ်သည်ကိုရင်း သိစေ။အသို့ ဝါ ဈာနေ-ဖြင့် သတ္တမီ ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြု။

နံပါတ် (၇)

(ဂ) ဧတ္ထ- အသို့ ဈာနေ-၌ အပိ- ဈာန်သာ ဝိဝေကကြောင့် ဖြစ်သည် မဟုတ်၊ ပီတိသုခလည်း ဝိဝေကကြောင့် ဖြစ်သည်သာဟု ဈာန်ကိုဆည်းသော သမုစ္စည်းအနက်။

ဝိဝေကဇမေဝ ၌ ဧဝ. . . ပီတိသုခ၏ ဝိဝေကဇအဖြစ်သည် ဂဟေတဗ္ဗ။
ပဌမဈာန်၏ ယှဉ်ဖက် ဖဿ ဝေဒနာစသည်တို့၏ ဝိဝေကဇအဖြစ်သည်
နိဝတ္တေတဗ္ဗ။
ပဌမဈာန်၏ ဝိဝေကဇအဖြစ်သည် အနုညာဘ။
ဧတပဒေ နေဝ ၌ ဧဝ. . . ဝိဝေကဇံ ပီတိသုခံ-ဟူသော အလုတ္တသမာသ် တစ်ပုဒ်တည်းအဖြစ်သည် ဂဟေတဗ္ဗ။
တိပဒအဖြစ်သည် နိဝတ္တေတဗ္ဗ။
ဝိဝေကဇံ နှင့် ပီတိသုခံ ... ဒွိပဒ်သည် အနုညာဘ။

http://www.dhammadownload.com


နံပါတ် (၉)

(၇) ဥပမေယျပက္ခ ဝိဝေကဇမေဝ။ ပဌမစျာန်ရှိ ပီတိသုခရင်း။

ယင်းသည် ဒဿနတ္ထ။

ပဌမစျာန်စိတ်သည် ဒီပကတ္ထ။

ပဌမစျာန်သမာပတ်ချမ်းသာသည် ပကာသနတ္ထ။

အဓိကာရဆန္ဒသည်ရင်း ကသိုဏ်းအာရုံတို့သည်ရင်း ဝိဘာဝတ္ထ။

ရူပဘုံ၌ပဋိသန္ဓေနေရခြင်း အထက်စျာန်တို့ကိုရရှိခြင်းစသည်သည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

ဝိဝေကဇံ ပီတိသုခံ အဿမျာနဿ- ဝိဝေက-အရ နီဝရဏတို့မှကင်းဆိတ်သောဥပစာရ ဘာဝနာ ပစ္စည်းတရား သည် ဇ- အရ ပဌမစျာန်ရှိ ပီတိသုခအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု (တစ်နည်း) အနန္တရ-ပြိုင်။

ပီတိသုခံ- အရ ပဌမစျာန်ရှိ ပီတိသုခပစ္စည်းတရားသည်၊ အဿ မျာနဿ အရ-ကြွင်း ပဌမစျာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့်ကျေးဇူးပြု။ ပြိုင်- ကြီး ၄၊ လတ် ၂။ ငယ်-မဂ်။

************

ဝါကျစဉ် (၈၅)

(က)ပထဝီကသိဏန္တိ တွေ ပထဝီမဏ္ဍလမ္ပိ သကလဋ္ဌေန ပထဝီကသိဏန္တိ ဝုစ္စတိ။

(ခ) တံ နိဿာယ ပဋိလဒ္ဓံ နိမိတ္တမ္ပိ ပထဝီကသိဏနိမိတ္တေ ပဋိလဒ္ဓဇ္ဈာနမ္ပိ။

(ဂ) တတ္ထ ဣမသ္မိံ အတ္ထေ ဈာနံ ပထဝီကသိဏန္တိ ဝေဒိတဗ္ဗံ။

(ဃ)ပထဝီကသိဏသင်္ခါတံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ အယမေတ္ထ သင်္ခေပတ္ထော။

(င) ဝိတ္ထာရော ပန ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

[ သီ။ ၄ ။ ၂၁၂ ]

နံပါတ် (၁)

(ခ) တံ ပထဝီမဏ္ဍလံ။ နိဿာယ။ ပဋိလဒ္ဓံ၊ နိမိတ္တမ္ပိ။ ပထဝီကသိဏန္တိ။ ဝုစ္စတိ။ (ယထာ၊ မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တီတိ) ပထဝီကသိဏနိမိတ္တေ။ ပဋိလဒ္ဓဇ္ဈာနမ္ပိ။ (တံ သဟာစရဏ္ဏတော၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ဟူသော အာရုံနှင့်တကွ ဖြစ်ခြင်းကြောင့်)။ ပထဝီကသိဏန္တိ။ ဝုစ္စတိ။ (ယထာ ကုန္တာ ပစရန္တီတိ)။

နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည်(က)ဖြင့် ပထဝီကသိဏအရ မြေအဝန်းအဝိုင်းကို

http://www.dhammadownload.com



မုချကောက်ယူအပ်သည်ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော် ပထဝီကသိဏအရ မြေ အဝန်းအဝိုင်းကိုသာ ကောက်ယူအပ်၏ဟူသောအနက်ရောက်ရာ၏။ ပထဝီကသိဏ အရ ဥပစာအားဖြင့် ကောက်ယူအပ်သောတရားကိုလည်း ပြဆိုသင့်သေး၏။ စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည်(က-ခ)ဝါကျတို့ဖြင့် ပထဝီကသိဏအရ မြေအဝန်း အဝိုင်း, ပဋိဘာဂနိမိတ်တို့ကို အာရုံပြု၍ရအပ်သောဈာန်, သုံးပါးတို့ကို ဆိုအပ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော် ဤ၌သုံးပါးလုံးကို ကောက်ယူအပ်၏ဟူသောအနက် ရောက်ရာသည်မဟုတ်ပါလော- စုဒ်ကြောင့်(ဂ)ဝါကျမိန့်။

နံပါတ် (၃)

(ဝ) ဝါကျဖြင့် အတိဗျာပိတ ဒေါသဝယ်

(င) ဝါကျဖြင့် ပထဝီကသိုဏ်း ဝင်စားပုံအကျယ်ကို မိမိအဋ္ဌကထာ၌ မရေးသားမူ၍ အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဝိသုဒ္ဓိမဂ်ကို ညွှန်ပြသောကြောင့် ဂန္ထဂရုဒေါသပယ်။

(က)ဝါကျ ဝုစ္စတိသဒ္ဒါထားရခြင်း- ပထဝီကသိဏသဒ္ဒါသည် (၁)ပထဝီက သိုဏ်း၊ (၂)ပဋိဘာဂနိမိတ်၊ (၃)ပဋိလဒ္ဓဈာန် ဟူ၍သကတ်အနက်တွေများနေ၏။ ထိုသုံးပါးတို့တွင် မည်သည့်တရားကို ပထဝီကသိဏအရယူရမည်ကို စောဒက ပုဂ္ဂိုလ်တို့၌ အားကြီးသော ယုံမှားအာသက်ဖြစ်နေ၏။ ထိုကိုပယ်လို၍ ဝုစ္စတိ-သဒ္ဒါ ထားပါသည်။

နံပါတ် (၄)

ပထဝတိ ဝွတ္ထာတိ ပထဝီ။ သဗ္ဗတ္ထ ပတ္ထရတီတိ ပထဝီ။

ပပုဗ္ဗ -ထဝဓာတ်+အပစ္စည်း ဣတ္ထိဇောတ ဤပစ္စည်းသည်ငှင်း၊ သွားခြင်း ကြိယာသည်ငှင်း ဖျူပ္ပတ္တိနိမိတ်။

မြေကြီး၏ ဖြစ်ကြောင်းဖြစ်ရာ ခက်မာသောဂုဏ်သည်(ဝါ) မြေကြီးဟူသော အမည်သည် ပဝတ္တိနိမိတ်။

တသတိ ဝမတီတိ တသိဏံ။ ပထဝီယေဝ တသိဏံ ပထဝီတသိဏံ။

ပထဝီပုဒ်+တသိဏပုဒ်သည်ငှင်း၊ မြေကြီး၏ကသိုဏ်းဝန်း၏အဖြစ်ဟူသော အဝတာရဏာသောဂုဏ်သည် (ဖျူပ္ပတ္တိနိမိတ်)။ မြေအဝန်းအဝိုင်းသည် (ပဝတ္တိ နိမိတ်)။

ဈာယတေ တိ မဏ္ဍလံ။

မဒိဓာတ်+အလပစ္စည်းသည်ငှင်း၊ တန်ဆာဆင်ခြင်းကြိယာသည်ငှင်း(ဖျူပ္ပတ္တိ နိမိတ်)။ ကသိုဏ်းဝန်း၏ ဖြစ်ကြောင်းဖြစ်ရာ မြေသားဒြပ်သည် (ပဝတ္တိနိမိတ်)

နံပါတ် (၅)

ပထဝီ ။ ။ ဣတ္ထိလိင် + နဒါဒိ + ဤကာရန် + ကိတ်နာမ်ပုဒ်။

http://www.dhammadownload.com


သကလ॥ ॥ နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိကာရန် + ကိတ်နာမ်ပုဒ်॥
နိဿာယ॥ ॥ အလိင် + ဂဏဝိမုတ် + အကာရန် + တွာပစ္စယန္တနိပါတ်ပုဒ်॥
တတ္ထ ॥ ॥ နပုလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + နိဂ္ဂဟိကာရန် + သဗ္ဗနာမ်ပုဒ်॥
(တစ်နည်း)॥ ॥ အလိင် + ဂဏဝိမုတ် + အကာရန် + နိပါတ်ပုဒ်॥
ဥပသမ္ပန္န॥ ॥ အလိင် + ဂဏဝိမုတ် + အကာရန် + တွာပစ္စယန္တနိပါတ်ပုဒ်॥
ဝိသုဒ္ဓိ ॥ ॥ ဣတ္ထိလိင် + ရတ္တာဒိ + ဣကာရန် + ကိတ်နာမ်ပုဒ်॥

## နံပါတ် (၆)

(တ) ပထဝီ မဏ္ဍလမ္ပိ ဝုစ္စတိ- ဖြင့် ပထဝီကသိဏ-အရ မြေအဝန်းအဝိုင်းကို မုချအားဖြင့် ကောက်ယူအပ်သည်ကို သိစေသည်။ သကလဋ္ဌေန- ဖြင့် ကသိဏသဒ္ဒါသည် အလုံးစုံအနက်ဟောသည်ကို သိစေသည်။

(ခ) တံနိဿာယ ပဋိလဒ္ဓံ နိမိတ္တမ္ပိ- ဖြင့် ပထဝီကသိဏအရ မြေအဝန်း အဝိုင်းကို အာရုံပြု၍ရအပ်သော ပဋိဘာဂနိမိတ်ကို သဒိသူပစာ (ဝါ) ဌာနူပစာအား ဖြင့် အရကောက်ယူအပ်သည်ကို သိစေသည်။ ပထဝီကသိဏနိမိတ္တေ ပဋိလဒ္ဓဈာနမ္ပိ ဖြင့် ပထဝီကသိုဏ်းအဝန်းကို အာရုံပြု၍ရအပ်သောဈာန်ကိုလည်း ကာရဏူပစာ အားဖြင့် အရကောက်ယူအပ်သည်ကို သိစေသည်။

## နံပါတ် (၇)

တတ္ထ - ထိုပထဝီမဏ္ဍလ ပဋိဘာဂနိမိတ္တဈာနတို့တွင်- ဤသို့စွဲ
ဧတ္ထ - ပဌမံဈာန် ဥပသမ္ပန္န ဝိဟရတိ ပထဝီကသိဏံဟူသော ဝါကျကိုစွဲယူသည်။
ဝုတ္တနယေန ဌ.ဓေ. . . ဆိုအပ်ခဲ့ပြီးသောနည်းသည် ဂတေတဗ္ဗတ္ထ။
မဆိုအပ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။
ဆိုအပ်ခဲ့ပြီးသောနည်းအား လျော်သောနည်းသည် အနုညာတတ္ထ၊

(က-ခ)ဝါကျတို့၌ ဝိတား အညမညသမုစ္စည်း။

## နံပါတ် (၈)

(ခ) နိမိတ္တမ္ပိ အရ- ပထဝီကသိုဏ်းဝန်းကြောင့်ဖြစ်သော ပထဝီကသိုဏ်းဝန်းနှင့်တူ သောအဖို့ရှိသော ပဋိဘာဂနိမိတ်- ယင်းသည် ဒဿနတ္ထ။

ပထဝီကသိုဏ်းကိုအာရုံပြု၍ဖြစ်သော ဥပစာရဘာဝနာသည် ဒီပကတ္ထ။
ဈာန်တရားကိုရရှိခြင်းသည် ပကာသနတ္ထ။
မြေအဝန်းအဝိုင်းသည်ရင်း ပရိကမ္မဘာဝနာသည်ရင်း ဝိဘာဝတ္ထ။
အာဝဇ္ဇနစသော ဝသီဘောင်းပါးကိုရရှိခြင်းသည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

(ခ) ပထဝီကသိဏ နိမိတ္တေ အရ- ပထဝီကသိုဏ်း ပဋိဘာဂနိမိတ် ပစ္စည်း တရားသည် ၊ပဋိလဒ္ဓဈာနမ္ပိ အရ- ပဌမဈာန်အား အာရမ္မဏပစ္စယသတ္တိဖြင့်

http://www.dhammadownload.com



ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- မရှိ အာရမ္မဏပစ္စယ တစ်ပစ္စည်းသာ။

▶▶▶▶▶▶▶▶▶▶▶▶▶▶▶▶

ဓါတ်ရှုမှု (၈၆)

(က) ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဝိတက္ကဿစ ဝိစာရဿစာတိ ဣမေသံ ဒွိန္နံ ဝူပသမာ သမတိက္ကမာ။

(ခ) ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝါတိ ဝုတ္တံ ဟောတိ။

(ဂ) တတ္ထ ကိဉ္စာပိ ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပဌမဇ္ဈာနဓမ္မာ န သန္တိ။

(ဃ) အညေယေဝ ဟိ ပဌမဇ္ဈာနေ ဖဿာဒယော၊ အညေ ဣဓ။

(င) ဩဠာရိကဿ ပန ဩဠာရိကဿ အင်္ဂဿ သမတိက္ကမာ ပဌမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတီတိ ဒီပနတ္ထံ "ဝိတက္က ဝိစာရာ နံဝူပသမာ"တိ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ [ အဘိ၊ ဌ ။ ၂၁၃ ]

eßg¤ £(1)

(၁) တတ္ထ၊ (တသ္မိံ ဒုတိယဇ္ဈာန နိဒ္ဒေသေ) ဒုတိယဇ္ဈာနေ။ သဗ္ဗေပိ။ ပဌမဇ္ဈာနဓမ္မာ။ န သန္တိနနူ။ တသ္မာ။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ။ န ဝတ္တဗ္ဗံ။ ဝိတက္ကဝိစာရာနံ။ တံသဟဂတာနဉ္စ ဝူပသမာတိ ဝတ္တဗ္ဗံ။ အထ ကိမတ္ထံ။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဝုတ္တံ။ ဣတိအာဟ။ စောဒနာ။ တတ္ထ ဒုတိယဇ္ဈာနေ။ သဗ္ဗေပိ။ ပဌမဇ္ဈာနဓမ္မာ။ ကိဉ္စာပိ န သန္တိ။ ပန တထာပိ၊ ဩဠာရိကဿ ဩဠာရိကဿ။ ပ ။ ဒီပနတ္ထံ။ "ဝိတက္ကဝိစာရာနံ။ ဝူပသမာ"တိ ဧဝံဝုတ္တံ။ ဝိတက္ကဝိစာရာနံ။ တံ သဟဂတာနဉ္စ။ ဝူပသမာတိ။န ဝုတ္တံ။ ဣတိ။ ဝေဒိတဗ္ဗံ။

နံပါတ် (၂)

(ဂ)ဓါတ်ရှုစသည်သို့။ ။ ဆရာမြတ်စွာဘုရားသည် ပါဠိတော်၌ ဝိတက္ကဝိစာရာနံ ဝူပသမာဟု ဟောတော်မူအပ်၏။ (တစ်နည်း) (ခ)ဝါကျဖြင့် ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသည် ဒုတိယဈာန်အခိုက်၌ ဝိတက်ဝိစာရတို့ ထင်ရှားမရှိခြင်းပင်ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ ဒုတိယဈာန်အခိုက်၌ ဝိတက်ဝိစာရသာ မရှိသည် မဟုတ် အလုံးစုံသော ပဌမဈာနဓမ္မတို့သည်လည်း မရှိသည်မဟုတ်ပါလော- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(ဃ)ဝါကျသို့။ ။ ဆရာသည် (ဂ)ဖြင့် ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန် တရားတို့သည် မရှိကုန်ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ဒုတိယဈာန်၌ ဝိတက်ဝိစာရ တို့နှင့်အတူ ဖဿစသောကြွင်းသမ္ပယုတ်တရားတို့သည်လည်း မရှိဟူသောအနက် ရောက်ရာ၏။- စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

မှတ်ချက်။ ။ ဌပနာပဋ္ဌတတတ်သော် ဒုတိယဈာန်၌ ဖဿစသော သမ္ပယုတ်

http://www.dhammadownload.com



တရားတို့ ရှိကြတုန်သည် မဟုတ်ပါလော။

နံပါတ် (၃)

(ခ)ဝါကျ ဝုတ္တံ ဟောတိ-သဒ္ဒါဆိုရခြင်း- ဝိတက်ဝိစာရတို့ကို လွန်မြောက်၏ဟူသည့် အနက်အဓိပ္ပါယ်အားဖြင့် ဒုတိယဈာန်ခဏ၌ မဖြစ်ခြင်းဟု ဒေသကပုဂ္ဂိုလ်၏ အလိုဥဇုကတ္ထပိဏ္ဍတ္ထကို ပြလို၍ဆိုပါသည်။

(ဂ)ဝါကျ ကိဉ္စာပိ-သဒ္ဒါ ဆိုရခြင်း- ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်တရားတို့ကို လွန်မြောက်ပြီးဖြစ်ပါလျက် ဝိတက်ဝိစာရနှစ်ပါးကို လွန်မြောက်သည်ကိုသာ ပြဆိုသော ဝိတက္ကဝိစာရနံ ဝူပသမာဟူသော ဒေသနာတော်ကို မနှစ်သက်၍ ဆိုပါသည်။

(ဂ)ဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။

နံပါတ် (၄)

ဝိတက္ကေတီတိ ဝိတက္ကော။ ဝိတက္ကနံ ဝါ ဝိတက္ကော။

အာရမ္မဏေ တေနစိတ္တံ ဝိစရတီတိ ဝိစာရော။

ဝိပုဗ္ဗ-စရဓာတ်+ဏ ပစ္စည်းသည်ငင်း၊ လှည့်လည်ခြင်းကြိယာသည်ငင်း (ဗျုပ္ပတ္တိနိမိတ်)။ စေတသိက်၏ ဝိစာရအမည်သည် (ပဝတ္တိနိမိတ်)။

ဝူပသမနံ ဝူပသမော။ သမတိက္ကမနံ သမတိက္ကမော။

သံရှေ့-အတိရှေ့ရှိသော-ကမုဓာတ်+ဏ ပစ္စည်းသည်ငင်း၊ လွန်မြောက်ခြင်း ကြိယာသာမညသည်ငင်း (ဗျုပ္ပတ္တိနိမိတ်)။ လွန်မြောက်ခြင်း ကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

ဥဇ္ဇာရေနိယုတ္တံ ဩဠာရိကံ။

ဥဠာရပုဒ်+ဏိက ပစ္စည်းသည်ငင်း၊ ရုန့်ရင်းသောတရားနှင့်ယှဉ်သော ဈာန်အင်္ဂါတို့၏ နိဿယ/နိဿိတစပ် (ဗျုပ္ပတ္တိနိမိတ်)။ ရုန့်ရင်းကြမ်းတမ်းခြင်း ဂုဏ်သည် (ပဝတ္တိနိမိတ်)။

တစ်နည်း။ ။ ဥဠာရမေဝ ဩဠာရိကံ။
ဒုတိယံ သမာပဇ္ဇတီတိ ဒုတိယံ။
အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။
ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ။
ဒုတိယဉ္စ တံ ဈာနဉ္စာတိ ဒုတိယဈာနံ။
ခဏတီတိ ခဏော။ (ခဏု-ဟိံသာယံ)
ဒုတိယဈာနဿ ခဏော ဒုတိယဈာနက္ခဏော။

နံပါတ် (၅)

ဝိနံ ။ ။ အလိင်+သဗ္ဗနာမ်ဂိုဏ်း +က္ကကာရန်(ဧကာရန်)+သဗ္ဗနာမ်ပုဒ်။

http://www.dhammadownload.com



သမတိက္ကမာ။ ။ ပုလ္လိင် + ပုရိသာဒိဂိုဏ်း + ဩကာရန် + တိတ်နာမ်ပုဒ်။
အဒေသ။ ။ ပုလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + ဩကာရန် + သဗ္ဗနာမ်ပုဒ်။
ပဒေသ။ ။ နပုံလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + သဗ္ဗနာမ်ပုဒ်။

## နံပါတ် (၇)

အဒေသံ ၌ ဧဝ... အညဘောဂုဏ်သည် ဝဟေတဗ္ဗတ္ထ။
အနညဘောဂုဏ် (ဝါ)တုလျဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။
ပဌမစျာန်ရှိ ဖဿအစရှိသည်တို့သည် အနုညာတတ္ထ။

တနည်း။ ။ ပဌမစျာန်ရှိ ဖဿစသည်သည် ဝဟေတဗ္ဗတ္ထ။
ဒုတိယစျာန်ရှိ ဖဿစသည်သည် နိဝတ္တေတဗ္ဗတ္ထ။
ပဌမစျာန် ဒုတိယစျာန်တို့ရှိ ဖဿစသည်တို့၏ ဖုသနလက္ခဏာစသည်တူခြင်းဂုဏ်သည် အနုညာတတ္ထ။
(ဂ)ဝါကျ ကိဉ္စာပိ = အနုဂ္ဂဟတ္ထ သမ္ဘာဝနတ္ထ။
(င)ဝါကျ ပန = အရုစျတ္ထ၊ဂရဟတ္ထ။

## နံပါတ် (၈)

ဝိတက္ကဝိစာရာနံ ဝူပသမာ အရ- ဒုတိယစျာန်၏ ရှေးအဖို့၌ဖြစ်သော ဥပစာရယင်းသည် ဒဿနတ္ထ။
ဝိတက်ဝိစာရတို့ငြိမ်းခြင်း ပဌမစျာန်ကိုလွန်မြောက်ခြင်းအကြောင်းသည် ဒီပကတ္ထ။
ဒုတိယစျာန်ကိုရရှိခြင်းအကျိုးသည် ပကာသနတ္ထ။
တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း ပဉ္စာနန္တရိယကံမှ လွတ်မြောက်ခြင်း ပဌမစျာန်ကိုရရှိပြီးခဲ့ခြင်းအကြောင်းတို့သည် ဝိဘာဝတ္ထ။
ဒုတိယစျာန်သမာပတ်ချမ်းသာကိုခံစားရခြင်း ဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေနေရခြင်းစသည်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

အဝိသာ အရ- ရှုန်းရင်းသော ဝိတက်ဝိစာရ ပစ္စည်းတရားသည်၊
သမတိက္ကမာရ အရ- ဥပစာရဘာဝနာစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။
သမတိက္ကမာ အရ- ဥပစာရဘာဝနာစိတ္တုပ္ပါဒ် ပစ္စည်းတရားသည်၊
ဒုတိယဈာနာဒိနံ အဓိဂမာအရ- ဒုတိယစျာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရား အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။ (တစ်နည်း) အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

http://www.dhammadownload.com



ဝါကျစဉ် (၈၇)

(က)သမ္ပသာဒနန္တိ သမ္ပသာဒနံ ဝုစ္စတိ သဒ္ဓါ။
(ခ) သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ၊ နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယ။
(ဂ) ယသ္မာ ဝါ တံ ဈာနံ သမ္ပသာဒနသမန္နာဂတတ္တာ၊ ဝိတက္ကဝိစာရက္ခောဘ ဝူပသမေန စ စေတော သမ္ပသာဒယတိ၊ တသ္မာပိ "သမ္ပသာဒန"န္တိ ဝုတ္တံ။
(ဃ)ဣမသ္မိဉ္စ အတ္ထဝိကပ္ပေ "သမ္ပသာဒနံ စေတသော"တိ ဧဝံ ပဒသမ္ဗန္ဓော ဝေဒိတဗ္ဗော။
(င) ပုရိမသ္မိံ ပန အတ္ထဝိကပ္ပေ "စေတသော"တိ ဧတံ ဧကောဒိဘာဝေန သဒ္ဓိံ ယောဇေတဗ္ဗံ။ [ အဘိ။ ဋ ။ ၂၁၃ ]

## နံပါတ် (၁)

သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ ။(ပါဠိတော်)

(ဂ+ဃ) ရှု။ စေတသော၊ ကို။ သမ္ပသာဒနံ၊ သဒ္ဓါနှင့်ပြည့်စုံခြင်းကြောင့် ကြည်လင်စေတတ်သော။ (ဝါ)ဝိတက်ဝိစာရ လှုပ်ချောက်ချားခြင်းမှ ငြိမ်းအေးခြင်း ကြောင့် ကြည်လင်စေတတ်သော။ (ဒုတိယံဈာနံ)

(ခ+င)ရှု။သမ္ပသာဒနံ၊ သမ္ပသာဒန အမည်ရသော သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် သမ္ပသာဒန မည်သော။ စေတသော၊ ၏။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကိုတိုးပွါးစေတတ်သော။

## နံပါတ် (၃)

(ဂ)ဝါ သဒ္ဒါ- (ခ)ဝါကျ သမ္ပသာဒနသဒ္ဒါသည် ဥပစာသဒ္ဒါဖြစ်၏။ (ဂ)ဝါကျ သမ္ပသာဒနသဒ္ဒါသည် မုချသဒ္ဒါဖြစ်၏။ ဤသို့ သဒ္ဒါ(အကျိုး) လဲပြလို၍ ဝါသဒ္ဒါထား။ (တစ်နည်း)-သမ္ပသာဒနမည်သောသဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် သမ္ပသာဒနမည်သည်မှ ဘပါး- စိတ်ကိုကြည်လင်စေသောကြောင့် သမ္ပသာဒနမည်၏ဟု သမ္ပသာဒနမည် ကြောင်းကို လဲပြလို၍ ဝါ-သဒ္ဒါထား။

(ဃ)အဗျာဝိတ ဒေါသဝယ်- ပြည့်စုံအောင် ပဒသမ္ဗန္ဓ သံဝဏ္ဏနာကို ဆက်ပြ သောကြောင့်တည်း။

## နံပါတ် (၄)

သမ္ပသာဒန ။ ။ သမ္ပသီဒတီတိ သမ္ပသာဒနံ။

သံ-ပ-သဒ+ယု သံည်ရင်း။ ကြည်လင်ခြင်းကြိယာသာမညသည်ရင်း

(ဏျ + နီ)။ ကြည်လင်ခြင်း ကြိယာဝိသေသသည် (ပ + နီ)။

နီလဝတ္ထ ॥ ॥ ဝသီယတေ အစ္ဆာဒီယတေတိ ဝတ္ထံ။
ဝုဏီယတိ သံဝရီယတီတိ ဝတ္ထံ။
နီလဥ္စ တံ ဝတ္ထဥ္စာတိ နီလဝတ္ထံ။
နီလ+ဝတ္ထ သည်ငှင်း၊ အညိုဂုဏ်၏ အဝတ်ဖြစ်နှင့် နီသျ+နီသိတ စပ်
(ဗျ+နိ)။ အညိုဂုဏ်သည် ( ပ + နိ)။
အတ္ထဝိကပ္ပ ॥ ॥ ဝိဝိခံ ကပ္ပီယတိ ဓေတနာတိ ဝိကပ္ပေါ။
အတ္ထဿ ဝိကပ္ပေါ အတ္ထဝိကပ္ပေါ။
ပုရိမ ॥ ॥ ပုရေ + ဝုတ္တော ပုရိမော (ပုရေ ဘဝေါ ပုရိမော)
ပုရပုဒ်+က္ကမ သည်ငှင်း၊ ရှေးကာလ၏ အတ္ထဝိကပ်နှင့် ကာလ+ကာလဝန္တစပ်
(ဗျ + နိ)။ ရှေးဖြစ်ခြင်း ဂုဏ်သည် (ပ + နိ)။

နံပါတ် (၅)

သဒ္ဒါ ॥ ॥ ကတ္တိ + ကညာဒိ + အာ + ကိတ်။
နီလ ॥ ॥ နပုံ + စိ + နိ + ဂုဏနာမ်။
စေတော။ ॥ ပုံ + နပုံ + မနောဂိုဏ်း + ဩ + ကိတ်။
ပုရိမသို့ ॥ ॥ ပုံ + ပု + ဩ + တဒ္ဓိတ်။

နံပါတ် (၆)

(က) သဒ္ဒါ ဝုစ္စတိ- ဖြင့် သမ္ပသာဒန အရ သဒ္ဒါကိုကောက်ယူအပ်သည်ကို သိစေ။

(ခ) ဈာနမ္ပိ- ဖြင့် သဒ္ဒါ-သာ သမ္ပသာဒနအရ ကောက်ယူအပ်သည်မဟုတ် ဈာန်ကိုလည်း သမ္ပသာဒနအရ ကောက်ယူအပ်သည်ကို သိစေ။

သမ္ပသာဒန ယောဂတော- ဖြင့် သမ္ပသာဒနမည်သောသဒ္ဒါနှင့်ယှဉ်ခြင်း ကြောင့် ဂုဏူပစာအားဖြင့် ဈာန်၏သမ္ပသာဒန အမည်ရကြောင်းကို သိစေ။ နီလဝတ္ထ ယောဂတော နီလဝတ္ထံဝိယ- ဖြင့် ဈာန်၏သမ္ပသာဒနမည်ရာ၌ ဥပမာကို သိစေ။

(ဂ) တံဈာန် ဝုတ္တံ- ဖြင့် သမ္ပသာဒန အရ ထိုဒုတိယဈာန်ကို မုချအားဖြင့် ကောက်ယူအပ်သည်ကိုသိစေသည်။ စေတောသမ္ပသာဒယတိ- ဖြင့် သမ္ပသာဒနံ၌ သံ -ပ ရှေးရှိသော ပဒ + ယု ယင်းယု-၏ ဟေတုကတ္တုသာဓနေ၌သက်၍ သမ္ပသာဒယတီတိ သမ္ပသာဒနံ-ဟု ဟေတုကတ္တုသာဓ်ဝစနတ္တပြုအပ်သည်ကိုငှင်း၊ တပါးသောတရားကို ကြည်လင်စေသည်မဟုတ်၊ ယှဉ်ဖက်စိတ်ကို ကြည်လင်စေ၏ဟူသော အဓိပ္ပါယ်ကိုငှင်း သိစေ။ သမ္ပသာဒန သမန္နာဂတတ္တာ- ဖြင့် သမ္ပသာဒနဟု ဆိုအပ်သော သဒ္ဒါနှင့်ပြည့်စုံခြင်းကြောင့် ဈာန်၏သမ္ပသာဒန မည်ကြောင်းကို သိစေ။ ဝိတက္က ဝိစာရက္ခောဘဝူပသမေန- ဖြင့် သမ္ပသာဒနမည်သောသဒ္ဒါနှင့် ပြည့်စုံခြင်းကြောင့် သာ ထိုဈာန်သည် သမ္ပသာဒနမည်သည်မဟုတ်သေး၊ ဝိတက်ဝိစာရ လှုပ်ခြောက်

http://www.dhammadownload.com



ခြားခြင်းမှ ငြိမ်းခြင်းကြောင့်လည်း ထိုဈာန်၏သမ္ပသာဒနမည်ကြောင်းကို သိစေ။

နံပါတ် (၇)

ဈာနမ္ပိ ဿ အပိ။ သဒ္ဓါသာ သမ္ပသာဒနမည်သည်မဟုတ် ဈာန်လည်း သမ္ပသာဒနမည်၏ဟု ဈာန်ကိုဆည်းသည်။

(ဂ) ဝါ။ အတ္ထန္တရ ဝိကပ္ပနတ္ထ။

တဿာပိ ဿ အပိ. . . ဆိုအပ်ပြီးသော သမ္ပသာဒနယောဂတောဟိတ်ကို ပေါင်းဆည်းသောကြောင့် ဝုတ္တာပေက္ခသမ္ပိဏ္ဍနတ္ထ။

ဝဏ္ဏ ။ ။ ဝဏ္ဏော သဏ္ဌာန ရူပေသု၊ ဇာတိဆ္ဆဝိသု ကာရဏေ။
ပမာဏေစ ပသံသာယံ၊ အက္ခရေစယသေ ဂုဏေ။

နံပါတ် (၈)

ဝိတက္ကဝိစာရက္ခောဘ ဝူပသမေန-အရ ဒုတိယဈာန်၏ ရှေးအဘို့၌ ရှိသော ဥပစာရဘာဝနာကောက်။

နံပါတ် (၁၀)

စေတော သမ္ပသာဒယတိ။ ။ သမ္ပသာဒယတိ-အရ ဒုတိယဈာန် ပစ္စည်းတရားသည်၊ စေတော- အရ ယင်းနှင့်ယှဉ်သော ဒုတိယဈာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၂၊ ဣ, ဈာ, မဂ်။

ဝါကျစဉ် (၈၉)

(က) ခေါ ဥဒေတီတိ ခေါဒိ။
(ခ) ဝိတက္ကဝိစာရေဟိ အနဇ္ဈာရူဠတ္တာ အဂ္ဂေါ သေဋ္ဌော ဟုတွာတိပိ ဝတ္တုံ ဝဋ္ဋတိ
(ဂ) သေဋ္ဌောပိ ဟိ လောကေ "ခေါ"တိ ဝုစ္စတိ။
(ဃ) ဝိတက္ကဝိစာရဝိရဟတော ဝါ ခေါ အသဟာယော ဟုတွာတိပိ ဝတ္တုံ ဝဋ္ဋတိ။
(င) အထဝါ သမ္ပယုတ္တဓမ္မေ ဥဒ္ဒါယတီတိ ဥဒိ။
(စ) ဥဋ္ဌာပေတီတိ အတ္ထော။ [ အဘိ။ ဋ ။ ၂၁၇/၄ ]

နံပါတ် (၁)

(ခ)ဝါကျ ဟိတ်သမ္ဗန် =ဒုတိယဈာနသမာဓိဿ။အနဇ္ဈာရူဠတ္တာ၊မတက်ရောက်အပ်သည်၏ အဖြစ်ကြောင့်။

(ဂ)ဝါကျ ယာဝ ပရေ ကောဟံ တေ ကရောမိတိ အာဒီသု- တို့၌ (အာဓာရ)

(စ)အတ္ထောသမ္ဗန်= ဥဒါယတီတိ ပဒဿ။

နိယံ ။ ။ အတ္ထောရှိက, သံဝဏ္ဏနာ, ထွက်စာနာ၏။

http://www.dhammadownload.com



## နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် ကောဒိပုဒ်၏ ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ ကေသဒ္ဓါ၏အနက်ကို မသိအပ်သေးသည်မဟုတ်ပါလော။ (ကေသဒ္ဓါသည် သချ်ာစသောအနက်တို့၌လည်းဖြစ်၏ဟူသောအနက် ရောက်နိုင်ရာသည် မဟုတ်ပါလော) စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် ကေသဒ္ဓါသည် သေဋ္ဌအနက်ဟောဟု ဖွင့်ဆိုအပ်၏။ ထိုသို့- သော်၊ သေဋ္ဌကို ကေဟူ၍ဆိုအပ်သော်သာသင့်ရာ၏ မဆိုအပ်သော် မသင့်ရာဟူသော အနက်ရောက်ရာ၏။ သေဋ္ဌကို ကေဟူ၍ဆိုနိုင်ပုံ ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(ဃ)ဝါကျသို့။ ။ ဆရာသည် (ခ)ဖြင့် ကေသဒ္ဓါသည် သေဋ္ဌအနက်ဟောဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ဤ၌ ကေသဒ္ဓါသည် သေဋ္ဌအနက်၌သာဖြစ်၏ဟူသော အနက် ရောက်ရာသည်မဟုတ်ပါလော- စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

## နံပါတ် (၃)

(ဃ)ဝါကျ ဝါသဒ္ဒါထားရခြင်း- ကေသဒ္ဒါ၏ သေဋ္ဌအနက်ဟော သကတ်နက်အကြောင်းမှတပါး အသဟာယအနက်ဟော သကတ်နက်အကြောင်းကို လဲပြလို၍ ဝါ-သဒ္ဒါထားပါသည်။

(င)ဝါကျ အထဝါ-သဒ္ဒါထားရခြင်း- ဏိုပစ္စည်း၏ သုဒ္ဓကတ္တုသာဓ်ဝစနတ္ထမှတပါး ဟေတုကတ္တုသာဓ်အနက်ကိုလဲပြလို၍ ထားပါသည်။ (တစ်နည်း) ကောဒိသဒ္ဒါ၏ ဝိတက်ဝိစာရ မလွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့် မြတ်သည်ဖြစ်၏ဟူသော အနက်, ဝိတက်ဝိစာရကင်းခြင်းကြောင့် အဖော်မပါသည်ဖြစ်၍ဖြစ်၏ဟူသော အနက်တို့မှတပါး မြတ်သည်ဖြစ်၍ သမ္ပယုတ်တရားတို့ကို ထစေတတ်၏ဟု သကတ်အနက်အကြောင်းကို လဲပြလို၍ အထဝါ-သဒ္ဒါထားပါသည်။

(ဃ)ဝါကျ ဟုတွာတိပိ၌ အပိသဒ္ဒါထားရခြင်း- မြတ်သည်ဖြစ်၍ ဖြစ်တတ်၏ဟူသော သကတ်နက်အကြောင်းမှတပါး အဖော်မပါသည်ဖြစ်၍ ဖြစ်တတ်၏ဟူသော သကတ်နက်အကြောင်းတပါးကို လဲပြလို၍ ထားပါသည်။

(ခ)ဝါကျဖြင့်- အတိဗျာပိတဒေါသပယ်ပါသည်။

## နံပါတ် (၄)

**ပသတ္ထာနံ ဝိသေသော သေဋ္ဌော။**

ပသတ္ထပုဒ်+ဣဋ္ဌ ပစ္စည်းသည်ဝင်၊ ချီးမွမ်းအပ်သော သဒ္ဒိန္ဒြေစသည်၏ အထူးသဖြင့် ချီးမွမ်းအပ်သော သမာဓိန္ဒြေနှင့် သာမညာ/ဝိသေသစပ် (ဗျုပ္ပတ္တိနိမိတ်)။ အထူးသဖြင့် ချီးမွမ်းအပ်သောဂုဏ်သည် (ပဝတ္တိနိမိတ်)။

http://www.dhammadownload.com



**အဇတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ အဂ္ဂေါ။ အဗ္ဘာ ရုယှတေတိ အဗ္ဘာရုဠှော။**
**န အဗ္ဘာရုဠှော အနဗ္ဘာရုဠှော။ အနဗ္ဘာရုဠှဿ ဘာဝေါ အနဗ္ဘာရုဠှတ္တံ။**

အနဗ္ဘာရုဠှပုဒ်+တ္တ ပစ္စည်းသည်ရင်း၊ မလွှမ်းမိုးအပ်သောသမာဓိ၏ မလွှမ်းမိုးနိုင်သောဂုဏ်နှင့် နိဿယ/နိဿိတစပ် (ဗျုပ္ပတ္တိနိမိတ်)။ မလွှမ်းမိုးနိုင်ခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

**သဟ အယတိ သဗ္ဗကိစ္စေသူတိ သဟာယော။**

**နတ္ထိ သဟာယော ယဿာတိ အသဟာယော။**

န-ပုဒ်+သဟာယပုဒ်+ယပုဒ် သည်ရင်း၊ အဖော်မရှိခြင်း အဘာဝဘောဂုဏ်၏ သမာဓိနှင့် ဂုဏ်/ဂုဏေးစပ် (ဗျုပ္ပတ္တိနိမိတ်)။ ဝိတက်ဝိစာရ အဖော်မရှိခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

| | | |
|---|---|---|
| ကော ။ | ။ | ပုလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + ဩကာရန် + သဗ္ဗနာမ်ပုဒ်။ |
| သေဋ္ဌော။ | ။ | ပုလ္လိင် + ပုရိသာဒိ + ဩကာရန် + တဒ္ဓိတ်နာမ်ပုဒ်။ |
| ဝတ္တုံ | ။ | အလိင် + ဂဏဝိမုတ် + နိဂ္ဂဟိကာရန် + နိပါတ်ပုဒ် (စတုတ္ထီသဝိဘတ်) |

## နံပါတ်(၆)

(ခ) အဂ္ဂေါ သေဋ္ဌော- ဖြင့် ကောဒိဋ္ဌ ကေသဒ္ဒါသည် သင်္ချာစသော အနက်ဘို့ဋ္ဌမဖြစ် အမြတ်ဟောသေဋ္ဌအနက်ဋ္ဌဖြစ်သည်ကို သိစေသည်။ ဥဒေတိ- ဖြင့် ဥဒိဋ္ဌ ဥပုဗ္ဗ-ဣဓာတ်+ဏ ပစ္စည်း၊ ယင်း ဏပစ္စည်း ကတ္တုသာဓနဋ္ဌသက်၍ ဥဒေတီတိ ဥဒိဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ဒ-အာဂုမ်လာ၍ ပြီးသည်ကိုရင်း သိစေပါသည်။

အပေါင်း- ဖြင့် ကော သေဋ္ဌော ဟုတွာ ဥဒိ ကောဒိဟု သမ္ဘာဝနာကမ္မဓာရည်းသမာသ်ဝစနတ္ထပြုအပ်သည်ကို သိစေသည်။ ဝိတက္က ဝိစာရေဟိ အနဗ္ဘာရုဠှတ္တာ- ဖြင့် မြတ်သည်ဖြစ်၍ဖြစ်တတ်၏ဟူသည့် ဝိတက်ဝိစာရတို့သည် မလွှမ်းမိုး မနှိပ်စက်အပ်သည်၏အဖြစ်ကြောင့်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဃ) အသဟာယော ဟုတွာ- ဖြင့် ကေသဒ္ဒါသည် သေဋ္ဌအနက်ဋ္ဌမဖြစ် အသဟာယအနက်ဋ္ဌဖြစ်သည်ကိုရင်း၊ ကော (အသဟာယော)ဟုတွာ ဥဒိ ကောဒိဟု သမ္ဘာဝနာကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကိုရင်း သိစေသည်။ ဝိတက္က ဝိစာရ ဝိရဟတော- ဖြင့် အဖော်မဲ့သည်ဖြစ်၍ဖြစ်၏ဟူသည် ဝိတက်ဝိစာရ မှကင်းခြင်းကြောင့်ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။

(င) ဥဒါယတီတိ- ဖြင့် ဥဒိဋ္ဌ ဥပုဗ္ဗ-ဣဓာတ်+ဏ ပစ္စည်း၊ ယင်းဏပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်ဋ္ဌသက်၍ ဥဒါယတီတိ ဥဒိ-ဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ဒ-အာဂုမ်လာ၍ ရုပ်ပြီးသည်ကိုရင်း သိစေသည်။ ဆမ္ဗယုတ္တ ဓမ္မေ- ဖြင့် ထစေ

http://www.dhammadownload.com



တတ် ဖြစ်စေတတ်၏ဟူသည် သမ္ပယုတ်တရားတို့ကို ထစေခြင်း၊ ဖြစ်စေခြင်းပင် ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(စ) ဥဌာပေတိ- ဖြင့် ဥဒိဌ ဥပုဇ္ဇ-ဣဓာတ် ၏ ပဝတ္တနဂတိအနက်၌ ဖြစ်သည်ကို သိစေသည်။

နံပါတ် (၇)

ဧကောဒိ အရ- သမာဓိကို ကောက်။- ယင်းသည် ဒဿနတ္ထ။

ဝိတက် ဝိစာရတို့သည် မလွှမ်းမိုး မနှိပ်စက်နိုင်ခြင်း ယင်းတို့မှကင်းခြင်း အကြောင်းတို့သည် ဒီပကတ္ထ။

ဒုတိယဈာန်ကို ရရှိခြင်းအကျိုးသည် ပကာသနတ္ထ။

ပထမဈာန်ကို ရရှိခြင်းအကျိုးသည် ဝိဘာဝတ္ထ။

ဒုတိယဈာန်သမာပတ်ချမ်းသာကို ခံစားရခြင်း တတိယဈာန်စသောအထက်ဈာန်တို့ကို ရရှိခြင်းသည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

(င)ဝါကျ- သမ္ပယုတ္တဓမ္မေ ဥဒါယတိ-

ဥဒါယတိအရ သမာဓိပစ္စည်းတရားသည်၊ သမ္ပယုတ္တဓမ္မေ အရ- ယင်းနှင့်ယှဉ်သော သမ္ပယုတ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြိး ၄၊ လတ် ၂၊ ဣန္ဒြိယ, မဂ္ဂ, ဈာန။

ပါဠိချပ်ဦး (၈၅)

(က)သေဋ္ဌဒွေန ဧကော စ သော ဥဒိစာတိ ဧကောဒိ။

(ခ) သမာဓိဿေတံ အဓိဝစနံ။

(ဂ) ဣတိ ဣမံ ဧကောဒိံ ဘာဝေတိ ဝဍ္ဎေတီတိ ဣဒံ ဒုတိယဈာနံ ဧကောဒိဘာဝံ။

(ဃ)သော ပနာယံ ဧကောဒိ ယသ္မာ စေတသော၊ န သတ္တဿ န ဇီဝဿ။ တသ္မာ စေတံ "စေတသော ဧကောဒိဘာဝ"န္တိ ဝုတ္တံ။ [အဘိ။ ဌ ။ ၂၁၄ ]

နံပါတ် (၁)

(ဂ) ဣတိ-ဇေဝုတ္တပကာရံ၊ ဤသို့ ဝစနတ္ထဒွယအဖြစ် ဆိုအပ်ပြီးသော အကာရရှိသော။ ဣမံ ဧကောဒိံ၊ ဤသို့ ဧကောဒိမည်သောသမာဓိကို။

(ဃ)သတ္တဿ၊ ဝေါဟာရဖြစ်သောသတ္တ၏။ န ဧကောဒိ၊ဧကောဒိမဟုတ်။ ဇီဝဿ၊ မိစ္ဆာဝါဒီတို့သည်ကြံဆအပ်သော ဇီဝ၏။ န ဧကောဒိ။ တသ္မာ။ စေတံ၊ ဤ

http://www.dhammadownload.com



ဈာန်ကို၊ ကောဒိဘာဝံ၊ မြတ်သောသမ္ဗုယုတ်တရားတို့ကို ဖြစ်စေတတ်သော သမာဓိကို တိုးပွားစေတတ်သော။

## နံပါတ် (၂)

(ခ)သို့ ပါပနာဒိ ။ ။ ဆရာ (က)ဖြင့် ဧကောဒိပုဒ်၏ အဘိဓေနတ္ထကို ဖွင့်ဆိုအပ်၏။ထိုသို့- သော်။ဧကောဒိ- အရ မြတ်သည်ဖြစ်၍ဖြစ်သော သဒ္ဓိန္ဒြေ သတိန္ဒြေတို့ကို ကောက်ယူအပ်၏ဟူသောအနက်ရောက်ရာ၏။ ဧကောဒိ-အရ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။

(ဃ)သို့ ဋ္ဌပနာပဋ္ဌက၊ ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံဟု ဟောတော်မူအပ်၏။ ထိုသို့- သော်လည်း၊ ဧကောဒိ ဘာဝံ-ဟု ဟောလျှင်ပင် လိုအပ်သောအနက် ပြီးကောင်းသည်မဟုတ်ပါလော။ စေတသော-ပုဒ်ထည့်၍ ဟောဆိုရခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏။

## နံပါတ် (၃)

(ခ) အဓိဝစနံ သဒ္ဓါထားရကြောင်း- ဧကောဒိ-အရ မြတ်သည်ဖြစ်၍ ဖြစ်သော သဒ္ဓိန္ဒြေ ပညိန္ဒြေတို့ကို ကောက်သင့်သော်လည်း ဤ၌ ထိုတရားတို့ကိုမယူမူ၍ သမာဓိန္ဒြေကိုသာယူအပ်၏ဟု အထင်ရှားအားဖြင့် ယူဆအပ်သောအရာဌာန ဖြစ်သောကြောင့် အဓိဝစနံ-သဒ္ဓါဆို။

နိယံ ။ ။ အဓိဝစနံ, နာမံရှိရာ, ဥပစာ, မြို့စွာညာဏ်ဖြင့်ရှု။
အဓိဝစနံ, နာမရှိက, များလှနက်တွင်, လိုအင်နက်မှီ အထင်ရှား။

(ခ) အတိဗျာပိတဒေါယပယ်။

(ဂ) နိရတ္ထကဒေါသပယ်။

## နံပါတ် (၄)

သမာဓိ ။ ။ အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ သမာဓိ။
သံ-အာ-ဓာ+က္က သည်ရင်း၊ အာရုံ၌ စိတ်ကို ကောင်းစွာထားခြင်းသည်ရင်း (ဗျု + နိ)။ သမာဓိဟူသောအမည်သည် (ပ + နိ)။

ဇီဝ ။ ။ ဇီဝန္တိ သတ္တာ ယေနာတိ ဇီဝေါ။
ဇီဝ+အ သည်ရင်း၊ အသက်ရှင်ခြင်းကြိယာသည်ရင်း (ဗျု + နိ)။
မိစ္ဆာဝါဒီတို့ ကြံဆအပ်သောအခြင်းအရာသည် (ပ + နိ)။

## နံပါတ် (၅)

သော ။ ။ ပုံ + သဗ္ဗနာမ် + သြ + သဗ္ဗနာမ်။
သမာဓိ ။ ။ ပုံ + ရတ္တာဒိ + က္က + ကိတ်။
ဇီဝသံ ။ ။ ပုံ + ပု + သြ + ကိတ်။

http://www.dhammadownload.com



## နံပါတ် (၆)

(က) သေဋ္ဌဗ္ဗေန- ဖြင့် ကောသဗ္ဗါသည် အသဟာယ-အနက်၌မဖြစ်၊ (သဋ္ဌ အနက်၌ဖြစ်သည်ဟု သိစေ။ ကော စ သော ဥဒိစာတိ- ဖြင့် ကောဒိကို ကော စ သော ဥဒိစာတိ ကောဒိဟု ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထပြု အပ်သည်ကို သိစေ။

(ဂ) ကောဒိ ဘာဝေတိ- ဖြင့် ကောဒိဘာဝံကို ကောဒိ ဘာဝေတီတိ ကောဒိဘာဝံ-ဟု ကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ဘာဝံ၌ ဘူဓာတ်+ဏပစ္စည်း၊ ယင်းဏ-၏ ကတ္တုသာဓနေ၌သက်သည်ကိုရင်း သိစေ။ ဝဍ္ဎေတိ- ဖြင့် ဘာဝံ၌ ဘူဓာတ်သည် ဖြစ်ခြင်း ဥပ္ပါဒန-အနက်၌မဖြစ် တိုးပွားခြင်း ဝဍ္ဎန-အနက်၌ဖြစ်သည်ကို သိစေ။ ဣဒံ ဒုတိယဇ္ဈာနံ- ဖြင့် ကောဒိဘာဝံ အရ ဒုတိယစျာန်ကို ကောက်ယူအပ်သည်ကို သိစေ။

## နံပါတ် (၇)

တသ္မာ- အစွဲ- ထိုသို့ စိတ်၏ ကောဒိဖြစ်၍ သတ္တဇီဝ၏ ကောဒိမဖြစ် သည်၏အဖြစ်ကြောင့်။

(ယ)တော်- အစွဲ- ဒုတိယဇ္ဈာနံ။

ဣတိ- နိဒဿနတ္ထ။

## နံပါတ် (၈)

ဝုတ္တံ-၌ ဓာတ်အရ. . . ဒေသနာတော်ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်-စိတ္တုပ္ပါဒ်ရ၏။ ယင်းသည် ဒဿနတ္ထ။

ဣန္ဒြိယပရောပရိယတ္တိဉာဏ် အာသယာနုသယဉာဏ်တော်တို့သည် ဒီပကတ္ထ။

စေတသော ကောဒီဘာဝံဟူသော ဒေသနာတော်သည် ပကာသနတ္ထ။

ပါရမီဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္ထ။

သတ္တဇီဝ၏ ကောဒိမဟုတ်၊ ဒုတိယစျာန်စိတ်၏ ကောဒိဖြစ်သည်ကို သိရခြင်းစသော အဘိဓမ္မာနှင့်သက်ဆိုင်သည့် အသိတိုးပွားခြင်း စသည် သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

ကောဒိ ဘာဝေတိ- ကောဒိ အရ သမာဓိ ပစ္စည်းတရားသည်၊ ဘာဝေတိ အရ ဒုတိယစျာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ၊ ကြီး ၄၊ လတ် ၂၊ ဣ, စျာ, မဂ်။

✤✤✤✤✤✤✤✤✤✤✤

http://www.dhammadownload.com



## ဝါကျစဉ် (၉၀)

(က)နနု စာယံ သဒ္ဒါ ပဌမဇ္ဈာနေပိ အတ္ထိ အယဉ္စ ကောဒိနာမကော သမာဓိ အထ ကသ္မာ ဣဒမေဝ သမ္ဗ သာဒနံ စေတသော ဧကောဒိဘာဝဥ္စာ"တိ ဝုတ္တန္တိ ?

(ခ) ဝုစ္စတေ

(ဂ) အဒုံ ဟိ ပဌမဇ္ဈာနံ ဝိတက္ကဝိစာရက္ခောဘေန ဝီစိတရင်္ဂသမာကုလမိဝ ဇလံ န သုပ္ပသန္နံ ဟောတိ၊ တသ္မာ သတိယာပိ သဒ္ဓါယ သမ္ပသာဒနန္တိ န ဝုတ္တံ။

(ဃ)န သုပ္ပသန္နတ္တာ ဝေ စေတ္ထ သမာဓိပိ န သုဋ္ဌု ပါကဋော။ တသ္မာ ကောဒိ ဘာဝန္တိ ပိ န ဝုတ္တံ၊ [ အဘိ။ ဋ္ဌ ။ ၂၁၄ ]

### နံပါတ် (၁)

(ဃ) န သုပ္ပသန္နတ္တာဧဝ စ၊ရင်း။(ဝိတက္ကဝိစာရက္ခောဘေနေဝ စ-ရင်း၊ ဣန္ဒြိ ယသမတ္တော၊ သဒ္ဓိန္ဒြေတို့၏ မျှသည်၏အဖြစ်သည်။ သတိစ၊-သော်ရင်း၊ ဝီရိယ သမတာယ၊ ဝီရိယ၏ သမာဓိနှင့်မျှသည်၏အဖြစ်သည်။ သတိယာစ၊ သော်ရင်း)ဧတ္ထ၊ ဤပဌမစျာန်၌။ သမာဓိပိ၊ သည်လည်း။ ဗဟာလေ၊ တလယ်နောက်နှစ်ပြစ်ချဲသော။ ဇလေ၊ ရေ၌။ မစ္ဆောဝိယ၊ ကဲ့သို့။ သမာဓိပိ။ သုဋ္ဌု၊ ပါကဋော။ န ဟောတိ။

### နံပါတ် (၂)

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် စောဒကပုဂ္ဂိုလ်၏ စောဒနာကို ဖြေဆိုအံ့ ဟု စကားပျိုးသခ်ေပကို ဖွင့်ဆိုတော်မူအပ်၏။ ထိုသို့- သော်၊ စကားပျိုးသခ်ေပသည် စကားရိုးဝိတ္ထာရနှင့် မကင်းကောင်းသည် မဟုတ်ပါလော-

တစ်နည်း။ ။ ဆရာမြတ်စွာဘုရားသည် ပါဠိတော်၌ ဒုတိယစျာန်ကို သမ္ပသာဒနံ ဟူ၍ ဟောဆိုအပ်၏။ ထိုသို့ပင်- သော်လည်း၊ ဒုတိယစျာန်၌သာ သဒ္ဓါရှိသည်မဟုတ် ပဌမစျာန်၌လည်း သဒ္ဓါရှိရကား ပဌမစျာန်ကိုလည်း သမ္ပသာဒနံဟူ၍ ဟောသင့်သည် မဟုတ်ပါလော။- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(ဃ)ဝါကျသို့ ။ ။ ဆရာသည် (ဂ)ဖြင့် လှိုင်းပုတ်သောရေကဲ့သို့ ဝိတက်ဝိစာရတို့ တုန်လှုပ်ခြင်းကြောင့် အလွန်ကြည်လင်မှုမရှိ၍ သဒ္ဓါရှိသော်လည်း ပဌမစျာန်ကို သမ္ပသာဒနဟူ၍ မဆိုအပ်သည်ကို ဖွင့်ပြအပ်၏။ ထိုသို့-သော်၊ ပဌမစျာန်ကို သမ္ပ သာဒနဟူ၍သာ မဆိုအပ်သည်မဟုတ် စေတသော ဧကောဒိဘာဝံဟူ၍လည်း မဆို အပ်သည်မဟုတ်ပါလော။- စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

### နံပါတ် (၃)

(ဂ)ဝါကျဖြင့် ဝိရောဓိဒေါသပယ်- ပဌမစျာန်၌သဒ္ဓါရှိ၍ သမ္ပသာဒနံဟု ဆိုသင့်၏။ သို့သော် ထိုစျာန်၌မဆို ဒုတိယစျာန်ကိုသာ သမ္ပသာဒနံဟု ဆိုရကား

http://www.dhammadownload.com



ယင်း၌ဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်နေ၏။ ထိုအခါ (ဂ)ဝါကျဖြင့် ပထမစျာန်ကို သမ္ပသာဒနံဟုမဆိုနိုင်ခြင်း ယုတ္တိကြောင်းကိုပြဆိုသောကြောင့် ဝိရောဓိဒေါသပယ် /မသင့်တော့။ (တစ်နည်း) အဗျာပိတဒေါသပယ်။

(ဃ)ဝါကျ နနုစ-သဒ္ဒါ ဆိုရခြင်း- ပဌမစျာန်၌ သဒ္ဓါ သမာဓိတို့ရှိပါလျက် ယင်းစျာန်ကို သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ-ဟု မဟောမူ၍ ဒုတိယစျာန်ကိုသာ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံဟု ဟောသည်ကို မနှစ်သက်သော ကြောင့် စောဒကာဘောဂနှင့် စောဒနာကို ပြလို၍ဆိုပါသည်။

နိယံ ။ ။ နနု အတက် စလည်းစွက်မူ နှစ်ချက်မသေချာ စောဒနာလည်းရ အာဘော်လည်းပြ။

## နံပါတ် (၄)

**ဝိမ္ဟယံ ဝိစိတ္တံ စိနောတီတိ ဝီစိ။**

ဝိပုဗ္ဗ-စိဓာတ် + ကွိပစ္စည်းသည်ရင်း၊ စိခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။

လှိုင်းငယ်ဟူသောအမည်သည် (ပဝတ္တိနိမိတ်)။

**တရန္တော ဂစ္ဆတီတိ တရင်္ဂေါ။ တီရံဝါ ဂစ္ဆတီတိ တရင်္ဂါ။**

တီရသဒ္ဒူပပဒ-ဂမုဓာတ်+ကွိ ပစ္စည်းသည်ရင်း၊ ဗီလာကန့်လန့်သွားခြင်း ကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။

တရင်္ဂဟူသောအမည်သည် ပဝတ္တိနိမိတ် (ရေဒြပ်)

**ဇလတိ သန္ဒတီတိ ဇလံ။**

ဇလဓာတ်+အပစ္စည်းသည်ရင်း၊ စီးဆင်းခြင်းကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။

ရေ၏ဖြစ်ကြောင်းဖြစ်ရာ ယိုစီးခြင်းဂုဏ်သတ္တိသည် ပဝတ္တိနိမိတ်။

**သုဋ္ဌု ပသန္နံ သုပ္ပသန္နံ။**

ကောင်းခြင်းဂုဏ်၏ ကြည်လင်သောရေနှင့် ဂုဏ်/ဂုဏေးစပ် ဗျုပ္ပတ္တိနိမိတ်။

ကြည်လင်သောရေဒြပ်သည် ပဝတ္တိနိမိတ်။

## နံပါတ် (၅)

နနု ॰ အလိင်+ဂဏဝိမုတ်+ဥကာရန်+နိပါတ်ပုဒ်။

အဒုံ॰ နပုလ္လိင်+သဗ္ဗနာမ်ဂိုဏ်း+ဥကာရန်(နိဂ္ဂဟိတ်ကာရန်)သဗ္ဗနာမ်ပုဒ်။

ဝီစိ ॰ ပုလ္လိင် (ဣတ္ထိလိင်)+ရတ္တာဒိ+ဣကာရန်+ကိတ်နာမ်ပုဒ်။

သုဋ္ဌု ॰ အလိင်+ဂဏဝိမုတ်+ဥကာရန်+နိပါတ်ပုဒ်။

(တစ်နည်း) နပုလ္လိင်+ရတ္တာဒိ+ဥကာရန်+ကိတ်နာမ်ပုဒ်။

သုန္ဒရ ဘာဝေန ဌာတိ ပဝတ္တတီတိ သုဋ္ဌု။

http://www.dhammadownload.com



## နံပါတ် (၆)

နသုပ္ပသန္တံ ဟောတိ တသ္မာ-ဖြင့် ပဌမစျာန်၌ သဒ္ဒါယှဉ်သော်လည်း ကောင်းစွာကြည်လင်မှု မရှိသောကြောင့် သမ္ပသာဒနဟူ၍ မဟောဆိုနိုင်ခြင်း၏အကြောင်းကို သိစေသည်။ ဝိတက္ကဝိစာရက္ခောဘေန-ဖြင့် သဒ္ဒါ၏ကောင်းစွာမကြည်လင်ခြင်းအကြောင်းကို သိစေသည်။ ဝီစိတရင် သမာကုလမိဝ ဇလံ-ဖြင့် ကောင်းစွာကြည်လင်မှု မရှိပုံဥပမာကို သိစေသည်။ အဒုံ ပဌမဈာနံ-ဖြင့် ကောင်းစွာကြည်လင်မှုမရှိခြင်းဟူသည် ပဌမစျာန်ပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။

## နံပါတ် (၇)

ဣဒမေဝ၅ ဓေဝ. . . ဒုတိယဈာန်သည် ဂဟေတဗ္ဗတ္ထ။

ပထမစျာန်သည် နိဝတ္တေတဗ္ဗတ္ထ။

ဒုတိယစျာန်ကို ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ-ဟူ၍လည်း ဟောခြင်းသည် အနုညာတတ္ထ

(တစ်နည်း) ဒုတိယစျာန်၏ ကောင်းစွာကြည်လင်ခြင်းဂုဏ် သမာဓိ၏အလွန်ထင်ရှားခြင်းဂုဏ်သည် အနုညာတတ္ထ

န သုပ္ပသန္နတ္တာ စေစ-ဝေသဒ္ဒါဖြင့် တသ္မာဟူ၍ ဆိုအပ်ခဲ့ပြီးသော သုပ္ပသာဒါဘာဝသည်ပင် အကြောင်းဖြစ်၏ မဆိုရသေးသောအသစ်စက်စက်အကြောင်းမဟုတ်ဟု ပြ၏။

စသဒ္ဒါဖြင့် ဆိုအပ်ပြီး အဟောင်းဖြစ်သော ဝိတက္ကဝိစာရက္ခောဘ-ဟိတ်ကို ဆည်းသတည်း။ (ပြည်နိဿယ)

တသ္မာဟူ၍ ဆိုအပ်ခဲ့ပြီးသော သုပ္ပသာဒါဘာဝ-အကြောင်းသည် ဂဟေတဗ္ဗတ္ထ။

မဆိုရသေးသော အသစ်စက်စက် တပါးအကြောင်းသည် နိဝတ္တေတဗ္ဗတ္ထ။

ဆိုအပ်ပြီး အဟောင်းဖြစ်သော ဝိတက္ကဝိစာရက္ခောဘ-အကြောင်းသည် အနုညာတတ္ထ။

နနု- စောဒနတ္ထ (တစ်နည်း) ဝိရောဓနတ္ထ။

အယဥ္စ- သဒ္ဒါ-သာ ပဌမစျာန်၌ရှိသည်မဟုတ် သမာဓိလည်း ပဌမစျာန်၌ ရှိ၏ဟု ပဌမစျာန်ရှိသဒ္ဒါကို ပေါင်းစည်းသည်။

အထ- မင်္ဂလတ္ထ

**အဓိကာရေ မင်္ဂလေစေဝ၊ နိပ္ဖန္နေစာဝဓာရဏေ။**

**အနန္တရေစ ပါဒါနေ၊ အထသဒ္ဒေါ ပဝတ္တတိ။**

## နံပါတ် (၈)

သမ္ပသာဒနံ အရ- မုချအားဖြင့် သဒ္ဒါစေတသိက်။- ယင်းသည် ဒဿနတ္ထ။

http://www.dhammadownload.com



သဒ္ဒေယျဝတ္ထုသည် ဒီပကဝတ္ထု။
စိတ်ကြည်လင်ခြင်းအကျိုးသည် ပကာသနဝတ္ထု။
ယောနိသောမနသိကာရ, သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယသည် ဝိဘာဝဝတ္ထု။
ကြည်လင်ခြင်းဖြင့်ရအပ်သော သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်စသည်သည် အနုဘာဝဝတ္ထု။

### နံပါတ် (၁၀)

သဒ္ဒါအရ = သဒ္ဒါပစ္စည်းတရားသည်၊ ပဌမဗျာနေပိ အတ္ထိအရ = ပဌမစျာန်စိတ္တုပ္ပါဒ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၂၊ ဣန္ဒြိယ။

■■■■■■■■■■■■■■■■■■■■■

### ဝါကျစဉ် (၉၁)

**(က) အဝိတက္ကအဝိစာရန္တိ ဘာဝနာယ ပဟီနတ္တာ ဧတေသံ, ဧတေသ ဝါ ဝိ-တက္ကော နတ္ထီတိ အဝိတက္ကံ။**

**(ခ) ဣမိနာဝ နယေန အဝိစာရံ။**

**(ဂ) ဝိဘင်္ဂေပိ ဝုတ္တံ "ဣတိ အယဉ္စ ဝိတက္ကော အယဉ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ အပ္ပိတာ ဗျပ္ပိတာ သောသိတာ ဝိသောသိတာ ဗျန္တီကတာ၊ တေန ဝုစ္စတိ အဝိတက္ကံ အဝိစာရ"န္တိ။**

**(ဃ) ဧတ္ထာဟ "နနု စ 'ဝိတက္ကဝိစာရာနံ ဝူပသမာ'တိ ဣမိနာပိ အယမတ္ထော သိဒ္ဓေါ၊ အထ ကသ္မာ ပုန ဝုတ္တံ 'အဝိတက္ကံ အဝိစာရ' န္တိ"။**

**[ အဘိ၊ ဌ ။ ၂၁၄ ]**

### နံပါတ် (၁)

(က) ဝါကျ (ဟိတ်သမ္ဗန်၊) ဝိတက္ကဿ။ (တစ်နည်း) ဝိတက္ကဝိစာရာနံ (ဂဏ္ဌိ)။

(ဂ) သန္တာ၊ ငြိမ်းကုန်ပြီးသည်။ သမိတာ၊ ငြိမ်းစေအပ်ကုန်သည်။ ဝူပသန္တာ၊ လွန်စွာငြိမ်းကုန်သည်။ ဤသို့ သဒ္ဒတ္ထပေး။ (တစ်နည်း) သန္တာ၊ သမံ နိရောဓံဂတာ၊ ချုပ်ခြင်းသို့ရောက်ကုန်သည်။ ဟောန္တိ၊ သမိတာ၊ ဘာဝနာဖြင့် ချုပ်ခြင်းသို့ရောက်စေအပ်ကုန်သည်။ ဝူပသန္တာ၊ ဘာဝနာဖြင့်ချုပ်စေအပ်သည်ဖြစ်၍ လွန်စွာငြိမ်းကုန်သည်။ အတ္ထင်္ဂတာ၊ ပျက်ခြင်းသို့ရောက်ကုန်သည်။ အဗ္ဘတ္ထင်္ဂတာ၊ လွန်စွာပျက်ခြင်းသို့ရောက်ကုန်သည်။ အပ္ပိတာ၊ ပျက်ခြင်းသို့ရောက်စေကုန်သည်။ ဗျပ္ပိတာ၊ အထူးသဖြင့် ပျက်ခြင်းသို့ ရောက်စေအပ်ကုန်သည်။ သောသိတာ၊ ပဝတ္တိဟုဆိုအပ်သော သန္တာန်၏မရှိခြင်းဖြင့် ခြောက်သွေ့ခြင်းသို့ရောက်ကုန်သည်။ ဝိသောသိတာ၊ အထူးသဖြင့် -ကုန်သည်။ ဗျန္တီကတာ- ဝိတန္တကတာ၊ အစွန်းအမြိတ် အစအနမျှမကျန် အသန့်

http://www.dhammadownload.com



ကင်းသည်ကို ပြအပ်ကုန်သည်။ ဟောန္တိ။

နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် အဝိတက္ကံပုဒ်ကို သတ္တမီဗဟုဗ္ဗီဟိသမာသ် (ဝါ)စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- ပြသော်၊ အဝိစာရံပုဒ်၏ဝစနတ္ထကို ဗဟုဗ္ဗီဟိဝစနတ္ထမှတပါး အခြားသမာသ်ဝစနတ္ထ ပြအပ်၏ ဟူသောအနက်ရောက်ရာ၏၊ အဝိစာရံပုဒ်၏ဝစနတ္ထကိုလည်း အတိဒေသနည်းဖြင့် ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (ခ)မိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် ဝိတက်ဝိစာရမရှိခြင်းသည် ဘာဝနာဖြင့် ပယ်အပ်သည်၏အဖြစ်ကြောင့် မရှိခြင်းပင်ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်လည်း၊ အဝိတက္ကံ အဝိစာရံဟု သာမညဆိုသောကြောင့် သဘာဝအားဖြင့် မရှိခြင်းသည်လည်း ဖြစ်နိုင်ကောင်းသည်မဟုတ်လော။- ဆိုနိုင်ခြင်း၏ အာဂမယုတ္တိ ကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

နံပါတ်(၃)

(ခ)ဝါကျဖြင့် အဝိစာရံပုဒ်၏ဝစနတ္ထကို အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ဆိုသောကြောင့် ဝဏ္ဏဂရုဒေါသပယ်။

(ဂ) ဝါကျဖြင့် ဝိရောဓိဒေါသပယ်။

(ဃ)ဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။

(က)ဝါကျ ဝါ-သဒ္ဒါဆိုရခြင်း- အဝိတက္ကံပုဒ်၏ သတ္တမီဗဟုဗ္ဗီဟိဝစနတ္ထမှတပါး စတုတ္ထီဗဟုဗ္ဗီဟိဝစနတ္ထကို လဲပြလို၍ ဆိုပါသည်။

(ဃ)ဝါကျ နနု-သဒ္ဒါဆိုရခြင်း- ဝိတက်ဝိစာရမရှိခြင်းသည် ဝိတက္ကဝိစာရာနံ ဝူပသမာ-ပါဠိဖြင့် ပြဆိုပြီးဖြစ်၍ တဖန် အဝိတက္ကံ အဝိစာရံကိုဆိုရာ၌ ကျေနပ်ဖွယ် မရှိ စောဒနာဘွယ်ရှိ၍ နနု-သဒ္ဒါဆိုပါသည်။

နံပါတ် (၄)

ပဟီယိတ္ထာတိ ပဟီနော။ ပဟီနသ္သ ဘာဝေါ ပဟီနတ္တံ။

ပဟီနပုဒ် + တ္တ ပစ္စည်းသည်ရင်း၊ ပယ်အပ်ပြီးသောဝိတက်၏ မရှိခြင်း ကင်းခြင်းဂုဏ်နှင့် နိဿယ/နိဿိတစပ် (ဗျုပ္ပတ္တိနိမိတ်)။ ဝိတက်မရှိခြင်း/ကင်းခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

သမိသု နိရုဇ္ဈိံသူတိ သန္တာ။

သမုဓာတ် + တ ပစ္စည်းသည်ရင်း၊ ငြိမ်းခြင်းကြိယာသကတ်သည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ ဝိတက်ဝိစာရတို့၏ မရှိခြင်းအဘာဝဘောဂုဏ်သည် (ပဝတ္တိနိမိတ်)။

http://www.dhammadownload.com



သမိယိတ္ထာတိ သမိတာ။ အတ္ထံ ဝဓိသူတိ အတ္ထင်္ဂတာ။

### နံပါတ် (၅)

ဘာဝနာယ။ ။ ဣတ္ထိလိင် + ကညာဒိ + အာကာရန် + ကိတ်နာမ်ပုဒ်။

သန္တာ ။ ။ ပုလ္လိင် + ပုရိသာဒိ + ဩကာရန် + ကိတ်နာမ်ပုဒ်။

မှတ်ချက် ။ ။ ဤ၌ သမ္မာတတ် + တပစ္စည်းဖြင့်ပြီး၍ ပုရိသာဒိဂိုဏ်းနေသည်၊ အန္တ-ပစ္စည်းဖြင့်ပြီးက ဝစ္ဆန္တာဒိဂိုဏ်း။

အတ္ထင်္ဂတာ။ ။ ပုလ္လိင် + ပုရိသာဒိ + ဩကာရန် + သမာသ်နာမ်ပုဒ်။

### နံပါတ် (၆)

(က)တေသွံ တေသဝါ ဝိတက္ကော နတ္ထီတိဖြင့် အဝိတက္ကံ၌ န-ပုဒ်+ဝိတက္ကပုဒ် အ-သည် န-၏ ကာရိယဖြစ်သည်ကိုရင်း၊ အဘာဝအနက်ဟောသည်ကိုရင်း၊ နတ္ထိ ဝိတက္ကော တေသွံ တေသ ဝါ တိ အဝိတက္ကံဟု သတ္တမီဗဟုဗ္ဗိဟိ(ဝါ)စတုတ္ထီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုအပ်သည်ကိုရင်း သိစေသည်။ ဘာဝနာယ ပဟီနတ္တာ-ဖြင့် ဝိတက်မရှိခြင်းဟူသည် သဘာဝအားဖြင့်မရှိသည်မဟုတ် ဘာဝနာဖြင့်ပယ်အပ်သည်၏ အဖြစ်ကြောင့် မရှိခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။

### နံပါတ် (၇)

ဣမိနာ ၀ ၌ ဓေ....

သတ္တမီ စတုတ္ထီဗဟုဗ္ဗိသမာသ် ဝစနတ္ထနည်းသည် ဂဟေတဗ္ဗတ္ထ။

ဝိစာရဿ အဘာဝေါ အဝိစာရံ။ န ဝိစာရံ အဝိစာရံဟူသော အဗျယီဘော သမာသ်တပ္ပုရိသ်သမာသ်သည် နိဝတ္တေတဗ္ဗတ္ထ။

သတ္တမီ စတုတ္ထီဗဟုဗ္ဗိဟိသမာသ်နည်းဖြင့် သိအပ်သော အနက်အဓိပ္ပါယ်သည် အနုညာတတ္ထ။

(ဂ) ဝါကျ ပိသဒ္ဒါ သမုစ္စည်းအနက်- ဘာဝနာဖြင့် ပယ်ခြင်းကြောင့် ဝိတက် ဝိစာရမရှိခြင်းဟူသောအဓိပ္ပါယ်ကို ဤအဋ္ဌကထာ၌သာဆိုသည်မဟုတ် ဝိဘင်း၌ လည်းဆိုအပ်၏ဟု ပေါင်းဆည်းသည်။

### နံပါတ် (၈)

ဘာဝနာယ အရ- ဒုတိယဈာန်၏ရှေ့အဘို့၌ဖြစ်သော ဥပစာရဘာဝနာရ၏။

ယင်းသည် ဒဿနတ္ထ။

ပဌမဈာန်ကို ရရှိပြီးခြင်းသည် ဒီပကတ္ထ။

ဒုတိယဈာန်ကို ရရှိခြင်းသည် ပကာသနတ္ထ။

ကသိုဏ်းအာရုံတို့သည်ရင်း တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းသည်ရင်း ဝိဘာဝတ္ထ

http://www.dhammadownload.com


အထက်ဖြစ်သော တတိယစျာန် စတုတ္ထစျာန်တို့ကို ရရှိခြင်း ရူပဘုံ၌ ပဋိသန္ဓေနေရခြင်းစသည်သည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

ဘာဝနာယ အရ-ဒုတိယစျာန်၏ရှေးအဘို့၌ဖြစ်သော ဥပစာရဘာဝနာ ပစ္စည်းတရားသည်၊ပဟီနတ္တာ၌ ပဟီနအရ- ပယ်အပ်ပြီးသော ဝိတက်အား(တစ်နည်း) ဝိတက်ဝိစာရ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

ဘာဝနာယ အရ-ဒုတိယစျာန်၏ရှေ့အဘို့၌ဖြစ်သော ဥပစာရဘာဝနာ ပစ္စည်းတရားသည် ၊တေသို့-အရ ဒုတိယစျာန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ ပြိုင်နိုင်သော ပစ္စယသတ္တိကား- အနန္တ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ။

တစ်နည်း။ ။ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

ဒဒဒဒဒဒဒဒဒဒဒဒဒဒဒဒဒဒဒ

ဝါကျစဉ် (၉၂)

(က)သမာဓိဇန္တိ ပဌမဇ္ဈာနသမာဓိတော, သမ္ပယုတ္တသမာဓိတော ဝါ ဇာတန္တိ အတ္ထော။

(ခ) တတ္ထ ကိဉ္စာပိ ပဌမမ္ပိ သမ္ပယုတ္တသမာဓိတော ဇာတံ၊ အထခေါ် အယမေဝ သမာဓိ "သမာဓိ"တိ ဝတ္တဗ္ဗတံ အရဟတိ။

(ဃ)ဝိတက္ကဝိစာရက္ခောဘဝိရဟေန အတိဝိယ အစလတ္တာ, သုပ္ပသန္နတ္တာစ။

(င) ပီတိသုခန္တိ ဣဒံ ဝုတ္တနယမေဝ။ [ အဘိ။ ၄ ။ ၂၁၅ ]

နံပါတ် (၁)

သမာဓိဇံ၊ ဥပနိဿယပစ္စည်းဖြစ်သော ပဌမစျာန်သမာဓိကြောင့်ဖြစ်သော။ (ဝါ)သမ္ပယုတ်သမာဓိကြောင့် ဖြစ်သော။

(ခ) တတ္ထ- တသ္မိံ ဒုတယဇ္ဈာနာဓိကာရေ။ တတ္ထ ဝေ-သု ဒွိသု ဈာနေသု။ တတ္ထ-တေသု ဒွိသု သမာဓိသု။ တတ္ထ တိဿံ ပါဠိယံ။ တတ္ထ တသ္မိံ သမာဓိဇန္တိ ပဒေ။

(ဃ)တသ္မာ၊ ထိုသို့ဒုတိယစျာန်သမာဓိ၏သာလျှင် သမာဓိဟူ၍ ဆိုခြင်းငှါ ထိုက်သည်၏ အဖြစ်ကြောင့်။

နံပါတ် (၂)

(ခ)စသည်သို့။ ။ ဆရာသည် (က)ဖြင့် ဒုတိယစျာန်ကို သမာဓိဇံဟု ဆိုခြင်းသည် သမ္ပယုတ်သမာဓိကြောင့်ဖြစ်၍ ဆိုအပ်၏ဟု ဖွင့်ပြအပ်၏။ ထို... သော်၊ ပဌမစျာန် သည်လည်း သမ္ပယုတ်သမာဓိကြောင့်ပင်ဖြစ်သောကြောင့် ယင်းပဌမစျာန်ကိုလည်း

http://www.dhammadownload.com


သမာဓိဇံဟုဆိုသင့်သည် မဟုတ်ပါလော။- ဒုတိယဈာန်ကိုသာ သမာဓိဇံဟူ၍ ဆိုခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (ခ)စသည်မိန့်။ (တစ်နည်း) မြတ်စွာဘုရားသည် ပါဠိတော်၌ ဒုတိယဈာန်ကို သမာဓိဇံဟု ဟောတော်မူအပ်၏ ဤသို့လည်းဥပနာ့ တစ်နည်းထား။

**(ခ)ဝါကျ အထခေါ စသည်သို့။** ။ ဆရာ ကိဥ္စာပိစသည်ဖြင့်ပဌမဈာန်သည်လည်း သမ္ပယုတ်သမာဓိကြောင့်ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ပဌမဈာန်သမာဓိကို လည်း သမာဓိဟူ၍ဆိုခြင်းငှါထိုက်၏ဟူသောအနက် ရောက်ရာ၏။- စုဒ်ကြောင့် အထခေါ-စသည်မိန့်။

**(ဂ)ဝါကျသို့။** ။ ဆရာ (ခ)ဖြင့် ပဌမဈာန်သည်လည်း သမ္ပယုတ်သမာဓိကြောင့် ဖြစ်သော်လည်း စင်စစ်ဒုတိယဈာန်သမာဓိကိုသာ သမာဓိဟူ၍ ဆိုခြင်းငှါထိုက်သည်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ ဒုတိယဈာန်သမာဓိကိုသာ သမာဓိဟူ၍ ဆိုခြင်းငှါထိုက်ခြင်းအကြောင်းကိုလည်း ဆိုသင့်သည်မဟုတ်ပါလော။- (ရှေ့ အာဘော်လည်းရေးနိုင်သည်) စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

နံပါတ် (၃)

(ခ) ဝါကျဖြင့် အဗျာပိတ ဒေါသပယ်။

(ဂ) ဝါကျဖြင့် ဝိရောဓိ ဒေါသပယ်။

(ဃ)ဝါကျဖြင့် နိရတ္ထက ဒေါသပယ်။

(င) ဝါကျဖြင့် ဂန္ထဂရု ဒေါသပယ်။

**(က)ဝါကျ ဝါ-သဒ္ဒါထားရခြင်း။** ။ သမာဓိဇံ၌ သမာဓိအရ ပဌမဈာန်သမာဓိကို ကောက်ယူအပ်သည်မှတပါး သမ္ပယုတ်သမာဓိကို ကောက်ယူအပ်သည်ကို လဲ ပြလို၍ထားပါသည် (အဘိဓေယျတ္ထလဲ၍ အကျိုးလဲဟုဆို) (တစ်နည်း) ပဌမဈာန် သမာဓိကြောင့်ဖြစ်၏ဟူသော သကတ်နက်မှတပါး သမ္ပယုတ်သမာဓိကြောင့် ဖြစ်၏ ဟူသော သကတ်နက်အကြောင်းတပါး လဲပြလို၍ ထားပါသည်။

**ကိဥ္စာပိ သဒ္ဒါဆိုရခြင်း။** ။ သမ္ပယုတ္တ သမာဓိတော ဇာတံဟု ဖွင့်ဆိုသော သံဝဏ္ဏနာကို မနှစ်သက်၍ဆိုပါသည်။ (သံဝဏ္ဏနာကို မနှစ်သက်သောကြောင့် အနက်ကိုမနှစ်သက်ဟုဆို) (တစ်နည်း) ဒုတိယဈာန်ကို သမာဓိဇံဟူ၍ ဟောဆိုအပ် သည်ကိုမနှစ်သက်၍ ဆိုပါသည်။ (ပါဠိတော် သံဝဏ္ဏေတဗ္ဗကို မနှစ်သက်သောကြောင့် သဒ္ဒါ-မနှစ်သက်ဟုဆို)

နံပါတ် (၄)

ပဌီယတေ ဥစ္စာရီယတေတိ ပဌမံ။ ပဌမဥ္စ တံ ဈာနဥ္စာတိ ပဌမဈာနံ။

ပဌမပုဒ် + ဈာနပုဒ်သည်ငင်း၊ ရှေးဦးစွာ ဖြစ်ခြင်းဂုဏ်၏ ဈာန်နှင့် ဂုဏ်/ ဂုဏေးစပ် (ဗျုပ္ပတ္တိနိမိတ်)။ ရှေးဦးစွာဖြစ်ခြင်းဂုဏ် (ဝါ)ရှေးဦးစွာ ဝင်စားရ

http://www.dhammadownload.com



ခြင်းကြိယာသည် (ပဝတ္တိနိမိတ်)။

**စလနံ စလံ၊နတ္ထိ စလံ ယဿာတိ အစလော၊အစလဿ ဘာဝေါ အစလတ္တံ၊**

နပုဒ် + စလပုဒ် + ယပုဒ် သည်ရင်း၊ မတုန်လှုပ်ခြင်း အဘာဝဘောဂုဏ်၏ ဒုတိယဈာန်သမာဓိနှင့် ဂုဏ်/ဂုဏေး စပ် (ဗျုပ္ပတ္တိနိမိတ်)။

မတုန်လှုပ်ခြင်းဂုဏ်သည် (ဂပဝတ္တိနိမိတ်)။

**ပသီဒတီတိ ပသန္နော၊ သုဋ္ဌု ပသန္နော သုပ္ပသန္နော၊**

**သုပ္ပသန္နဿ ဘာဝေါ သုပ္ပသန္နတ္တံ၊**

သုပ္ပသန္နပုဒ် + တ္တ ပစ္စည်းသည်ရင်း၊ ကောင်းစွာကြည်လင်သောသမာဓိ၏ ကောင်းစွာကြည်လင်ခြင်းဂုဏ်နှင့် နိဿယ/နိဿိတစပ် (ဗျုပ္ပတ္တိနိမိတ်)။

ကောင်းစွာကြည်လင်ခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

တတ္ထ ။ ။ အလိင် + ဂဏာဝိမုတ် + အကာရန် + နိပါတ်ပုဒ်။
(တစ်နည်း)သဗ္ဗနာမ်ပုဒ်။

ဝတ္တဗ္ဗတံ ။ ။ ဣတ္ထိလိင် + ကညာဒိ + အာကာရန် + တဒ္ဓိတ်နာမ်ပုဒ်။

ဣမဿ ။ ။ နပုလ္လိင် + သဗ္ဗနာမ်ဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + သဗ္ဗနာမ်ပုဒ်။

## နံပါတ် (၆)

ပဋ္ဌမဈ္ဈာနသမာဓိတော ဇာတံဖြင့်။ ။ သမာဓိဇံကို သမာဓိတော ဇာတံ သမာဓိဇံ-ဟု ပဉ္စမီတပ္ပုရိသ်ဝစနတ္ထပြုအပ်သည်ကိုရင်း၊ သမာဓိ-အရ ပဌမဈာန်သမာဓိကို ကောက်ယူအပ်သည်ကိုရင်း သိစေသည်။သမ္ပယုတ္တသမာဓိတောဇာတံ(နည်းတူဖော်)

## နံပါတ် (၇)

**အယမေဝ သမာဓိဒ္ဓ ဧဝ. . .**

ဒုတိယဈာန်သမာဓိသည် ဂဟေတဗ္ဗတ္ထ။

ပဌမဈာန်သမာဓိသည် နိဝတ္တေတဗ္ဗတ္ထ။

တုန်လှုပ်ခြင်းမရှိခြင်းဂုဏ်သည်, ကောင်းစွာကြည်လင်ခြင်းဂုဏ်တို့သည် အနုညာတတ္ထ။

**ဣဓမေဝ ဌ ဧဝ. . .**

ဒုတိယဈာန်သည် ဂဟေတဗ္ဗတ္ထ။

ပဌမဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။

ဒုတိယဈာန်ကို ဧကောဒိဘာဝံ သမာဓိဇံဟူ၍ ဟောဆိုရခြင်း၏အဖြစ်သည် အနုညာတတ္ထ။

ပဌမမ္ပိ ဌ ပိသဒ္ဒါ- ဒုတိယဈာန်သာ သမ္ပယုတ်သမာဓိကြောင့်ဖြစ်သည်

http://www.dhammadownload.com



မဟုတ်သေး၊ ပထမဈာန်လည်း သမ္ပယုတ်သမာဓိကြောင့်ဖြစ်၏ဟု ပေါင်းစည်းသော ကြောင့် သမုစ္စယ။ သမ္ပိဏ္ဍန။

ဒုတိယသန္တတ္ထာစ ၌စ-သဒ္ဒါ= ဒုတိယဈာန်သမာဓိသည် လှုပ်ရှားခြင်းမရှိသည် သာမဟုတ် ကောင်းစွာကြည်လင်ခြင်းလည်းဖြစ်၏ဟု ပေါင်းစည်းသည်။

ကိဥ္စာပိ = အနုဂ္ဂဟတ္ထ- သမ္ဘာဝနတ္ထ။

အထခေါ်= ဂရဟတ္ထ။

နံပါတ် (၉)

ဝုတ္တနယမေဝ ၌ ဝုတ္တဝယ် ဓာတ်အရ။ ။ အယဥ္စပီတိ ဣဒဥ္စသုခံစသည်ဖြင့် ပထမဈာန်၌ဖွင့်ဆိုသော အဋ္ဌကထာဆရာ၏သန္တာန်၌ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်- ယင်းသည် ဒဿနတ္ထ။

ယောနိသော မနသိကာရသည်၎င်း၊ သောတုဇနတို့အား ပီတိသုခံပုဒ်၏ အဖွင့်သံဝဏ္ဏနာကို သိစေလိုသော ကလျာဏဇ္ဈာသယသည်၎င်း ဒီပကတ္ထ။ သဒ္ဒမ္ပသဝန သပ္ပုရိသူပနိဿယ စသည်သည်၎င်း၊ အဋ္ဌကထာဆရာ၏ ဆည်းပူးခဲ့သော သုတမယဉာဏ် စိန္တာမယဉာဏ်တို့သည်၎င်း ဝိဘာဝတ္ထ။ ပီတိသုခံ-ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ကြည့်ရှုမှတ်သားသင်အံ့ လေ့ကျက်ကြသဖြင့် ရရှိအပ်သောအကျိုးတို့သည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

သမာဓိဇံ၌ သမာဓိအရ။ ။ပဌမဈာန်သမာဓိပစ္စည်း တရားသည် ဇ-အရ ဒုတိယဈာန်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။(တစ်နည်း) သမာဓိအရ သမ္ပယုတ်သမာဓိပစ္စည်းတရားသည်၊ဇ-အရ ဒုတိယဈာန်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၂ ဣန္ဒြိယ, ဈာန, မဂ္ဂ။

ဓါတ်ချောင်းဦး (၉၃)

(က) ပီတိယာ စ ဝိရာဂါတိ ဝိရာဂေါနာမ ဝုတ္တပ္ပကာရာယ ပီတိယာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။

(ခ) ဥဘိန္နံ ပန အန္တရာ စသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။

(ဂ) သော ဝူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရ ဝူပသမံ ဝါ။

(ဃ) တတ္ထ ယဒါ ဝူပသမမေဝ သမ္ပိဏ္ဍေတိ၊ တဒါ ပီတိယာ ဝိရာဂါစ- ကိဥ္စ ဘိယျော ဝူပသမာစာတိ ဧဝံ ယောဇနာ ဝေဒိတဗ္ဗာ။

(င) ဣမိဿာစ ယောဇနာယ ဝိရာဂေါ ဇိဂုစ္ဆနတ္ထော ဟောတိ။

http://www.dhammadownload.com



## (စ)တဿာ ပီတိယာ ဝိဂ္ဂနာစ ဥပသမာစာတိ အယမေတ္ထာ ဒွေဒွော။

[ အဘိ။ ၄ ။ ၂၁၆ ]

### နံပါတ် (၁)

သံဝဏ္ဏနာဣ သံဝဏ္ဏေတဗ္ဗ အနက်။ ။ပီတိယာ၊ ကို။ ဝိရာဂါ၊ စက်ဆုပ်ခြင်း ကြောင့်ငှင်း။ ပီတိယာ၊ ၏။ ဥပသမာ စ၊ ဖယ်ခွါလွန်မြောက်ငြိမ်းပျောက်ခြင်း ကြောင့်ငှင်း။(တစ်နည်း)ပီတိယာ၊ ကို။ ဝိရာဂါ စ၊ လွန်မြောက်ခြင်းကြောင့်ငှင်း။ပီတဋ္ဌ ဝိစာရာနံ၊ တို့ကို/တို့၏။ ဥပသမာစ၊ ငြိမ်းခြင်းကြောင့်ငှင်း။

### နံပါတ် (၂)

(ခ)သို့ ဝါဝနာဒိ ။ ။ ဆရာ (က)ဖြင့် ပီတိယာ ဝိရာဂါ၌ ပီတိအရကိုငှင်း ဝိရာဂပုဒ် ၏ အနက်အဓိပ္ပါယ်တို့ကိုငှင်း ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ ယင်းနှစ်ပုဒ်တို့၏ အလယ်၌ရှိသော စ-သဒ္ဒါ၏အနက်ကို မသိအပ်ဟူသောအနက်ရောက်ရာ၏။

(ဂ)သို့ ဌပနာဝစ္ဆတ။ ။ ဆရာ (ခ)ဖြင့် ပီတိယာပုဒ် ဝိရာဂပုဒ်တို့၏အလယ်၌ ရှိသော စ-သဒ္ဒါသည် သမ္ပိဏ္ဍနအနက်၌ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်လည်း၊ စ-သဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍ အနေကတ္ထဝိသယာ နိပါတာဟူသော ပရိဘာသာနှင့် အညီများစွာသော အနက်တို့ကို ဟောနိုင်သည်မဟုတ်ပါလော။ သမ္ပိဏ္ဍန-အနက်မှ ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။

### နံပါတ် (၃)

(ဃ)ဖြင့် အဗျာပိတဒေါသပယ်။ ပေါင်းဆည်းပုံ သမ္ပိဏ္ဍနာကာရကို ပဒယော ဇနာနှင့်တကွ ဆက်ပြသောကြောင့်။

(င)ဖြင့် အဗျာပိတဒေါသပယ်။ ဥပသမသက်သက်ပေါင်းဆည်းရာ၌ ဝိရာဂသဒ္ဒါ၏ အနက်ကို ပံ့နှံ့အောင်ဆက်လက်ပြသောကြောင့်။ (တစ်နည်း) အတိဗျာပိတဒေါသ ပယ်။ ဝိရာဂ-သဒ္ဒါ၏ ဇိဂ္ဂုစ္ဆနအနက် သမတိက္ကမန အနက်တို့တွင် ဥပသမသက်သက် ကိုပေါင်းဆည်းခိုက် ဝိရာဂသဒ္ဒါ၏ ဇိဂ္ဂုစ္ဆနအနက်၌ဖြစ်၏ဟု လိုအပ်သောအနက်ကို ဖွင့်ဆိုသောကြောင့်။။

(ဃ)ဝေဒိတဗ္ဗာ သဒ္ဒါ. . . စ-သဒ္ဒါ ဥပသမသက်သက်ကိုပေါင်းဆည်းခိုက် ပီတိယာ ဝိရာဂါစ ဥပသမာစ ဟု ပဒယောဇနာကို သံသယတ္ထ နေယျတ္ထအားဖြင့် ပြလိုသောကြောင့် ဝေဒိတဗ္ဗာ-သဒ္ဒါဆို။

(စ) ဒွေဒွော သဒ္ဒါ. . . ပီတိယာ၊ ကို။ ဝိရာဂါ၊ စက်ဆုပ်ခြင်းကြောင့်ငှင်း။ ဥပသမာစ၊ ငြိမ်းခြင်းကြောင့်ငှင်း။ဤသို့အနက်ကို သန္နိဋ္ဌာနတ္ထ မုချတ္ထအားဖြင့် ပြလိုသော ကြောင့် ဒွေဒွော-သဒ္ဒါဆို။

http://www.dhammadownload.com



## နံပါတ် (၄)

ဝုတ္တပကာရ ။ ။ ဝုတ္တော ပကာရော ယာယာတိ ဝုတ္တပကာရာ။

ဝုတ္တ+ ပကာရ+ ယပုဒ်သည်ရင်း။ ဆိုအပ်ပြီးသောအပြား၏ ပီတိနှင့် ပကာရ+ ဝန္တ စပ် (ဗျု + နိ)။ ပီတိ၏ ငါးပါးပြားခြင်းဝုဏ်သည် (ပ + နိ)။

သမ္ပိဏ္ဍနတ္ထ ။ ။ သမ္ပိဏ္ဍီယတေ သမ္ပိဏ္ဍနံ။သမ္ပိဏ္ဍနံ အတ္ထော ယဿာတိ သမ္ပိဏ္ဍနတ္ထော။

ပေါင်းဆည်းခြင်းအနက်၏ စ-သဒ္ဒါနှင့် ဝါစ္စ + ဝါစက အကြောင်းအကျိုးစပ် (ဗျု + နိ)။ ပေါင်းစည်းခြင်း ကြိယာသည် (ပ + နိ)။

ဇိဂုစ္ဆနတ္ထ ။ ။ ဇိဂုစ္ဆီယတေ ဇိဂုစ္ဆနံ။ ဇိဂုစ္ဆနံ အတ္ထော ယဿာတိ ဇိဂုစ္ဆနတ္ထော။

ယောဇနာ ။ ။ ယောဇီယတေ ယောဇနာ။

## နံပါတ် (၅)

ဥဘိန္နံ ။ ။ ပုံ + သဗ္ဗနာမ် + ဩ + သဗ္ဗနာမ်။
အန္တရာ ။ ။ အလိင် + ဝဏ္ဏဝိ + အာ + သတ္တမျန္တနိပါတ်။
ကိဥ္စ ။ ။ အလိင် + ဝဏ္ဏဝိ + အ + အပ္ပတတ္တနိပါတ်။
ဘိယျော။ ။ အလိင် + ဝဏ္ဏဝိ + ဩ + အတိရေကတ္ထနိပါတ်။
ဝူပသမ။ ။ ပုံ + ပု + ဩ + ကိတ်။ (ဝူပသမနံ + ဝူပသမော)

## နံပါတ် (၆)

(က)ဝုတ္တပ္ပကာရာယ- ဖြင့် ပီတိယာ အရ အောက်၌ဆိုအပ်ပြီးသောအပြား ရှိသောပီတိကို ကောက်ယူအပ်သည်ကို သိစေ။ဇိဂုစ္ဆနံဝါ သမတိက္ကမောဝါ- ဖြင့် ဝိရာ ဂေါ ၌ ဝိ+ရဉ္ဇ+ဏ၊ ယင်းဏ၏ ဘာဝသာဓနေ၌သက်၍ ဝိရဇ္ဇနံ ဝိရာဂေါ-ဟုဝစနတ္ထ ပြုအပ်သည်ကိုရင်း၊ မတပ်မက်ခြင်းဟူသည် ငြီးငွေ့ခြင်းကိုအညီပြုသဖြင့် စက်ဆုပ် ခြင်း ထို့၌ဖွဲ့စပ်အပ်သောရာဂကို ဖယ်ခွါလွန်မြောက်ခြင်းပင်ဖြစ်၏ဟူသောအဓိပ္ပါယ် ကို သိစေ။[ဝိရဇ္ဇနံ ဝိရာဂေါ၊ ဝံ ပန ဝိရဇ္ဇနံ နိဗ္ဗန္ဓနဓုဓေန တိဋ္ဌနံ ဝါ တပ္ပဋိဗဒ္ဓရာဝ ပဟာနံ ဝါတိ ဒဿေတုံ "တဿပီတိယာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမောဝါ"တိ ဝုတ္တံ။]

တစ်နည်း။ ။ ဝိရာဂသဒ္ဒါသည် ဇိဂုစ္ဆနအနက် သမတိက္ကမအနက်၌ ဖြစ်သည်ကို သိစေ။

(ခ)သံဝဏ္ဏနာ- ဖြင့် ပီတိယာပုဒ် ဝိရာဂပုဒ်တို့၏ အလယ်၌ရှိသော စ- နိပါတ်သည် သမ္ပိဏ္ဍနအနက်၌ဖြစ်သည်ကို သိစေ။

## နံပါတ် (၇)

ဝူပသမမေဝ ၌ ဧဝ. . . သက်သက်သောဝူပသမသည် ဂဟေတဗ္ဗ။
ဝိတက္ကဝိစာရဝူပသမသည် နိဝတ္တေတဗ္ဗ။

http://www.dhammadownload.com



မှတ်ချက်။ ။ဝိတက်ဝိစာရမဖက် သက်သက်သောဝူပသမကိုသာ ဟူသော (ဘာ+ငြီ)ကို ရှုသည်။

တစ်နည်း။ ။ပြည်နိုသျှ အလို။ ဝူပသမကြိယာသည် ဂဟေတဗ္ဗ။
ဝိတက္ကဝိစာရာနံ ဝူပသမကြိယာသည် နိဝတ္တေတဗ္ဗ။
ပီတိငြိမ်းခြင်း ဂုဏ်သည် အနုညာတ။

(စ)တသ္မာ- ထိုသို့ ဝိရာဂသဒ္ဒါ၏ ဇိဂုစ္ဆနအနက်ရှိသည်၏ အဖြစ်ကြောင့်။

(က)ဝါ သဒ္ဒါ- စက်ဆုပ်ခြင်း လွန်မြောက်ခြင်း အချင်းချင်းကို ဆည်းသောကြောင့် အညမညသမုစ္စည်း။

နံပါတ် (၉)

ဝိရာဝ အရ- တတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရဘာဝနာရ၏။
ယင်းသည် ဒဿနတ္ထ။
ဝိတက်ဝိစာရတို့၏ငြိမ်းခြင်းသည် ဒီပကတ္ထ။
တတိယဈာန်ကိုရရှိခြင်းသည် ပကာသနတ္ထ။
ပဌမဈာန် ဒုတိယဈာန်တို့ရရှိပြီးခြင်းသည် ဝိဘာဝတ္ထ။
တတိယဈာန်သမာပတ်ချမ်းသာကိုခံစားရခြင်း ဣတိယဈာန်ဘုံ၌ ပဋိသန္ဓေနေရခြင်းစသည်သည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

ပီတိယာ-အရ။ ။ ဒုတိယဈာန်နှင့်ယှဉ်သော ပီတိပစ္စည်းတရားသည်၊ ဇိဂုစ္ဆနံ ဝါ သမတိက္ကမောဝါ အရ တတိယဈာန်၏ရှေ့အဖို့၌ဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပစာရဘာဝနာစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ကျေးဇူးပြု။
ပြိုင်- အာရမ္မဏ, အဓိပတိ, ဥပနိဿယ။

ဧဧဧဧဧဧဧဧဧဧဧဧ

ဓါတ္တေ့စဉ် (၉၄)

(က)ကာမဠ္ဌေတေ ဝိတက္ကဝိစာရာ ဒုတိယဇ္ဈာနေယေဝ ဝူပသန္တာ ဣမဿ ပန ဈာနဿ မဂ္ဂပရိဒီပနတ္ထံ, ဝဏ္ဏဘဏနတ္ထဉ္စေတံ ဝုတ္တံ။

(ခ) "ဝိတက္ကဝိစာရာနဉ္စ ဝူပသမာ"တိ ဟိ ဝုတ္တေ ဣဒံ ပညာယတိ "နူန ဝိတက္ကဝိစာရဝူပသမော မဂ္ဂေါ ဣမဿ ဈာနဿာ"တိ။

(ဂ) ယထာစ တတိယေ အရိယမဂ္ဂေ အပ္ပဟီနာနမ္ပိ သက္ကာယဒိဋ္ဌာဒိနံ "ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာ"တိ ဧဝံ ပဟာနံ ဝုစ္စမာနံ ဝဏ္ဏဘဏနံ ဟောတိ၊ တဒဓိဂမာယ ဥဿုက္ကာနံ ဥဿာဟဇနကံ၊ ဧဝ မေဝ ဣဓ အဝူပသန္တာနမ္ပိ ဝိတက္ကဝိစာရာနံ [illegible]သမော ဝုစ္စမာနော ဝဏ္ဏဘဏနံ ဟောတိ။ [ အဘိ၊ ၄ ။ ၂၁၆ ]

http://www.dhammadownload.com


## နံ့ပါတ် (၁)

(က)ဧတေ၀ိတက္ကဝိစာရာ ဒုတိယဈာနေဟေ၀ ၀ူပသန္တာ နနု။
အထကိမတ္ထံ ဣဓ ဝိတက္ကဝိစာရာနဥ္စ ဝူပသမာတိ ဝုတ္တံ။
ဧတေ ဝိတက္ကဝိစာရာ ဒုတိယဈာနေဟေ၀ ကာမဥ္စဝူပသန္တာ။
ပနတာထာပိ ဣမဿဈာနဿ မဂ္ဂဝရိဒီပနတ္ထံ ဝဏ္ဏဘဏနတ္ထဥ္စ ဟောတိနနု။
တသ္မာ ဝေါ ဝုတ္တံ။

(ဂ) ၈၊ ထိုမှတပါး။ တတိယေ အရိယမဂ္ဂေ၊ ၌။ အပ္ပဟီနာနမွိ၊ မပယ်အပ်ကုန်သော် လည်း။ သက္ကာယဒိဋ္ဌိဒီနံ၊တို့ကို။ ပဋ္စန္နံဩရမ္ဘာဂိယာနံ သညောဇနာနံ ပဟာနာတိ၊ ဟူ၍။ ဝေ၊ သို့။ ပဟာနံ၊ ကို။ ဝုစ္စမာနံ၊ ဆိုအပ်သည်ရှိသော။ ဝဏ္ဏဘဏနံ၊ ကျေးဇူးကိုချီးမွမ်းခြင်းသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ တဒဓိဂမာယ၊ထိုတတိယမဂ်ကိုရခြင်းငှါ။ ဥဿုက္ကာနံ၊ အားထုတ်ပေကုန်သသူတို့၏။ဥဿာဟဇနကံ၊ အားထုတ်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိယထာ၊ ၏သို့။ ဧဝမေဝ၊ တူ။ ဣဓ၊ ဤတတိယဈာန်၌။

## နံ့ပါတ် (၂)

(က)ဝါကျသို့ ။ ။ ဆရာသည် ဆိုခဲ့ပြီးဝါကျတို့ဖြင့် ဧ-သဒ္ဒါသည် ဝိတက္ကဝိစာရာနံ ဝူပသမာဟူသောပုဒ်ကို ပေါင်းစည်း၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်လည်း။ ထိုဝိတက်ဝိစာရတို့သည် ဒုတိယဈာန်၌ပင် ငြိမ်းကုန်ပြီးသည်မဟုတ်ပါလော။- ဖွင့် ဆိုရခြင်း၏ အတိုးကိုလည်း ပြဆိုသင့်သေး၏။ စုဒ်ကြောင့် (က)ဝါကျမိန့်။

(ခ+ဂ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် ဝိတက်ဝိစာရတို့ ဒုတိယဈာန်၌ ငြိမ်းကုန်ပြီးသော်လည်း ဤတတိယဈာန်၏ အကြောင်းဥပါယ်ကို ပြခြင်းငှါ ဤဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသောစကားကို ဆိုအပ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ တတိယဈာန်ကိုရခြင်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် ဖြစ်သော်သင့်ရာ၏။ မဖြစ်သော်မသင့်ဟူသောအနက် ရောက်ရာ၏။-ဝိတက္ကဝိစာရာနဥ္စ ဝူပသမာဟူသောစကားကိုဆိုရခြင်း ယုတ္တိကြောင်းကိုလည်း ပြဆိုသင့်သေး၏။ စုဒ်ကြောင့် (ခ+ဂ)ဝါကျမိန့်။

## နံ့ပါတ် (၃)

(ခ) ဝါကျဖြင့် ဝိတက္ကဝိစာရာနဥ္စ ဝူပသမာဟူသောစကားကို ထပ်ဆိုရာ၌ မဂ္ဂပရိဒီပနဖြစ်ပုံကို မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် အကျယ်အားဖြင့် ဖွင့်ပြသောကြောင့် ပုနရုတ္တိဒေါသပယ်။ (တစ်နည်း) ဝိရောဓိဒေါသပယ်။

(ဂ)ဝါကျဖြင့် ဝဏ္ဏဘဏနတ္ထဖြစ်ပုံကို ဥပမာနှင့်တကွ မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ထင်ရှားအောင်ပြသောကြောင့် ပုနရုတ္တိဒေါသပယ်။ (တစ်နည်း) မဂ္ဂ ပရိဒီပနတ္ထ အကျယ်မှတပါး ဝဏ္ဏဘဏနတ္ထအကျယ် အဖို့တပါးကို ပြည့်စုံပြန့်အောင်--

http://www.dhammadownload.com



ဖွင့်ပြသောကြောင့် အဖျာပိတ်ဒေါသပယ်။
ကာမဠ္ဓသဒ္ဒါဆိုရခြင်း- စ-သဒ္ဒါဖြင့် ဝိတက္ကဝိစာရာနဉ္စ ဝူပသမာဟူသောပုဒ်ကို ပေါင်းစည်း၏ဟု အဋ္ဌကထာဆရာ၏ ဖွင့်ဆိုအပ်သောအနက်ကို မနှစ်သက်၍ ဆိုပါသည်။

## နံပါတ် (၄)

သန္တော ကာယော သတ္တာယော။ သတ္တာယေ ပဝတ္တာ ဒိဋ္ဌိ သတ္တာယဒိဋ္ဌိ။
(တစ်နည်း) ကာယေ ဒိဋ္ဌိ ကာယ ဒိဋ္ဌိ။ သတိ ကာယဒိဋ္ဌိ သတ္တာယဒိဋ္ဌိ။

သတ္တာယပုဒ် + ဒိဋ္ဌိပုဒ်သည်ငှး၊ ထင်ရှားရှိသောခန္ဓာငါးပါး၏ ဒိဋ္ဌိနှင့် အာရုံ/အာရမ္မဏိက စပ် (ဗျူပ္ပတ္တိနိမိတ်)။ ထင်ရှားရှိသော ခန္ဓာငါးပါးကို ငါဘဲဟု မှားယွင်းစွာ ပြင်းစွာစွဲလမ်းခြင်းသည် (ပဝတ္တိနိမိတ်)။
ဘဇန္တီတိ ဘာဝိယာနိ။ ဩရံ ဘာဝိယာနိ ဩရမ္ဘာဝိယာနိ။
[အောက်ကာမဘုံသို့ ဆည်းကပ်တတ်ကုန်သော။]
ဩရံ ဘာဝဿ ဟိတာနိ ဩရမ္ဘာဝိယာနိ။
[အောက်ကာမဓာတ်၏ အစီးအပွားဖြစ်ကုန်သော။]

သင္ဂိတဗ္ဗာနိ ဝဏ္ဏာတဗ္ဗာနီတိ ဘာဝိယာနိ။ ဩရေတိ ဘာဝိယာနိ ဩရမ္ဘာဝိယာနိ။

[အောက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်သော။]
ဩရပုဒ် + ဘာဂိယပုဒ်သည်ငှး၊ အောက်မဂ်သုံးပါး၏ သံယောဇဉ်တရားတို့နှင့် ပဟာယက/ပဟာတဗ္ဗ စပ် (ဗျူပ္ပတ္တိနိမိတ်)။ သံယောဇဉ်တရားတို့၏ တစ်ပါးသည် တစ်ပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သောဇာတ်သည် (ပဝတ္တိနိမိတ်)။
ဥဒ္ဓာနံ သုဋ္ဌု ကာယတီတိ ဥဿုတော။ ဥဿုတောယေဝ ဥဿုတ္တော။

## နံပါတ် (၅)

ကာမဠ္ဌ ။ ။ အလိင် + ဂဏာဝိမုတ် + အတာရန် + နိပါတသမုဒါယပုဒ်။
ဝူပသန္တာ။ ။ ပုလ္လိင် + ပုရိသာဒိ + ဩတာရန် + ကိတ်နာမ်ပုဒ်။
တတိယ။ ။ ပုလ္လိင် + ပုရိသာဒိ + ဩတာရန် + တဒ္ဓိတ်နာမ်ပုဒ်။

## နံပါတ် (၇)

ဒုတိယဇ္ဈာနေယေဝ ဦ စေ. . . ဒုတိယဈာန်သည် ဂဟေတဗ္ဗတ္တာ။
တတိယဈာန်သည် နိဝတ္တေတဗ္ဗတ္တာ။
ဒုတိယဈာန်၏ ဝိတက်ဝိစာငြိမ်းခြင်းဂုဏ်သည် အနုညာတတ္တာ။
ကာမဠ္ဌ = အနုဂ္ဂဟတ္ထ သမ္ဘာဝနတ္ထ။
ပန = အရုစျတ္ထ။

http://www.dhammadownload.com



ရှုနံ = ကေန္တတ္တ။
အပ္ပဟိနာနမ္ပိ အပိ = သမ္ဘာဝနတ္ထ အနုဂ္ဂဟတ္ထ။

နံပါတ် (၈)

ပဟာနံ ၌ ဓာတ်အရ . . အနာဂါမိမဂ်- ယင်းသည် ဒဿနတ္ထ။
အနာဂါမိဂ်၏ ရှေးအဘို့၌ဖြစ်သော ဥပစာရသမာဓိဇောတို့သည် ဒီပကတ္ထ။
အနာဂါမိဖိုလ်ဇောသည် ပကာသနတ္ထ။
အောက်မဂ် အောက်ဖိုလ်ရရှိပြီးခြင်းသည် ဝိဘာဝတ္ထ။
ကာမဘုံသို့ပြန်မလာခြင်း အရဟတ္တမဂ် အရဟတ္တဖိုလ်ရရှိခြင်းသည်
အနုဘာဝတ္ထ။

(က)ဝုတ္တံ ၌ ဓာတ်အရ အဌကထာဆရာ၏ သန္တာန်၌ဖြစ်သော ဉာဏ် ဝီရိယ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်။

နံပါတ် (၁၀)

သံယောဇနာနံအရ . . . ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါး ပစ္စည်းတရားသည်၊ ပဟာနံအရ- အနာဂါမိမဂ် ပစ္စယုပ္ပန်တရားအား ပတတ္ထုပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဓါတ်ရှုခဉ် (၉၅)

(က)ဥပေက္ခကော စ ဝိဟရတီတိ ဧတ္ထ ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ
(ခ) သမံ ပဿတိ အပက္ခပတိတာ ဟုတွာ ပဿတီတိ အတ္ထော။
(ဂ) တာယ ဝိသဒါယ ဝိပုလာယ ထာမဂတာယ သမန္နာဂတတ္တာ တတိယဇ္ဈာန သမင်္ဂီ "ဥပေက္ခကော"တိ ဝုစ္စတိ။
(ဃ)ဥပေက္ခာ ပန ဒသဝိဓာ ဟောတိ ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနု ပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတိ။
[ အဘိ။ ဌ ။ ၂၁၆ ]

နံပါတ် (၁)

ဥပေက္ခကော၊ အသင့်အားဖြင့် ရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာရှိသည် (ဟုတွာ၊ ဝိဟရတိ)

(က)ဝကတိကတ္တား -တတိယဇ္ဈာနသမင်္ဂီ။

(ဂ)ဝိသဒါယ- သံကိလေသကင်းသဖြင့် သန့်ရှင်းသော၊ ဝိပုလာယ- သာတိ သယ မဟဂ္ဂတ အဖြစ်သို့ရောက်သဖြင့် ပြန့်ပြောကြီးမားသော၊ ထာမဂတာယ-

http://www.dhammadownload.com



ပီတိကင်းခြင်းကြောင့် မြဲမြံခိုင်ခံ့သည်၏ အဖြစ်သို့ရောက်သော။

## နံပါတ် (၂)

(ခ)သို့ ပါဝနာဒိ ။ ။ ဆရာ (က)ဖြင့် ဥပေက္ခာ၏ ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ ဥပေက္ခာ၏အဓိပ္ပါယတ္ထ အကျယ်မရှိဟူသောအနက်ရောက်ရာ၏။

(ဃ)သို့ဌပနာဝဠတ။ ။ဆရာ (ဂ)ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော ဟူ၍ဆိုအပ်သောဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်လည်း။ ဤတတိယဈာန်၌ ဥပေက္ခာ ဝေဒနာဟပင် မရှိသည်မဟုတ်ပါလော။ အဘယ်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကောဟူ၍ ဆိုအပ်ပါသနည်း။

အဓိပ္ပါယ်တား- ဥပေက္ခာဝေဒနာရှိသော ဥပေက္ခာဟူ၍ ဆိုအပ်သည်မဟုတ်၊ တတိယဈာန်၌ ဝေဒနုပေက္ခာမရှိသော်လည်း ဥပေက္ခာ ၁၀-မျိုးအနက်၊ တတြမဇ္ဈတ္တု ပေက္ခာနှင့်ပြည့်စုံသောကြောင့် တတိယဈာန်သမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကောဟုဆို အပ်၏ဟူလို။

## နံပါတ် (၃)

(ခ) အဗျာပိတ(တစ်နည်း)ပုနရုတ္တိဒေါသပယ်။ ဣက္ခာတတ်၏အနက်ကိုင်း။ ဥပေက္ခာ၏ အဓိပ္ပါယတ္ထကိုင်း ပျံ့နှံ့အောင်ဖွင့်ပြသောကြောင့်။

(ဂ) အဗျာပိတဒေါသပယ်၊ ဥပေက္ခာပုဒ်၏ အဖွင့်မှတပါး ဥပေက္ခကောပုဒ်၏ အဖွင့်ကို ပျံ့နှံ့အောင်ဆက်လက်အားထုတ်သောကြောင့်။

(ဃ)အဗျာပိတ (တစ်နည်း) ဝိရောဓိဒေါသပယ်။ တတိယဈာန်၌ ဥပေက္ခာ ဝေဒနာမရှိသော်လည်း တတြမဇ္ဈတ္တုပေက္ခာရှိ၍ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခ ကောဟု ဆိုနိုင်ပုံ ယုတ္တိကိုပြသောကြောင့်။

## နံပါတ် (၄)

အဝတ္ထဝတိတာ။ ။ပက္ခေ ပတိတာ ပက္ခပတိတာ။န ပက္ခပတိတာ အပက္ခပတိတာ။

န-ပုဒ်၊ ပက္ခပတိတာ ပုဒ်သည်ငှါး ပဋိသေဓဒောဝုဏ်၏ သုခဒုက္ခအဖို့၌ မကျတတ်သောဥပေက္ခာနှင့် ဝုဏ် + ဝုဏေးစပ် (ဗျ + နိ)။

ဥပေက္ခာ၏ အသင့်အားဖြင့်ရှုခြင်းဝုဏ်သည် (ပ + နိ)။

န ဝက္ခော အဝက္ခော။ အပက္ခေ ဝတိတာ အဝက္ခဝတိတာ။

တတိယဈာနသမင်္ဂီ။ ။ သမိဥ္စနံ သမင်္ဂေါ။ သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။
တတိယဈာနေန သမင်္ဂီ တတိယဈာနသမင်္ဂီ။

သမင်္ဂပုဒ်+ ဤပစ္စည်းသည်ငှါး ပြည့်စုံခြင်း၏ ပုဂ္ဂိုလ်နှင့် နိဿိတ+နိဿျစပ် (ဗျ + နိ)။ ပြည့်စုံခြင်းဝုဏ်သည် (ပ + နိ)။

http://www.dhammadownload.com


## နံ့ပါတ် (၅)

ဥပပတ္တိတော ။ ။ဣတ္ထိ + ရတ္တာဒိ + ဣ + တိတ်။
(တစ်နည်း)တောပစ္စည်းဆုံးသောကြောင့် နိပါတ်ပုဒ်။
အပက္ခပတိတာ။ ။ ဣတ္ထိ + ကညာဒိ + အာ + သမာသ်။
သမံ ။ ။ နပုံ + စိ + နိ + တိတ်။
တတိယဇ္ဈာနသမင်္ဂီ။ ။ ပုံ + ရတ္တာဒိ + ဤ + သမာသ်။

## နံ့ပါတ် (၆)

(က) ဥပပတ္တိတော ဣက္ခတိ- ဖြင့် ဥပေက္ခာ၌ ဥပ+ဣက္ခ+ဏ၊ယင်း ဏ၏ တတ္တသာစနေ၌ သက်သည်ကိုရင်း၊ ဥပ- ဥပသာရ၏ ယုတ္တိအနက်ဟောသည်ကိုရင်း၊ ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာဟု ဝစနတ္ထပြုအပ်သည်ကိုရင်းသိစေ။

(ခ) သမံ ပဿတိ- ဖြင့် ဣက္ခဓာတ်၏ အမှတ်အသားပြုခြင်းအနက်၌မဖြစ်၊ ကြည့်ရှုခြင်းအနက်၌ဖြစ်သည်ကိုရင်း။ အသင့်အားဖြင့်ရှု၏ဟူသည် အညီအမျှကြည့်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုရင်းသိစေ။ အပက္ခပတိတာ ဟုတွာ ပဿတိ- ဖြင့် အညီအမျှကြည့်ခြင်းဟူသည် သုခဒုက္ခဟူသောအဖို့၌ မကျသည်ဖြစ်၍ ကြည့်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။

(ဂ) တတိယဇ္ဈာနသမင်္ဂီ ဝုစ္စတိ- ဖြင့် ဥပေက္ခကော အရ တတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ကောက်ယူအပ်သည်ကိုသိစေ။ တာယသမန္နာဂတတ္တာ- ဖြင့် ဥပေက္ခကော၌ ဥပေက္ခာပုဒ်+က ပစ္စည်း၊ ယင်း က-၏ အဿတ္ထိအနက်၌သက်၍ ဥပေက္ခာ အဿအတ္ထီတိ ဥပေက္ခကောဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထ ပြုအပ်သည်ကို သိစေ။ ဝိသဒါယ စသည်ဖြင့် ထိုဥပေက္ခာသည်လည်း ဝိသဒါဂုဏ် ထာမဂတဂုဏ်တို့နှင့် ပြည့်စုံသော ဥပေက္ခာပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေ။

## နံ့ပါတ် (၇)

တာယ- ဥပေက္ခာယကို စွဲယူသုံးသပ်အပ်သောကြောင့် ပက္ကန္တဝိဘတ်။

(ဃ) ပန- ဝါကျာရမ္ဘတ္ထ။ (တစ်နည်း) ဒဋ္ဌကရဏတ္ထ။

စ- သဒ္ဒါ။ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်သည် ပီတိကိုသာစက်ဆုပ်အပ်သည် သာမဟုတ်သေး၊ အသင့်အားဖြင့်ရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာရှိ၍လည်း နေနိုင်၏ဟု ပေါင်းဆည်းသော သမုစ္စည်း (ဝါ) သမ္ပိဏ္ဍန- အနက်။

## နံ့ပါတ် (၈)

ဥပေက္ခာယ အရ- တတြမဇ္ဈတ္တုပေက္ခာ စေတသိက်ရ၏။
ယင်းသည် ဒဿနတ္ထ။
ဝိသာဒဂုဏ်၊ ဝိပုလဂုဏ်၊ ထာမဂတဂုဏ်နှင့်ပြည့်စုံသော တတြမဇ္ဈတ္တုပေက္ခာအကြောင်းသည် ဒီပကတ္ထ။

http://www.dhammadownload.com


အညီအမျှရှုနိုင်ခြင်း သုခဒုက္ခအဖို့သို့မကျရောက်သည်ဖြစ်၍ ရှုခြင်းအကျိုးသည် ပကာသနတ္တ။
တတိယစျာန်သည် ဝိဘာဝတ္တ။
တတိယစျာန်သမာပတ်ချမ်းသာကို ခံစားနိုင်ခြင်းသည် အနုဘာဝတ္တ။
ဆဠင်္ဂုပေက္ခာ ဖြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပရိသုဒ္ဓုပေက္ခာ ၆-ပါးသည် တတြမဇ္ဈတ္တတာ စေတသိက်။
ဝိရိယုပေက္ခာ- ဝိရိယ စေတသိက်။
ဝေဒနုပေက္ခာ- ဉပေက္ခာ။
သင်္ခါရုပေက္ခာ၊ ဝိပဿနုပေက္ခာ- ပညာ။
ဆဠင်္ဂုပေက္ခာ အရ- ရဟန္တာ၏သန္တာန်၌ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ စေတသိက်။ယင်းသည် ဒဿနတ္တ။
ဝိပလ္လာသတရား ပယ်ထားပြီးခြင်းသည် ဒီပကတ္တ။
ဒွါရ ၆-ပါး အာရုံ ၆-ပါး တွေ့ဆုံရာ၌ သုမန ဒုမ္မနမဖြစ်ခြင်းသည် ပကာသနတ္တ။
အရဟတ္တမဂ် ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္တ။
အနုပါဒိသေသနိဗ္ဗာန် ဝင်ခံရခြင်းအကျိုးသည် အနုဘာဝတ္တ။

## နံပါတ် (၁၀)

တာယအရ-တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပစ္စည်းတရားသည်၊သမန္တာ ဂတ အရ တတိယစျာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။ ပြိုင်- ကြီး ၄၊ လတ် ၂။

တတိယဇ္ဈာနသမင်္ဂီအရ- တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ် အာရုံပစ္စည်းတရားသည်၊ဝုစ္စတိ၌ ခါတ်အရ သတိ ဝိရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ကျေးဇူးပြု။

★★★★★★★★★

## ဝါကျစဉ် (၉၆)

(က)ဌတွာ ဟ နနုစာယံ အတ္ထတော တတြမဇ္ဈတ္တုပေက္ခာဝ ဟောတိ။ သာစ ပဌမဒုတိယဇ္ဈာနေသုပိ အတ္ထိ၊ တသ္မာ တတြာပိ ဉပေက္ခကောစ ဝိဟာရ တီတိ ဧဝမယံ ဝတ္တဗ္ဗာ သိယာ၊ သာ ကသ္မာ န ဝုတ္တာတိ။
(ခ) အပရိဗျတ္တကိစ္စတော။
(ဂ) အပရိဗျတ္တဥှိ တဿာ တတ္ထ ကိစ္စံ ဝိတက္ကာဒီဟိ အဘိဘူတတ္တာ။
(ဃ)ဣဓ ပနာယံ ဝိတက္ကဝိစာရပီတီဟိ အနဘိဘူတတ္တာ ဥက္ခိတ္တသိရာ ဝိယ ဟုတွာ ပရိဗျတ္တကိစ္စာ ဇာတာ၊ တသ္မာဝုတ္တာတိ။

http://www.dhammadownload.com



(င) သရတီတိ သတော၊ သမ္ပဇာနာတီတိ သမ္ပဇာနော။

(စ) ဣတိ ပုဂ္ဂလေန သတိ စ သမ္ပဇညဉ္စ ဝုတ္တံ။ [အဘိ။ ဌ ။ ၂၁၇/၉ ]

## နံပါတ် (၁)

(က)အပရိဗျတ္တကိစ္စတော၊မထင်ရှားသောကိစ္စရှိသည်၏အဖြစ်ကြောင့်[ယုတ္တသမာသ်] (ဝါ) ထင်ရှားသောကိစ္စ မရှိသည်၏အဖြစ်ကြောင့်။[အယုတ္တသမာသ်]

ဟိတ်သမ္ဗန်- တဿာ-တတြမဇ္ဈတ္တုပေက္ခာယ။

(ဃ)ဟိတ်သမ္ဗန်- ဣမိဿာ-တတြမဇ္ဈတ္တုပေက္ခာယ။

(က+ခ)ဝါကျတို့ အနက်ဖြည့်ရန်။

## နံပါတ် (၂)

(က)ဝါကျ စသည်သို့။ ။ ဆရာမြတ်စွာဘုရားသည် ပါဠိတော်၌ တတိယစျာန် အရာဝယ် ဥပေက္ခကောစ ဝိဟရတိဟု ဟောတော်မူအပ်၏။ ထိုသို့- သော်၊ တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တုပေက္ခာသာဖြစ်၍ ထိုသည် ပထမစျာန် ဒုတိယစျာန်တို့၌ ရှိ၍ ထိုစျာန်တို့၌လည်း ဥပေက္ခကောစ ဝိဟရတိဟု ဟောသင့်သည်မဟုတ်ပါလော။ -ပထမစျာန် ဒုတိယစျာန်တို့၌ မဟောဆိုရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (က)စသည်မိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် မထင်ရှားသောကိစ္စရှိသည်၏အဖြစ်ကြောင့် ပထမစျာန် ဒုတိယစျာန်တို့၌ ဥပေက္ခကောစ ဝိဟရတိဟု မဟောဆိုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်လည်း၊ မထင်ရှားသောကိစ္စရှိပုံကို အကျယ်အားဖြင့် မသိအပ်သေးသည်မဟုတ်ပါလော။ -စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(စ)ဝါကျသို့ ။ ။ ဆရာသည် (င)ဖြင့် သရတီတိ သတော၊ သမ္ပဇာနာတီတိ သမ္ပဇာနောဟု ပုဂ္ဂလာဓိဋ္ဌာန-ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်လည်း၊ သတိ ပညာတို့သာ အမှတ်ရခြင်း သိခြင်းကိစ္စကို ပြီးနိုင်ရာသည်မဟုတ်လော။- စုဒ်ကြောင့် (စ)ဝါကျမိန့်။ [ထိုသို့- သော်၊ ပုဂ္ဂိုလ်ကသာ အောက်မေ့ခြင်း သိခြင်းကိစ္စပြီး၍ သတိ ပညာတို့သည် အောက်မေ့အမှတ်ရခြင်း သိခြင်းကိစ္စကို မပြီးဟူသောအနက်ရောက်ရာ၏။]

## နံပါတ် (၃)

(က)ဝါကျ ထွေ့ဘဟ ထားရခြင်း- တတိယစျာန်ဖြင့် ဥပေက္ခကောစ ဝိဟရတိ ဟောရာတွင် ဥပေက္ခာအရ တတြမဇ္ဈတ္တုပေက္ခာကို ကောက်ယူအပ်၏ဟု ဖွင့်ဆိုခြင်းအနက်ကို ယုံမှားအာသင်္ကာရှိသောကြောင့်၎င်း၊ ပထမစျာန် ဒုတိယစျာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာရှိ၍ ယင်းစျာန်တို့၌ ဥပေက္ခကောစ ဝိဟရတီဟူ၍ ဟောသင့်သည်ဟူသော အကျိုး၌ယုံမှားမှု ဖလအာသင်္ကာရှိသဖြင့်၎င်း၊မေးမြန်းစောဒနာလိုသောစကားရပ်ကို ထုတ်ပြလို၍ ထားပါသည်။

http://www.dhammadownload.com



နိုယ် ॥ ॥ တွောဟမှာ, စောဒကာ နှစ်ဖြာလုံးပင် မဟုတ်လျှင်ဟု ပယ်ခြင်းစွ ပုဒ်တွောဟ ရှိလတ်က စောဒနာစကား။

(ခ)ဝါကျဖြင့် ပဌမစျာန် ဒုတိယစျာန်တို့၌ တကြမ္ဗုဗ္ဗတ္တုပေက္ခာရှိသော်လည်း ဥပေက္ခကောစ ဝိဟာရတိ-ဟုမဟောဆိုနိုင်ခြင်း၏ အကြောင်းကိုပြဆိုသောကြောင့် ဝိရောဓိဒေါသပယ်။

(ဂ) ဝါကျဖြင့် ပုနရုတ္တိဒေါသပယ် (တစ်နည်း)ဝိရောဓိဒေါသပယ်။

## နံပါတ် (၄)

**ကုသုမာဒီဟိ သေဝိယတေတိ သိရော။ ဥက္ကံပိယတေတိ ဥက္ခွော။**
**ဥက္ခွော သိရော ယာယာတိ ဥက္ခွတ္တသိရာ။**
သိခာတ် + ရပစ္စည်းသည်ရင်း၊ မှိုဲခြင်းကြိယာသကတ်သည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ ဦးခေါင်းဖြပ်သည် (ပဝတ္တိနိမိတ်)။
**ပရိဗျတ္တံ ကိစ္စံ ယာယာတိ ပရိဗျတ္တကိစ္စာ။**
ပရိဗျတ္တပုဒ်+ကိစ္စပုဒ်+ယပုဒ်သည်ရင်း၊ထင်ရှားသောကိစ္စ၏ တကြမ္ဗုဗ္ဗတ္တုပေက္ခာနှင့် ဂုဏ်/ဂုဏေးစပ် (ဗျုပ္ပတ္တိနိမိတ်)။ တကြမ္ဗုဗ္ဗတ္တုပေက္ခာ၏ ကိစ္စ ထင်ရှားခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။
**သမ္မဇာနာတီတိ သမ္ပဇာနော။ သမ္ပဇာနဿ ဘာဝေါ သမ္ပဇည်း။**
သမ္ပဇာနပုဒ် + ဏျပစ္စည်းသည်ရင်း၊ ကောင်းစွာအပြားအားဖြင့် သိတတ် သောပုဂ္ဂိုလ်၏ ပညာနှင့် နိဿယ/နိဿိတစပ် (ဗျုပ္ပတ္တိနိမိတ်)။ ပညာသည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

အဟု ॥ ॥ အလိင် + ဘူဝါဒိဂုဏ်း + ဥကာရန် + အာချာတ်ပုဒ်။
အပရိဗျတ္တကိစ္စတော။ ॥ ဣတ္ထိလိင် + ကညာဒိဂိုဏ်း + အာကာရန်+ သမာသ်နာမ်ပုဒ်။
(တောပစ္စည်းဆုံး၍ နိပါတ်ဟုလည်းဖြေ)
သိရာ ॥ ॥ ပုလ္လိင် + ပုရိသာဒိဂိုဏ်း + ဩကာရန် + ကိတ်နာမ်ပုဒ်။
သမ္ပဇည။ ॥ နပုလ္လိင် + စိတ္တာဒိ + အကာရန် + တဒ္ဓိတ်နာမ်ပုဒ်။

## နံပါတ် (၆)

(က) အပရိဗျတ္တံ တဿာ ကိစ္စံဖြင့်- အပရိဗျတ္တကိစ္စတော၌ အပရိဗျတ္တကိစ္စ ပုဒ်ကို အပရိဗျတ္တံ တဿာ ကိစ္စာတိ အပရိဗျတ္တကိစ္စာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝဓနတ္တ ပြုအပ်သည်ကို သိစေသည်။ တတ္ထဖြင့်- မထင်ရှားသောကိစ္စရှိ၏ဟူသည် ပဌမစျာန် ဒုတိယစျာန်၌ ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။

http://www.dhammadownload.com



ဝိတက္ကာဒီဟိ အဘိဘူတတ္တာ-ဖြင့် ဝိတက်စသည်တို့ လွှမ်းမိုးအပ်သည်၏ အဖြစ်ကြောင့် မထင်ရှားသောကိစ္စရှိ၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။

(င)သရတိဖြင့်- သတော၌ သရဓာတ်+တပစ္စည်း ယင်းတပစ္စည်း၏ ကတ္တုသာဓန၌ဖြစ်၍ သရတီတိ သတော-ဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ရ-ကျေ၍ ရုပ်ပြီးသည်ကိုရင်း သိစေပါသည်။ သမ္ပဇာနာတိဖြင့်- သမ္ပဇာနော၌ သံရှေး-ပရှေးရှိသော ဉာဓာတ်+အပစ္စည်း၊ ယင်းအ-ပစ္စည်း၏ ကတ္တုသာဓန၌သက်၍ သမ္ပဇာနာတီတိ သမ္ပဇာနောဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ဉာဓာတ်ကို ဇာ-ပြု၍ရုပ်ပြီးသည်ကိုရင်း သိစေသည်။

(စ) ဝါကျ သံဝဏ္ဏနာဖြင့်- ဒေသနာတော်သည် ဓမ္မာဓိဋ္ဌာနဒေသနာ ပုဂ္ဂလာဓိဋ္ဌာနဒေသနာနှစ်ပါးရှိရာ ဤ၌ ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်၍ သတောသမ္ပဇာနော-အရ ပုဂ္ဂိုလ်ကိုရခြားသော်လည်း မုချအားဖြင့် သတိ ပညာတို့ကို သတောသမ္ပဇာနော-အရ ကောက်ယူအပ်သည်ကို သိစေသည်။

နံပါတ် (၇)

တတြမဇ္ဈတ္တုပေက္ခဝ၌ ဧဝ. . .

တတြမဇ္ဈတ္တုပေက္ခာသည် ဂဟေတဗ္ဗတ္ထ။

သခိရုပေက္ခာ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။

အာရုံကို သုခ ဒုက္ခအဖို့သို့ မကျအောင် ရှုနိုင်ခြင်းသည် အနုညာတတ္ထ။

ပဌမဒုတိယဈာနေသုပိ ၌ အပိ =တတိယဈာန်ကို ပေါင်းစည်းသောကြောင့် သမုစ္စည်းအနက်။

နံပါတ် (၈)

အပရိဗျတ္တ ကိစ္စတော အရ- ပဌမဈာန် ဒုတိယဈာန်၌ရှိသော တတြမဇ္ဈတ္တုပေက္ခာ -ယင်းသည် ဒဿနတ္ထ။

ဝိတက် ဝိစာရ ပီတိတို့ လွှမ်းမိုးခံရခြင်းသည် ဒီပကတ္ထ။

ထင်ရှားသောကိစ္စမရှိ၍ ယင်းဈာန်တို့၌ ဥပေက္ခကောစ ဝိဟာရတိဟု မဟော ဆိုရခြင်းသည် ပကာသနတ္ထ။

ဝိတက်ဝိစာရတို့ကို မလွန်မြောက်ခြင်း ပီတိကို မစက်ဆုပ်ခြင်းသည် ဝိဘာဝတ္ထ။

ဥပေက္ခကောစ ဝိဟာရတိကို မဟောဆိုရခြင်း၏ အဖွင့်သံဝဏ္ဏနာကို သောတုဇနတို့ လေ့လာရခြင်း တတိယဈာန်၌ ဥပေက္ခာကောစ ဝိဟာရတိဟော ဆိုရခြင်းကို သိရှိရခြင်းအကျိုးတရားသည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

ဝိတက္ကာဒီဟိ အရ-ပထမဈာန် ဒုတိယဈာန်ရှိ ဝိတက် ဝိစာရ ပီတိပစ္စည်း တရားသည်၊ အဘိဘူတတ္တာ-၌ အဘိဘူတအရ ပထမဈာန် ဒုတိယဈာန်ရှိ တတြ

http://www.dhammadownload.com


မဇ္ဈတ္တုပေက္ခာ စေတသိက်ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ ပြုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၂။ ဈာန, မဂ္ဂ။

ဝါကျစဉ် (၉၇)

(က)တတ္ထ ကိဥ္စာပိ ဣဒံ သတိသမ္ပဇညံ ပုရိမဇ္ဈာနေသုပိ အတ္ထိ။

(ခ) မုဋ္ဌဿတိဿ ဟိ အသမ္ပဇာနဿ ဥပစာရမတ္တမ္ပိ နသမ္ပဇ္ဇတိ ပဂေဝ အပ္ပနာ။

(ဂ) ဩဠာရိကတ္တာ ပန တေသံ ဈာနာနံ ဘူမိယံဝိယ ပုရိသဿ စိတ္တဿ ဂတိ သုခါ ဟောတိ၊ အဗျတ္တံ တတ္ထ သတိသမ္ပဇညကိစ္စံ။

(ဃ)ဩဠာရိကင်္ဂပ္ပဟာနေန ပန သုခုမတ္တာ ဣမဿဈာနဿ ပုရိသဿ ခုရဓာရာယံ ဝိယ သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာ ဧဝ စိတ္တဿ ဂတိ ဣစ္ဆိတဗ္ဗာတိ ဣဓေဝ ဝုတ္တံ။ [ အဘိ။ ဋ္ဌ ။ ၂၁၉ ]

နံပါတ် (၁)

(ခ) ပန၊ထိုသို့ရှေးဖြစ်သော ပဌမဈာန်, ဒုတိယဈာန်တို့၌ရှိသော်လည်း။တေသံ ဈာနာနံ၊ တို့၏။ ဩဠာရိကတ္တာ၊ရုန်းရင်းသည်၏အဖြစ်ကြောင့်။ဘူမိယံ၊၌။ပုရိသဿ၊ ၏။ ဂတိ၊ အလားသည်။ သုခါ၊ လွယ်သည်။ ဟောတိဝိယ၊ သို့။ တတ္ထ၊ဈာနေသု၊ထို ပဌမဈာန်, ဒုတိယဈာန်တို့၌။ စိတ္တဿ၊ ၏။ ဂတိ၊ အလားသည်။ သုခါ၊ ဟောတိ။ ဒုက္ကရံ၊ ခဲယဉ်းသော။ ဣဒံ နာမ၊ဤမည်သော အမှုကို။ကရိယတိ၊ ပြုအပ်၏ဟူ၍။ တတ္တဗ္ဗဿ၊ ဆိုအပ်သောကိစ္စ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ တတ္ထ၊ဈာနေသု၊ တို့၌။ သတိသမ္ပဇညကိစ္စံ၊ သည်။ အဗျတ္တံ၊ မထင်ရှားသည်။ ဟောတိ၊ ၏။

(ခ) အပ္ပနာ၊ အပ္ပနာဈာန်သည်။ ပဂေဝ၊ ရှေးဦးမဆွအစကပင်။ နသမ္ပဇ္ဇတိ၊ နိုင်။ (တစ်နည်း) အပ္ပနာ၊ သည်။ ပဂေဝ၊ အဘယ်မှာ ပြီးစီးနိုင်ပါအံ့နည်း။

(ဂ) ဥပမာဝါကျ၌ ဒုက္ကရံ ခဲယဉ်းသော။ ဣဒံနာမ၊ဤမည်သောအမှုကို။ကရိယတိ၊ ပြုအပ်၏ဟူ၍။ ဝတ္တဗ္ဗဿ၊ ဆိုအပ်သောကိစ္စ၏။ အဘာဝတော။

(ဃ)ဣတိ၊ ဤသို့ ဤတတိယဈာန်၏ နူးညံ့သည်အတွက် သတိသမ္ပဇညဖြင့် သိမ်းဆည်းအပ်သောစိတ်၏ ဖြစ်ခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့်။

နံပါတ် (၂)

(က)စသည်သို့ ။ ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ တတိယဈာန်အရာဝယ် သတောသမ္ပဇာနောဟူ၍ သတိသမ္ပဇညကိုဟောတော်မူ၏။ ထိုသို့- သော်။ ဤသတိသမ္ပဇညသည် ပထမဈာန်, ဒုတိယဈာန်တို့၌လည်း ရှိသည်မဟုတ်ပါလော။ ဟောဆိုနိုင်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။

http://www.dhammadownload.com



(ခ)သို့ ပါပနာဒိ ॥ / ဆရာ (က)ဖြင့် ဤသတိသမ္ပဇညသည် ပထမစျာန် ဒုတိယ စျာန်တို့၌ရှိ၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ပထမစျာန် ဒုတိယစျာန်တို့၌လည်း သတော သမ္ပဇာနောဟူ၍ သတိသမ္ပဇညကို ဟောဆို၏ဟူသောအနက်ရောက် ရာ၏။ ပထမစျာန် ဒုတိယစျာန်တို့၌လည်း သတိသမ္ပဇည ရှိနိုင်ပုံယုတ္တိကိုလည်း ပြဆိုသင့် သေး၏။

(ဂ)(ဃ)သို့ ဌပနာပဋ္ဌက။ ॥ ဆရာ (က-ခ)တို့ဖြင့် ပထမစျာန် ဒုတိယစျာန်တို့၌ သတိသမ္ပဇညရှိနိုင်ပုံကို ယုတ္တိကြောင်းနှင့်တကွ ဖွင့်ပြအပ်၏။ ထိုသို့- သော် ထိုပထမ စျာန်, ဒုတိယစျာန်တို့၌ သတောသမ္ပဇာနောဟူ၍လည်း သတိသမ္ပဇညကို မဟော သင့်သည် မဟုတ်ပါလော။တ-စျာန်ကိုသာ သတောသမ္ပဇာနာဟူ၍ ဟောဆိုရခြင်း ကို ဥပမာနှင့်တကွ ပြဆိုသင့်၏။

### နံပါတ် (၃)

**ကိဥ္စာပိ သဗ္ဗါ. . .** ပထမစျာန် ဒုတိယစျာန်တို့၌လည်း သတိသမ္ပဇညရှိ၍ သတော သမ္ပဇနောဟု ဟောသင့်လျက် မဟောသည်ကို မနှစ်သက်၍ ကိဥ္စာပိသဗ္ဗါဆို။ **တစ်နည်း။** ॥တ-စျာန်ကို သတောသမ္ပဇာနောဟု ဟောသည်ကို မနှစ်သက်၍ဆို။

(ခ) ဝိရောဓိဒေါသပယ်၊ ရှေးစျာန်တို့၌လည်း သတိသမ္ပဇညရှိနိုင်ပုံကို ယုတ္တိ ကြောင်း ဖြင့် ဖွင့်ပြသောကြောင့်။

(ဂ) အဗျာပိတဒေါသပယ်။

(ဃ)အဗျာပိတဒေါသပယ်။

### နံပါတ် (၄)

**မုဋ္ဌဿတိ ॥** ॥ မုဋ္ဌာ သတိ ယဿာတိ မုဋ္ဌဿတိ။

မုဋ္ဌပုဒ်+ သတိပုဒ်+ ယပုဒ်သည်ရင်း၊ ပျောက်ကင်းသောသတိ၏ ပုဂ္ဂိုလ်နှင့် နိဿိတ+နိဿျစပ် (ဗျ + နိ)။ သတိပျောက်ကင်းခြင်း ကြိယာသည် (ပ+နိ)။

**ဩဠာရိကတ္တံ။** ॥ ဥဠာရေ နိယုတ္တာနိ ဩဠာရိကာနိ။
ဩဠာရိကာနံ ဘာဝေါ ဩဠာရိကတ္တံ။

**မှတ်ချက် ॥** ॥ ÷ကသံ စျာနာနံ နှင့်အရတူ၍ "ဘာဝသမ္ဗန်·တာ-သမ္ဗန် လာ ဟန်လိင်ဝုစ်တူ" နိယံအရ ဩဠာရိက နပုလ္လိင် ဗဟုဝုစ်ဆိုထားသည်။

**အပ္ပနာ ॥** ॥ အပ္ပေတိ သမ္ပယုတ္တဓမ္မေ ပါပေတိ အာရမ္မဏန္တိ အပ္ပနာ။
အပ + ယု သည်ရင်း၊ ရောက်စေခြင်း ကြိယာသည်ရင်း (ဗျ + နိ)။
အပ္ပနာစျာန်တို့၏ တစ်ပါးသည်တစ်ပါးနှင့်- ဇာတ်သည် (ပ + နိ)။

**သုခုမ ॥** ॥ သုခယတိ အနုဘဝတီတိ သုခုမံ။

**ခုရဓာရေ ॥** ॥ ခုရတိ ဆိန္ဒတိ ဗေဒနာတိ ခုရံ။ ဓေဝံ ဓာရေတီတိ ဓာရာ။
ခုရဿ ဓာရာ ခုရဓာရာ။

http://www.dhammadownload.com


နံပါတ် (၅)

| | | | |
|---|---|---|---|
| သတိ | ။ | ။ | ဣတ္ထိ + ရတ္တာဒိ + ဣ + ကိတ်။ |
| မုဋ္ဌသတိ ။ | | ။ | ပုံ + ရတ္တာဒိ + ဣ + သမာသ်။ |
| သြဋ္ဌာရိက ။ | | ။ | နပုံ + စိတ္တာဒိ + နိ + တဒ္ဓိတ်။ |
| အဗျတ္တ | ။ | ။ | နပုံ + စိတ္တာဒိ + နိ +သမာသ်။ |
| သုခုမ | ။ | ။ | နပုံ + စိတ္တာဒိ + နိ + ကိတ်။ |

နံပါတ် (၆)

**(ဃ)သတိသမ္ဗောဇ္ဈင်္ဂ ပရိဂ္ဂဟိတာ ဧဝ စသည်ဖြင့်-** သတိသမ္ဗောဇ္ဈင် ကိစ္စဖြင့် စိတ်၏ဖြစ်ပုံအလားကို အလိုရှိအပ်သောကြောင့် တတိယစျာန်၌ သတိသမ္ဗောဇ္ဈင်ကို ဟောအပ်၏ဟု ဟောဆိုရခြင်းအကြောင်းကို သိစေ။ ပုရိသဿစသည်ဖြင့် သတိသမ္ဗောဇ္ဈင်ကိစ္စဖြင့် သိမ်းဆည်းအပ်ပုံဥပမာကို သိစေ။ **သုခုမတ္တာ ဣမဿ ဈာနဿ** ဖြင့်- တတိယစျာန်၏ သိမ်မွေ့သည်၏အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်ကိစ္စဖြင့် သိမ်းဆည်းအပ်၏ဟု သိမ်းဆည်းအပ်ပုံအကြောင်းကို သိစေ။ **သြဋ္ဌာရိကင်္ဂပဟာနေန** ဖြင့်- တတိယစျာန်သိမ်မွေ့ခြင်းသည် ရှုန်းရင်းသော ဝိတက် ဝိစာရ ပီတိဈာန်အင်္ဂါကို ပယ်ခြင်းကြောင့် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

ကိဋ္ဌာပိ- အနုဂ္ဂဟတ္ထ။

(ဂ) ပန - အရုစျတ္ထ၊ ဂရဟတ္ထ။

(ဃ) ပန - ဝိသေသသတ္ထ။ (တစ်နည်း) အန္ဝယတ္ထ။

ဣဓေဝ ဌ ဧဝ. . . တတိယစျာန်သည် ဂဟေတဗ္ဗတ္ထ။

ပဌမစျာန်, ဒုတိယစျာန်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

တတိယစျာန်၏ သိမ်မွေ့ခြင်းဂုဏ်သည် အနုညာတတ္ထ။

နံပါတ် (၈)

မုဋ္ဌသတိ အရ- သတိပျောက်ကင်းသော ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ ယင်းသည် ဒဿနတ္ထ။

အယောနိသောမနသိကာရသည်၎င်း၊ လောဘ ဒေါသဖြစ်စရာအာရုံတို့သည်၎င်း ဒီပကတ္ထ။

ဥပစာရျာန်မျှမပြည့်စုံခြင်းသည် ပကာသနတ္ထ။

ဗာလူပသေဝနစသည်သည် ဝိဘာဝတ္ထ။

သတိပျောက်ကင်းသဖြင့် ရရှိနိုင်သော ပစ္စုပ္ပန်သံသရာအစီးအပွားမှ ဆုတ်ယုတ်ခြင်း တရားထူးတရားမြတ်များမရရှိနိုင်ခြင်းအကျိုးသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



နံပါတ် (၁၀)

y&dpmaeo k & -ပထမစျာန် ဒုတိယစျာန်ပစ္စည်းတရားသည်၊အတ္ထိအရ- သတိ ပညာအား သဟဇာတဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၂၊ ဣ, စျာ, မဂ်။

ဩဠာရိကဂ်အရ-ဝိတက် ဝိစာရ ပီတိစျာန်အင်္ဂါပစ္စည်းတရားသည်၊ပဟာန အရ - တတိယစျာန်၏ရှေး၌ဖြစ်သော ဥပစာရဘာဝနာစိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရား အား ပကတူပဖြင့် ကျေးဇူးပြု။

ဩဠာရိကဂ်ပဟာနေန အရ-တတိယစျာန်၏ရှေး၌ဖြစ်သော ဥပစာရဘာဝနာစိတ္တုပ္ပါဒ်ပစ္စည်းတရားသည်၊ဣမဿ စျာနဿအရ- တတိယစျာန်အား အနန္တရ သတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်- အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ။

ဓါတ်ကျေ့စဉ် (၉၈)

(က) ဣဓဒါနိ သုခဋ္ဌ ကာယေန ပဋိသံဝေဒေတီတိ ဧတ္တ ကိဉ္စာပိ တတိယဇ္ဈာန သမင်္ဂိနော သုခပဋိသံဝေဒနာဘောဂေါ နတ္ထိ၊ ဧဝံ သန္တေပိ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ။

(ခ) ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ။

(ဂ) တံ သမုဋ္ဌာနေနဿ ယသ္မာ အတိပဏီတေန ရူပေန ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ စျာနဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ။

(ဃ) တသ္မာ ဧတမတ္ထံ ဒဿေန္တော"သုခဋ္ဌ ကာယေန ပဋိသံဝေဒေတီ"တိအာဟ။

[ အဘိ။ ဋ္ဌ ။ ၂၁၉ ]

နံပါတ် (၁)

သံဝဏ္ဏနာ ရှု၍ သံဝဏ္ဏေတဗ္ဗအနက်။

ကာယေန၊ စျာန်စိတ္တုပ္ပါဒ်ဟူသော နာမကာယဖြင့်။ သုခံ၊ စေတသိကသုခကို။ ပဋိသံဝေဒေတိ၊ စျာန်ဝင်စားဆဲအခိုက်၌ ခံစား၏။ ကာယေန၊ တတိယစျာန် စိတ္တုပ္ပါဒ်ဟူသောနာမကာယဖြင့်။ သုခံ၊ ကာယိကသုခကို။ ပဋိသံဝေဒေတိ၊ စျာန်မှ ထသောအခါ ခံစား၏။ ကာယေန၊ စျာန်စိတ္တုပ္ပါဒ်ကာယဝိညာဉ်ဟူသောနာမကာယ ဖြင့်။ သုခံ၊ ကာယိကသုခကို။ ပဋိသံဝေဒေတိ၊ စျာန်မှထသောအခါ ခံစား၏။ ကာယေန၊ စျာန်စိတ္တုပ္ပါဒ်ဟူသောနာမကာယဖြင့်။ သုခံ၊ စေတသိကသုခ ကာယိကသုခကို။ ပဋိသံဝေဒေတိ၊ စျာန်ဝင်စားဆဲအခိုက်၌ ခံစား၏။

(၁) ယသ္မာ၊ တဿနာမကာယေန၊ သမ္ပယုတ္တံ၊ ယံသုခံ။ တံသုခံ၊ သော ပဋိဝေဒေယျ၊ တသ္မာ ဧတမတ္ထံ ဒဿေန္တော။ ပ ။ အာဟ။

http://www.dhammadownload.com



(၂) ယံ ဝါ တံ။ ပ ။ အာပာ။[ယှဉ်သင့်စပ်သင့်ရာကို ဝါကျတို့ဖြင့် ယှဉ်စပ် အနက်ပေး]

## နံပါတ် (၂)

**(က)ဝါကျ စသည်သို့။** ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ တတိယစျာန်ကို သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိဟု ဟောတော်မူအပ်၏။ ထိုသို့- သော်လည်း၊ တတိယစျာန်သမင်္ဂီပုဂ္ဂိုလ်အား သုခဝေဒနာကို ခံစားအံ့ဟူသော အာဘောဂသည် မရှိသည်မဟုတ်ပါလော။- ဟောဆိုရခြင်း၏ အကြောင်းကိုလည်းပြဆိုသင့်သေး၏။ - စုဒ်ကြောင့် (က)ဝါကျစသည်မိန့်။

**အဓိပ္ပါယ်ကား-** သုခကိုခံစားအံ့ဟူသော အာဘောဂမရှိသော်လည်း-

(၁)ဈာန်စိတ္တုပ္ပါဒ်ဟူသော နာမကာယနှင့် သုခဝေဒနာတို့ ယှဉ်နေ၏ ထိုသုခဝေဒနာကို ခံစားလိုက ခံစားနိုင်၏ဟူသော အနက်ကိုပြလိုသောကြောင့်ရင်း၊

(၂) ဈာန်စိတ်ကြောင့်ဖြစ်သော ပဏီတစိတ္တဇရုပ်ကြောင့်ဖြစ်ပေါ်လာသော ကာယိကသုခကို ဈာန်မှထသောအခါလည်း ခံစား၏ဟူသောအနက်ကို ပြလိုသော ကြောင့်ရင်း၊ ဤသို့ဟောဆိုအပ်၏ဟူလိုသော်။

**(ခ)ဝါကျသို့** ။ ။ ဆရာသည် (က)ဖြင့် ဈာန်စိတ္တုပ္ပါဒ်နှင့်ယှဉ်သော စေတသိက သုခကို တတိယဈာနလာဘီပုဂ္ဂိုလ်သည် ဈာန်ဝင်စားဆဲအခိုက်၌ ခံစားလိုက ခံစား နိုင်၏ဟူသောအနက်ကို ဖွင့်ပြလိုသောကြောင့် သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိဟူ၍ ဟောရကြောင်းကိုပြဆို၏။ ယင်းသို့ဆိုလျှင် ဈာန်ဝင်စားခိုက်၌ ကာယိကသုခကို မခံစားဟူသော အနက်ရောက်ရာ၏ (သာရတ္ထ)။ **(တစ်နည်း)** ဈာန်မှထသောအခါ၌မူ သုခကို မခံစားဟူသောအနက်ရောက်ရာ၏ (ဝိမတိ)။- စုဒ်ကြောင့် (ခ)ဝါကျမိန့်။

## နံပါတ် (၃)

**(ခ)ဝါကျ-ဝါသဒ္ဒါသားရခြင်း**-တတိယဈာန်စိတ္တုပ္ပါဒ်ဟူသောနာမကာယဖြင့် စေတသိကသုခ(မုခ) ကာယိသုခ(ဖလ္လ)ကို ဈာန်ဝင်စားဆဲခဏ၌ ခံစားသည်ဟူသော အနက်မှတပါး တတိယဈာန်ကာယဝိညာဉ်ဟူသောနာမကာယဖြင့် ကာယိကသုခ ကို ဈာန်မှထသောအခါ၌လည်း ခံစား၏ဟူသော အနက်အကြောင်းကို လဲပြလို သောကြောင့် ထားပါသည်။ **(တစ်နည်း)** ကာယေန အရ တတိယဈာန်ဟူသော နာမ ကာယယူအပ်သည်မှတပါး တတိယဈာန်ကာယဝိညာဉ်စိတ္တုပ္ပါဒ်ဟူသော နာမကာယ ယူအပ်သည်ကို လဲပြလိုသောကြောင့်ရင်း၊ သုခ အရ- စေတသိကသုခ ကာယိကသုခ (သာရတ္ထ) (ဝါ) စေတသိကသုခ (ဝိမတိ) ယူအပ်သည်မှတပါး ကာယိကသုခ ယူအပ်သည်ကို လဲပြလို၍ရင်း၊ ဈာန်ဝင်စားဆဲခဏ၌ ခံစားသည်မှတပါး ဈာန်မှထသောအခါ၌ ခံစားသည်ကို လဲပြလိုသောကြောင့်ရင်း ထားပါသည်။

http://www.dhammadownload.com



ကိဥ္စာပိ-သဒ္ဒါ ထားရခြင်း- တတိယဈာန်သမင်္ဂီပုဂ္ဂိုလ်၏ ဈာန်ဝင်စားဆဲခဏ၌ သုခကို ခံစားအံ့ဟူသော အာဘောဂမရှိပါဘဲလျက် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ ဟု-ဟောသောပါဠိတော်ကို မနှစ်သက်၍ ထားပါသည်။

(ဂ)ဝါကျဖြင့်- နာမကာယဖြင့် ကာယိကသုခကို ဈာနလာဘီပုဂ္ဂိုလ်သည် ခံစားနိုင်ပုံကို ပြည့်စုံပျံ့နှံ့အောင် ဖွင့်ပြသောကြောင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။ (တစ်နည်း) ဈာနလာဘီပုဂ္ဂိုလ်သည် နာမကာယဖြင့် ကာယိကသုခ ခံစားနိုင်ပုံ ယုတ္တိကြောင်းကိုပြသောကြောင့် ဩစိတျဟီန၊ဝိရောဓိဒေါသပယ်ပါသည်။

## နံပါတ် (၄)

**ကုစ္ဆိတာနံ ကေသာဒီနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော။**

**နာမဿ ကာယော နာမကာယော။**

ကု-ပုဒ်+အယပုဒ်သည်ရင်း၊ စက်ဆုပ်အပ်သော ဆံပင်စသည်တို့၏ဖြစ်ရာ အရပ်ခန္ဓာကိုယ်နှင့် ဌာနီ/ဌာနစပ် (ဗျုပ္ပတ္တိနိမိတ်)။ ခန္ဓာကိုယ်ဖြစ်သည် (ပဝတ္တိနိမိတ်)။

**တေန သမုဋ္ဌာနံ တံ သမုဋ္ဌာနံ။**

တံ-ပုဒ်+သမုဋ္ဌာန ပုဒ်သည်ရင်း၊ သုခဝေဒနာ၏ အတိပဏီတရုပ်နှင့် အကြောင်း/အကျိုးစပ် (ဗျုပ္ပတ္တိနိမိတ်)။

အတိပဏီတရုပ်တို့၏ အလွန်မွန်မြတ်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

**ဖရတီတိ ဖုဋ္ဌော။**

ဖရဓာတ်+တ ပစ္စည်းသည်ရင်း၊ ပျံ့နှံ့ခြင်း ကြိယာသာမညသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ ပျံ့နှံ့ခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

| | |
|---|---|
| သမင်္ဂီနော ॥ | ॥ ပုလ္လိင်+ရတ္တာဒိဂိုဏ်း+ဣကာရန်+တဒ္ဓိတ်နာမ်ပုဒ်။ |
| နတ္ထိ ॥ | ॥ အလိင်+ဂဏဝိမုတ်+ဣကာရန်+နိပါတ်ပုဒ်။ |
| သန္တ ॥ | ॥ နပုလ္လိင်+ဂစ္ဆန္တာဒိဂိုဏ်း+နိဂ္ဂဟိတ်ကာရန်+ကိတ်နာမ်ပုဒ်။ |
| ဒသေယန္တော။ | ॥ ပုလ္လိင်+ပုရိသာဒိဂိုဏ်း+(တစ်နည်း)ဂစ္ဆန္တာဒိဂိုဏ်း+ဩကာရန်+ကိတ်နာမ်ပုဒ်။ |

## နံပါတ် (၆)

(က)နာမကာယေန ဖြင့် - ကာယအရ ရူပကာယကိုမယူအပ် ဈာန်စိတ္တုပ္ပါဒ်ဟူသော နာမကာယကို ယူအပ်သည်ကို သိစေသည်။

သမ္ပယုတ္တံ သုခံဖြင့်- သုခအရ စေတသိကသုခကို (ဝိမတိ) (ဝါ) စေတသိကသုခ ကာယိကသုခကို (သာရတ္ထ) အရကောက်ယူအပ်သည်ကိုသိစေသည်။

http://www.dhammadownload.com


ကိဉ္စာပိ စသည်ဖြင့်- တတိယဈာန် သမင်္ဂီပုဂ္ဂိုလ်အား သုခဋ္ဌကာယေန ပဋိသံဝေဒေတိ ဟောရာ၌ စောဒကာဘောဂကို သိစေသည်။ဝေံ သန္တေပိစသည် ဖြင့်- ထိုသို့ဈာန်ဝင်စားဆဲခဏ၌ တတိယဈာန်သမင်္ဂီပုဂ္ဂိုလ်အား သုခကိုခံစားအံ့ဟု အာဘောဂ မရှိသော်လည်း ဈာန်စိတ္တုပ္ပါဒ်ဟူသောနာမကာယနှင့် ယှဉ်သော သုခဝေဒနာ (ကာယိကသုခ)ရှိရကား ထိုသုခကို ခံစားလိုက ခံစားနိုင်၏ဟူသောအနက်ကို ပြလိုသောကြောင့် သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိ ဟုဟောသည်၏အဖြစ်ကို သိစေသည်။

[တသ္မာ၊ ထိုသို့ ဈာန်ဝင်စားဆဲခဏ၌ တတိယဈာန်သမင်္ဂီပုဂ္ဂိုလ်အား သုခကို ခံစားအံ့ဟူသော နှလုံးသွင်းမရှိသော်လည်း ဈာန်စိတ္တုပ္ပါဒ်ဟူသော နာမကာယနှင့် ယှဉ်သော သုခဝေဒနာကို ခံစားရာ၏အဖြစ်ကြောင့်။]

(ခ) ယံဝါ တံဝါ-စသည်ဖြင့် သုခအရ ကာယိကသုခကို ယူရမည်ကိုရင်း၊ ကာယေနအရ ဈာန်စိတ္တုပ္ပါဒ်နှင့် ကာယဝိညာဉ်ဟူသော နာမကာယကို ယူရမည်ကို ရင်းသိစေသည်။

(ဂ) တံသမုဋ္ဌာနေန စသည်ဖြင့် ဈာန်စိတ္တုပ္ပါဒ်နှင့်ယှဉ်သော သုခဝေဒနာကြောင့်ဖြစ်သော အတိပဏီတ စိတ္တဇရုပ်သည် အခြား တိဇကာယနှင့် ရောနှောပျံ့နှံ့နေရကား ဈာနလာဘီ ပုဂ္ဂိုလ်သည် ဈာန်မှထသောအခါ၌လည်း ထိုကာယိကသုခကို ခံစားလိုက ခံစားနိုင်၏ဟူသောအနက်ကို ပြလိုသောကြောင့် သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိဟု ဟောသည်၏အဖြစ်ကို သိစေသည်။

[တသ္မာ၊ ထိုသို့ သုခဝေဒနာကြောင့်ဖြစ်သော မွန်မြတ်သော စိတ္တဇရုပ်ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ တိဇကာယ၏ ပျံ့နှံ့သည်ဖြစ်၍ ဈာန်မှထသော်လည်း ထိုကာယိကသုခကို ခံစားရာ၏အဖြစ်ကြောင့်။]

## နံပါတ် (၇)

သန္တေပိ၌ အပိကား-အနုဂ္ဂဟတ္ထ သမ္ဘာဝနတ္ထ။တတိယဈာန်သမင်္ဂီပုဂ္ဂိုလ်၏ သုခဝေဒနာကို ခံစားအံ့ဟု နှလုံးသွင်းမရှိသော်လည်း ဈာန်နှင့် သုခဝေဒနာ ယှဉ်သောကြောင့် ခံစားလိုက ခံစားနိုင်၏ဟု ချီးမွမ်းမြှောက်ပင့်သောကြောင့်။

ကိဉ္စာပိကား-ဂရဟတ္ထ။

ဈာနာ ဝုဋ္ဌိတောပိ၌ အပိကား-သမုစ္စယတ္ထ။ ဈာန်ဝင်စားဆဲခဏကို ပေါင်းစည်းသည်။

## နံပါတ် (၈)

တံ သမုဋ္ဌာနေန-အရ အတိပဏီတရုပ်။- ယင်းသည် ဒဿနတ္ထ။

တတိယဈာန်သုခသည် ဒီပကတ္ထ။

တိဇကာယကို ပျံ့နှံ့၍ ဈာန်မှထရာအခါ၌လည်း ကာယိကသုခ ခံစားနိုင်-

http://www.dhammadownload.com


ခြင်းသည် ပကာသနတ္ထ။
တတိယစျာန်သည် ဝိဘာဝတ္ထ။
သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိဟု ဒေသနာတော်ဟောဆိုရခြင်း သာဝက
တို့ နာကြားရခြင်းစသည်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

တံအရ-တတိယစျာန်သုခ ပစ္စည်းတရားသည်၊သမုဋ္ဌာန-အရ အတိပဏီတရုပ်(စိတ္တဇရုပ်)ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၁၊ ဣန္ဒြိယ၊ ဈာန။

ရူပေနအရ-စိတ္တဇရုပ် ပစ္စည်းတရားသည်၊ ရူပကာယော-အရ တိဇရုပ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

ကာယေနအရ-ဈာန်စိတ္တုပ္ပါဒ် ဟူသော နာမကာယပစ္စယုပ္ပန်တရားအား၊ သုခ-အရ ထိုနှင့်ယှဉ်သော သုခဝေဒနာပစ္စည်းတရားသည် သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

တစ်နည်း။ ။ သုခ-အရ ကာယိကသုခပစ္စည်းတရားသည်၊ကာယေန-အရ ဈာန်စိတ္တုပ္ပါဒ်ဟူသော နာမကာယအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

တစ်နည်း။ ။ သုခ-အရ ကာယိကသုခ ပစ္စည်းတရားသည်၊ကာယ-အရ ကာယဝိညာဉ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၃၊ ဣန္ဒြိယ၊ ဈာန။

⊛⊛⊛⊛⊛⊛⊛⊛⊛

## ပါဠိမေးခွန်း (၉၉)

(က) ကသ္မာ ပန တံ တေ ဧဝံ ပသံသန္တိတိ? ပသံသာရဟတော။
(ခ) အယဉှိ ယသ္မာ အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ တတိယဈ္ဈာနေ ဥပေက္ခကော၊ န တတ္ထ သုခါဘိသင်္ဂေန အာကဍ္ဎိယတိ။
(ဂ) ယထာ စ ပီတိ န ဥပ္ပဇ္ဇတိ၊ ဧဝံ ဥပဋ္ဌိတသတိတာယ သတိမာ။
(ဃ) ယသ္မာစ အရိယကန္တံ အရိယဇနသေဝိတမေဝ အသံကိလိဋ္ဌံ သုခံ နာမ ကာယေန ပဋိသံဝေဒေတိ။
(င) တသ္မာ ပသံသာရဟော။
(စ) ဣတိ ပသံသာရဟတော နံ အရိယာ တေ ဧဝံ ပသံသာဟေတုဘူတေ ဂုဏေ ပကာသေန္တာ "ဥပေက္ခကော သတိမာ သုခဝိဟာရီ" တိ ဧဝံ ပသံသန္တိတိ ဝေဒိတဗ္ဗံ။ [ အဘိ၊ ဋ္ဌ ၊ ၂၂၀ ]

http://www.dhammadownload.com


## နံပါတ် (၁)

ဥပေက္ခကော ၊အလွန်ချိုမြိန်ကောင်းမြတ်၍ အထွဋ်အထိပ်သို့ရောက်သော တတိယစျာန်သုခ၌သော်မှလည်း လျစ်လျူရှုနိုင်သေး၏။ သတိမာ ၊ တဖန်ပီတိ မကပ်ငြိအောင် အာရုံမြတ်၌ ကပ်၍တည်သော သတိရှိပါပေ၏။ သုခဝိဟာရီ၊ အရိယာတို့ နှစ်သက်အပ်သော တတိယစျာန်သုခကို နာမကာယဖြင့်ခံစားလျှက် နေလေ့ရှိနိုင်ပါပေ၏။

(က)ဓေ၀်..ဤသို့ ဥပေက္ခကော သတိမာ သုခဝိဟာရီဟူ၍။

(ခ )ဟိတ်သမ္ဗန် - ဣမဿ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂလဿ။

## နံပါတ် (၂)

(ခ) သို့၌ပနာပဋ္ဌက ॥ ॥ ဆရာသည် (က)ဖြင့် ချီးမွမ်းခြင်း၄၊ထိုက်သောကြောင့် တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်ကို အရိယာတို့သည် ချီးမွမ်းကြကုန်၏ဟု ဖွင့်ပြတော်မူအပ်၏။ ယင်းသို့- သော်လည်း၊ ပဌမစျာန် ဒုတိယစျာန်ရသော စျာနလာဘီပုဂ္ဂိုလ်တို့ ကဲ့သို့ စျာနလာဘီပုဂ္ဂိုလ်ချင်းတူ၍ အထူးဝိသေသ မချီးမွမ်းထိုက်သည်မဟုတ်ပါလော။ အဘယ်သို့သော အကြောင်းများကြောင့် ဥပေက္ခကော သတိမာ သုခဝိဟာရီဟူ၍ အထူးဝိသေသပြုလျှက် ချီးမွမ်းရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။

(ဂ) သို့ ပါပနာဒိ ॥ ॥ဆရာ (ခ)ဖြင့် တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်သည် သုခ၏ အထွဋ်အထိပ်သို့ရောက်သော တတိယစျာန်၌သော်လည်း လျစ်လျူရှုတတ်၏။ သုခနှင့် ယှဉ်သောတဏှာသည် မဆွဲငင်အပ်သောကြောင့် ဥပေက္ခကောဟု ချီးမွမ်းထိုက်သည်ကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ယင်းတတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်ကို သတိမာဟူ၍ ချီးမွမ်းခြင်း၄ါထိုက်ပုံကို မသိအပ်ဟူသော အနက်ရောက်ရာ၏။

## နံပါတ် (၃)

(ဃ)အဗျာပိတ ဒေါသပယ်- တတိယဇ္ဈာနသမင်္ဂီ ပုဂ္ဂိုလ်ကို သုခဝိဟာရီ ဟူ၍လည်း ချီးမွမ်းထိုက်ပုံကို ပြည့်စုံပုံ့နှံ့အောင် ဖွင့်ပြသောကြောင့်။

(စ) ပုနရုတ္တိဒေါသပယ်- တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်၏ ချီးမွမ်းခြင်း၄ါ ထိုက်ပုံ အကျယ်ကိုပြပြီးနောက် ချုပ်၍ နိဂုံးကို ဖွင့်ပြသောကြောင့်။

တတိယဇ္ဈာနေသု ပိ- ၌ အပိ- ထိပ်ဆုံးရောက်သော တတိယစျာန်သုခ၌သော်မှ လည်း လျစ်လျူရှုနိုင်သေး၏။ အောက်စျာန်ရှိ သုခတို့၌ လျစ်လျူရှုနိုင်သည်ကား ဆိုဘွယ်မရှိ ဤသို့သမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် အပိ-သဒ္ဒါဆို။

## နံပါတ် (၄)

**အတိမဓုရသုခ** ॥ ॥ အတိမဓုရံ သုခံ ယသ္မိန္တိ အတိမဓုရသုခံ။

အတိမဓုရ ပုဒ်+သုခ ပုဒ်သည်ရင်း ၊အလွန်ချိုမြိန်သောသုခ၏ တတိယစျာန်

http://www.dhammadownload.com


နှင့် နိသျ+နိဿိတ စပ် (ဗျ+နိ)။ တတိယစျာန်၏ အလွန်ချိုမြိန်သော သုခ ရှိခြင်းဂုဏ်သည် (ပ+နိ)။

**သုခပါရမိပ္ပတ္တံ** ။ ။ ပရံ ပစ္စနီကံ မာရေတီတိ ပရမံ။
**(တစ်နည်း)** ပရတိ အတ္တနော ဥတ္တမဘာဝံ ပါလေတီတိ ပရမံ။
ပရမံယေဝ ပါရမီ။ သုခဿ ပါရမီ သုခပါရမီ။
သုခပါရမိံ ပတ္တံ သုခပါရမိပ္ပတ္တံ။

သုခပါရမီပုဒ်+ပတ္တပုဒ်သည်ရင်း၊သုခ၏ အထွဋ်အထိပ်သို့ရောက်သော တတိယစျာန်နှင့်အကြောင်း+အကျိုးစပ် (ဗျ+နိ)။တတိယစျာန်၏ သုခ အထွဋ်အထိပ်သို့ရောက်ခြင်းဂုဏ်သည် (ပ+နိ)။

**သုခါဘိသင်္ဂေ** ။ ။ အဘိသဇ္ဇတီတိ အဘိသင်္ဂေါ။
သုခသ္မိံ အဘိသင်္ဂေါ သုခါဘိသင်္ဂေါ။

သုခပုဒ်+အဘိသင်္ဂပုဒ်သည်ရင်း၊သုခဝေဒနာ၏ ငြိကပ်တတ်သော တဏှာနှင့် အာရုံ+အာရမ္မဏိက စပ် (ဗျ+နိ)။ သုခ၌ ငြိကပ်ခြင်းကြီးယာသည် - (ပ+နိ)။

**ဥပဋ္ဌိတသတိတာ**။ ။ ဥပဋ္ဌိတာ သတိ ယဿတ္ထိ ဥပဋ္ဌိတသတိ။
ဉပဋ္ဌိတသတိနော ဘာဝေါ ဥပဋ္ဌိတသတိတာ။

**အရိယကန္တံ** ။ ။ အရိယေဟိ ကန္တံ အရိယကန္တံ။

နံပါတ် (၅)

တေ ။ ။ ပုံ + သဗ္ဗနာမ် + ဩ + သဗ္ဗနာမ်။
ပါရမီ ။ ။ ဣတ္ထိ + နဒါဒိ + ဤ + တဒ္ဓိတ်။
သတိမာ။ ။ ပုံ + ဂုဏဝါ + အာ + တဒ္ဓိတ်။
ဂုဏော ။ ။ ပုံ + ပုရိသာဒိ + ဩ + ကိတ်။

နံပါတ် (၆)

(ခ) အယံ- ဖြင့် ဥပေက္ခကော-အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ကောက်ယူအပ်သည်ကို သိစေ။ တတိယဈာနေ- ဖြင့် လျစ်လျူရှုတတ်၏ဟူသည် တတိယစျာန်ကို လျစ်လျူရှုတတ်၏ဟူသောအဓိပ္ပါယ်ကို သိစေ။ အတိမဓုရသုခေသုခပါရမိပ္ပတ္တေ -ဖြင့်၊ယင်းတတိယစျာန်ဟူသည် သုခအထွဋ်အထိပ်သို့ရောက်သော တတိယစျာန်ပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေ။န တတ္ထ-စသည်ဖြင့် လျစ်လျူရှုခြင်း၏ အကြောင်းကို သိစေ။

(ဂ) ဥပဋ္ဌိတသတိတာယ- ဖြင့် သတိမာ၌ သတိပုဒ်+မန္တုပစ္စည်း၊ ယင်းမန္တုပစ္စည်း ၏ အဿတ္ထိအနက်၌သက်၍ သတိ အဿ အတ္ထီတိ သတိမာဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ကပ်၍တည်တတ်သောသတိရှိသည်၏အဖြစ်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို သတိမာဟူ၍ ချီးမွမ်းထိုက်သည်ကိုရင်း သိစေ။

http://www.dhammadownload.com



ယထာစသည်ဖြင့် ဥပမာကို သိစေ။

နံပါတ် (၇)

(ခ) အပိ- အမြတ်နေ‌ာင်ထိုင်ပြီး ဥပေက္ခကောဟူသောအမြတ်ပုဒ်ကို စပ်သော ကြောင့် သမ္ဘာဝနတ္ထ။

**အရိယဇနသေဝိတ မေဝဒ္ဓ ဧဝ. . .**

အရိယာသူတော်ကောင်းတို့သည် ဂဟေတဗ္ဗတ္ထ။

ပုထုဇဉ် ဈာန်မရသောပုဂ္ဂိုလ်တို့သည်ငှင်း ပဋ္ဌမဈာန် ဒုတိယဈာန်ရသူတို့ သည်ငှင်း' နိဝတ္တေတဗ္ဗတ္ထ။

တတိယဈ္ဈာနလာဘီ ကလျာဏပုထုဇဉ်သည် အနုညာတတ္ထ။

မှတ်ချက်။ ။ အရိယာသူတော်ကောင်းတို့သည်သာ မှီဝဲထိုက်သည်လည်းဖြစ် သော-ဟူသော ပြည်နိသျှရှုသည်။

တစ်နည်း။ ။ အရိယာဇနသေဝိတ (အရိယကန္တိ) သုခသည် ဂဟေတဗ္ဗတ္ထ။ အသေဝိတ (အကန္တ) သုခသည် နိဝတ္တေတဗ္ဗတ္ထ။ တတိယဈ္ဈာနလာဘီ ကလျာဏပုထုဇ္ဇန သေဝိသ (ကန္တ) သုခ သည် အနုညာတတ္ထ။

မှတ်ချက်။ ။ အရိယာတို့မှီဝဲအပ်သည်သာ ဖြစ်သော- ဟူသော ဘာ+ဋီ ကို ရှုသည်။

(င) တသ္မာ၊ ထိုသို့သုခများမြောက် ထိပ်ဆုံးရောက်သော တတိယဈာန်သုခ ၌သော်မှလည်း လျစ်လျူရှုတတ်သည်၏အဖြစ်ကြောင့် (ခ) ရှု။

(တစ်နည်း) တသ္မာ၊ ထိုသို့ တဖန်ပီတိ မကပ်ငြိအောင် သတိမပြတ်အောက်မေ့တတ် သည်၏အဖြစ်ကြောင့် (ဂ) ရှု။

(တစ်နည်း) တသ္မာ၊ ထိုသို့အရိယာတို့ မှီဝဲအပ်သည်သာဖြစ်သော စေတသိကသုခကို နာမကာယဖြင့်ခံစားလျှက် ချမ်းမြေ့သာယာ-နေတတ်သည်၏အဖြစ်ကြောင့် (ဃ)ရှု။

နံပါတ် (၈)

ပသံသန္တိအရ- ချီးမွမ်းခြင်းသည် ဒဿနတ္ထ။

ချီးမွမ်းထိုက်ခြင်းဂုဏ်သည် ဒီပကတ္ထ။

တတိယဈာန်ရခြင်း၌ အားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်တို့ရွှင်လန်း အားတက်ခြင်းသည် ပကာသနတ္ထ။

တတိယဈာန်၏ ပရိကမ္မ ဥပစာရ ဘာဝနာတို့သည်ငှင်း၊အတိမ‌ဓုရ ပါရမိပ္ပတ္တဖြစ်သော တတိယဈာန်သုခ၌သော်လည်း လျစ်လျူရှုနိုင်ခြင်း စသော အကြောင်းတို့သည် ဝိဘာဝတ္ထ။

တတိယဈာန်မရသေးသောပုဂ္ဂိုလ်တို့ တတိယဈာန်ရခြင်းသည်အနုဘာဝတ္ထ။

http://www.dhammadownload.com



တစ်နည်း။ ချီးမွမ်းသော ဘုရားစသောအရိယာတို့သန္တာန် သတိ၊ ဝိရိယ၊ ဉာဏ် ပြဋ္ဌာန်းသော ကုသိုလ်ကြိယာစိတ္တုပ္ပါဒ် ကောက်လေ။

တတိယဈာနေ ဥပေက္ခကော အရ သုခပါရမိပ္ပတ္တ၌ပင် လျစ်လျူရှုနိုင်ခြင်းသည် ဒဿနတ္ထ။

တတိယဈာန်သည် ဒီပကတ္ထ။

ဥပေက္ခကောဟု ချီးမွမ်းခံရခြင်းသည် ပကာသနတ္ထ။

ပရိကမ္မဘာဝနာ ဥပစာရဘာဝနာသည် ဝိဘာဝတ္ထ။

တတိယဈာန်ရရန် အားထုတ်နေကြသော ယောဂီအပေါင်းတို့ ရွှင်လန်းတက်ကြွ ြင်းသည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

(က)တံအရ-တတိယဈာန သမင်္ဂီ ပုဂ္ဂိုလ်၏ ခန္ဓာပဉ္စက ပစ္စည်းတရားသည်၊ ပသံသန္တိ-အရ ချီးမွမ်းကြကုန်သော ပုဂ္ဂိုလ်တို့သန္တာန် သတိ၊ ဝိရိယ၊ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ် ကြိယာစိတ္တ ါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏာဖြင့် ကျေးဇူးပြု။

ပြိုင်- အာရမ္မဏ ၈-မျိုး။

တေအရ- အရိယာတို့၏ ခန္ဓာပဉ္စကပစ္စည်းတရားသည်၊ အာစိက္ခန္တိ-အရ ငှင်းပင်ဖြစ်သောကြောင့် တပါးခန္ဓာပစ္စည်းသည်၊ သုံးပါး နာမက္ခန္ဓာနှင့်စိတ္တဇရုပ် ကမ္မဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။

❦ ❦ ❦ ❦ ❦ ❦ ❦ ❦ ❦

ဝါကျချုပ် (၁၀၀)

(က)သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာတိ ကာယိကသုခဿစ ကာယိကဒုက္ခဿစ ပဟာနာ။

(ခ )ပုဗ္ဗေဝါတိ တဉ္စခေါ ပုဗ္ဗေဝ၊ န စတုတ္ထဈာနက္ခဏေ။

(ဂ )သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာတိ စေတသိကသုခဿစ စေတသိကဒုက္ခဿ စာတိ ဣမေသမ္ပိ ဒွိန္နံ ပုဗ္ဗေဝ အတ္ထင်္ဂမာ။

(ဃ)ပဟာနာ ဣစ္စေဝ ဝုတ္တံ ဟောတိ။

(င) ကဒါ ပန နေသံ ပဟာနံ ဟောတိ? စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ။

(စ) သောမနဿံ ဟိ စတုတ္ထဈာနဿ ဥပစာရက္ခဏေ ယေဝ ပဟီယတိ၊ ဒုက္ခ ဒေါမနဿသုခါနိ ပဌမဒုတိယတတိယဈာနာနံ ဥပစာရက္ခဏေသု။

[ အဘိ။ ဋ္ဌ ။ ၂၂၀ ]

နံပါတ် (၁)

သုခဿစ ပဟာနာ ဒုက္ခစ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿနံ အတ္ထင်္ဂမာ။

http://www.dhammadownload.com



ပုဗ္ဗေဝ၊ ရှေးမဆွ၌ပင်။ သုခဿ၊ ကာယိကသုခကို။ ပဟာနာစ၊ ပယ်ခြင်းကြောင့်ရင်း။ ဒုက္ခဿ၊ စေတသိကဒုက္ခကို။ ပဟာနာစ၊ ကြောင့်ရင်း။ သောမနဿဒေါမနဿာနံ၊ တို့၏။ ပုဗ္ဗေဝ၊ ရှေးမဆွ၌ပင်။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းသို့ရောက်ခြင်းကြောင့်ရင်း (သဒ္ဒတ္ထ) (ဝါ) ပယ်ခြင်းကြောင့်ရင်း (အဓိပ္ပါယတ္ထ)။

## နံပါတ် (၂)

(င)ဝါကျသို့ ။ ။ ဆရာသည် (က)စသောဝါကျတို့ဖြင့် သုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို ရှေးမဆွကပင်လျှင် ပယ်အပ်ကုန်ပြီဟု ဖွင့်ဆိုအပ်၏။ ထိုသို့-သော် ပုဗ္ဗေဝဟုသာမည ဆိုသောကြောင့် ပယ်ရာကာလအထူးကို မသိအပ်သေးသည် မဟုတ်ပါလော-

တစ်နည်း။ ။ ပုဗ္ဗေဝဟုဆိုသောကြောင့် ယင်းလေးပါးလုံးတို့ကို စတုတ္ထဈာန်တို့၏ ဥပစာရက္ခဏ၌ ပယ်အပ်သည်ဟု မှတ်သားအပ်ပါသလော- ပယ်ရာကာလ အထူးကိုလည်း ပြဆိုသင့်သေး၏- စုဒ်ကြောင့်(င)ဝါကျမိန့်။

(စ) ဝါကျမိန့်။ ။ ဆရာသည် (င)ဖြင့် သုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို လေးပါးသောဈာန်တို့၏ ဥပစာရက္ခဏ၌ပယ်အပ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော် သုခကို ပဋ္ဌမဈာန်၏ ဥပစာရက္ခဏ, ဒုက္ခကို ဒုတိယဈာန်၏ ဥပစာရက္ခဏ, သောမနဿကို တတိယဈာန်၏ ဥပစာရက္ခဏ, ဒေါမနဿကို စတုတ္ထဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ဟု ယထာက္ကမနည်းဖြင့် အနက်ရောက်ရာ၏- ယထာလာဘ နည်းဖြင့် ဒုက္ခ ဒေါမနဿ သုခ သောမနဿတို့ကို ပဌမဈာန်စသည်တို့၏ ဥပစာရက္ခဏ၌ ရသင့်သည့်အားလျော်စွာ ပယ်အပ်သည်ကိုလည်း ဖွင့်ပြသင့်သေး၏- စုဒ်ကြောင့်(စ)ဝါကျမိန့်။

## နံပါတ် (၃)

(ဃ)ဝါကျဖြင့်-ချုပ်ခြင်းသို့ရောက်ခြင်းဟူသည် ပယ်ခြင်းပင်ဖြစ်၏ဟု အတ္ထင်္ဂမာပုဒ်၏အဓိပ္ပါယတ္ထကို ဖွင့်ဆိုသောကြောင့် အဗျာပိတဒေါသပယ်။

(စ) ဝါကျဖြင့်-သုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို ဈာန်လေးပါးတို့၏ ဥပစာ ရက္ခဏ၌ပယ်အပ်ကုန်၏ဟု ဆိုရာတွင် ယထာက္ကမနည်းအားဖြင့် အနက်ကိုမမှတ်သားမူ၍ ဒုက္ခကို ပဌမဈာန်၏ ဥပစာရက္ခဏ, ဒေါမနဿကို ဒုတိယဈာန်၏ ဥပစာရက္ခဏ, သုခကို တတိယဈာန်၏ ဥပစာရက္ခဏ, သောမနဿကို စတုတ္ထဈာန်၏ ဥပစာရက္ခဏ၌ ပယ်၏ဟု ယထာလာဘနည်းအားဖြင့် ချဲ့ပြသောကြောင့် အဗျာပိတဒေါသ/ပုနရုတ္တိဒေါသပယ်။

http://www.dhammadownload.com



## နံပါတ် (၄)

**ကာယေ ပဝတ္တံ ကာယိကံ။**

ကာယပုဒ်+ဣကပစ္စည်းသည်ရင်း+ကာယဒွါရ၏ သုခဝေဒနာနှင့် နိဿယ/နိဿိတ စပ် ဗျုပ္ပတ္တိနိမိတ်။

ကိုယ်၌မှီ၍ ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

**စေတသိ ပဝတ္တံ စေတသိကံ။**

**သုန္ဒရော မနော သုမနော။ (စိတ္တံ) ။(တစ်နည်း) သုန္ဒရံ မနော ယဿာတိ သုမနော။ (ပုဂ္ဂလော)။ သုမနဿ ဘာဝေါ သောမနဿံ။**

သုမနပုဒ်+ဏျပစ္စည်းသည်ရင်း၊ ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၏ စေတသိကသုခနှင့် နိဿယ/နိဿိတ စပ် ဗျုပ္ပတ္တိနိမိတ်။

ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ကောင်းသောစိတ် (ဝါ) စေတသိကသုခသည် ပဝတ္တိနိမိတ်။

## နံပါတ် (၅)

| | | |
|---|---|---|
| ကာယိက | = | နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိကာရန် + တဒ္ဓိတ်နာမ်ပုဒ်။ |
| ပဟာန | = | နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိကာရန် + ကိတ်နာမ်ပုဒ်။ |
| သောမနဿ | = | နပုလ္လိင် + စိတ္တာဒိ + နိဂ္ဂဟိကာရန် + တဒ္ဓိတ်နာမ်ပုဒ်။ |
| ဣဒါ | = | အလိင် + ဂဏာဝိမုတ် + အာကာရန် + ပစ္စတ္တနိပါတ်ပုဒ်။ |

## နံပါတ် (၆)

(က)ကာယိက သုခံ-ဖြင့် သုခဿအရ ကာယိကသုခကို ကောက်ယူအပ်သည်ကိုသိစေသည်။ ကာယိကဒုက္ခံ-ဖြင့် ဒုက္ခဿအရ ကာယိကဒုက္ခကိုကောက်ယူအပ်သည်ကို သိစေသည်။

(ခ) တဒ္ဓ ခေါ ပုဗ္ဗေဝ-ဖြင့် ပုဗ္ဗေဝကို သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ ဟူသော နောက်ပုဒ်တို့နှင့်သာစပ်အပ်သည်မဟုတ် မဇ္ဈေဒီပက ကာကောလောကန နည်းဖြင့် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာပုဒ်တို့နှင့်လည်း စပ်အပ်သည်ကို သိစေသည်။ န စတုတ္ထဇ္ဈာနက္ခဏေ-ဖြင့် ပုဗ္ဗေဝဟုဆိုသောကြောင့် လေးပါးသော ဈာန်တို့၏ ဥပစာရက္ခဏကိုသာယူအပ်၏ စတုတ္ထဈာန်ခဏကိုမယူအပ်ဟု ပုဗ္ဗေဝ၌ ဧဝ၏ ဂဟေတဗ္ဗ နိဝတ္တေတဗ္ဗကို သိစေသည်။ စေတသိကသုခဿစ စေတသိက ဒုက္ခဿစ-ဖြင့် သောမနဿဒေါမနဿံ တို့ကို သောမနဿံ စ ဒေါမနဿံစ သောမ နဿဒေါမနဿာဟု ဒွန်သမာသ်ဝစနတ္ထပြုအပ်သည်ကိုရင်း၊ သောမနဿ-အရ စေတသိကသုခကို ကောက်ယူအပ် သည်ကိုရင်း၊ဒေါမနဿ-အရ စေတသိကဒုက္ခ ကောက်ယူအပ်သည်ကိုရင်း သိစေသည်။ပုဗ္ဗေဝအတ္ထင်္ဂမာဖြင့် ပုဗ္ဗေဝကို အတ္ထင်္ဂမာ ပုဒ်နှင့်စပ်၍ အနက်သမ္ဗန်အပ်သည်ကိုရင်း သိစေသည်။ (သမ္ဗန္ဓ)

http://www.dhammadownload.com


နံပါတ် (၇)

**ပုဗ္ဗေဝ၌ ဓေ. . . စျာန်လေးပါးတို့၏ ဥပစရက္ခဏာသည် ဂဟေတဗ္ဗတ္ထ။**

စတုတ္ထဈာနက္ခဏာသည် နိဝတ္တေတဗ္ဗတ္ထ။

ဣန္ဒြေတို့ကိုပယ်ခြင်းသည် အနုညာတတ္ထ။

**ပဟာနာဣန္ဒြေဝ၌ ဓေ. . . ပယ်ခြင်းဟူသောအနက်သည် ဂဟေတဗ္ဗတ္ထ။**

အကြွင်းမဲ့ချုပ်ခြင်းဟူသောအနက်သည် နိဝတ္တေတဗ္ဗတ္ထ။

ချုပ်ခြင်းအနက်သည် အနုညာတတ္ထ။

**စတုတ္ထဈာနဿ ဥပစာရက္ခဏေယေဝ၌ ဓေ. . .**

စတုတ္ထစျာန်၏ ဥပစာရက္ခဏာသည် ဂဟေတဗ္ဗတ္ထ။

စတုတ္ထစျာန်၏ ခဏသည် နိဝတ္တေတဗ္ဗတ္ထ။

ပ-ဒု-တစျာန်တို့၏ ဥပစာရက္ခဏာသည် အနုညာတတ္ထ။

**ဣမေသမ္ပိ ဝိနိုင္ဒြ အပိ - အဝယဝသမုစ္စည်း။**

တစ်ပါးစီ တစ်ပါးစီသော စေတသိကသုခ စေတသိကဒုက္ခကို ဆည်းသောကြောင့်။

နံပါတ် (၈)

**သုခဿ စ ပဟာနာ ၌ ဓာတ်-အရ တတိယစျာန်၏ ဥပစာရဘာဝနာ**

ယင်းသည် ဒဿနတ္ထ။

ပရိကမ္မဘာဝနာသည် ဒီပကတ္ထ။

တတိယစျာန်သည် ပကာသနတ္ထ။

တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း ပ-ဒု စျာန်တို့ကို ရရှိပြီးခြင်းအကြောင်းတို့သည် ဝိဘာဝတ္ထ။

တ-စျာန်၏ သမာပတ်ချမ်းသာစသည်သည် အနုဘာဝတ္ထ။

နံပါတ် (၁၀)

ဒုက္ခဿ စ ပဟာနာ၌ ဒုက္ခဿအရ-ဒုက္ခဝေဒနာပစ္စည်းတရားသည်၊ ပဟာနာ၌ ဓာတ်အရ ပထမစျာန်၏ရှေ့အဘို့၌ဖြစ်သော ကာမာဝစရဥပစာရသမာဓိဇော ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

ကာယိက သုခဿ၌ ကာယေအရ-သုခသဟဂုတ် ကာယဝိညာဉ် စိတ္တုပ္ပါဒ်ပစ္စည်းတရားသည်၊ ဣကပစ္စည်း-အရ သုခဝေဒနာ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိ- ကြီး ၄၊ လတ် ၃၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ။

**တစ်နည်း။** ။ကာယ-အရ ကာယပသာဒ ပစ္စည်းတရားသည်၊ဣကပစ္စည်းအရ ကာယဝိညာဉ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့်ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိ- ဝတ္ထုပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

http://www.dhammadownload.com



ဓါတ်ကျွမ်းစဉ်း (၁၀၀)

(က) ဧတ္တာဟ "အထေဝံ တဿ တဿ ဈာနဿုပစာရေ ပဟီနာပိ ဧတာ ဝေဒနာ ဣတ္ထေ ကသ္မာ သမာဟဋာ" တိ။

(ခ) သုခဂ္ဂဟဏတ္ထံ။

(ဂ) ယာဟိ အယံ "အဒုက္ခ မသုခ"န္တိ ဧတ္ထ အဒုက္ခမသုခါဝေဒနာ ဝုတ္တာ၊သာ သုခုမာ ဒုဗ္ဗိညေယျာ၊ န သက္ကာ သုခေန ဂဟေတုံ။

(ဃ)တသ္မာ ယထာ နာမ ဒုဋ္ဌဿ ယထာ တထာ ဝါ ဥပသင်္ကမိတွာ ဂဟေတုံ အသက္ကုဏေယျဿ ဂေါဏဿ ဂဟဏတ္ထံ ဂေါပေါ ဧကသ္မိံ ဝဇေ သဗ္ဗာ ဂါဝေါ သမာဟရတိ၊ အထေကေကံ နီဟရန္တော ပဋိပါဋိယာ အာဂတံ "အယံ သော၊ ဂဏှထ န"န္တိ တမ္ပိ ဂါဟာပယတိ။ ဧဝမေဝ ဘဂဝါ သုခဂ္ဂဟဏတ္ထံ သဗ္ဗာပိ ဧတာ သမာဟရိတိ။

(င) ဧဝဉှိ သမာဟဋာ ဧတာ ဒဿေတွာ "ယံ နေဝသုခံ, န ဒုက္ခံ, န သောမနဿံ န ဒေါမနဿံ, အယံ အဒုက္ခမသုခါဝေဒနာ" တိ သက္ကာ ဟောတိ ဧသာ ဂါဟယိတုံ။ (ဘီ၊ ၄။ ၂၂၁/၂)

## နံပါတ် (၁)

(က)အထ၊ ထိုမြို့[မဂ်လတ္တု] (တနည်း) သမာဟဋာအထ သမာဟဋာန၊ စု၍ဆိုအပ်ကုန်သနည်း [နုအနက်]

(ဂ) ဟောတုမန္တ= သာ၊ ထို အဒုက္ခမသုခဝေဒနာသည်။ သုခုမာ၊ သုခဒုက္ခတို့ကဲ့သို့ မရုန်းရင်း သိမ်မွေ့စွာ၏။သုခမတ္တာ၊သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ဒုဗ္ဗိညေယျာ၊ သိနိုင်ခဲ၏။

(ဃ)ဒုဋ္ဌဿ၊ ပျက်သောပယောဂရှိသော [သံဒ္ဓတ္တု]။

(ဝါ)ဆုံးမခက်သော [ဝေါဟာရတ္တု]။

(ဝါ)ရိုင်းစိုင်းကြမ်းတမ်းသော [အဓိပ္ပါယတ္တု]။

## နံပါတ် (၂)

(ခ)ဝါကျသိမ့် ။ ။ ဆရာသည် ပါဠိတော်၌ သုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို ထိုထိုစျာန်၏ဥပစာရက္ခဏ၌ ပယ်အပ်ကုန်၏ ချုပ်ခြင်းသို့ရောက်ကုန်၏ဟု ဟောတော်မူအပ်၏။ [အဋ္ဌကထာကိုလည်း ဌပနာထားနိုင်သည်] ထိုသို့- သော်၊ ထိုထိုစျာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်ပြီးဖြစ်ရကား ဤဝေဒနာတို့ကို ထိုထိုစျာန်တို့၌သာ ဆိုသင့်သည်မဟုတ်ပါလော။- ဤစတုတ္ထစျာန်၌ သုခဿစပဟာနာစသည်ကို မဟောဆိုသင့် ဤစတုတ္ထစျာန်၌ ထိုဝေဒနာတို့ကို ပေါင်း၍ဆိုရခြင်းကိုလည်း

http://www.dhammadownload.com


ပြဆိုသင့်သေး၏။ အာဘယ်အကျိုးငှါ ထိုဝေဒနာတို့ကို ဤစတုတ္ထစျာန်၌ ပေါင်း၍ဆို အပ်ပါသနည်း- စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် ယူလွယ်စေခြင်းအကျိုးငှါ ထိုဝေဒနာတို့ကို ဤစတုတ္ထစျာန်၌ ပေါင်း၍ဆောင်အပ်ကုန်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ယူလွယ် စေပုံ၊ ပေါင်း၍ဆောင်အပ်ပုံကို အကျယ်အားဖြင့် မသိအပ်ဟူသောအနက်ရောက် ရာ၏။- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(ဃ)ဝါကျသို့ ။ ။ ဆရာသည် (ဃ)ဖြင့် မြတ်စွာဘုရားသည် လွယ်ကူစွာယူခြင်း အကျိုးငှါ အလုံးစုံလည်းဖြစ်သော ဤဝေဒနာတို့ကို ပေါင်း၍ဟောတော်မူပြီဟု ဖွင့်ပြ တော်မူအပ်၏။ ထိုသို့- သော်လည်း၊ ယင်းဝေဒနာတို့ကို ထိုထိုစျာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်ကုန်ပြီးမဟုတ်လော။- စုပေါင်း၍ဟောတော်မူခြင်းကြောင့် ရအပ်သော အကျိုးကိုလည်း ပြဆိုသင့်သေး၏။- စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

## နံပါတ် (၃)

(ဂ) ဝါကျဖြင့် သုခဂ္ဂဟဏတ္ထဖြစ်ပုံကို မန္ဒ ဗုဒ္ဓိပုဂ္ဂိုလ်တို့အား သိသာထင်ရှား အောင် ချဲ့ပြသောကြောင့် ပုနရုတ္တိဒေါသပယ် (တစ်နည်း) အဗျာပိတဒေါသပယ်။

(ဃ)ဝါကျဖြင့် (ဂ)ဝါကျဆိုသဖြင့် ရအပ်သောအကျိုးကိုပြသောကြောင့် နိရတ္ထ ကဒေါသပယ် (တစ်နည်း) လွယ်ကူစွာယူနိုင်ပုံကို အန္ဓယနည်းအားဖြင့် ဥပမာနှင့် တကွဖွင့်ဆိုသောကြောင့် အဗျာပိတဒေါသပယ်။

ပဟီနာပိဧ္ဌ အပိ-သဒ္ဒါဆိုရခြင်း-သုခစသောဝေဒနာတို့ကို ထိုထိုစျာန်၏ဥပစာ ရက္ခဏ၌ ပယ်အပ်ပြီးကုန်သော်လည်း ယူလွယ်စေခြင်းအကျိုးငှါ ပေါင်း၍ ဆောင်အပ်၏ဟု အနုဂ္ဂဟတ္ထကို ပြလို၍ ဆိုပါသည်။

## နံပါတ် (၄)

**သင်္ဂဟေတွာ အာဟရိယန္တေတိ သမာဟဋာ။**

ဝဏ္ဏကသိဏေသု အရ-နီလ ပီတ လောဟိတ ဩဒါတ ဟူသော ဝဏ္ဏကသိုဏ်းပစ္စည်းတရားသည်၊ ဈာနာနိ အရ ရူပဈာန်ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်- အာရမ္မဏ (၁)ပစ္စည်းသာ။

ပဌမံဈာနံ အရ-ပဌမဈာန်ပစ္စည်းတရားသည်၊ ဥပသမ္ပဇ္ဇ ဝိဟရတိ အရ-ဥပစာရသမာဓိဇောပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

တစ်နည်း။ ။ ပစ္စည်းပစ္စယုပ္ပန် ပြန်လှန်၍ အနန္တရမျိုးလည်းပြိုင်နိုင်သည်။

## ဝါကျစဉ် (၁၁၂)

(က)သေဌ္ဌေနေ, တာဝ နိဒ္ဒေါသဘာဝေန စေတ္တ ဗြဟ္မဝိဟာရတာ ဝေဒိတဗ္ဗာ။

(ခ) သတ္တေသု သမ္မာပဋိပတ္တိဘာဝေန ဟိ သေဌ္ဌာ ဧတေ ဝိဟာရာ။

(ဂ) ယထာ စ ဗြဟ္မာနော နိဒ္ဒေါသစိတ္တာ ဝိဟရန္တိ၊ ဧဝံ ဧတေဟိ သမ္ပယုတ္တာ ယောဂိနော ဗြဟ္မသမာဝ ဟုတွာ ဝိဟရန္တီတိ သေဌ္ဌေနေ နိဒ္ဒေါသဘာဝေန စ "ဗြဟ္မာဝိဟာရာ"တိ ဝုစ္စန္တိ။

(ဃ)ယသ္မာ ပန သဗ္ဗာပေတာ အပ္ပမာဏေ ဂေါစရေ ပဝတ္တန္တိ၊ တသ္မာ"အပ္ပမညာ"တိ ဝုစ္စန္တိ။

(င) အပ္ပမာဏာ ဟိ သတ္တာ တာသံ ဂေါစရဘူတာ၊ ဧကသတ္တသ္သာပိ စ ဧတ္တကေ ပဒေသေ မေတ္တာဒယော ဘာဝေတဗ္ဗာတိ ဧဝံ ပမာဏံ အဂ္ဂဟေတွာ သကလဖရဏဝသေနေဝ ပဝတ္တာတိ။ [ အဘိ။ ဌ ။ ၂၄၀/၁ ]

## နံပါတ် (၁)

(က)တေ္တ ဧတေသုမေတ္တာဒီသု၊ တို့၌။ တာဝ၊ ကသ္မာစ စတသော်ဝ စသော အမေး၏အဖြေမှ ရှေးဦးစွာ။ သေဌ္ဌေနေ၊ မြတ်သောအနက်သဘောကြောင့် ၎င်း။ နိဒ္ဒေါသဘာဝေနစ၊ ဒေါသံအပြစ်မရှိသည်၏ အဖြစ်ကြောင့်၎င်း။ ဗြဟ္မဝိဟာရတာ-ဗြဟ္မဝိဟာရမည်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ။

(ခ)ဟိ၊ ချဲ့။(တစ်နည်း) ဟိ ယသ္မာ။သတ္တေသု၊တို့၌။သမ္မာပဋိပတ္တိဘာဝေန၊ ကောင်းသောအကျင့်၏အဖြစ်ကြောင့်။ ဧတေဝိဟာရာ၊ ဤနေကြောင်းတရားတို့သည်။ သေဌ္ဌာ။

(ဂ) စ၊ သည်သာမကသေး။ ဗြဟ္မနော၊ ဥပပတ္တိဗြဟ္မာတို့သည် (ဝါ) ပွားစေအပ်ပြီးသော ကျေးဇူးရှိကုန်သော ဘုရားအလောင်းတို့သည်။ နိဒ္ဒေါသစိတ္တာ၊ နိဝရဏစသော အပြစ်ကင်းသောစိတ်ရှိကုန်သည်ဖြစ်၍။ဝိဟရန္တိ ယထာ၊ ၏သို့။ဧဝံ တထာ၊ ထိုဥပပတ္တိဗြဟ္မာ ဗုဒ္ဓင်္ကုရဗြဟ္မာတို့နှင့်အတူ။ ဧတေဟိ၊ ထိုမေတ္တာစသော တရားလေး

http://www.dhammadownload.com


ပါးတို့နှင့်။ သမ္ပယုတ္တာ။ ယောဂိနော၊ တို့သည်လည်း။ ဖြဟ္မသမာဝ၊ ဥပပတ္တိဖြဟ္မာ ဗုဒ္ဓကိုရဖြဟ္မာ [ဗောဓိသတ္တဖြဟ္မာ]တို့နှင့်တူကုန်သည်သာလျှင်။ ဟုတွာ၊ ဝိဟရန္တိ။

(ဃ)ပန၊ ထိုမှတပါး။

(င) ဟိ၊ရှေ့စကားကို ထင်ရှားသိသာပြဆိုပါအံ့(တစ်နည်း)ဟိ၊ ချဲ့။ စ၊နောက် ဝါကျကိုဆိုအံ့။ ကေသတ္တဿာပိ၊ ကေဿပိ သတ္တဿ၊ တစ်ယောက်တည်းပင် ဖြစ် သောသတ္တဝါ၏။ (ဝါ) သတ္တဝါတစ်ယောက်တည်းဖြစ်မူလည်း [ဝေါဟာရတ္ထ] ဧတ္တကေ ပဒေသေ၊ ဤမျှလောက်သော ကိုယ် အရပ်အစိတ်တို့ကို။

## နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် သေဋ္ဌ နိဒ္ဒေါသဘာဝကြောင့် ထိုလေး ပါးတို့ကို ဖြဟ္မဝိဟာရတို့ဟူ၍ သိထိုက်သည်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ သေဋ္ဌဝိဟာရဖြစ်ပုံကို အကျယ်အားဖြင့် မသိအပ်သေးသည်မဟုတ်ပါလော။- စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် သတ္တဝါတို့၌ ကောင်းသောအကျင့်၏ အဖြစ်ကြောင့် ဤနေကြောင်းတရားတို့သည် မြတ်ကုန်၏ဟု ဖွင့်ပြအပ်၏။ ယင်းသို့ သော်၊ တပါးသော ကမ္မဋ္ဌာန်းတို့သည်လည်း သမ္မာပဋိပတ်၏အဖြစ်ဖြင့် အတူတူပင် ဖြစ်၏၊ ယင်းကမ္မဋ္ဌာန်းတို့ကိုလည်း ဖြဟ္မဝိဟာရဟူ၍ဆိုသင့်၏ဟူသောအနက် ရောက်ရာ၏။- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(င)ဝါကျသို့ ။ ။ ဆရာသည် (ဃ)ဖြင့် ဤအလုံးစုံလေးပါးတို့သည်လည်း အ ပိုင်းအခြားမရှိသောအာရုံ၌ ဖြစ်တတ်သောကြောင့် အပ္ပမညာတို့ဟူ၍ ဆိုအပ်သည် ကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ တစ်ယောက်သောသတ္တဝါဖြစ်က ပမာဏဖြစ်ရာ သည်မဟုတ်လော။- စုဒ်ကြောင့် (င)ဝါကျမိန့်။ [အပ္ပမာဏကသိုဏ်းစသည်ကို အပ္ပ မာဏောဟုဆိုသလော] [နိဿျ]

## နံပါတ် (၃)

(ခ) ဝါကျဖြင့် ပုနရုတ္တိဒေါသပယ်- ဖြဟ္မဝိဟာရ၏ သေဋ္ဌအနက်ဖြစ်ပုံကို ချဲ့ ပြသောကြောင့်တည်း။ (တစ်နည်း) ဩစိတျဟီနဒေါသပယ်- ဖြဟ္မဝိဟာရ၏ သေဋ္ဌအ နက်ဖြစ်နိုင်ခြင်းအကြောင်း ပြသောကြောင့်တည်း။

(ဂ) ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်- သေဋ္ဌဋ္ဌေန၏ အကျယ်ကို ပြပြီး၍ နိဒ္ဒေါသဘာဝေန၏ အကျယ်ကိုပြသောကြောင့်တည်း။

(ဃ)ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်- ဖြဟ္မဝိဟာရ မည်သည်မှ တပါး အပ္ပမညာမည်ပုံ အဖို့တပါးပြသောကြောင့်တည်း။

(င) ဝါကျဖြင့် ပုနရုတ္တိဒေါသပယ်- အပ္ပမာဏ ဂေါစရဖြစ်ပုံကို ချဲ့ပြသော ကြောင့်တည်း။ဂဏ္ဌိအလို-ဩစိတျဟီနဒေါသပယ်။ ထို၌- ဟိ သဒ္ဒ-ဟုအနက်ပေးသည်။

http://www.dhammadownload.com



နံပါတ် (၄)

**ဝိဟာရန္တိ ဧတေဟီတိ ဝိဟာရော။**

**ပြဟ္မာနော ဝိဟာရော ပြဟ္မဝိဟာရော။ [မြတ်သောနေကြောင်းတရားတို့]**

**ပြဟ္မာနော ဝိယာတိ ပြဟ္မာနော။**

**ပြဟ္မာနံ ဝိဟာရော ပြဟ္မဝိဟာရော။ [ပြဟ္မာနှင့်တူသော ယောဂီပုဂ္ဂိုလ်တို့၏ နေကြောင်းတရားတို့]**

မှတ်ချက်။ ။ **ရှေ့နည်း ပြဟ္မသဒ္ဒါ သေဠအနက်။ နောက်နည်း ပြဟ္မသဒ္ဒါ နိဒ္ဒေါသ အနက်။**

**ပြဟတိ ဝုမို ဂစ္ဆတီတိ ပြဟ္မာ။ပြူဟတီတိဝါ ပြဟ္မာ။ပြဟ္မာနံ ဝိဟာရော ပြဟ္မ ဝိဟာရော။**

ပြူဟဓာတ် + မပစ္စည်းသည်ရင်း၊ တိုးပွားခြင်း ကြီးယာသည်ရင်း ဗျုပ္ပတ္တိနိမိတ် ပြဟ္မာတို့၏ တစ်ယောက်သည်တစ်ယောက်နှင့် တူသောအခြင်းအရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

**နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာ။ [သတ္တ] [ပမိယတေ အနေနာတိ ပမာဏံ] ။နတ္ထိ ပမာဏံ ယဿာတိ အပ္ပမာဏော။ [ပဒေသော] အပ္ပမာဏေ ဘဝါ အပ္ပမညာ။ [အပ္ပမာဏာဝေ အပ္ပမညာ]**

အပ္ပမာဏပုဒ် + ယ ပစ္စည်းသည်ရင်း၊ ပမာဏမရှိသောသတ္တဝါနှင့် ဖြစ်သောအပ္ပမညာတို့၏ အာရုံ/အာရမ္မဏိက စပ် (ဗျုပ္ပတ္တိနိမိတ်)။ သတ္တဝါပညတ်၏ အတိုင်းအတာမရှိခြင်းအဘာဝဘောဂုဏ်သည် (ပဝတ္တိနိမိတ်)။

နံပါတ် (၅)

သေဠ ။ ။ ပုလ္လိင် + ပုရိသာဒိ + ဩကာရန် + တဒ္ဓိတ်နာမ်ပုဒ်။
[ပသဋ္ဌာနံ ဝိသေသော သေဠော]

ပြဟ္မာနော။ ။ ပုလ္လိင် + ရာဇာဒိဂိုဏ်း + အာကာရန် + ကိတ်နာမ်ပုဒ်။

ယောဂိနော။ ။ ပုလ္လိင် + ရတ္တာဒိဂိုဏ်း + ဤကာရန် + တဒ္ဓိတ်နာမ်ပုဒ်။

ဧတ္တက ။ ။ ပုလ္လိင် + ပုရိသာဒိဂိုဏ်း + ဩကာရန် + တဒ္ဓိတ်နာမ်ပုဒ်။
[ဧတံ ပရိမာဏံ အဿအတ္ထီတိ ဧတ္တကော]

နံပါတ် (၆)

(က) သေဠွေန ဖြင့်- ပြဟ္မဝိဟာရ၌ ပြဟ္မသဒ္ဒါသည် သေဠအနက်ကို ဟောသည်၏အဖြစ်ကိုရင်း ၊ မြတ်သောနေကြောင်းဖြစ်သောကြောင့် ပြဟ္မဝိဟာရ မည်သည်၏အဖြစ်ကိုရင်း သိစေသည်။ နိဒ္ဒေါသ ဘာဝေနဖြင့်- အပြစ်ဒေါသစိတ်မရှိသည်၏အဖြစ်ကြောင့် ပြဟ္မဝိဟာရမည်သည်၏ အဖြစ်ကိုသိစေသည်။

http://www.dhammadownload.com



(ခ) သဗ္ဗေသု။ ပ ။ဝိဟာရာဖြင့် ဗြဟ္မဝိဟာရကို ဗြဟ္မာနော ဝိဟာရာ ဗြဟ္မ ဝိဟာရာဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ ဗြဟ္မသဒ္ဒါ၏ - သေဋ္ဌဝါစကအဖြစ် သတ္တဝါတို့၏အစီးအပွားကို ပြုကျင့်တတ်သောကြောင့် မေတ္တာ-စသောလေးပါးတို့သည် မြတ်သည်၏အဖြစ်ကိုရင်း သိစေသည်။

(ဂ) ယထာစ ဗြဟ္မာနော စသည်ဖြင့် ဗြဟ္မဝိဟာရကို ဗြဟ္မာနောဝိဟာတိ ဗြဟ္မာနော။ ဗြဟ္မာနံ ဝိဟာရာ ဗြဟ္မဝိဟာရာ-ဟု ဆဋ္ဌီတပ္ပုရိသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဗြဟ္မ၌ ဗြဟ္မပုဒ်+ဏာပစ္စည်း ယင်းဏာပစ္စည်း၏ ဥပမာအနက်၌ သက်သည်၏အဖြစ်ကိုရင်း၊ ဗြဟ္မာ[ဥပပတ္တိဗြဟ္မာ]တို့သည် အမျက်ဒေါသစိတ်ကင်းကြလျက် နေကြကုန်သကဲ့သို့ မေတ္တာစသော လေးပါးတို့နှင့်ယှဉ်သော ယောဂီတို့သည်လည်း ဒေါသစိတ်ကင်းလျက်နေ ကြသောကြောင့် ထိုမေတ္တာစသော လေးပါးတို့ကို ဗြဟ္မာဝိဟာရဟု ဆိုရသည်၏အဖြစ်ကိုရင်း သိစေသည်။

## နံပါတ် (၇)

**ဗြဟ္မသမာဂ ဟုတွာ ဝိဟရန္တိ ၌ ဧဝ. . .**

ဥပပတ္တိဗြ[ဟ္မာ], ဗောဓိသတ္တဗြဟ္မာတို့နှင့်တူခြင်းသည် ဂဟေတပ္ပတ္ထ။

မတူခြင်း [မတူဟူသောအနက်]သည် နိဝတ္တေတဗ္ဗတ္ထ။

ဝိသုဒ္ဓိဗြဟ္မာတို့နှင့်တူခြင်းသည် အနုညာတတ္ထ။

**သကလ ဖရဏဝသေနေဝ ၌ ဧဝ. . .**

အလုံးစုံပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းသည် ဂဟေတဗ္ဗတ္ထ။

တစ်စိတ်တစ်ဒေသ ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းသည် နိဝတ္တေကဗ္ဗတ္ထ။

အပ္ပမညာတရားတို့သည် အနုညာတတ္ထ။

**ကေသတ္တဿာပိ ၌ ပိ သဒ္ဒါ-** ပိသည် ဂရဟာဇောတက အများသတ္တဝါ၌ ပမာဏကို မယူပုံမှာ ဆိုဖွယ်မရှိဟု သမ္ဘာဝနာကိုဆည်းသည်။

(င) ဟိ- ဝိတ္ထာရ (တစ်နည်း) ဒဠှီဇောတကတ္ထ။

(ဃ)သဗ္ဗာပိ၌ ပိ- အဝယဝသမုစ္စယတ္ထ။

## နံပါတ် (၈)

**နိဒ္ဒေါသစိတ္တာ ဝိဟရန္တိ-** ဒေါသစိတ်မရှိခြင်းသည် ဒဿနတ္ထ။

ဗြဟ္မဝိဟာရဈာန်သည် ဒီပကတ္ထ။

ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။

ပရိကမ်, ဥပစာစသော ကာမာဝစရဘာဝနာတို့သည် ဝိဘာဝတ္ထ။

ဗြဟ္မာပြည်ရောက်ရခြင်း အကျိုးတရားသည် အနုဘာဝတ္ထ။

**မေတ္တာဒယော ဘာဝေတဗ္ဗ ၌** ဓာတ်အရ- ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်- ယင်းသည် ဒဿနတ္ထ။

http://www.dhammadownload.com



မေတ္တာစသည်သည် ဒီပကတ္ထ။
ဗျာပါဒ, ဝိဟိံသ, အရတိ, ရာဂတို့မှ စင်ကြယ်ခြင်းသည် ပကာသနတ္ထ။
တပါးသူတို့၏ အကျိုးစီးပွားကိုလိုလားခြင်း ဟိတဇ္ဈာသယသည် ဝိဘာဝတ္ထ။
ပြဟ္မဝိဟာရစျာန်ရရှိခြင်းသည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

(ခ) သတ္တေသု အရ-သတ္တဝါပညတ်အာရုံ ပစ္စည်းတရားသည်၊ သမ္မာပဋိပတ္တိ ဘာဝေန အရ-မေတ္တာစသော ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

မေတ္တာဒယောအရ-မေတ္တာစသော ပစ္စည်းတရားသည်၊ ဘာဝေတဗ္ဗော၌ ဓာတ် အရ- ပွားများသောအခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဋ္ဌာန်းသော ကုသိုလ်ဇောစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

## ဝါကျစဉ် (၁၁၄)

(က)ဓဝံ အပ္ပမာဏဂေါစရတာယ ဧကလက္ခဏာသု စာပိ ဧတာသု ပုရိမာ တိဿော တိကစတုက္ကဈာနိကာဝ ဟောန္တိ။
(ခ) ကသ္မာ? သောမနဿာဝိပ္ပယောဂတော။
(ဂ) ကသ္မာ ပနာသံ သောမနဿေန အဝိပ္ပယောဂေါတိ? ဒေါမနဿ သမုဋ္ဌိတာနံ ဗျာပါဒါဒီနံ နိဿရဏတ္တာ။
(ဃ)ပစ္ဆိမာ ပန အဝသေသေကဈာနိကာဝ။
(င) ကသ္မာ? ဥပေက္ခာ ဝေဒနာ သမ္ပယောဂတော။
(စ) န ဟိ သတ္တေသု မဇ္ဈတ္တာ ကာရပ္ပဝတ္တာ ဗြဟ္မဝိဟာရုပေက္ခာ ဥပေက္ခာဝေဒနံ ဝိနာ ဝတ္တတီတိ။ [ အဘိ။ ဋ္ဌ ။ ၂၄၁/၂ ]

## နံပါတ် (၁)

(က)စ၊ ဆက်။ ဧတာသုပိ၊ ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့တွင်လည်း။ပုရိမာ။ တိဿော၊ ကုန်သော မေတ္တာ, ကရုဏာ, မုဒိတာ တို့သည်။

(ဂ) ပန၊ ပရိဟာရပက္ခမှတပါး စောဒနာပက္ခကို ဆိုဦးအံ့။ ကသ္မာ။ ကြောင့်၊ ပုရိမာနံ၊ ရှေး၌ဖြစ်ကုန်သော။ (တိဿန္နံ၊ သုံးပါးသော မေတ္တာ, ကရုဏာ, မုဒိတာ တို့၏) သောမနဿေန၊ နှင့်။ အဝိပ္ပယောဂေါ။ ဟောတိ၊ နည်း။ (အာသံ- ထိုမေတ္တာ ကရုဏာ, မုဒိတာတို့၏)

(ဃ) ပန၊ အဖို့တပါးကား။
(စ) ဟိ၊ မှန်။ (တစ်နည်း) ဟိ ယုတ္တံ။

http://www.dhammadownload.com



## နံပါတ် (၂)

(ဂ)ဝါကျသို့ ။ / ဆရာသည် (ခ)ဖြင့် သောမနဿနှင့် မကွဲမကွာယှဉ်ခြင်း ကြောင့် မေတ္တာ ကရုဏာ မုဒိတာဟူသော ရှေးသုံးပါးတို့သည် တိကစျာန် စတုက္က စျာန်နှင့် ယှဉ်ကုန်သည်သာဖြစ်ကုန်၏ဟုဖွင့်ပြအပ်၏။ ထိုသို့- သော်လည်း၊ အပ္ပ ပညာတို့သည် အပ္ပမာဏဂေါစရတာအဖြစ်ဖြင့် လက္ခဏာတူကြကုန်သည်ဖြစ်၍ သမ္ပ ယုတ်စျာန်အားဖြင့်လည်း တူသင့်သည်မဟုတ်ပါလော- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(စ)ဝါကျသို့ ။ ။ ဆရာသည် (င)ဖြင့် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်ခြင်းကြောင့် နောက်ဆုံးဖြစ်သော ဗြဟ္မဝိဟာရုပေက္ခာသည်- တိက စတုက္ကစျာန်တို့မှကြွင်းသော တပါးသောစျာန်နှင့်သာ ယှဉ်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ ယင်းဥပေက္ခာ သည် ရံခါဥပေက္ခာဝေဒနာကို ကြည်၍ဖြစ်ခဲ့သော် ဆရာ့စကား မယုံကြည်နိုင်ရာသည် မဟုတ်ပါလော- စုဒ်ကြောင့် (စ)ဝါကျမိန့်။

## နံပါတ် (၃)

(က)ဝါကျ အပိ သဒ္ဒါ- လက္ခဏာတူပါလျက် သမ္ပယုတ်စျာန် မတူသည်ကို မနှစ်သက်၍ ဆိုသည်။ ယင်းအလို အရုဏ္ဏ [ပြည်နိဿျ]ဘာဋီအလို- တောသုနောင်မှ ထိုင်၍ ဤမေတ္တာ, ကရုဏာ, မုဒိတာ ဥပေက္ခာ တို့တွင်လည်း-ဟု ဆိုသောကြောင့် ယင်းအလို အပေါင်းနောက်ထိုင်ရကား အစိတ်စိတ်ကိုဆည်းသော အညမညသမုစ္စ ယတ္ထ။

(ခ)ဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်- ပဋ္ဌာဝိဿဇ္ဇနာ အပြည့်အစုံကို ပြသောကြောင့်။

(ဃ)ဝါကျဖြင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်- ပုရိမာတိသောကို ဆရာ ဟောပြီး ပစ္ဆိမာကို အသို့မှတ်ရအံ့နည်းဟူသော စောဒနာကိုပြလို၍ ဆက်တက်သော ကြောင့်တည်း။

(စ) ဝါကျဖြင့် ဩစိတျဟီနဒေါသပယ်။

## နံပါတ် (၄)

**တိကဉ္စ စတုက္ကဉ္စာတိ တိကစတုက္ကာနိ။**

**တိကစတုက္ကာနိ စ တာနိ ဈာနာနိစာတိ တိကစတုက္ကဇ္ဈာနာနိ။**

**တိကစတုက္ကဇ္ဈာနေဟိ ယုတ္တာ တိကစတုက္ကဇ္ဈာနိကာ။**

**နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတေဟီတိ နိဿရဏာနိ။ နိဿရဏာနံ ဘာဝေါ နိဿရဏတ္တာ။**

နိဿရဏပုဒ်+ တ္တပစ္စည်းသည်ရင်း၊ ထွက်မြောက်ကြောင်းဖြစ်သော မေတ္တာ ကရုဏာ, မုဒိတာတို့၏ ထွက်မြောက်ခြင်းကြိယာနှင့် နိဿယ/နိဿိတစပ် (ဇျပ္ပတ္တိနိမိတ်)။ ထွက်မြောက်ခြင်းကြိယာသည် (ပဝတ္တိနိမိတ်)။

http://www.dhammadownload.com



## နံပါတ် (၅)

ပုရိမာ ။ ။ ဣတ္ထိလိင် + ကညာဒိဂိုဏ်း + အာကာရန္တ +တဒ္ဓိတ်နာမ်ပုဒ်။
တိက ။ ။ နပုလ္လိင်+စိတ္တာဒိဂိုဏ်း+နိဂ္ဂဟိတ်ကာရန်+တဒ္ဓိတ်နာမ်ပုဒ်။
အာသံ ။ ။ ဣတ္ထိလိင် + သဗ္ဗနာမ်ဂိုဏ်း + အကာရန် + သဗ္ဗနာမ်ပုဒ်။
ဝိနာ ။ ။ အလိင် + ဂဏာဝိမုတ် + အာကာရန် + နိပါတ်ပုဒ်။

## နံပါတ် (၆)

(ဂ) တသ္မာ စသည်ဖြင့်- စောဒနာကို သိစေသည်၊ ဒေါမနဿ သမုဋ္ဌိတာနံ စသည် ဖြင့် နိက္ခမ္မသည် ကာမတို့၏အရှုပသည် ရူပတို့၏နိဗ္ဗာန်သည် သင်္ခါရတို့၏ နိဿရဏဖြစ်၏သို့ ထို့အတူ ဒေါမနဿကြောင့်ဖြစ်ကုန်သော ဗျာပါဒဝိဟိံသ အရတိ တို့၏ နိဿရဏဖြစ်၍ဖြစ်သော မေတ္တာ, ကရုဏာ, မုဒိတာတို့သည် သောမနဿ နှင့်ကင်း၍ မဖြစ်ကုန် စင်စစ် သောမနဿ အဝိပ္ပယောဂဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ [အနုညာတတ္ထ အာဘောဲ]

## နံပါတ် (၇)

**တိကစတုက္ကဇ္ဈာနိကာဝ ဌ ဇဝ. . .**

စတုက္ကနည်းအားဖြင့် တိကဈာန်နှင့်ယှဉ်၍ ပဉ္စကနည်းအားဖြင့် စတုက္ကဈာန် နှင့်ယှဉ်ခြင်းသည် ဂဟေတဗ္ဗတ္ထ။

ပဉ္စကနည်း၌ ပဉ္စမဈာန်နှင့်ယှဉ်၍ စတုက္ကနည်း၌ စတုတ္ထဈာန်နှင့်ယှဉ်ခြင်း သည် နိဝတ္တေတဗ္ဗတ္ထ။

မေတ္တာ, ကရုဏာ, မုဒိတာတို့သည် အနုညာတတ္ထ။

တစ်နည်း။ ။ဈာန်၏ရှေးအဘို့၌ ဥပေက္ခာဝေဒနာနှင့် ယှဉ်နိုင်ခြင်းသည် အနုညာတတ္ထ။

ဝိနာ = ဝဇ္ဇနတ္ထ။

## နံပါတ် (၈)

ဖြဟ္မဝိဟာရုပေက္ခာအရ- တတြမဇ္ဈတ္တုပေက္ခာကိုကောက်-

ယင်းသည် ဒဿနတ္ထ။ [သတ္တဝါတို့၌ မဇ္ဈတ္တအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ]

ကံသာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်ကိုရှုခြင်းသည် ဒီပကတ္ထ။

ချစ်ခြင်း မုန်းခြင်းတို့၏ ငြိမ်းအေးခြင်းသည် ပကာသနတ္ထ။

သတ္တဝါနှင့် ငြိမ်းအေးသည်၏အဖြစ်ကို ရှုခြင်းသည်ငင်း၊ ရှုပ ပဉ္စမဈာန်သည် ငင်း ဝိဘာဝတ္ထ။

ဖြဟ္မာ့ပြည်၌ ပဋိသန္ဓေနေရခြင်း စသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



နံပါတ် (၁၀)

ဒေါမနဿ အရ- ဒေါမနဿဝေဒနာပစ္စည်းတရားသည်၊သမ္ပယုတ္တတန် အရ- ဗျာပါဒ, ဝိဟိံသ, အရတိ ပစ္စယုပ္ပန်တရားတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်- ကြီး ၄၊ လတ် ၂၊ ကျဉ်းမြို့ယ။

ဗျာပါဒဓိနံ အရ- ဗျာပါဒ အရတိ ပစ္စည်းတရားသည်၊နိဿရဏတ္ထာ အရ- မေတ္တာ, ကရုဏာ, မုဒိတာ ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယယသတ္တိဖြင့် ကျေးဇူးပြု။

ဓါတ်ချေခဉ္စ (၁၃၄)

(က)တတ္ထ ဥဒ္ဓုမာတကသညာသဟဂတန္တိအာဒီသု ဘဿ္တာ ဝိယ ဝါယုနာ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ ယထာနုက္ကမံ သမုဂ္ဂတေန သူနဘာဝေန ဥမာတတ္တာ ဥဒ္ဓုမာတံ၊ ဥဒ္ဓုမာတမေဝ ဥဒ္ဓုမာတကံ။

(ခ) ပဋိက္ကူလတ္တာ ဝါ ကုစ္ဆိတံ ဥဒ္ဓုမာတန္တိ ဥဒ္ဓုမာတကံ။

(ဂ) တထာရူပဿ ဆဝသရီရဿေတံ အဓိဝစနံ။ ဝိနီလံ ဝုစ္စတိ ဝိပရိဘိန္နနီလဝဏ္ဏံ၊ ဝိနီလမေဝ ဝိနီလကံ။

(ဃ)ပဋိက္ကူလတ္တာ ဝါ ကုစ္ဆိတံ ဝိနီလန္တိ ဝိနီလကံ။

(င) မံသုဿဒဋ္ဌာနေသု ရတ္တဝဏ္ဏဿ,ပုဗ္ဗသန္နိစယဋ္ဌာနေသု သေတဝဏ္ဏဿ, ယေဘုယျေန စ နီလဝဏ္ဏဿ နီလဋ္ဌာနေ နီလသာဋကပါရုတဿေဝ ဆဝသရီရဿေတံ အဓိဝစနံ။ [ အဘိ။ ဋ္ဌ ။ ၂၄၂ ]

နံပါတ် (၁)

(က)တတ္ထ၊ ထိုကတတမေဗ္ဗာ အစရှိသောပါဠိ၌။ သမဘိနိဝိဋ္ဌေသု၊ကောင်းစွာကျိုးဝင်ကုန်သော။ ဥဒ္ဓုမာတကသညာသဟဂတန္တိအာဒီသု၊ တို့၌။ ဝေဒိတဗ္ဗော။ ဝါယုနာ၊ လေဖြင့်။ ဥမာတာ၊ ဖူးဖူးယောင်သော။ ဘဿ္တာဝိယ၊ သားရေအိတ်ကဲ့သို့။ ဇီဝိတပရိယာဒါနာ၊ အသက်ကုန်သည်မှ ။ ဥဒ္ဓံ၊ အထက်ဖြစ်သောနောက်ကာလ၌။ ယထာနုက္ကမံ၊ အစဉ်အတိုင်း။ သမုဂ္ဂတေန၊ ဖူးယောင်ကြွတက်သော။ သူနဘာဝေန၊ အကောင်ပုပ်၏အဖြစ်ဖြင့်။ ဥမာတတ္တာ၊ ကြွတက်ဖူးယောင်သည်၏အဖြစ်ကြောင့်။

(င) တေ၊ ဤဝိနီလကံဟူသော အမည်သည်။မံသုဿဒဋ္ဌာနေသု၊ များသောအသားရှိရာအရပ်တို့၏။ ရတ္တဝဏ္ဏဿ နီသောအဆင်းရှိသော။ ပုဗ္ဗသန္နိစယဋ္ဌာနေသု၊ ပြည်တို့၏စုဝေးရာအရပ်တို့၌။ သေတဝဏ္ဏဿ၊ ဖြူသောအဆင်းရှိသော။ နီလဋ္ဌာနေ၊ ညိုသောအရပ်၌။ နီလသာဋကပါရုတဿေဝ၊ ညိုသောအဝတ်ဖြင့် ခြုံအပ်သကဲ့သို့။ ယေဘုယျေန၊ ဖြင့်၊ နီလဝဏ္ဏဿစ၊ ညို သော အဆင်းရှိ သည်လည်းဖြစ်သော။ ဆဝသရီရဿ၊ ၏။ အဓိဝစနံ၊ တည်း။

http://www.dhammadownload.com



## နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် ဥဒ္ဒုမာတကဌ် ကသည် သွတ္တဟုဆို၏ (ဝါ) ဥဒ္ဒုဟာတမေဝ ဥဒ္ဒုမာတကံဟု ဝစနတ္ထပြုရမည်ဟုဆို၏။ထိုသို့- သော်၊ က-သည် လုံးဝအနက်မရှိဟုမှတ်ရမည်လော၊ (ဝါ) ဥဒ္ဒုမာတကကို အခြားသောနည်းဖြင့်လည်း ဝစနတ္ထပြုကောင်းသေးသည်မဟုတ်ပါလော- စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် ဥဒ္ဒုမာတကကို ကုစ္ဆိတတဒ္ဓိတ် ဝစနတ္ထ ပြုရမည်ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ဥဒ္ဒုမာတကအရ သားရေအိတ်ကဲ့သို့ ဝဖြိုး ဖောင်းကားသော အသက်ရှိသတ္တဝါကိုယူရမည်လော- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

## နံပါတ် (၃)

(ဃ)ဝါကျ ဝါသဒ္ဒါထားရခြင်း- ဥဒ္ဒုမာတံယေဝ ဥဒ္ဒုမာတကံဟူသော သွတ္တ တဒ္ဓိတ်ဝစနတ္ထမှတပါး ကုစ္ဆိတံ ဥဒ္ဒုမာတံ ဥဒ္ဒုမာတကံ-ဟူသော ဝစနတ္ထကိုရင်း၊က- ပစ္စည်း၏ သွတ္တအနက်မှတပါး ကုစ္ဆိတအနက်ကိုရင်း လဲလိုသောကြောင့် ထားပါသည်။

(ဂ) ဝိနီလံ ဝုစ္စတိ ၌ ဝုစ္စတိ-သဒ္ဒါထားရခြင်း- ဝိနီလ၏ ဂုဏ္ဍပစာအဖြစ်ကို ပြလိုသောကြောင့် ထားပါသည်။

(ခ) စသည် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။

## နံပါတ် (၄)

**ဓုမာယတီတိ ဓုမာတာ။ ဓုမာတာဝိယ ဓုမာတံ။**

**ဥဒ္ဓံ ဓုမာတံ ဥဒ္ဓုမာတံ။ ဥဒ္ဓုမာတံယေဝ ဥဒ္ဓုမာတကံ။**

**(တစ်နည်း) ကုစ္ဆိတံ ဥဒ္ဓုမာတံ ဥဒ္ဓုမာတကံ။**

ဥဒ္ဓုမာတပုဒ် + က ပစ္စည်းသည်ရင်း၊ စက်ဆုပ်ခြင်းဘောဂုဏ်၏ အကောင် ပုတ်နှင့် ဂုဏ်/ဂုဏေးစပ် (ဗျုပ္ပတ္တိနိမိတ်)။ စက်ဆုပ်ခြင်းဂုဏ်သည် (ပဝတ္တိနိမိတ်)။

**သဝတိ ပူတိရသော သူဒတီတိ သူနံ။**

သုဓာတ်+တပစ္စည်းသည်ရင်း၊ ယိုစီးခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ အပုတ်ရည်သည် (ပဝတ္တိနိမိတ်)။

**ဘသတိ ဗိဗ္ဗနေ အဂ္ဂိ ယာယာတိ ဘသ္တာ၊**

**(တစ်နည်း) ဘသတိ ဘသ္မိကရောတိ တောယာတိ ဘသ္တာ၊**

**ဝိပရိဘန္ဓံ ဝိမိဿိတံ နီလံ ဝိနီလံ။ ဝိဿန္ဒမာနော ပုဗ္ဗော ဝိပုဗ္ဗော။**

**ဆိဇ္ဇတေတိ ဆိဒ္ဒံ။ ဝိဝတံ ဆိဒ္ဒံ ဝိစ္ဆိဒ္ဒံ။ ဝိဝိဓေန ခါယိတံ ဝိက္ခာယိတံ။**

## နံပါတ် (၅)

ဘသ္တာ ။ ။ ဣတ္ထိလိင် + ကညာဒိဂိုဏ်း + အာကာရန္တ + ကိတ်နာမ်ပုဒ်။

http://www.dhammadownload.com


သူန ။ ။ နပုလ္လိင် + စိတ္တာဒိဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + ကိတ်နာမ်ပုဒ်။

မှတ်ချက်။ ။ ဘာဋီ၌ ဣတ္ထိလိင်ဟုဆို၏ ဤ၌ ဆဝသရီရနှင့် အရတူသော ကြောင့် နပုလ္လိင်ဟု ယူသင့်၏။

သာဋကာ။ ။ ပုလ္လိင် + ပုရိသာဒိဂိုဏ်း + ဩကာရန္တ + ကိတ်နာမ်ပုဒ်။

နံပါတ် (၆)

(က)ဥဒ္ဒံ ဇီဝိတ ပရိယာဒါနာဖြင့် ဥဒ္ဓုမာတ၌ ဥ-သည် ဥဒ္ဓံအနက်ကိုဟော သည်၏ အဖြစ်ကိုရင်း၊ အထက်ဟူသည် သေသည်မှအထက် [နောက်ကာလ]တည်း ဟု သိစေသည်။ ယထာနုက္ကမံ သမုဂ္ဂတေန သူနဘာဝေန ဓုမာတတ္တာဖြင့်- ဥဒ္ဓုမာတ ၌ ဓုမာတ-သဒ္ဒါသည် ဖူးယောင်ခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုရင်း၊ ယင်းသို့ ဖူးယောင်လာခြင်းသည်လည်း သေလျှင်သေပြီးခြင်း ဖူးယောင်သည်မဟုတ် အစဉ် အတိုင်း ဖူးယောင်ကြွတက်သည်၏ အဖြစ်ကိုသိစေသည်။ တစ်ဝါကျလုံးဖြင့် ဥဒ္ဓု မာတံကို ဥဒ္ဓံ ဓုမာတံ ဥဒ္ဓုမာတံဟု ဝစနတ္ထပြုရမည်ကိုရင်း၊ လေပြည့်သော သားရေ အိတ်ကဲ့သို့ သေသည်မှနောက်ကာလ၌ တစ်စတစ်စဖူးယောင်ကြွတက်သော အကောင်ပုတ်သည် ဥဒ္ဓုမာတမည်သည်၏ အဖြစ်ကိုရင်း သိစေသည်။ဥဒ္ဓုမာတမေဝ ဥဒ္ဓုမာတကံဖြင့် ဥဒ္ဓုမာတကံကို ဥဒ္ဓုမာတမေဝ ဥဒ္ဓုမာတကံဟု သ္ဝတ္ထတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း၊ ကပစ္စည်း သွတ္ထတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကို ရင်း သိစေသည်။

(ခ) ပဋိက္ကူလတ္တာ ဝါ စသည်ဖြင့်- ဥဒ္ဓုမာတကံကို ကုစ္ဆိတံ ဥဒ္ဓုမာတံ ဥဒ္ဓု မာတကံ- ဟု ကုစ္ဆိတတဒ္ဓိတ်ဝစနတ္ထ တစ်မျိုးပြုနိုင်သည်ကိုရင်း၊ က ပစ္စည်း ကုစ္ဆိတ တဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုရင်း၊ ဥဒ္ဓုမာတသည် စက်ဆုပ်ဖွယ်ရှိသော ကြောင့် ဥဒ္ဓုမာတကမည်သည်၏ အဖြစ်ကိုရင်း သိစေသည်။

(ဂ) တထာရူပဿ ဆဝသရီရဿစသည်ဖြင့် ဥဒ္ဓုမာတကအရ ဝဖြိုးဖောင်း ကားသော အသက်ရှိသတ္တဝါကို ယူရမည်မဟုတ် သေသည်မှနောက်ကာလ၌ တစ်စ တစ်စဖူးယောင်ကြွတက်သော သူသေကောင်ပုတ်ကို ကောက်ယူရမည်၏အဖြစ်ကို သိစေသည်။ ဝိနီလံ ဝုစ္စတိ ဝိပရိဘိန္နနီလဝဏ္ဏံ- ဖြင့် ဝိနီလံ၌ ဝိသဒ္ဒါသည် ဝိပရိဘိန္န (ဝိမိဿိတ)မရောမယှက်ခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုရင်း၊ နီလအရ အညို ဂုဏ်ကိုမယူဘဲ ဂုဏူပစာအားဖြင့် အနီအဖြူတို့ဖြင့်ရောသော ညိုသောအဆင်းရှိသော သူသေကောင်ကို ယူရမည်၏အဖြစ်ကိုရင်း၊ ဝိနီလံကို ဝိပရိဘိန္န [ဝိမိဿိတံ]နီလံ ဝိနီလံဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း သိစေသည်။ [ဘာဋီအလို] [ဝိပရိဘိန္နံ နီလံ ယဿာတိ ဝိနီလံဟု ဗဟုဗ္ဗိဟိ ဝစနတ္ထပြုလျှင် မုချ အားဖြင့် အသေကောင်ကိုရသည်] ဝိနီလကမေဝဖြင့် ဝိနီလကံ ပုဒ်ကို ဝိနီလမေဝ ဝိနီလကံဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ကပစ္စည်း သွတ္ထတဒ္ဓိတ်အနက်၌ သက် သည်၏အဖြစ်ကိုရင်း သိစေသည်။ ပဋိက္ကူလတ္တာဝါစသည် နည်းမှီ၍ဖော်ပါ။

http://www.dhammadownload.com



## နံပါတ် (၇)

ဥဒ္ဓုမာတမေဝ၌ ဧဝ--- [ကပစ္စည်း၏]ဥဒ္ဓုမာတဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။
ကုစ္ဆိတတ္ထမှတပါး အခြားသောအနက်သည် နိဝတ္တေတဗ္ဗတ္ထ။
ကုစ္ဆိတအနက်သည် အနုညာတတ္ထ။
ဝိနီလမေဝ ဝိနီလကံ၌လည်း နည်းမှီဖော်ပါ။
ဥဒ္ဓုမာတ ၌ ဥ = ဥဒ္ဓအနက်။
ဝိနီလ ၌ ဝ = ဝိပရိဘိန္န [ဝိမိဿိတ] အနက်။

## နံပါတ် (၈)

ဥဒ္ဓုမာတက အရ- ဖူးယောင်ကြွတက်သော သူသေကောင်ပုတ်-ယင်းသည် ဒဿနတ္ထ။
သေဆုံးခြင်းသည် ဒီပကတ္ထ။
မတင့်တယ်သော အသုဘအခြင်းအရာသည်၎င်း၊ အသုဘဘာဝနာသည်၎င်း ပကာသနတ္ထ။
အာယုက္ခယစသောအကြောင်းတို့သည် ဝိဘာဝတ္ထ။
တဏှာ ရာဂကို ပယ်ခွါနိုင်ခြင်း ပဌမစျာန်ကိုရခြင်းစသည်သည် အနုဘာဝတ္ထ။
ဥဒ္ဓုမာတကသညာ သဟဂတံ အရ- ပဌမစျာန်- ယင်းသည် ဒဿနတ္ထ။
အသုဘဘာဝနာသည် ဒီပကတ္ထ။
ပဌမဈာနသမာပတ္တိသုခ စသည်သည် ပကာသနတ္ထ။
ယောနိသောမနသိကာရ စသည်သည် ဝိဘာဝတ္ထ။
ပထမစျာန်ပြဟ္မာ့ဘုံသို့ လားရခြင်းစသည်သည် အနုဘာဝတ္ထ။
ဝိနီလက အရ- အနီအဖြူရောလျက် များသောအားဖြင့် ညိုသောအဆင်းရှိသော သူသေကောင်ပုတ်- ယင်းသည် ဒဿနတ္ထ။
အသက်ကုန်ဆုံးပြီးနောက် ရက်ကြာလာခြင်းသည်၎င်း၊ အာဟာရဇရုပ် ဥတုဇရုပ်တို့၏ ယုတ်လျော့လာခြင်းသည်၎င်း ဒီပကတ္ထ။
ဝိနီလကအခြင်းအရာအားခြင့် မတင့်မတယ် ရွံရှာစက်ဆုပ်ဖွယ်ဖြစ်ခြင်းသည်၎င်း၊ အသုဘဘာဝနာသည်၎င်း ပကာသနတ္ထ။
အသက်ကုန်ဆုံးခြင်းသည် ဝိဘာဝတ္ထ။
တဏှာကိုပယ်ခွါနိုင်ခြင်း ပဌမစျာန်ကိုရခြင်းစသည်တို့သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

ဥဒ္ဓုမာတကသညာ သဟဂတံ၌ ဥဒ္ဓုမာတကအရ- ဥဒ္ဓုမာတက သူသေ

http://www.dhammadownload.com



ကောင် အာရုံပစ္စည်းတရားသည်၊ သညာအရ- သညာ ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယ သတ္တိဖြင့်ကျေးဇူးပြု။

ဥဒ္ဓုမာတကသညာအရ- ဥဒ္ဓုမာတကကိုအာရုံပြုသော သညာပစ္စည်းတရားသည်၊ သဟဂတံအရ- ပထမဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ဖြိုင်- ကြီး ၄၊ လတ် ၂။

ဥဒ္ဓအရ- သေသည်မှနောက်ကာလဟူသော ကာလပညတ်ပစ္စည်းတရားသည်၊ ဓုမာတ အရ- သူသေကောင် ပစ္စယုပ္ပန်တရားအား ပကတူပသတ္တိဖြင့် ကျေးဇူးပြု။

ဘသ္တာအရ- ဖားဖိုသားရေအိတ် ပစ္စည်းတရားသည်၊ ဝါယုနာအရ- ဝါယောဓာတ် [ပြင်းထန်သောဥတုဇအဌကလာပ်] ပစ္စယုပ္ပန်တရားအား ပကတူပ သတ္တိဖြင့် ကျေးဇူးပြု။

ပဋိက္ကူလ + ကုစ္ဆိတ ၌ ကုစ္ဆိတဝယ် ကုစ္ဆ/တုသ ဓာတ်အရ စက်ဆုပ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား၊ တ-ပစ္စည်းအရ စက်ဆုပ်သောသူသေကောင် အာရုံပစ္စည်းတရားက အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ဖြိုင်- အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ။

ဝိနီလကံ၌ အန္တတ္တ အရ- အဖြူအနီတို့နှင့်ရောသော ညိုသောအဆင်း (ဝဏ္ဏရုပ်)ပစ္စည်းတရားသည်၊ ဗာဟုုတ္တ အရ- သူသေကောင်ဟူသော ဥတုဇကလာပ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ဖြိုင်- ကြီး ၄။

ဓါတ်ချေခဉ်း (၁၁၅)

(က) တတ္ထ အရူပူပပတ္တိယာတိ အရူပဘဝေ အရူပံ၊

(ခ) အရူပေ ဥပပတ္တိ အရူပူပပတ္တိ၊ တဿာ အရူပူပပတ္တိယာ။

(ဂ) မဂ္ဂံ ဘာဝေတီတိ ဥပါယံ ဟေတု ကာရဏံ ဥပ္ပါဒေတိ ဝဍ္ဎေတိ။

(ဃ) သဗ္ဗသောတိ သဗ္ဗာကာရေန၊

(င) သဗ္ဗာသံ ဝါ အနဝသေသာနန္တိ အတ္ထော။

(စ) ရူပသညာနန္တိ သညာသီသေန ဝုတ္တရူပါဝစရဈာနာနဉ္စေဝ တဒါရမ္မဏာနဉ္စ။

(ဆ) ရူပါဝစရဈာနမ္ပိ ဟိ "ရူပ"န္တိ ဝုစ္စတိ "ရူပီ ရူပါနိ ပဿတီ"တိအာဒီသု၊

http://www.dhammadownload.com


(ဇ) တဿ အာရမ္မဏမ္ပိ "ဗဟိဒ္ဓါ ရူပါနိ ပဿတိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ"တိ အာဒိသု
(ဈ) တသ္မာ ဣဓ "ရူပေ သညာ ရူပသညာ"တိ ဧဝံ သညာသီသေန ဝုတ္တရူပါ ဝစရဇ္ဈာနဿေတံ အဓိဝစနံ။ [ အဘိ၊ ဋ္ဌ ။၂၄၅/၆ ]

နံပါတ် (၁)

(စ) ရူပသညာနန္တိ။ သညာသီသေန၊ သညာကို အဦးပြုသဖြင့်။ ဝုတ္တ ရူပါဝစရဈာနဥ္စေဝ၊ ဟောတော်မူအပ်သော ရူပါဝစရဈာန်တို့ကိုငင်း၊ တဒါရမ္မဏာနဥ္စ၊ ထိုရူပါဝစရဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်တို့ကိုငင်း။ [သမတိက္ကမာ၊ လွန်ခြင်းကြောင့်။]

(ဆ) ဟိ၊ ချဲ့ (တစ်နည်း)ဟိ ယသ္မာ။ ရူပေရူပါနိ ပဿတီတိ အာဒီသု၊ တို့၌။ ရူပါဝစရဇ္ဈာနမ္ပိ၊ ကိုလည်း။ ရူပန္တိ၊ ဟူ၍။ ဝုစ္စတိ။

(ဇ) ဗဟိဒ္ဓါရူပါနိပဿတိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိတိအာဒီသု၊ တို့၌။ တဿ၊ ထိုရူပဈာန်၏။ အာရမ္မဏမ္ပိ၊ ကိုလည်း။ ရူပန္တိ။ ဝုစ္စတိ။

နံပါတ် (၂)

(ဆ)ဝါကျသို့။ ။ ဆရာသည် (စ)ဝါကျဖြင့် ရူပသညာနံ အရ ရူပသညာကို မယူအပ် ပဓာနနည်းအားဖြင့် ရူပါဝစရဈာန် ထိုဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်တို့ကို ကောက်ယူအပ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ပါဠိတော်၌ရူပသညာနံဟု မဟောသင့် ရူပါဝစရဇ္ဈာနဥ္စေဝ တဒါရမ္မဏာဥ္စဟု ဟောဆိုသင့်သည် မဟုတ်ပါလော- စုဒ်ကြောင့် (ဆ)ဝါကျမိန့်။

**မှတ်ချက်။** ။ ဘာသာဋီကာ၌ ဝိတ္ထာရကြံသည်။

(ဇ)ဝါကျသို့ ။ ။ ဆရာသည် (ဆ)ဝါကျဖြင့် ရူပီ ရူပါနိ ပဿတိ စသောဝါကျတို့၌ ရူပါဝစရဈာန်ကို ရူပဟူ၍ဆိုနိုင်ခြင်း ယုတ္တိကြောင်းကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ရူပသညာအရ ကသိုဏ်းရုပ်ကောက်နိုင်ခြင်း၏ ယုတ္တိကြောင်းမရှိ ဟူသောအနက် ရောက်ရာ၏။- စုဒ်ကြောင့် (ဇ)ဝါကျမိန့်။

နံပါတ် (၃)

(ဇ)ဝါကျဖြင့် ရူပသညာနံ အရ ရူပဈာန်၏ အာရုံကသိုဏ်းရုပ်ကောက်နိုင်ခြင်း၏ယုတ္တိကြောင်းကို ဆက်ပြသောကြောင့် အဗျာပိတ၊အပရိပုဏ္ဏဒေါသပယ်။

(ဈ)ဝါကျဖြင့် (ဆ-ဇ)ဝါကျတို့ဆိုသဖြင့် ရအပ်သောအကျိုးပြသောကြောင့် နိရတ္ထကဒေါသပယ်။

ရူပါဝစရဇ္ဈာနမ္ပိ ၌ အပိသည် = တဿအာရမ္မဏမ္ပိပုဒ်ကို ပေါင်းဆည်းသည်။

(င)ဝါကျ၌ ဝါ-သဒ္ဒါထားရခြင်း- သဗ္ဗပုဒ် အာကာရအနက်ဟော သော- ပစ္စည်း မှတပါး သဗ္ဗသောဟူသော အဗျယပုဒ်+နံဝိဘတ်ဟူသော သဒ္ဒါတမျိုးလဲ ပြလို၍ ထားပါသည်။

http://www.dhammadownload.com



## နံပါတ် (၄)

**မဂ္ဂတိ ဂဝေသတိ ဇနေတိ နိပ္ဖါဒေတီတိ မဂ္ဂေါ။**

မဂ္ဂဓာတ် + အ ပစ္စည်းသည်ရင်း၊ ရှာမှီးခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ အရှုပစျာန်တို့၏တစ်ပါးသည်တစ်ပါးနှင့်တူသော အခြင်းအရာဟုဆိုအပ်သောဇာတ်သည် (ပဝတ္တိနိမိတ်)။

**ဥပေတိ ဖလံ ဧတေနာတိ ဥပါယော။**

ဥပရှေးရှိသော-ဣဓာတ် + ဏ ပစ္စည်းသည်ရင်း၊ ဖြစ်ခြင်းကြိယာသည်ရင်း (ဗျုပ္ပတ္တိနိမိတ်)။ အကျိုးကိုဖြစ်စေနိုင်ခြင်း သတ္တိဂုဏ်သည် (ဝါ) အကြောင်းဖြစ်သော အရှုပစျာန်သည် (ပဝတ္တိနိမိတ်)။

## နံပါတ် (၅)

သဗ္ဗသော ။ ။အလိင် + ဂဏာဝိမုတ် + ဩကာရန် + အဗျယတဒ္ဓိတ်ပုဒ်။
ရူပါနိ ။ ။နပုလ္လိင် + စိတ္တာဒိဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + သမာသ်နာမ်ပုဒ်။
[ကသိဏရူပါနိဟု ဆိုလိုလျက် ကသိဏဟူသောရှေ့ပုဒ်ချေ]
ဗဟိဒ္ဓါ ။ ။ အလိင် + ဂဏာဝိမုတ် + အာကာရန် + နိပါတ်ပုဒ်။

## နံပါတ် (၆)

(က) အရူပဘာဝေါဖြင့်- အရူပ၌ ဘဝဟူသောနောက်ပုဒ်ကျေသော ဥတ္တရပဒလောပသမာသ်အဖြစ်ကို သိစေသည်။

(ဂ) ဥပါယံဖြင့် မဂ္ဂအရ ပကတိလမ်းကိုမယူရ ကပ်ရောက်ကြောင်းဖြစ်သောအရှုပစျာန်ကို ယူအပ်သည်ကိုသိစေသည်။ ဟေတုဖြင့် ဥပါယသဒ္ဒါသည် ဝိသေသနအနက်၌မဖြစ် ဟေတုအနက်၌ ဖြစ်သည်ကိုသိစေသည်။ ကာရဏံဖြင့် ဟိတ်အမျိုးမျိုးရှိရာတွင် ဇနကဟိတ်ကို ယူအပ်သည်ကိုသိစေသည်။ ဥပ္ပါဒေတိ ဝဍ္ဎေတီဖြင့် ဘာဝေတိ၌ ဘူဓာတ်၏ ဥပ္ပါဒအနက် ဝဍ္ဎနအနက်ဟောသည်ကို သိစေသည်။

(ဃ) သဗ္ဗာကာရေနဖြင့်- သဗ္ဗသော၌ သဗ္ဗပုဒ် + သော ပစ္စည်း၊ ယင်းသောပစ္စည်း၏ အာကာရအနက်၌သက်၍ သဗ္ဗေန အာကာရေန သဗ္ဗသောဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ယင်းနောင် နာဝိဘတ် ကျေသည်ကိုရင်း သိစေသည်။

(င) သဗ္ဗာသံဖြင့် သဗ္ဗသောနောင် နံဝိဘတ်ကျေသည်ကို သိစေသည်။ အနဝသေသာနန္တိအတ္ထောဖြင့်- ဤသဗ္ဗသည် သာဝသေသ သဗ္ဗမဟုတ် အနဝသေသသဗ္ဗ ဖြစ်သည်ကို သိစေသည်။ သဗ္ဗသော၊အလုံးစုံသော အခြင်းအရာအားဖြင့် သမတိက္ကမာ (တစ်နည်း) သဗ္ဗသော၊အကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော။ ရူပသညာနံ။

http://www.dhammadownload.com



## နံပါတ် (၇)

တသ္မာ = ထိုသို့ ရူပစျာန်၏ ရူပဟု ခေါ်ဝေါ်အပ်သည်၏အဖြစ် ထိုစျာန်၏ အာရုံ၏လည်း ရူပဟုခေါ်ဝေါ်အပ်သည်၏အဖြစ်ကြောင့်။

## နံပါတ် (၈)

ရူပသညာအရ ရူပစျာန်၌ရှိသော သညာရ၏။ ယင်းသည် ဒဿနတ္ထ။
ရူပစျာန်သည် ဒီပကတ္ထ။
ရူပသမာပတ်ချမ်းသာကို ဝင်စားနိုင်ခြင်းသည် ပကာသနတ္ထ။
ကသိုဏ်းရုပ်သည်ရင်း၊ တိဟိတ်ပဋိသန္ဓေ နေခဲ့ရခြင်းသည်ရင်း ဝိဘာဝတ္ထ။
အထက်အရူပစျာန်ကိုရနိုင်ခြင်း ဗြဟ္မာပြည်၌ပဋိသန္ဓေနေရခြင်းသည် အနုဘာဝတ္ထ။
မဂ္ဂ အရ အရူပစျာန်ရ၏။- ယင်းသည် ဒဿနတ္ထ။
အရူပသညာကို လွန်မြောက်ခြင်းသည် ဒီပကတ္ထ။
အရူပသမာပတ်ချမ်းသာဝင်စားရခြင်းသည် ပကာသနတ္ထ။
တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း ကသိုဏ်းကိုခွါ၍ရအပ်သော ကောင်းကင် ပညတ်အာရုံသည် ဝိဘာဝတ္ထ။
အထက်အရူပစျာန်တို့ကိုရရှိခြင်း အရူပဘုံ၌ပဋိသန္ဓေနေရခြင်း စသည် သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

အရူပူပပတ္တိယာ မဂ္ဂဘာဝေတိ၌ မဂ္ဂ-အရ အကြောင်းဖြစ်သော အရူပစျာန် [စေတနာ]ပစ္စည်းတရားသည်၊ အရူပူပပတ္တိယာ အရ-အရူပပဋိသန္ဓေ ပစ္စယုပ္ပန်တရား အား နာနက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- နာနက္ခဏိကကမ္မ, ပကတူပနိဿယ။

မဂ္ဂ အရ အရူပစျာန်ပစ္စည်းတရားသည်၊ ဘာဝေတိ အရ သတိဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

**တစ်နည်း။** ။ ဘာဝေတိအရ ဥပစာရ သမာဓိဇောဝစ္စည်းတရားသည်၊ မဂ္ဂ အရ အရူပစျာန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- အနန္တရ, အနန္တရူပနိဿယ, အနန္တရူပကမ္မ, နတ္ထိ, ဝိဂတ။

(ဆ) ရူပါနိ အရ ကသိုဏ်းရုပ်ပစ္စည်းတရားသည်၊ ပဿတိ အရ ရူပစျာန် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

http://www.dhammadownload.com



(ဈ) ရူပေအရ- ဝိတက် ဝိစာရ ပီတိသုခ ဧကဂ္ဂတာ ပစ္စည်းတရားသည်၊ သညာအရ- ၎င်းတို့နှင့်ယှဉ်သော သညာပစ္စယုပ္ပန်တရားအား သဟဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၂။ ဈာနိန္ဒြိယ, ဈာန, မဂ္ဂ။

ဝါကျစဉ် (၁၈၆)

(က) ပဋိဃသညာနံ အတ္ထင်္ဂမာတိ စက္ခာဒီနံ ဝတ္ထူနံ, ရူပါဒီနံ အာရမ္မဏာနဉ္စ ပဋိဃာတေန သမုပ္ပန္နာ သညာ ပဋိဃသညာ၊

(ခ) ကာမေဝေတာ ပဉ္စမဇ္ဈာနာဒီနိ သမာပန္နဿာပိ န သန္တိ၊

(ဂ) ဧဝံ သန္တေပိ အညတ္ထ ပဟီနာနံ သုခဒုက္ခာနံ စတုတ္ထဇ္ဈာနေ ဝိယ, သက္ကာယဒိဋ္ဌာဒီနံ တတိယမဂ္ဂေဝိယစ ဣမသ္မိံဈာနေ ဥဿာဟဇနနတ္ထံ ဣမဿ ဈာနဿ ပသံသာဝသေန ဧတာယ ဧတ္ထ ဝစနံ ဝေဒိတဗ္ဗံ။

(ဃ) အထဝါ ကိဉ္စာပိ တာ ရူပါဝစရံ သမာပန္နဿ န သန္တိ၊

(င) အထခေါ န ပဟီနတ္တာ န သန္တိ၊ [ အဘိ။ ဋ္ဌ ။ ၂၄၆/၇]

နံပါတ် (၁)

(ခ)တော၊ ဤပဋိဃသညာတို့သည်။ ပဉ္စမဇ္ဈာနာဒီနိ၊ တို့ကို။ သမာပန္နဿာပိ၊ ဝင်စားနေသသူအားလည်း။ ကာမဉ္စ န သန္တိ၊ အကယ်၍ကား မရှိ၏ရှင့်။

(ဂ) ဧဝံ အဝိဇ္ဇမာနေ၊ ဤသို့ပဉ္စမစျာန်စသည်တို့ကို ဝင်စားသသူအား ပဋိဃသညာ၏ မရှိခြင်းသည်။ သန္တေပိ၊ သော်လည်း။ အညတ္ထ၊ စတုတ္ထဈာန်မှတပါးသောဈာန်တို့၌။ ပဟီနာနံ၊ ပယ်အပ်ကုန်သော်လည်း။ သုခဒုက္ခာနံ၊ သုခိန္ဒြေ ဒုက္ခိန္ဒြေတို့ကို။ စတုတ္ထဇ္ဈာနေ၊ ၌။ ဝစနံဝိယစ၊ ဟောတော်မူခြင်းကဲ့သို့၎င်း။ အညတ္ထ၊ အနာဂါမိမဂ်မှတပါးသောမဂ်တို့၌။ ပဟီနာနံ၊ ကုန်သော်လည်း။ သက္ကာယဒိဋ္ဌာဒီနံ၊ တို့ကို။ တတိယမဂ္ဂေ၊ ၌။ ဝစနံဝိယစ၊ ၎င်း။ ဣမသ္မိံဈာနေ၊ ဤရူပဈာန်၌။ ဥဿာဟဇနနတ္ထံ၊ ကျင့်ပေသသူတို့ အားထုတ်စေခြင်းငှါ။ ဣမဿဈာနဿ ဤအရူပဈာန်အား။ ပသံသာဝသေန၊ ချီးမွမ်းတော်မူသည်၏အစွမ်းဖြင့်။ ဧတာသံ ပဋိဃသညာနံ၊ တို့ကို။ ဧတ္ထ၊ ဤပဉ္စမအရူပကထာ၌။ အတ္ထင်္ဂမဝသေန၊ ချုပ်ခြင်းသို့ရောက်သည်၏ အစွမ်း ဖြင့်။ ဝစနံ၊ ဟောတော်မူခြင်းကို။ ဝေဒိတဗ္ဗံ။

နံပါတ် (၂)

(ခ-ဂ)ဝါကျသို့။ ။ ဆရာမြတ်စွာဘုရားသည် ပဋိဃသညာတို့ကို ဤအာကာသာနဉ္စာယတနဈာန်၌ ဟောတော်မူ၏။ ထိုသို့- သော်လည်း၊ ထိုပဋိဃသညာတို့သည်

http://www.dhammadownload.com


ပဌမစျာန်စသည်တို့ကို ဝင်စား၍နေသူအားလည်း မရှိသည်မဟုတ်ပါလော။- အဘယ်ကြောင့် ပဋိဃသညာတို့ကို ဤအာကာသနဉ္စာယတနစျာန်၌ ဟောတော်မူပါသနည်း- စုဒ်ကြောင့် (ခ)စသည်မိန့်။

**မှတ်ချက်။** ။ မေးခွန်းလွှာ၌ (ခ)ဝါကျသို့ဟု မေးထားသည်။ သို့သော် (ဂ)ဝါကျကိုပါမျှော်၍ကျမ်းတက်မှ ပြည့်စုံမည်။

**(ဃ)ဝါကျသို့။** ။ ဆရာသည် (ဂ)ဖြင့် ဤအရူပစျာန်ကိုရရန် အားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်တို့၏ အားတက်မှုကို ဖြစ်စေခြင်းငှါ အရူပါဝစရစျာန်ကို ချီးမွမ်းလိုသောကြောင့် ဤအရူပါဝစရစျာန်ကို ပဋိဃသညာနံဟု ဟောကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့- သော်၊ ဆရာဆိုခဲ့သော ဥဿာဟဇနန, ပသံသာဝစနဟူသော အကြောင်းကို သန္နိဋ္ဌာန်ကျ မှတ်အပ်သည်ဟု မှတ်ရပါမည်လော။ **(တစ်နည်း)** ဆရာပြသောအကြောင်းသည် ဧကန္တိကမဟုတ်၍ အခြားခိုင်မြဲသော အကြောင်းတပါးကို ပြဆိုသင့်သည်မဟုတ်ပါလော- အခြားခိုင်မြဲသော အကြောင်းကားအဘယ်ပါနည်း- စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

နံပါတ် (၃)

(ဃ)ဝါကျ အထဝါ သဒ္ဒါထားရခြင်း- ဥဿာဟဇနနတ္ထံ ပသံသာဟူသော အကြောင်းမှတပါး အရူပစျာန်က ပဋိဃသညာ၏ အကြောင်းဖြစ်သောရုပ်ကို ပယ်ပြီးဖြစ်၍ ပဋိဃသညာနံ အတ္ထင်္ဂမာဟု ဟောရသည်ဟု ပဋိဃသညာနံ ပဒတ္ထင်္ဂမာဟောရခြင်း အကြောင်းကို လဲပြလိုသောကြောင့် အထဝါသဒ္ဒါထားပါသည်။

နံပါတ် (၄)

**ပဟီယိံသူတိ ပဟီနာ။**

ပပုဗ္ဗ-ဟာဓာတ် + တ ပစ္စည်းသည်ငှ်း၊ ပယ်ခြင်းကြိယာသာမညသည်ငှ်း (ဗျူပ္ပတ္တိနိမိတ်)။ ပယ်ခြင်းကြိယာဝိသေသသည် (ပဝတ္တိနိမိတ်)။

**ပဟီနာနံ ဘာဝေါ ပဟီနတ္တာ။ ဂါမာပဋ္ဋတီတ် သမာပန္နော။**

**ကုဿိတာနံ ပါပဓမ္မာနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော။ သန္တော ကာယော သက္ကာယော။ မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။ သက္ကာယေ ပဝတ္တာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။**

နံပါတ် (၅)

သက္ကာယ။ ။ ပုလ္လိင် + ပုရိသာဒိဂိုဏ်း + အကာရန် + သမာသ်နာမ်ပုဒ်။
ပဟီန ။ ။ က္လတ္တိလိင် + ကညာဒိဂိုဏ်း + အာကာရန် + ကိတ်နာမ်ပုဒ်။

နံပါတ် (၆)

(က) စက္ခာဒီနံ ဝတ္ထုနံ ရူပါဒီနံ အာရမ္မဏာနဥ္စ ပဋိဃာတေန သမုပ္ပန္နာ သညာဖြင့် ပဋိဃသညာ၌ ပဋိဃဝယ် ပဋိရှေးရှိသော-ဟန+ရပစ္စည်း၊ ယင်းရပစ္စည်း၏ဘာဝသာနေ၌ သက်သည်ကိုငှ်း၊ ပဋိဟာနနံ ပဋိဃော-ဟု ဘာဝသာနေဝစနတ္ထ ပြုအပ်သည်ကိုငှ်း၊ ပဋိဃနှင့် ပဋိဃာတ အနက်တူသည်၏အဖြစ်ကိုငှ်း၊

http://www.dhammadownload.com



**တစ်နည်း။** ။ပဋိယသဒ္ဒါသည် ပဋိယာတအနက် ဟောသည်၏အဖြစ်ကိုင်း၊ ပဋိယသညာပုဒ်ကို ပဋိယေန ဥပ္ပန္နာ သညာ ပဋိယသညာဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကိုင်း၊ စက္ခုစသောဝတ္ထုနှင့် ရူပါရုံစသောအာရုံတို့၏ ထိခိုက်ခြင်း ပေါင်းဆုံမိခြင်းကို (ဝါ) ဝတ္ထုပသာဒ၌ အာရုံထင်လာခြင်းကို ပဋိယဟု ခေါ်သည်၏အဖြစ်ကိုင်း သိစေသည်။

## နံပါတ် (၇)

**အပိသဒ္ဒါ၏ အတ္ထုဒ္ဓါရ-**

သမ္ဘာဝနေ ဂရဟာ၊ ပေက္ခာသုစ သမုစ္စယေ။

ပဥှေ သံ ရဏေစေဝ၊ အာသီသတ္ထေ အပိရိတံ။

ဤ၌ အတ္ထာဓိပ္ပေတကား = သမ္ဘာဝနတ္ထ။

တောသံ၏ စွဲရာအနက် = တောသံ ပဋိယသညာနံ။

ဝတ္ထု၏ စွဲရာအနက် = ဤ ပဌမရူပကထာ၌။

## နံပါတ် (၈)

ပဋိယသညာအရ--ပဥ္စဝတ္ထု ပဥ္စာရုံတို့၏ အချင်းချင်း ပေါင်းဆုံထိပါးခြင်း ကြောင့်ဖြစ်သော ဒွေပဥ္စဝိညာဉ်နှင့်ယှဉ်သော သညာ- ယင်းသည် ဒဿနတ္ထ။ ဥပစာရဘာဝနာသည် ဒီပကတ္ထ။

အာကာသာနဥ္စာယတနစျာန်သည် ပကာသနတ္ထ။

ပရိကမ္မဘာဝနာသည် ဝိဘာဝတ္ထ။

အာကာသာနဥ္စာယတနဘုံ၌ ပဋိသန္ဓေနေရခြင်းသည် အနုဘာဝတ္ထ။

(ခ)ဝါကျအရ- ပဌမစျာန်စသည်တို့ကို ဝင်စားသောပုဂ္ဂိုလ်သန္တာန်၌ ပဋိယ သညာတို့ မရှိခြင်း- ယင်းသည် ဒဿနတ္ထ။

ထိုစျာန်ဝင်စားဆဲအခိုက်၌ ပဥ္စဒွါရိကစိတ်တို့၏ ဖြစ်ခြင်းသည် ဒီပကတ္ထ။

[ထိုသို့ရူပစျာန်၌ ပဋိယသညာမရှိသည်မှန်သော်လည်း]အရူပစျာန်အရာဖြစ် ၍ အရူပစျာန်ရရန် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်တို့ အားတက်စေရန် အရူပစျာန်ကို ချီးမွမ်းလို၍ ထိုရူပစျာန်ကို ပဋိယသညာနံ အတ္ထင်္ဂမာ-ဟု မဟောခြင်းသည် ပကာသနတ္ထ။

ဝတ္ထုအာရုံ ထိခိုက်မှုမရှိခြင်းသည် ဝိဘာဝတ္ထ။

ဗျတိရေကအားဖြင့် သိအပ်သော အရူပစျာန်ကို ပဋိယသညာနံ အတ္ထင်္ဂမာ စသည်ဖြင့် ချီးမွမ်းဟောရခြင်းသည် အနုဘာဝတ္ထ။

**ပဟီနတ္တာ န သန္တိ-** ပယ်အပ်ပြီးသောအဖြစ်ကြောင့် မရှိသည်မဟုတ်ခြင်း (ဝါ)ပဋိယသညာတို့ကို မပယ်နိုင်ခြင်း- ယင်းသည် ဒဿနတ္ထ။

http://www.dhammadownload.com



ရူပါဝစရစျာန်၏ ရူပဝိရာဂဘာဝနာမဟုတ်ခြင်းသည် ဒီပကတ္ထ။
ထိုရူပါဝစရစျာန်ကို ပဋိယသညာန် အတ္ထင်္ဂမာဟူ၍မဟောခြင်းသည် ပကာသနတ္ထ။
ထိုရူပါဝစရစျာန်တို့၏ ပဋိယသညာတို့မချုပ်ဟု သိမှတ်ရခြင်းသည် အနုဿာဝတ္ထ။

နံပါတ် (၁၀)

(က) စက္ခာဒီနံ ဝတ္ထုနံ အရ-စက္ခုစသော ပသာဒဝတ္ထုရုပ် ပစ္စည်းတရားသည်၊ သညာအရ-ဒွေပဉ္စဝိညာဉ်တစ်ဆယ်နှင့်ယှဉ်သောသညာ ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုပုရေဇာတိန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။

ရူပါဒီနံ အရ- ရူပါရုံစသော အာရုံငါးပါးပစ္စည်းတရားသည်၊ သညာအရ-ဒွေပဉ္စဝိညာဉ်တစ်ဆယ်နှင့်ယှဉ်သောသညာ ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ။

ဝါကျစဉ် (၁၁၇)

(က) အာကာသာနဉ္စာယတနသညာသဟဂတန္တိ ဧတ္ထ နာဿ အန္တောတိ အနန္တံ
(ခ) အာကာသံ အနန္တံ အာကာသာနန္တံ၊
(ဂ) အာကာသာနန္တမေဝ အာကာသာနဉ္စံ၊
(ဃ)တံ အာကာသာနဉ္စံ အဓိဋ္ဌာနဋ္ဌေန၊ အာယတနမဿ သသမ္ပယုတ္တဓမ္မဿ ဈာနဿ ဒေဝါနံ ဒေဝါယတနမိဝါတိ အာကာသာနဉ္စာယတနံ။
(င) ကတ္တိ အာကာသာနဉ္စံ စ တံ အာယတနဉ္စာတိပိ အာကာသာနဉ္စာယတနံ၊
(စ) ကသိဏုဂ္ဃါဋိမာကာသဿေတံ အဓိဝစနံ။ [ အဘိ။ ၅ ၊ ၂၄၉ ]

နံပါတ် (၁)

(က) အဿ၊ ထိုကသိုဏ်းကိုးပါးကို ခွာကြောင်းကောင်းကင်အား (ဝါ) ထိုကသိုဏ်းကိုးပါးကို ခွာခြင်းဖြင့်ရအပ်သောကောင်းကင်အား။ အန္တော၊ ဥပါဒ်အပိုင်းအခြား ဘင်အပိုင်းအခြားသည်။ န ပညာယတိ။

(ဃ) ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာသည်။ဒေဝါယတနံ ကွဝ၊

http://www.dhammadownload.com



ဒေဝါယတနမည်၏သို့။ သ သမ္ပယုတ္တဓမ္မေသာ၊ သမ္ပယုတ်တရားနှင့်တကွသော။အဿ ဈာနဿ၊ ဤပဉ္စမာရုပ္ပဈာန်၏။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသောအနက်ကြောင့်။ တံ အာကာသာနဉ္စံ၊ ထိုဥပါဒ်အပိုင်းအခြား ဘင်အပိုင်းအခြားမထင်သော ကောင်းကင်သည်ပင်လျှင်။ အာယတနံ၊ တည်ရာအာရုံသည်။ ဟောတိ၊ ၏။

## နံပါတ် (၂)

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (ခ)ဖြင့် အာကာသံ အနန္တံ အာကာသာနန္တံဟု ဝိသေသနုတ္တရပဒကမ္မဓာရည်းသမာသ်ကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ ပါဠိတော်၌ အာကာသာနန္တပုဒ်မရှိ အာကာသာနဉ္စပုဒ်သာရှိသည် မဟုတ်ပါလော- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

(စ)ဝါကျသို့ ။ ။ ဆရာသည် (င)ဖြင့် အာကာသာနဉ္စာယတနပုဒ်၏ အဘိဓေယျတ္ထကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ ယင်းပုဒ်၏ အဘိဓေယျတ္ထကို မပြဟူသောအနက်ရောက်ရာ၏။ (တစ်နည်း) ယင်းပုဒ်အရ ပရိစ္ဆေဒါကာသကို ကောက်ယူအပ်၏ဟူသောအနက် ရောက်ရာ၏- စုဒ်ကြောင့် (စ)ဝါကျမိန့်။

## နံပါတ် (၃)

**အာကာသာနဉ္စံ တံ အာယတနဉ္စာတိပိ၌ အပိသဒ္ဒါဆိုရခြင်း-** အာကာသာနဉ္စာယတနပုဒ်၏ ဗဟုဗ္ဗီဟိ ဝစနတ္ထမှတပါး ကမ္မဓာရည်းသမာသ်ဝစနတ္ထကို လဲပြလို၍ အပိ-သဒ္ဒါဆိုပါသည်။

## နံပါတ် (၄)

**န ကဿတီတိ အာကာသံ၊ အာကာသံယေဝ အာကာသံ။**

အာကာသပုဒ် + ဏ ပစ္စည်းသည်ရင်း၊ သွတ္ထဘောဂုဏ်သည်ရင်း ဗျုပ္ပတ္တိနိမိတ်။ ကောင်းကင်ပညတ်သည် ပဝတ္တိနိမိတ်။

**အာယတန္တိ ဧတ္ထာတိ အာယတနံ၊**

အာပုဗ္ဗ-ယတဓာတ် + ယုပစ္စည်းသည်ရင်း၊ ဖြစ်ခြင်းကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။ ကောင်းကင်ပညတ်၏ မှီရာဟူသောဂုဏ်သည် ပဝတ္တိနိမိတ်။

**ဈာပေတီတိ ဈာနံ၊ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ၊**

လောင်ကျွမ်းခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။ ဈာန်တရားတို့၏ တစ်ပါးသည် တစ်ပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

**ကသတိ ပဝတ္တတီတိ ကသိဏံ၊**

ကသိဓာတ် + ဏိကပစ္စည်းသည်ရင်း၊ ဖြစ်ခြင်းကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။ ကသိဏသဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ ပထဝီကသိုဏ်းစသည်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com


**ဥဋ္ဌါဒိယတိ ဧတေနာတိ ဥဋ္ဌါဒေါ။ ကသိဏာသ ဥဋ္ဌါတော ကသိဏုဋ္ဌါဒေါ။ ကသိဏုဋ္ဌါတောယေဝ ကသိဏုဋ္ဌါဒိမံ။**

နံပါတ် (၅)

အာကာသံ။ ။နပုလ္လိင်+ စိတ္တာဒိဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + တဒ္ဓိတ်နာမ်ပုဒ်။

အနန္တံ ။ ။နပုလ္လိင် + စိတ္တာဒိဂိုဏ်း + နိဂ္ဂဟိတ်ကာရန် + ဗဟုဗ္ဗီဟိသမာသ်နာမ်ပုဒ် ။

အဓိဋ္ဌာနဒ္ဒေန။ ။ပုလ္လိင် + ပုရိသာဒိဂိုဏ်း + အကာရန် + သမာသ်နာမ်ပုဒ်။

ဣဝ ။ ။ အလိင် + ဝဏ္ဏဝိမုတ် + အကာရန် + ဥပမာနနိပါတ်ပုဒ်။

နံပါတ် (၆)

(က) နာသ အန္တောတိဖြင့် အနန္တံ၌ န-ပုဒ် အန္တ-ပုဒ် န-ကိုအန်ပြု၍ပြီးသည်ကိုရင်း၊ နတ္ထိ အန္တော အဿာတိ အနန္တံဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုအပ်သည်ကိုရင်း သိစေသည်။

(ခ) အာကာသံ အနန္တံဖြင့် အာကာသာနန္တပုဒ်၏ ဝိသေသနုတ္တရပဒ ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေသည်။

(ဂ) အာကာသာနန္တမေဝဖြင့် အာကာသာနဥ္စံကို ဘာဝတဒ္ဓိတ်မပြုအပ် သွတ္ထတဒ္ဓိတ်ဝစနတ္ထပြုအပ်သည်ကိုရင်း၊ ဏျပစ္စည်း သွတ္ထအနက်၌သက်သည်ကိုရင်း၊ အာကာသာနန္တမေဝ အာကာသာနဥ္စံဟု ဝစနတ္ထပြုအပ်သည်ကိုရင်း၊ တျကိုစ-ပြု န-ကို နိဂ္ဂဟိတ်ပြု နိဂ္ဂဟိတ်ကိုဉ ပြု၍ ရုပ်ပြီးသည်ကိုရင်း သိစေသည်။

နံပါတ် (၇)

**အာကာသာနန္တမေဝ ၌ ဧဝ. . .** ကသိဏုဋ္ဌါဒိမာကာသသည် ဂဟေတဗ္ဗတ္ထ။
ပရိစ္ဆေဒါကာသသည် နိဝတ္တေတဗ္ဗတ္ထ။
ကောင်းကင်ပညတ်ကို အာရုံပြု၍ဖြစ်သော အာကာသာနဥ္စာယတနစျာန်သည် အနုညာတတ္ထ။
**တစ်နည်း။** ။ သွတ္ထတဒ္ဓိတ်သည် ဂဟေတဗ္ဗတ္ထ။
ဘာဝတဒ္ဓိတ်သည် နိဝတ္တေတဗ္ဗတ္ထ။
ကသိဏုဋ္ဌါဒိမာကာသ၏ အာကာသာနဥ္စဟူသောအမည်သည် အနုညာတတ္ထ။

နံပါတ် (၈)

**အာကာသာနဥ္စံ** အရ--ကောင်းကင်ပညတ်- ယင်းသည် ဒဿနတ္ထ။
ကသိုဏ်းကိုခွါနိုင်ခြင်းသည် ဒီပကတ္ထ။
အာကာသာနဥ္စာယတနစျာန်ရခြင်းသည် ပကာသနတ္ထ။

http://www.dhammadownload.com


ရူပသညာကိုလွန်မြောက်ခြင်း ပဋိဃသညာချုပ်ခြင်း နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းသည် ဝိဘာဝတ္ထ။
အထက်အရူပဈာန်တို့ကိုရရှိနိုင်ခြင်း သမာပတ်ချမ်းသာကိုခံစားရခြင်း အရူပဘုံသို့ရောက်ရခြင်းသည် အနုဘာဝတ္ထ။
(ဃ) အာကာသာနဉ္စာ ယတနအရ- အာကာသာနဉ္စာယတနဈာန်- ယင်းသည် ဒဿနတ္ထ။
ကသိုဏ်းကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်သည်၎င်း၊ ရူပသညာ စသည် လွန်မြောက်ခြင်းသည်၎င်း ဒီပကတ္ထ။
အရူပသမာပတ် ခံစားရခြင်းသည်၎င်း၊ အထက်အရူပဈာန်တို့ ရရှိခြင်းသည် ၎င်း ပကာသနတ္ထ။
တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း ကသိုဏ်းကိုခွါခြင်းဟူသော ဥပစာရဲဘာဝနာ သည်၎င်း ဝိဘာဝတ္ထ။
အရူပဘုံ၌ဖြစ်ရခြင်းသည် အနုဘာဝတ္ထ။

(င)အလို- အာကာသာနဉ္စာယတန အရ- မူချ ကသိုဏ်းကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်၊ ကာရဏူပစာ- ယင်းကောင်းကင်ပညတ်ကို အာရုံပြု၍ဖြစ်သော ပဌမာ ရူပ္ပဝိညာဉ်။

## နံပါတ် (၁၀)

အာကာသာနဉ္စံ အရ- ကောင်းကင်ပညတ် အာရုံပစ္စည်းတရားသည်၊ ဈာနဿ အရ- ဥပေက္ခာ ဧကဂ္ဂတာဟုဆိုအပ်သောဈာန်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြု။

●●●●●●●●●●

## ဝါကျစဉ် (၁၁၈)

(က) ဝိညာဏဉ္စာယတနသညာသဟဂတန္တိ ဧတ္ထ ပန "အနန္တ"န္တိ မနသိကာတဗ္ဗ ဝသေန နာဿ အန္တောတိ အနန္တံ၊
(ခ) အနန္တမေဝ အာနဉ္စံ-
(ဂ) ဝိညာဏံ အာနဉ္စံ "ဝိညာဏာနဉ္စ"န္တိ အဝတွာ "ဝိညာဏဉ္စ"န္တိ ဝုတ္တံ။
(ဃ) အယဥှေတ္ထ ရူဠှီသဒ္ဒေါ။
(င) တဒေဝ ဝိညာဏဉ္စံ အဓိဋ္ဌာနဋ္ဌေန ဈာနဿ အာယတနန္တိ ဝိညာဏဉ္စာယတနံ၊
(စ) တသ္မိံ ဝိညာဏဉ္စာယတနေ ပဝတ္တာယ သညာယ သဟဂန္တိ ဝိညာဏဉ္စာ ယတနသညာသဟဂတံ၊

http://www.dhammadownload.com



## (ဆ)အာကာသေ ပဝတ္တဝိညာဏာရမ္မဏာယ ဈာန်သေ့ယတ် အဓိဝစနံ။

[ အဘိ။ ၄ ။ ၂၅၀ ]

### နံပါတ် (၁)

(က) အနန္တန္တိ၊ အပိုင်းအခြားမရှိဟူ၍။ မနသိကာတဗ္ဗဝသေန၊ နှလုံးသွင်းအပ်သည်၏အစွမ်းဖြင့်။ အဿ၊ ထိုပဌမာရုပ္ပဝိညာဉ်အား။ အန္တော၊ အပိုင်းအခြားသည်။ န အတ္ထိ။

(ဃ) ဟိ၊ အသင့်ကိုဆိုအံ့။ အယံ၊ ဤဝိညာနဥ္စဟူသောသဒ္ဒါသည်။ ဧတ္ထ၊ ဤဝိညာဏာနဥ္စဟူသောပုဒ်၏အတ္တ၌။

(င) တဒေဝ ဝိညာဏဥ္စံ၊ ထိုအပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်သည်ပင်လျှင်။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသောအနက်ကြောင့်။ ဣမာယ သညာယ၊ဤဒုတိယာရုပ္ပဝိညာဉ်၏။ အာယတနံ၊ တည်ရာဖြစ်သောအာရုံသည်။

(စ) တသ္မိံ ဝိညာဏဥ္စာယတနေ၊ ထိုအပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော တည်ရာအာရုံ၌။

### နံပါတ် (၂)

(ဃ)သို့ ၄ပနာပဌက ။ ။ ဆရာ (ဂ)ဖြင့် ဝိညာဏံ အာနဥ္စံ ဝိညာဏဥ္စံဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြု၍။ ဝိညာဏာနဥ္စံဟု မဆိုမူ၍ ဝိညာဏဥ္စံဟု ဆိုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်လည်း၊ ဝိညာဏပုဒ်, အာနဥ္စပုဒ်တို့ကို ဝိညာဏံ အာနဥ္စံဟု သမာသ်တွဲစပ်အပ်သည် မဟုတ်ပါလော။

အဓိပ္ပါယ်ကား- ဝိညာဏဥ္စသဒ္ဒါသည် ဝိညာဏာနဥ္စသဒ္ဒါ၏ အနက်၌ထင်ရှားသော အထင်ရူဠှီသဒ္ဒါဖြစ်သောကြောင့်ဟူလို။

(ဆ)သို့ ၄ပနာပဌက။ ။ ဆရာ (စ)ဖြင့် ဝိညာဏဥ္စာယတနသညာသဟဂတံပုဒ်ကို ဝိညာဏဥ္စာယတနေ ပဝတ္တာ သညာ ဝိညာဏဥ္စာယတနသညာ။ ဝိညာဏဥ္စာယတနသညာယ သဟဂတံ ဝိညာဏဥ္စာယတန သညာသဟဂတံဟု သတ္တမီတပ္ပုရိသ်သမာသ်အတွင်းငုတ်သော တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်။ ဤဝိညာဏဥ္စာယတနသညာသဟဂတံ-အရ ပဌမာရုပ္ပဝိညာဉ်ကို ကောက်ယူအပ်၏ဟု မှတ်သားအပ်ပါသလော။

### နံပါတ် (၃)

(ဃ)ဝိညာဏပုဒ် အာနဥ္စပုဒ်ကို သမာသ်တွဲစပ်အပ်ပါလျက် ဝိညာဏာနဥ္စ- ဟု မဆိုမူ၍ ဝိညာဏဥ္စဟုဆိုနိုင်ခြင်း၏ ယုတ္တိကြောင်းကို ပြဆိုသောကြောင့် သံဝဏ္ဏနာ သံဝဏ္ဏေတဗ္ဗဆန့်ကျင်သော ဝိရောဓိဒေါသကိုပယ်သည်။

http://www.dhammadownload.com



နံပါတ် (၄)

**အန္တော ။** ။ အမတိ ဧတ္ထ ဘာဝေါ ဩသာနန္တိ အန္တော။
အမတိ ဂစ္ဆတိ ဧတ္ထ ဩသာနန္တိ အန္တော။

အမ + တ သည်ရင်း၊ အပြီးအဆုံးသို့ရောက်ခြင်း ကြိယာသည်ရင်း (ဗျု+နိ)။ ပြီးဆုံးခြင်းကြိယာသည် (ပ + နိ)။

**ဝိညာဏံ။** ။ ဝိဇာနာတီတိ ဝိညာဏံ။

ဝိ + ဉာ + ယု သည်ရင်း၊ သိခြင်းကြိယာသည်ရင်း (ဗျု + နိ)။ ဝိညာဏ သဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ သိခြင်းကြိယာ (ဝါ)စိတ်ဒြပ်သည် (ပ + နိ)။

**ရုဠှီသဒ္ဒေါ။** ။ ရုဟတီတိ ရုဠှီ။ သဒ္ဒီယတေတိ သဒ္ဒေါ။
ရုဠှီစ သာ သဒ္ဒေါစာတိ ရုဠှီသဒ္ဒေါ။

ရုဠှီပုဒ်+သဒ္ဒပုဒ်သည်ရင်း၊တက်ရောက်တတ်သောဂုဏ်၏ သဒ္ဒါနှင့် ဂုဏ်+ဂုဏေးစပ် (ဗျု + နိ)။ တင်စားခြင်းကြိယာ (ဝါ) ဝိညာဏဥ္စသဒ္ဒါသည် (ပ + နိ)။

နံပါတ် (၅)

| | | |
|---|---|---|
| ဝိညာဏဥ္စာယတနံ။ | ။ | နပုံ + စိတ္တာဒိ + နိ + သမာသ်။ |
| ရုဠှီ | ။ | ။ ဣတ္ထိ + ရတ္တာဒိ + ဣ + ကိတ်။ |

နံပါတ် (၆)

(က) နာသေ အန္တောဖြင့်- အနန္တကို နတ္ထိ အန္တော အဿာတိ အနန္တံဟု ဗဟုဗ္ဗီသမာသ်ဝစနတ္ထကိုရင်း၊ န-ပုဒ် အန္တ-ပုဒ်န-ကို အန်-ပြု၍ပြီးသည်ကိုရင်း သိစေ။

**အနန္တန္တိ** မနသိကာတဗ္ဗဝသေနဖြင့်- ယောဂီပုဂ္ဂိုလ်က ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ-ဟု နှလုံးသွင်းအပ်သည်၏အဖြစ်ကြောင့် နှလုံးသွင်းအပ်သော ဝိညာဉ်အပေါ်၌တင်စား၍ ပဌမာရုပ္ပဝိညာဉ်ကိုလည်း အနန္တဟု ခေါ်ဆိုအပ်သည်ကို သိစေ။

(င) ဝိညာဏဥ္စံ ဣမာယသညာယ အာယတနံ- ဖြင့် ဝိညာဏဥ္စာယတနံကို ဝိညာဏဥ္စံ အာယတနံ အဿာတိ ဝိညာဏဥ္စာယတနံ ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။ [ဘာ+ဋီ အလို-ကမ္ဘာရာယ်ဖော်]

**မှတ်ချက်။** ။ ဝါကျအတွင်း၌ ဣမာယ သညာယဟု ဣတ္ထိလိင်ရှိသော်လည်း သမာသ်အပြီးတွင် အတ္တလိင်လိုက်၍ နပုံလိင်ချသည်။

**အဓိဋ္ဌာနဋ္ဌေန**-ဖြင့် အာယတနသဒ္ဒါ၏ တည်ရာဟူသော အဓိဋ္ဌာနအနက် ဟောသည်ကို သိစေ။

http://www.dhammadownload.com



## နံပါတ် (၇)

**အနန္တမေဝ ဉ္စ ဓဝ. . .**

အဆုံးအပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်သည် ဂဟေတဗ္ဗတ္ထ။
အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်အာရုံသည်နိဝတ္တေတဗ္ဗတ္ထ
ပဌမာရုပ္ပဝိညာဉ်ကို အာရုံပြု၍ဖြစ်သော ဒုတိယာရုပ္ပဝိညာဉ်သည် အနုညာ
တတ္ထ။

## နံပါတ် (၈)

**တဒေဝ ဝိညာဏံ၊ ဝိညာဏဉ္စာယတနံ အရ- ပဌမာရုပ္ပဝိညာဉ်ကောက်။**

**(ဆ)စျာနဿ အရ-** ဥပေက္ခာ ဧကဂ္ဂတာဟု ဆိုအပ်သော ဒုတိယာရုပ္ပ
စျာန်ရ၏။ယင်းသည် ဒဿနတ္ထ။
ဒုတိယာရုပ္ပဝိညာဉ်၏ ဥပစာရဘာဝနာသည်ရင်း၊ ပဌမာရုပ္ပဝိညာဉ်ကို လွန်
မြောက်ခြင်းသည်ရင်း ဒီပကတ္ထ။
အရူပသမာပတ်ချမ်းသာကို ခံစားရခြင်းသည် ပကာသနတ္ထ။
တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း အောက်စျာန်တို့ကို ရရှိခဲ့ခြင်းစသည် ဝိဘာဝတ္ထ
ဒုတိယ အရူပစျာန်ဘုံစသည်၌ ဖြစ်ရခြင်းစသည်သည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

**ဝိညာဏဉ္စာယတနအရ-** ပဌမာရုပ္ပဝိညာဉ် ပစ္စည်းတရားသည်၊ သညာယ အရ-
ဒုတိယာရုပ္ပဝိညာဉ်ရှိသညာ (ဝါ) သညာပဓာနရှိသော ဒုတိယာရုပ္ပဝိညာဉ်အား-
အာရမ္မဏဖြင့် ကျေးဇူးပြု။
**သညာယအရ-** ဒုတိယာရုပ္ပဝိညာဉ်ရှိ သညာပစ္စည်းတရားသည်၊ သဟဂတံအရ
ကြွင်းဒုတိယာရုပ္ပဝိညာဉ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။
(စ) ဝိညာဏဉ္စာယတနေ အရ- ဒုတိယာရုပ္ပဝိညာဉ် ပစ္စည်းတရားသည်၊ သညာယ
အရ- ယင်းနှင့်ယှဉ်သောသညာ ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။
မှတ်ချက်။ ။ ဝိညာဏဉ္စာယတနပုဒ် ဗဟုဗ္ဗီသမာသ်ကြံခိုက်။

ᐊᐊᐊᐊᐊᐊᐊᐊ

## ဝါကျစဉ် (၁၁၉)

(က) အာကိဉ္စညာယတနသညာသဟဂတန္တိ ဧတ္ထ ပန နာဿ ကိဉ္စနန္တိ
အကိဉ္စနံ၊
(ခ) အန္တမသော ဘင်္ဂမတ္တမ္ပိ အဿ အဝသိဋ္ဌံ နတ္ထီတိ ဝုတ္တံ ဟောတိ။
(ဂ) အကိဉ္စနဿ ဘာဝေါ အာကိဉ္စည်၊
(ဃ) အာကာသာနဉ္စာယတနဝိညာဏာပဂမဿေတံ အဓိဝစနံ။

http://www.dhammadownload.com



(င) တံ အာကိဉ္စညံ အဓိဋ္ဌာနဋ္ဌေန ဣမိဿာ သညာယ အာယတနန္တိ အာကိဉ္စညာယတနံ၊

(စ) တသ္မိံ အာကိဉ္စညာယတနေ ပဝတ္တာယ သညာယ သဟဂတန္တိ အာကိဉ္စညာယတနသညာသဟဂတံ၊

(ဆ) အာကာသေ ပဝတ္တိတဝိညာဏာပဂမာရမ္မဏာယ ဈာနဿေတံ အဓိဝစနံ။

[ အဘိ။ ဋ္ဌ ။ ၂၅၁ ]

နံပါတ် (၁)

(က)အသာ ပဌမာရုပ္ပဿ၊ ထိုပဌမာရုပ္ပဝိညာဉ်အား။ ကိဉ္စနံ၊ စိုးစဉ်းအနည်းငယ်မျှ အကြွင်းသည်။ နတ္ထိ၊ မရှိ။

(င) တံ အာကိဉ္စညံ၊ ထိုစိုးစဉ်းအနည်းငယ် ဘင်မျှ အကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်၏ အဖြစ်တည်းဟူသော နတ္ထိဘောပညတ်သည်ပင်။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသောအနက်ကြောင့်။ ဣမိဿာသညာယ၊ ၏။ အာယတနံ၊ တည်ရာအာရုံသည်။ ဟောတိ။

(ဆ) ဧတံ၊ ဤအာကိဉ္စညာယတနသညာသဟဂတဟူသော အမည်သည်။ အာကာသေ၊ ၌။ ပဝတ္တိတဝိညာဏာပဂမာရမ္မဏာယ၊ ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏ ဉာဏ်အားမထင် ကင်းကွာပျောက်ကွယ်ခြင်းဟူသော နတ္ထိဘောပညတ်လျှင်အာရုံရှိသော။ ဈာနဿ။ အဓိဝစနံ။

နံပါတ် (၂)

(ခ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် အကိဉ္စနံကို နတ္ထိ ကိဉ္စနံ အဿာတိ အကိဉ္စနံဟု ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ အကိဉ္စန ဟူသည် နှောက်ယှက်ဖျက်ဆီးတတ်သော ရာဂါဒိကိလေသာမရှိဟူသော အနက်အဓိပ္ပါယ်ကို မှတ်သားနိုင်သည်မဟုတ်ပါလော။- စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ)ဝါကျသို့ ။ ။ ဆရာသည် (က)ဖြင့် အကိဉ္စနပုဒ်၏ ဝစနတ္ထကို ဖွင့်ပြအပ်၏။ ထိုသို့- သော်၊ အာကိဉ္စညပုဒ်ကို ရှေးအာနဥ္စပုဒ်ကဲ့သို့ သွတ္တတဒ္ဓိတ်ဝစနတ္ထပြုအပ်၏ ဟူသော အနက်ရောက်ရာ၏။- စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

နံပါတ် (၃)

(ခ) ဘင်္ဂမတ္တမ္ပိ ၌ ပိသဒ္ဒါဆိုရခြင်း- သဘာဝဓမ္မ၏ ဥပါဒ် ဌီ ဘင်ဟု အခိုက်အတန့်သုံးမျိုးရှိရာဝယ် အနည်းငယ်ကျန်သေး၏ဟုဆိုလျှင် နောက်ဆုံး ဘင်အခိုက်သာဖြစ်စရာရှိ၏။ ထိုဘင်အခိုက်မျှလည်း အကြွင်းအကျန်မရှိဟု ဂရဟာအနက်ကို ပြလို၍ ပိ-သဒ္ဒါဆိုပါသည်။

(ခ) ဝါကျ ဣတိဝုတ္တံ သဒ္ဒါဆိုရခြင်း- အောက်ထစ်ဆုံးဘင်မျှလည်း ဤဈာန်

http://www.dhammadownload.com



၌ အကြွင်းအကျန်မရှိတော့ပါဟု အာကိဉ္စနပုဒ်၏ ဥဇုကတ္ထ ပိဏ္ဍတ္ထကို ပြလိုသော ကြောင့် ဣတိဝုတ္တံ-သဒ္ဒါ ဆိုထားပါသည်။

နံပါတ် (၄)

**အန္တေ ဇာတော အန္တိမော။**

အန္တပုဒ် + ဣမ ပစ္စည်းသည်ငင်း၊ အဆုံးစွန်း၏ ဖြစ်သောဘင်ခဏနှင့် နိဿယ/နိဿိတ စပ် (ဗျုပ္ပတ္တိနိမိတ်)။ အဆုံးစွန်၌ဖြစ်သော ဘင်ခဏ၏ ဖြစ်ကြောင်းဖြစ်ရာ ဘင်္ဂက္ခဏသည် (ပဝတ္တိနိမိတ်)။

**ဘဥ္ဇနံ ဘင်္ဂေါ။**

ဘဥ္ဇဓာတ်+ဏပစ္စည်းသည်ငင်း၊ ပျက်စီးခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ ဘင်ခဏသည် ပဝတ္တိနိမိတ်။

**အဝသိဿတီတိ အဝသိဋ္ဌံ။**

နံပါတ် (၅)

| | | |
|---|---|---|
| ကိဉ္စန ။ | ။ အလိင် + ဂဏာဝိမုတ် + နိဂ္ဂဟိတ်ကာရန် + အနည်းငယ် အနက်ဟောနိပါတ်ပုဒ်။ | |
| အန္တိမသော။ | ။ ပုလ္လိင် + ပုရိသာဒိ + အကာရန် + တဒ္ဓိတ်နာမ်ပုဒ်။ | |
| ဘင်္ဂမတ္တံ ။ | ။ ဣတ္ထိလိင် + ကညာဒိ + အာကာရန် +သမာသ်နာမ်ပုဒ်။ | |
| တစ်နည်း ။ | ။ နပုလ္လိင်+ စိတ္တာဒိ + နိဂ္ဂဟိတ်ကာရန်+ သမာသနာမ်ပုဒ်။ | |

နံပါတ် (၆)

(က)နာဿကိဉ္စနံ ဖြင့်- အကိဉ္စနံ၌ န-ပုဒ်+ကိဉ္စနပုဒ် အ-သည် န-၏ ကာရိယ ဖြစ်၍ နတ္ထိ ကိဉ္စနံ အဿာတိ အကိဉ္စနံ-ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုအပ်သည် ကို သိစေသည်။

(ခ) အဝသိဋ္ဌံ ဖြင့်- ကိဉ္စန-သဒ္ဒါသည် အဝသိဋ္ဌအနက်၌ ဖြစ်သည်ကို သိ စေသည်။နတ္ထိဖြင့်- အ-သည် အဘာဝအနက်၌ ဖြစ်သည်ကို သိစေသည်။အန္တိမသော ဘင်္ဂမတ္တမ္ပိဖြင့် အနည်းငယ်အကြွင်းအကျန်မရှိဟူသည် ဘင်အခိုက်အတန့်မျှ မရှိဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဂ) အကိဉ္စနဿဘာဝေါဖြင့်- အာကိဉ္စည်၌ အကိဉ္စနပုဒ်+ဏျပစ္စည်း၊ ယင်း ဏျ ပစ္စည်း ဘာဝတဒ္ဓိတ်၌သက်၍ အကိဉ္စနဿ ဘာဝေါ အာကိဉ္စညံဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုအပ်သည်ကိုငင်း၊ ဉ-ကို ဉ ပြု ဉ ဒွေဘော်လာ၍ ရုပ်ပြီးသည်ကိုငင်း သိစေပါ သည်။

နံပါတ် (၇)

အဿ၌ ဣမ-သဒ္ဒါဖြင့်- ပဉ္စမာရုပ္ပဝိညာဉ်ကို စွဲယူသုံးသပ်သည်။

ဘင်္ဂမတ္တံ ၌ မတ္တသဒ္ဒါသည် ဝိသေသနိဝတ္တိ အနက်ရှိ၏။

http://www.dhammadownload.com



ယင်း မတ္တသဒ္ဒါဖြင့်- ဘင်ခဏသည် ဂဟေတဗ္ဗတ္ထ။
ဌီခဏသည် နိဝတ္တေတဗ္ဗတ္ထ။
ပဌမာရုပ္ပဝိညာဉ်သည် အနုညာတတ္ထ။

နံပါတ် (၉)

**အာကိဥ္စည-အရ နတ္ထိဘောပညတ်- ယင်းသည် ဒဿနတ္ထ။**
တတိယာရုပ္ပဝိညာဉ်၏ ဥပစာရဘာဝနာသည် ဒီပကတ္ထ။
တတိယာရုပ္ပဝိညာဉ်သည် ပကာသနတ္ထ။
အောက်အရူပဈာန်တို့ကိုရရှိခြင်း တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်းတို့သည် ဝိဘာဝတ္ထ။
တတိယ အရူပသမာပတ်ချမ်းသာကိုခံစားခြင်း တတိယအရူပဘုံသို့ ရောက်ရှိခြင်းသည် အနုဘာဝတ္ထ။

နံပါတ်(၁၀)

အာကိဥ္စည၌ အာကိဥ္စန-အရ ပဌမာရုပ္ပဝိညာဉ် ပစ္စည်းတရားသည်၊ ဏျပစ္စည်း-အရ နတ္ထိဘောပညတ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

အာကိဥ္စညာယတနေ-အရ နတ္ထိဘောပညတ် ပစ္စည်းတရားသည်၊ သညာယ-အရ တတိယာရုပ္ပဝိညာဉ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ (တစ်နည်း) အာကိဥ္စညာယတနေ အရ နတ္ထိဘောပညတ်လျှင်အာရုံရှိသော တတိယာရုပ္ပဈာန်ပစ္စည်းတရားသည်။ သညာယအရ တတိယာရုပ္ပဝိညာဉ် ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြု။
ပြိုင်နိုင်သော ပစ္စယသတ္တိကား- ကြီး ၄၊ လတ် ၂။ ဣန္ဒြိယ, ဈာန, မဂ္ဂ။

●●●●●●●●●●

ဝါကျစဉ် (၁၂၀)

(က) ဝစနတ္ထာ ပနေတ္ထ ဩဠာရိကာယသညာယ အဘာဝတော, သုခုမာယစ ဘာဝတော နေဝသ သသမ္ပယုတ္တဓမ္မာယ ဈာနဿ သညာ နာသညာတ္တိ နေဝသညာနာသည်။
(ခ) နေဝသညာနာသည၌ တံ မနာယတနဓမ္မာယတန ပရိယာပန္နတ္တာ အာယတနဥ္စာတိ နေဝသညာနာသညာယတနံ။
(ဂ) အထ ဝါ ယာယမေတ္ထ သညာ၊ သာ ပဋုသညာကိစ္စံ ကာတုံ အသမတ္ထ တာယ နေဝသညာ၊ သင်္ခါရာဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာ နာသညာတိ နေဝသညာနာသညာ၊

http://www.dhammadownload.com


(ဃ)နေဝသညာနာသညာ စ သာ သေသဓမ္မာနံ အဝိဋ္ဌာနဋ္ဌေန အာယတ
နဉ္စာတိ နေဝသညာနာသညာယတနံ။ [ အဘိ။ ၄ ။ ၂၅၂/၃ ]

နံပါတ် (၁)

(က) ဧတ္ထ- နေဝသညာနာသညာယတနန္တိဝစနေ၊ ၌။ ဝစနတ္ထောပန၊ ကို ကား။ ဧဝံ။ ဝေဒိတဗ္ဗော။ ယေဋ္ဌမစျာနေသုဝိယ၊ အောက်ဖြစ်သောစျာန်တို့၌ကဲ့သို့။ သသမ္ပယုတ္တဓမ္မဿ၊ သော။ အဿစျာနဿ၊ အား။ သညာ၊ ရုန့်ရင်းသောသညာ သည်။ နေဝအတ္ထိ။ တံစျာန်၊ သည်။ အသည်၊ သိမ်မွေ့သောသညာမရှိသည်လည်း။ န၊ မဟုတ်။

(ဂ) ဧတ္ထ- စတုတ္ထရူပျေ၌။ သာ၊ ထိုစတုတ္ထာရုပ္ပ၌ရှိသောသညာသည်။ ပဋုသညာကိစ္စံ၊ ဝိပဿနာ၏ အာရုံအဖြစ်သို့ ရောက်ရှိပြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟု ဆိုအပ်သော ထင်ရှားသောသညာကိစ္စကို။ နေဝသညာ၊သညာမမည်။ (ဝါ)သညာ မဟူစလောက်။ သင်္ခါရာဝသေသသုခုမဘာဝေန၊ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန် သော သိမ်မွေ့သောသညာမဟုတ်သည်။ န၊ မဟုတ်။

(ဃ) သာ ဓမ္မဇာတိ၊ သည်။ နေသညာနာသညာစ၊ ရုန့်ရင်းသောသညာ မဟုတ်၊ သိမ်မွေ့သောသညာမဟုတ်သည်လည်း။ ဟောတိ။ သေသဓမ္မာနံ၊ ဖဿ စသော ကြွင်းသောတရားတို့၏။ အဝိဋ္ဌာနဋ္ဌေန၊ နိဿယစသောပစ္စည်း၏အဖြစ်ဖြင့် တည်ရာဟူသောအနက်ကြောင့်။ နေဝသညာနာသညာ ၊ ရုန်းရင်းသော သညာ လည်းမဟုတ်· သိမ်မွေ့သောသညာမဟုတ်သည်လည်း မဟုတ်သော သညာရှိသော စျာန်။

(ခ) နေဝသညာနာသညာယထနံ၊ ရုန်းရင်းသောသညာကားမရှိ သိမ်မွေ့ သော သညာမရှိသည် မဟုတ်သေး မနာယတန ဓမ္မာယတန၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် အာယတနလည်းဖြစ်သော နေဝသညာနာသညာယတနစျာန်။

(ဂ+ဃ)နေဝသညာနာသညာယတနံ၊ ထက်မြက်သော သညာကိစ္စကို ပြု ခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် နေဝသညာလည်းဟုတ် သိမ်မွေ့သောသညာ ထင်ရှားရှိသည်၏အဖြစ်ကြောင့် နာသညာလည်းမည်သော ကြွင်းသမ္ပယုတ်တရားတို့၏ တည်ရာဖြစ်သော နေဝသညာနာသညာယတနစျာန်။

နံပါတ် (၂)

(ဂ)သို့ ဌပနာပဋ္ဌက။ ။ ဆရာ (က)ဖြင့် နေဝသညာနာသညာပုဒ်ကို နေဝသညာ နာသညာ အဿ စျာနဿာတိ နေဝသညာနာသည်ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြ၍၊ စတုတ္ထာရုပ္ပစျာန်ကို အရကောက်အပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့- သော်၊ နေဝသညာနာသည်ပုဒ်၌ ယင်းဝစနတ္ထနှင့်စျာန်ကိုသာ အရကောက်အပ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။

http://www.dhammadownload.com


အဓိပ္ပါယ်ကား- (ဂ)ဖြင့် နေ၀သညာစ သော နာသညာစာတိ နေ၀သညာနာသညာ ဟု ကမ္မဓာရည်းသမာသ်ဝစနတ္တပြု၍ သိမ်မွေ့သောသညာကိုလည်း အရကောက်ယူ အပ်၏ဟူလို။

နံပါတ် (၃)

(ဂ)အထဝိ သဒ္ဒါ နေဝသညာနာသည်ပုဒ်၏ ဗဟုဗ္ဗိသမာသ်ဝစနတ္တမှတပါး ကမ္မဓာရည်းသမာသ်ဝစနတ္တနည်းတပါးကို လဲပြလို၍ အထဝိ-သဒ္ဒါဆို။

အာယတန-သဒ္ဒါ၏ မနာယတန ဓမ္မာယတနအနက်မှတပါး အဓိဋ္ဌာန အနက်တပါးကို လဲပြလို၍ အထဝိ-သဒ္ဒါထား။

နံပါတ် (၄)

ဩဠာရိက။ ။ ဉဠာရေ နိယုတ္တာ ဩဠာရိကာ။

ဉဠာရ ပုဒ်+ ဏိကပစ္စည်းသည်ရင်း၊ ပေါ်လွင်ထင်ရှားခြင်းဂုဏ်၏ သညာ နှင့် ဂုဏ် + ဂုဏေားစပ် (ဗျု + နိ)။ ပေါ်လွင်ထင်ရှားခြင်း ဂုဏ်သည် (ပ+နိ)။

သုခုမ ။ ။ သုခယတိ အနုဘဝတီတိ သုခုမာ။

သုခ + ဉမပစ္စည်းသည်ရင်း၊ ခံစားခြင်းကြိယာသည်ရင်း (ဗျု + နိ)။ သိမ်မွေ့ခြင်း ဂုဏ်သည် (ပ + နိ)။

ပဋ္ဌု ။ ။ ပဋတိ တိက္ခဘာဝံ ဂစ္ဆတီတိ ပဋ္ဌု။

ပဋ + ဉ ပစ္စည်းသည်ရင်း၊ ထက်မြက်သည်၏အဖြစ်သို့ ရောက်ခြင်းကြိယာ သည်ရင်း (ဗျု + နိ)။ ထက်မြက်ခြင်း ဂုဏ်သည် (ပ + နိ)။

နံပါတ် (၅)

နေဝသညာ ။ ။ ဣတ္ထိ + ကညာဒိ + အာ + သမာသ်။
နာသည် ။ ။ နပုံ + စိတ္တာဒိ + နိ + သမာသ်။
နေဝသညာနာသည်။ ။ နပုံ + စိတ္တာဒိ + နိ + သမာသ်။
(တစ်နည်း) ။ ။ ဣတ္ထိ + ကညာဒိ + အာ + သမာသ်။
အာယတန ။ ။ နပုံ + စိတ္တာဒိ + နိ + ကိတ်။
[အာယတန္တိ, ဝါယမန္တိ ဧတ္ထာတိ အာယတနံ။]

နံပါတ် (၆)

(က)ဩဠာရိကာယ သညာယ အဘာဝတော- ဖြင့် နေဝသညာ၌ နေဝပုဒ်+ သညာပုဒ် နေဝ၌ န-၏ အဘာဝအနက်ဟောသည်ကိုရင်း၊ သညာအရ ဩဠာရိက သညာကို အရကောက်ယူအပ်သည်ကိုရင်း၊ နေဝ သညာ နေဝသညာ-ဟု ဝစနတ္တ ပြုအပ်သည်ကိုရင်း သိစေ။ သုခုမာယဘာဝတော- ဖြင့် နာသည် ၌ န-ပုဒ်+အသညာပုဒ် သညာအရ သိမ်မွေ့သောသညာကိုအရကောက်၍ န အသညာ နာသညာ-ဟု

http://www.dhammadownload.com



ဝစနတ္ထပြုအပ်သည်ကို သိစေ။ အပေါင်းသံဝဏ္ဏနာဖြင့် နေဝသညာ နာသညာ အသချာနသာတိ နေဝသညာနာသညံဟု ဗဟုဗ္ဗီသမာသ်ဝစနတ္ထပြု၍ ယှဉ်ဖက်သမ္ပယုတ်တရားနှင့်တကွဖြစ်သော စတုတ္ထာရုပ္ပစျာန်ကို အရကောက်ယူအပ်သည်ကို သိစေ။

(ဂ) ပဋုသညာကိစ္စ ကာတုံ အသမတ္ထတာယဖြင့် သညာ၏ ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် နေဝသညာမည်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။ သင်္ခါရာဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာဖြင့် သညာ၏ ရှုန့်ရင်းသောသင်္ခါရတို့မှကြွင်းသော သိမ်မွေ့သောသင်္ခါရ၏အဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာမည်၏ဟူသော အဓိပ္ပါယ်ကို သိစေ။ အပေါင်းသံဝဏ္ဏနာ ဖြင့် သညာ-အရ စတုတ္ထာရုပ္ပစျာန်ရှိသညာကို အရကောက်၍ နေဝသညာစ သာ နာသညာစာတိ နေဝသညာနာသညာဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုအပ်သည်ကို သိစေ။

## နံပါတ် (၇)

(က)အလို နေဝသညာ၌ န-သည် အဘာဝတ္ထ။
နာသညာ၌ န-သည် အညတ္ထ။
အသညံ၌ အ-သည် ပဋိသေဓတ္ထ။
(ဂ) အလို နေဝနှင့် န-တို့သည် အညတ္ထ။

## နံပါတ် (၈)

နေဝသညာနာသညာ အရ-သမ္ပယုတ်တရားနှင့်တကွဖြစ်သော ဥပေက္ခာ ဧကဂ္ဂတာဟူသော စတုတ္ထစျာန်ရ၏။ ယင်းသည် ဒသနတ္ထ။
ရှုန့်ရင်းသောသညာမရှိခြင်း၊ သိမ်မွေ့သောသညာရှိခြင်းသည် ဒီပကတ္ထ။
အောက်အရူပစျာန်တို့ထက် အလွန်သာ၍ ငြိမ်သက်ချမ်းသာခြင်းသည် ပကာသနတ္ထ။
အောက်အရူပစျာန်တို့၏အာရုံကို လွန်မြောက်ခြင်း တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်းသည် ဝိဘာဝတ္ထ။
နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေနေခဲ့ရခြင်းသည် အနုဘာဝတ္ထ။

## နံပါတ် (၁၀)

(က)နေဝသညာနာသညာ အရ- သိမ်မွေ့သောသညာပစ္စည်းတရားသည်၊ သေသမွှာန် အရ- သညာမှကြွင်းသော စတုတ္ထာရုပ္ပဝိညာဉ် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့်ကျေးဇူးပြု။
ပြိုင်- ကြီး ၄၊ လတ် ၂။

http://www.dhammadownload.com



## ဝါကျစဉ် (၁၂၁)

(က)လောကတော နိယျာတိ, ဝဋ္ဋတော နိယျာတီတိ နိယျာနိကံ၊

(ခ) နိယျာတိ ဝါ ဧတေနာတိ နိယျာနိကံ။

(ဂ) တံသမင်္ဂီ ဟိ ပုဂ္ဂလော ဒုက္ခံ ပရိဇာနန္တော နိယျာတိ၊ သမုဒယံ ပဇဟန္တော နိယျာတိ၊ နိရောဓံ သစ္ဆိကရောန္တော နိယျာတိ၊ မဂ္ဂံ ဘာဝေန္တော နိယျာတိ။

(ဃ)ယထာ စ ပန တေဘူမကကုသလံ ဝဋ္ဋသ္မိံ စုတိပဋိသန္ဓိယော အာစိနာတိ ဝဍ္ဎေတီတိ အာစယဂါမိနာမ ဟောတိ၊

(င) န တထာ ဣဒံ။ [ အဘိ။ ဌ။ ၂၅၉ ]

## နံပါတ် (၁)

(က) [ယံစျာန်] လောကတော၊ တေဘူမကဝဋ်ဒုက္ခဟူသောလောကမှ။ နိယျာတိ၊ ထွက်မြောက်တတ်၏။

(ခ) ဝါ၊ တစ်နည်းကား။ ဧတေန၊ ဤလောကုတ္တရာစျာန်ကြောင့်။[တံ သမင်္ဂီ ပုဂ္ဂလော၊ ထိုလောကုတ္တရာစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်]။ နိယျာတိ။

(ဂ) ဟိ၊ မှန်။ (တစ်နည်း) ဟိ၊ ချဲ့။

(ဃ) ပန၊ ထိုမှတပါး။

(င) တထာ၊ တူ။ ဣဒံစျာန်၊ ဤလောကုတ္တရာစျာန်သည်။ အာစယဂါမိနာမ၊ မည်သည်။ နဟောတိ။

## နံပါတ် (၂)

